၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၄၁) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၂၀ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS


ရွှေတိဂုံစေတီတော်ခြေရင်း
ပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာ၁၆ရက်က
မြန်မာနိုင်ငံမှ ပရိသတ်များကိုဖျော်ဖြေနေသော
ကမ္ဘာကျော်အဆိုတော် ဂျေဆင်မရက်ဇ်
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# နိုင်ငံတော်အစိုးရအဖွဲ့၏ တောင်းပန်မှု သံဃာတော်များကလက်ခံပြီး ဆန္ဒပြမှုများရပ်နား


**မောင်တာ**
**မန္တလေး၊ဒီဇင်ဘာ-၁၇**

လက်ပံတောင်းတောင်သပိတ်စခန်း အကြမ်းဖက်ဖြိုခွင်းခံရမှုကြောင့်ဒဏ်ရာရရှိခဲ့သည့်သံဃာတော်များအား နိုင်ငံတော်အစိုးရအဖွဲ့ကိုယ်စား သမ္မတရုံးဝန်ကြီး ဦးလှထွန်းခေါင်းဆောင်သော အစိုးရတာဝန်ရှိသူများက ဒီဇင်ဘာ ၁၅ရက်တွင် တောင်းပန်ခဲ့ရာ သံဃာတော်များက ကျေနပ်လက်ခံခဲ့ကြပြီး ဆန္ဒပြနေမှုများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဆန္ဒထုတ်ဖော်မှုများ ဦးဆောင်ပြုလုပ်နေသည့် သံဃာတော်များက မိန့်ကြားသည်။ စာ(၁၂)သို့


ကြက်သွန်ဖြူစိုက် တောင်သူများ အထိနာ
စာ(၂၉)သို့


သက်တမ်းခုနစ်နှစ်ရှိ ကန်ထရိုက်တိုက် နောက်ဖေးခြမ်း အက်ကြောင်းပေါ်
စာ(၇)သို့

ကျပ်နှစ်သိန်းနှင့် နှစ်သိန်းခွဲတန် မိုဘိုင်းဖုန်းများ ဈေးကွက်မှ ပြန်သိမ်း
စာ(၅)သို့



# မလျော်မကန်ကိစ္စများပြုလုပ်သည့် ရဟန်း၊ သာမဏေ၊ သီလရှင်များကို စစ်ဆေးအရေးယူ

**ညီညီဇော်**
**မန္တလေး၊ဒီဇင်ဘာ-၁၇**

မန္တလေးမြို့ပေါ်မြို့နယ်တစ်ခုဖြစ်သော ချမ်းအေးသာစံမြို့နယ်တွင် ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် မသင့်လျော်သော သမဏသာရုပ္ပမဖြစ်သောကိစ္စရပ်များပြုလုပ်နေခြင်းများကိုစစ်ဆေးအရေးယူနေကြောင်းသတင်းရရှိသည်။

ဒီဇင်ဘာ ၆ရက် မွန်းလွဲ ၂နာရီခွဲအချိန်က မန္တလေးဘူတာကြီးတွင် အသက် ၄၈ နှစ်အရွယ် သံဃာတစ်ပါးသည် သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ခ) သံဃာစည်းကမ်းထိန်း သိမ်းရေးအဖွဲ့ အဖွဲ့ဝင်ကတ်ပြားအတုကို ကိုင်ဆောင်ကာ အလှူခံနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဘူတာ ရဲစခန်းသို့ အပ်နှံခဲ့ကြောင်း

စာ(၁၂)သို့

# ဂျေဆင်မရက်ဇ် ပရိသတ် ငါးသောင်းကျော်နှင့် ဒီဇင်ဘာ ၁၆

**အေးမြကျော်**

ဂရမ်မီ နှစ်ဆုရ အမေရိကန်အဆိုတော် ဂျေဆင်မရက်ဇ်သည်ဒီဇင်ဘာ၁၆ရက်တွင် မြန်မာပရိသတ်ပေါင်း ငါးသောင်းကျော်နှင့် တွေ့ဆုံကာအထင်ကရနေ့ရက်တစ်ရက်ကိုဖန်တီးနိုင်ခဲ့သည်။ ပရိသတ်များ စောင့်မျှော်နေခဲ့သော ဂျေဆင်က သူ၏ဂီတများဖြင့် အကောင်းဆုံးဖျော်ဖြေခဲ့ခြင်းဖြင့် မြန်မာဂီတပရိသတ်များအတွက် မှတ်မှတ်ထင်ထင်ရှိနေမည့် ရက်စွဲတစ်ခုအဖြစ် မှတ်တမ်းဝင်သွားခဲ့လေပြီ။

အမ်တီဗီဂီတရုပ်သံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်ဖြစ်သော MTV Exitက စီစဉ်သည့်ပထမဆုံးသော အခမဲ့နိုင်ငံတကာဂီတဖျော်ဖြေပွဲ မကျင်းပမီရက်အနည်းငယ်အလိုကတည်းကပင်ပရိသတ်များ၏ ရင်ခုန်သံ စည်းချက် မြန်နေခဲ့သည်။

လွန်ခဲ့သော ၂နှစ်လောက်ကဆိုလျှင် သမိုင်းဝင်ရွှေတိဂုံစေတီတော်နောက်ခံထားကာ ပြည်သူ့ရင်ပြင်အတွင်း လူငါးသောင်းနှင့်ဂီတဖျော်ဖြေပွဲဆိုသည်မှာမျှော်လင့်မထားနိုင်သောအိပ်မက်တစ်ခုပင်။ စာ(၃၀)သို့

# နိုင်ငံတကာမှ အကူအညီပေးအပ်သောပုံစံ ပြောင်းလဲ

**သတင်းအဖွဲ့**
**ရန်ကုန်၊ ဒီဇင်ဘာ - ၁၇**

အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ ပေးအပ်သောအကူအညီများမှာ ပုံစံပြောင်းသွားပြီး အရပ်ဘက်အဖွဲ့အစည်းများထက် အစိုးရသို့တိုက်ရိုက်ပိုမိုပေးအပ်လာကြောင်း သတင်းရရှိသည်။

ထို့အပြင် ယနေ့ကာလ မြန်မာနိုင်ငံအတွက် အများဆုံးပေးအပ်လာသော အကူအညီများမှာ ပညာရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ၊ ဒီမိုကရေစီလူ့အခွင့်အရေး စသည်တို့အတွက်ဖြစ်ကြောင်း NGO, INGO နှင့် UN လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများကပြောသည်။

အချပ်ပို(B)သို့





GNC JACKET
Men's Wear
Environment Friendly
POCKET MAP - INTERIOR VIEW
Double Collar (For cold Protection)
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Clear Touch Inner Pocket ( For 2 mobiles)
NoBulge Pocket Design
Pen Pocket x2
Eyeglass Pocket
Travel Documents Pocket
Digital Camera Pocket
Extendable Key Holder & Water Bottle Loop
I - Pad Pocket
photo : Naing Naing (R-2) . design : nyein thu




" အရပ်ရှည်ပြီး ဉာဏ်ရည်မြင့်မှ . . . ပြီးပြည့်စုံတဲ့ လူငယ်ဘဝ "
၁၁နှစ်မှ ၂၄နှစ်အတွင်း ကျား/မမရွေး တစ်နေ့ ၁လုံးမှ ၃လုံး သောက်သုံးနိုင်သည်။
GNC TEENS Mega Teen
Made in USA
GNC Mega Teen
Calcium, Phosphorus, Iron နဲ့ Vitamin D
Zinc နဲ့ Natural Carotenoid Complex
Choline, Inositol, Chromium နဲ့ Complex
GNC Mega Teen ကို မှန်မှန် သောက်သုံးသွားခြင်းဖြင့် ရွယ်တူတန်းတူ
GNC ရဲ့ သုတေသနရလဒ်ပေါင်းများစွာနဲ့ အာမခံပါတယ်။
WYNNLAND®
Our Best Quality, Your Best Life.
Authorized Sole Distributor
Wynn Land International Co., Ltd.
GNC Authorized Sole Distributor Wynn Land Int Co; Ltd
Made in USA
GNC

7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# အုပ်ချုပ်ရေးမှူးသစ် ရွေးကောက်ပွဲတွင် အမျိုးသမီးများ ပါဝင်မှုနည်း

**သတင်းအဖွဲ့**

**ရန်ကုန်၊ဒီဇင်ဘာ-၁၇**

ယခုလအကုန်တွင် အပြီးသတ်ရွေးချယ်ရမည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးသစ်များ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အမျိုးသမီးများပါဝင်မှုအလွန်နည်းပါးကြောင်း 7Day News က မြို့ပေါင်း ၃၀ ကျော်နှင့် မေးမြန်းချက်များအရ သိရသည်။



ဆယ်အိမ်စုကိုယ်စားလှယ်ရွေးခံရသူစာရင်းကို ကြည့်ရှုနေသူအချို့

ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

အမျိုးသမီးများပါဝင်မှုနည်းရခြင်း အကြောင်းများမှာ အမျိုးသမီးများ၏ အရေးမဟုတ်ဟုအများက သတ်မှတ်ခြင်း၊ အချို့ဒေသများတွင် သတင်းအချက်အလက်များ ထိမ်ချန်ထားခြင်း၊ နယ်ဒေသများတွင် အမျိုးသမီး ပါဝင်မှုကို မထောက်ခံခြင်း၊ အိမ်မှုကိစ္စများကြောင့် ပြည့်ဝစွာတာဝန်မထမ်းဆောင်နိုင်ဟု ယူဆခြင်း၊ ညရေးညတာများတွင် လုံခြုံရေးအတွက် အမျိုးသမီးများအနေဖြင့် အဆင်မပြေနိုင်ခြင်းတို့မှာ အများဆုံးဖြေသော အဖြေများဖြစ်သည်။

ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မြစ်ကြီးနား၊ ပုဂံညောင်ဦး၊ ပျဉ်းမနား၊ ဟသ်ာတ စသည့်ဒေသများမှ မြို့နယ်များသို့ ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်သည်။

မေးမြန်းချက်များအရ ရန်ကုန်တိုင်းရှိ မြို့တွင်းနေရာများတွင်ခန့်မှန်းခြေအားဖြင့်ဆယ်အိမ်စုကိုယ်စားလှယ် ၁၀၀ လျှင် အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှုမှာ အများဆုံး လေး၊ ငါးဦးသာ ရှိသည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အမျိုးသမီးပါဝင်မှုမှာ မရှိသလောက်နည်းပါးနေသည်။

အမျိုးသမီးများ တာဝန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်၍ "အမျိုးသမီးတွေကတာဝန်ထမ်းဆောင်မယ်ဆိုရင် ကလေးတွေနဲ့ဆို အဆင်မပြေနိုင်ဘူး။ ကလေးကျောင်းကိစ္စ၊ အိမ်မှုကိစ္စ၊ စားဝတ်နေရေးတွေလုပ်ရတော့ ရပ်ကွက်အရေးကို ပြည့်ပြည့်ဝဝ လုပ်နိုင်မယ် မထင်ဘူး"ဟု စမ်းချောင်းမြို့နယ် ကော်မရှင် ဥက္ကဋ္ဌတစ်ဦးက ပြောသည်။

"အခုလို အမျိုးသမီးတွေ အစွမ်းအစပြခွင့်ရတဲ့ အခွင့်အရေးကို လက်လွတ်မခံသင့်ဘဲနဲ့ ပါဝင်သင့်တယ်လို့ထင်ပါတယ်"ဟု အမျိုးသမီးများ အခွင့်အရေး လှုပ်ရှားသူ ဒေါ်ဇင်မာအောင်ကပြောသည်။

"အုပ်ချုပ်ရေးမှူး လုပ်ချင်လို့မဟုတ်ဘူး။ ဆယ်အိမ်စု ကိုယ်စားလှယ်ထဲကပဲ ကိုယ့်ရပ်ကွက်အတွက် အကောင်းဆုံးဖြစ်မယ့်လူကို ရွေးချင်လို့ ဝင်ပါတာ"ဟု ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ် ၃ ရပ်ကွက်နေ အမျိုးသမီးကိုယ်စားလှယ်တစ်ဦးက ပြောသည်။

၂၀၁၂မတ်လ ၂၈ရက်၌နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခဲ့သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးသစ် ခန့်ထားရေးဥပဒေအရ အမျိုးသမီးများ ဝင်ရောက်အရွေးချယ်ခံနိုင်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် အမျိုးသားများသာလျှင် အကောင်းဆုံးဖြစ်ပြီး အမျိုးသမီးများ ပါဝင်လာပါက အလုပ်ရှုပ်မည်ဟုထင်ကြောင်း ပုဂံညောင်ဦးမြို့နယ် စဥ့်ကူးကျေးရွာ ဒေသခံတစ်ဦးက သူ၏အမြင်ကို ပြောသည်။

"ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေမှာလည်း အမျိုးသမီးတွေကို ဖြစ်စေချင်တယ်။ အချို့အမှုတွေမှာဆို အမျိုးသမီးအချင်းချင်း စစ်ဆေးမေးမြန်းတာ ပိုအဆင်ပြေတယ်"ဟု ဟသ်ာတမြို့နယ်မှ ရှေ့နေဒေါ်သိမ့်သိမ့်ကပြောသည်။

ယခုလက်ရှိ အစိုးရဝန်ကြီးအဖွဲ့၌ အဖွဲ့ဝင် ၈၄ ဦးတွင် အမျိုးသမီးခြောက်ဦးသာ ပါဝင်ပြီး လွှတ်တော်နှစ်ရပ်ပေါင်း ကိုယ်စားလှယ် ၆၆၄ ဦး၌ အမျိုးသမီးကိုယ်စားလှယ် ၂၉ဦးသာပါဝင်နေသည်။

## ရခိုင်နှင့် ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော အခြေအနေများကို စိုးရိမ်ပူပန်မိကြောင်း ဗြိတိန်ဝန်ကြီးပြောကြား

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ-၁၅**

ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့ရှိ ပြဿနာအခက်အခဲများသည် အခြေအနေဆိုးဝါးနေဆဲဖြစ်ပြီး အလေးအနက်စိုးရိမ်ပူပန်မိကြောင်း ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယနိုင်ငံများရုံးဝန်ကြီး ဟူဂိုလွိုင်ယာကပြောသည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ဗြိတိန်ဝန်ကြီး ဟူဂိုလွိုင်ယာသည် မြန်မာနိုင်ငံရှိ ဝန်ကြီးအချို့၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများအကြောင်းကို ဆွေးနွေးခဲ့ပြီး ပဋိပက္ခဖြစ်ပွားနေသော ရခိုင်ဒေသသို့ သွားရောက်လေ့လာ ခဲ့သည်။

**စာ(၁၂)သို့**



7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

## CRIME CORNER

### ညီနောက်ပြောင်၍ အစ်ကိုသေ

သန်းဌေး ရန်ကုန်၊ဒီဇင်ဘာ-၁၅

အမျိုးသားလေးဦး ဝိုင်းဖွဲ့နေသော အရက်ဝိုင်းမှ အသက် ၄၁ အရွယ် အိမ်ထောင်ရှိသောအမျိုးသားက ရာအိမ်မှူး၏သမီးအား ဒီဇင်ဘာ ၁၂ရက် ညတွင် လှမ်း၍နောက်ပြောင်သည်ကို မကျေနပ်၍ ရာအိမ်မှူးနှင့် ၎င်း၏သားတို့ လိုက်လာကာ ခိုက်ရန်ဖြစ်ပွားကြရာ လှမ်းစနောက်ပြောင်သူ၏ အရက်သောက်ဖော်လည်း၊ အစ်ကိုလည်းဖြစ်သူမှာ လဲကျကာ ဒဏ်ရာရရှိပြီး ဆေးရုံတွင် သေဆုံးသွားကြောင်းသတင်းရရှိ သည်။

အခင်းဖြစ်ပွားပုံမှာ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဟိုက်ပတ်လမ်းဆုံတွင် အမျိုးသားလေးဦး အရက်ထိုင်သောက်နေစဉ် ည ၈နာရီအချိန်၌ အလုပ်မှ ပြန်လာသော ရာအိမ်မှူးဦးအောင်ဝင်း၏သမီး(၂၈နှစ်)အား အရက်မူးနေသော ကိုတင်ထွန်း(၄၁နှစ်)က လှမ်းစနောက်ပြောင်ရာမှအစပြု၍ လူသေမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လှမ်းစနောက်ပြောင်သူနှင့် ၎င်း၏အစ်ကို (၄၈နှစ်အရွယ်) ကိုကျင်စန်းအပါအဝင် အရက်ဝိုင်းမှ အမျိုးသားလေးဦးနှင့် သမီးရှင်သားအဖတို့ ခိုက်ရန်ဖြစ်ပွားကြရာတွင် ကိုကျင်စန်းမှာ ကတ္တရာလမ်းပေါ်သို့ နောက်ပြန်လဲကျကာ ဒဏ်ရာရရှိပြီး အင်းစိန်ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသနေစဉ် ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီတွင် သေဆုံးသွားကြောင်း အခင်းဖြစ်ချိန်တွင်ရန်ပွဲအားဖြန်ဖြေပေးနေသူဦးစိန်သန်းကပြောသည်။

"ကျွန်တော်ဖျန်ဖြေနေတဲ့ကြားက အခုလိုမျိုး လူသတ်မှုဖြစ်သွားရတာ စိတ်မကောင်းဘူးဗျာ"ဟု ကိုစိန်သန်းကပြောသည်။ ထို့ကြောင့် ရာအိမ်မှူးသားအဖမှာ အင်းစိန်မြို့နယ် ရဲအချုပ်ခန်းထဲ ရောက်နေပြီး ဒီဇင်ဘာ ၂၇ ရက်တွင် တရားရင်ဆိုင်ရမည်ဖြစ်သကဲ့သို့ လှမ်းစနောက်ပြောင်ခံရသူကလည်း ကိုတင်ထွန်းကို တရားလိုပြုကာ တရားစွဲဆိုထားသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နောက်ပြောင်ခံရသောအမျိုးသမီးကိုမေးမြန်းရာ ကိုတင်ထွန်းကလက်ဆွဲ၍ နှမသားချင်းမကြားဝံ့သောစကားလုံးဖြင့် ပြောသည်ဟုဆိုသည်။ ကိုတင်ထွန်းကမူ ၎င်းအနေဖြင့် လှမ်း၍ နောက်ပြောင်ခဲ့ခြင်းသာဖြစ်ပြီး လက်ဆွဲစကားမပြောခဲ့ဟုဆိုသည်။

## ညောင်ပင်လေးဈေးသို့ ထိုင်းကုန်စည် အဝင်နည်း

ရဲနောင်၊ အိမ္ဂန်
ရန်ကုန်၊
ဒီဇင်ဘာ - ၁၃

မြဝတီ-ရန်ကုန်လမ်းကြောင်းတလျှောက် တရားမဝင်ကုန်သွယ်မှုလျော့နည်းစေရေးအတွက် ရွေ့လျားရှာဖွေတားဆီးရေးအဖွဲ့ (Mobile Team) က နိုဝင်ဘာလ ၂၀ ရက်မှစတင်၍ တင်းကျပ်စွာစစ်ဆေးအရေးယူမှုများရှိခဲ့ခြင်းကြောင့် ရန်ကုန်မြို့ ညောင်ပင်လေးဈေး သို့ထိုင်းကုန်ပစ္စည်းများဝင်ရောက်မှု နည်းနေကြောင်း အဆိုပါ ကုန်သည်များထံမှ သတင်းရရှိသည်။

"လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး အခွန် (Duty Fees) တွေ ပိုများလာတယ်။ ကုန်အဝင်နည်းသွားတယ် " ဟု ထိုင်းကုန်ပစ္စည်းများကို အဓိကရောင်းချသူ ကုန်ကိုဟန်လင်းထွန်းက ပြောသည်။

ရှာဖွေအရေးယူမှုကြောင့် ထိုင်းစားသောက်ကုန်များမှာ အဝင်နည်း၍ ဈေးတက်သွားပြီးရောင်းအားလည်းကျဆင်းသွားကြောင်း ညောင်ပင်လေးဈေးရှိ ကုန်သည်များက ပြောသည်။

"ဂျူတီမပါရင် ပြန်လွှတ်တယ်။ မြဝတီမှာ လိုင်စင်ပြန်လုပ်ခိုင်းတယ်။ ရက်နည်းနည်းတော့ကြာသွားမှာပေါ့" ဟု မြဝတီ-ရန်ကုန် ရွေ့လျားရှာဖွေတားဆီးရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ဆိုသည်။

ယခင်မြဝတီ-ရန်ကုန်လမ်းကြောင်းမှ လာသော ထိုင်းကုန်စည်များတွင် အများစုမှာ မှောင်ခိုဝင်ရောက်နေခြင်းဖြစ်ပြီး ယင်းအဖွဲ့ဖွဲ့စည်းပြီး နိုဝင်ဘာ ၂၀ ရက် နောက်ပိုင်းတွင် တရားဝင်လိုင်စင်ပြုလုပ်စေ၍ စစ်ဆေးအရေးယူမှုများ ဆောင် ရွက်လျက်ရှိသည်။ မှောင်ခိုတင် သွင်းလာ၍ တရားဝင်လိုင်စင်ပြုလုပ်ခိုင်းခဲ့ရသော ကုန်စည်များတွင် စားသောက်ကုန်များမှာ အများဆုံးဖြစ်ကြောင်း ဦးသိန်းဝင်းက ဆက်လက်ပြောကြားသည်။

အဆိုပါအဖွဲ့က မှောင်ခိုပစ္စည်းများ သယ်ဆောင်လာသော ကားများကို တစ်ရက်လျှင် အကြမ်းဖျင်း ကုန်တင်ယာဉ် ခရီးသည်တင်ယာဉ် ၃၀ ကျော်ဖြင့် ယာဉ်ငယ်အများအပြား စစ်ဆေးတွေ့ရှိ၍ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရကြောင်း သတင်းရရှိသည်။

# အစိုးရက ကေအိုင်အိုနှင့် ဇန်နဝါရီလတွင် ထပ်မံဆွေးနွေးရန် ကမ်းလှမ်း

အောင်ခိုင်၊ ရန်မျိုးနိုင်
ရန်ကုန်၊ ဒီဇင်ဘာ-၁၅

၂၀၁၃ ခုနှစ်ဇန်နဝါရီလတွင် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီထံမှ ကမ်းလှမ်းမှုကို ရရှိခဲ့ကြောင်း ကချင်ငြိမ်းချမ်းရေး အကျိုးဆောင် ဦးလမိုင်ဂွမ်ဂျာက ပြောသည်။

ကချင်ပြည်နယ် ဗန်းမော် (သို့မဟုတ်) ရှမ်းပြည်နယ် မူဆယ်မြို့၌တွေ့ဆုံဆွေးနွေးရန် ဦးအောင်မင်းထံမှ ကမ်းလှမ်းစာကို ဒီဇင်ဘာ ၁၃ ရက်တွင် ရရှိခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

"အောက်တိုဘာ ၃၀ ဆွေးနွေးတုန်းက တစ်လအတွင်း နိုင်ငံရေးအရ ဆွေးနွေးမယ်ပေါ့။ ဒါကြောင့် ဦးအောင်မင်းက ဒီလထဲ နှစ်သစ်ကူးနဲ့ ခရစ်စမတ်ပွဲတွေရှိတော့ ဇန်နဝါရီမှာ ဆွေးနွေးဖို့ ကမ်းလှမ်းတာပါ" ဟု ပြောသည်။


အစိုးရနှင့်ကေအိုင်အိုတို့ အောက်တိုဘာလကုန်က ရွှေလီ၌ ဆွေးနွေးကြစဉ် ဓာတ်ပုံ-အောင်သူရ

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့်ကေအိုင်အိုငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီတို့သည် နိုင်ငံရေးနည်းလမ်းအရ ဆက်လက်ဆွေးနွေးရန်အတွက် အောက်တိုဘာ ၃၀ ရက်က ရွှေလီမြို့၌ပြုလုပ်သော ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည်။

ကေအိုင်အိုဘက်ကမူ ကမ်းလှမ်းစာကို အကြောင်းပြန်ခြင်း မရှိသေးကြောင်း သိရသည်။ "ဝန်ကြီးဦးအောင်မင်းက အဆိုပြုကမ်းလှမ်းတာ အကြောင်းမပြန်သေးဘူး။ ဒါပေမဲ့ သဘောတူထားတဲ့အတိုင်း သူတို့အကြောင်း ပြန်မယ်လို့ ယုံကြည်ပါတယ်" ဟု ငြိမ်း ချမ်းရေးအကျိုးဆောင် ဦးလှမောင်ရွှေက ပြောသည်။

ကေအိုင်အေ အနေဖြင့် နိုင်ငံ ရေးအရ ဆွေးနွေးပြီးမှသာ အပစ်အခတ် ရပ်စဲမည်ဟူသော အချက် အားကိုင်စွဲ ထားခြင်းကြောင့် ပစ်ခတ်မှုများဖြစ်ပေါ်နေရကြောင်း စာ(၁၂)သို့



# ကျပ်နှစ်သိန်းနှင့် နှစ်သိန်းခွဲတန် မိုဘိုင်းဖုန်းများ ဈေးကွက်မှ ပြန်သိမ်း

**နိုင်ချို၊ ဖွဲ့ညက်**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၅**

မိုဘိုင်းဖုန်း ဈေးကွက်အတွင်း ရောင်းချရန် ကျန်ရှိနေသေးသည့် ကျပ်နှစ်သိန်း၊ နှစ်သိန်းခွဲတန် (GSM, WCDMA) လိုင်းပေါင်း နှစ်သိန်းကျော်အား ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူလျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်လိုက်လံသိမ်းယူပြီး ၂၀၁၃ နှစ်ဆန်းပိုင်းတွင် ထွက်ရှိမည့် ကျပ်တစ်သိန်းဝန်းကျင် ဖုန်းလိုင်းများရောင်းချပါကယခုသိမ်းဆည်းထားသည့် ဖုန်းလိုင်းများကိုလည်း ငွေကျပ်တစ်သိန်းဝန်းကျင်ဖြင့်သာ ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဌေးဝင်းကပြောသည်။

"ကျွန်တော်တို့ဆီမှာ နှစ်သိန်းနဲ့ နှစ်သိန်းခွဲတန်လိုင်းဖုန်းတွေ အကုန်လာပြန်သိမ်းသွားပြီ။ ဒီကတ်ဖုန်းတွေကလည်း အခုနောက်ပိုင်းသိပ်မရောင်းရတော့ဘူး။ နှစ်ကုန်ရင်တော့ တစ်သိန်းနှစ်သောင်းတန်ဖုန်း ထွက်မယ်ဆိုရင်ပြန်ရောင်းအားကောင်းမှာပါ။ ဈေးကတော့ ကျွန်တော်တို့လည်း အတိအကျမသိရသေးဘူး"ဟု Yangon Mobile မှ မန်နေဂျင်းဒါရိုက်တာကိုဇေယျာထွန်းကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းဈေးနှုန်းများ လျှော့ချခြင်းမှာ တတိယအကြိမ်မြောက် ဖြစ်သည်။ ကျပ်နှစ်သိန်း၊ နှစ်သိန်းခွဲတန်ဖုန်းများ အစားလာမည့်နှစ်တွင် ကျပ်တစ်သိန်းဝန်းကျင်ဖြင့် ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

"လွန်ခဲ့တဲ့သုံးရက်ကတည်းက နှစ်သိန်းတန်လိုင်းဖုန်းကတ်တွေရောင်းတာပိတ်လိုက်ပြီးလကုန်မှာ တစ်သိန်းကျော်တန်ဖုန်း ထွက်မယ်လို့ကြားတယ်"ဟု ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ Elite မိုဘိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဇန်နဝါရီလတွင် မိုဘိုင်းဖုန်းရောင်းချရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် အရောင်းဌာန ၁၈ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၅ ခုသာမက အခြားပြည်နယ်၊တိုင်းများတွင်လည်း ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-ကျော်ဇင်သန်း

## မလေးရှားတွင် ဖမ်းမိသမျှ မူးယစ်ဆေးရောင်းသူ နိုင်ငံခြားသားများတွင် မြန်မာအများဆုံးပါဝင်နေ

**ကွာလာလမ်ပူ၊**
**ဒီဇင်ဘာ - ၁၄**

မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူတွင်မူးယစ်ဆေး မှောင်ခိုရောင်းဝယ်မှုနှင့် လက်သိပ်ထိုးရောင်းချမှုများ၌ ဖမ်းဆီးမိသမျှ နိုင်ငံခြားသားများထဲတွင် ယခုနှစ်အတွင်း မြန်မာနိုင်ငံသားများ အများဆုံး ပါဝင်နေကြောင်း ကွာလာလမ်ပူ မူးယစ်ဆေးရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဌာန လက်ထောက် အကြီးအကဲ ဆုတ်အက်ဒနန်ဘဇီဇွန်က ပြောကြားလိုက်သည်။

ယခုနှစ် ဇန်နဝါရီလမှစ၍ အောက်တိုဘာအတွင်း ဝင်ရောက်ရှာဖွေစီးနင်းမှုများအရ ထိန်းသိမ်းခဲ့ရသော မူးယစ်ဆေးရောင်းသူနိုင်ငံခြားသားဦးရေ၃၉၃ ဦး ရှိခဲ့ကြောင်း ၎င်းကဆိုသည်။

"ဒီထဲမှာက ၁၇၉ ဦးဟာ မြန်မာနိုင်ငံသားတွေပါ။ သူတို့နောက်မှာ အင်ဒိုနီးရှား နိုင်ငံသား ၅၁ဦး၊အီရန်သား၃၅ဦးနဲ့ကျန်တာတွေထဲမှာ နိုင်ဂျီးရီးယားနဲ့ ပါကစ္စတန်သားတွေ ပါနေပါတယ်" ဟု ၎င်းက မီဒီယာရှင်းလင်းပွဲတွင် ပြောသည်။ မြန်မာနိုင်ငံသား မူးယစ်ဆေးဝါးရောင်းသူများသည် လက်ကားဈေးများ၌ ဘိန်းဖြူရောင်းလေ့ရှိသည့်သံသယတရားခံအများစုတွင်ပါဝင်ကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

Ref: The Star

## သမ္မတဦးသိန်းစိန်အား ၂၀၁၂ ၏ အထင်ရှားဆုံး အာရှတိုက်သားအဖြစ် သည်စထရိတ်တိုင်းမ်သတင်းစာရွေးချယ်

**စင်ကာပူ၊ဒီဇင်ဘာ-၁၅**

နိုင်ငံတော်သမ္မတဦးသိန်းစိန် အား ယခုနှစ်အတွက် အထူးချွန်ဆုံးအာရှတိုက်သား (Asian of the year) အဖြစ် စင်ကာပူနိုင်ငံထုတ် သည်စထရိတ်တိုင်းမ်(The Straits Times) သတင်းစာက ရွေးချယ်လိုက်သည်။

မြန်မာနိုင်ငံ၌ နိုင်ငံရေးနှင့် စီးပွားရေးဖြေလျှော့မှုများ လုပ်ဆောင်ရာတွင် သမ္မတဦးသိန်းစိန်၏ အခန်းကဏ္ဍအတွက် အဆိုပါသတင်းစာ၏ ထိပ်တန်းအယ်ဒီတာများက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြေလျှော့မှုများကြောင့် ဒီမိုကရေစီမီးရှူးတန်ဆောင်နှင့်ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာ့လွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးဖြစ်လာစေခဲ့ခြင်း၊ အနောက်နိုင်ငံများက ပိတ်ဆို့တားဆီးမှုများ ဖယ်ရှားခြင်းနှင့် တစ်ချိန်က သီးခြားဖြစ်နေသော နိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုမြင့်တက်လာခြင်းများ ဖြစ်ပေါ်လာစေသည်ဟု စထရိတ်တိုင်းမ်သတင်းကဖော်ပြသည်။

**စာ(၁၂)သို့**




Ovaltine
Ovaltine
LIFE


REDLINK®
COMMUNICATIONS
Certificate No. TH 10/5319
ICT & Mobile Year End Sales
@ Junction Square and Junction Mawtin
with RedLink
24 ~ 30 December 2012
360,000 Ks
Contract Plan For
• Silver Plan
• Gold Plan
• Platinum Plan
• Platinum+ Plan
270,000 Ks
Contract Plan For
Gold+ Plan
360,000 Ks
Prepaid Plan
3 GB (3 Cards) Free
Sales Agents
* acer * Technoland * ABC
* KMD * RADIANCES * King Service Wisdom
* ICE * Smart * Sein Gay Har
* INNWA * Access Spectrum
* Citicom * T & T Computer System
Sales Office & Service Center
* Pearl Condo : 09 73031684 ~ 85
* BAK (IT Mall) : 09 43170015
* Junction Square : 09 43170016
* Gandamar Wholesales : 09 43138326
* Terms & Condition Apply for Contract Plan

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012



# သက်တမ်းခုနစ်နှစ်ရှိ ကန်ထရိုက်တိုက် နောက်ဖေးခြမ်းအက်ကြောင်းပေါ်

ရေစီးရေလာမကောင်း၍ တိုက်အောက်ခြေရေစိမ့်မှုများကာ မြေသားပျော့ခြင်းနှင့် ကြွက်တွင်းများကြောင့် တိုက်အက်ခြင်းဖြစ်ကြောင်း ကန်ထရိုက်တာကပြောသည်

**မိုးညို၊**
**ရန်ကုန်၊ ဒီဇင်ဘာ-၁၇**

သက်တမ်းခုနစ်နှစ်သာရှိသေးသည့် ကန်ထရိုက်တိုက်၏ နောက်ဖေးခြမ်း၌ အက်ကွဲတိမ်းစောင်းမှုတစ်ခု ဒီဇင်ဘာ ၁၇ ရက် နေ့လယ်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းမပေါ်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

၂၀၀၅ ခုနှစ်က စတင်ဆောက်လုပ်ခဲ့သည့် အဆိုပါတိုက်၏ မြေညီထပ် နောက်ဖေးခန်းရှိ အုတ်ချပ်များ တစ်စတစ်စကွာကျလာပြီး တိုက်၏ အပြင်ဘက်သို့ အင်္ဂတေထုများ ထွက်ပေါ်လာခြင်းဖြစ်သည်။ တိမ်းစောင်းမှု၏ အက်ကြောင်းမှာ မြေညီထပ်မှ သုံးလွှာအထိ အက်ကြောင်းရာထင်ခဲ့ပြီး ယင်းတိုက်တွင် နေထိုင်သူများမှာ နာရီပိုင်းအတွင်း နီးစပ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်ဟု ယင်းတိုက်ခန်းတွင် နေထိုင်သူ အမျိုးသားတစ်ဦးကပြောသည်။



**အက်ကြောင်းပေါ်လာသော တိုက်အပြင်ဘက်ခြမ်းကိုတွေ့ရစဉ်** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

အက်ကွဲတိမ်းစောင်းခဲ့သည့်တိုက်မှာ ရှစ်ထပ်တိုက် အမျိုးအစားဖြစ်ပြီး အိမ်ထောင်စု ၁၆ စု နေထိုင်လျက်ရှိသည်။ အက်ကွဲတိမ်းစောင်းခဲ့သည့်မြေညီထပ်မှာသင်္ကန်းပရိက္ခရာပစ္စည်း ရောင်းချသည့်ဆိုင်လည်းဖြစ်သည်။ ယင်းတိုက်အားစတင်ဆောက်လုပ်ခဲ့စဉ်က သတ်မှတ်ထားသည့်မြေကြီးအနက်ပေအထိ ဖောင်ဒေးရှင်းအား တူးခဲ့ခြင်းမရှိကြောင်း၊ တိုက်၏အပေါ်ယံတွင်စီထားသည့်အုတ်ခဲပမာဏနည်းပါးပြီး အချိုးအစားလျော့ချသုံးစွဲထားကြောင်း ယင်းတိုက်၏ နောက်ဖေးခြမ်းတွင် နေထိုင်သူ အမျိုးသားတစ်ဦးကပြောသည်။

စာ(၁၂)သို့

# လာမည့်နွေ ရန်ကုန်၌ မီးအနည်းငယ်ပျက်နိုင်ဟု တာဝန်ရှိသူ ပြောကြား

**သိမ့်သိမ့်စိုး၊ မိုးညို၊**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၆**

လာမည့် နွေရာသီတွင် ဖယောင်းတိုင်မီး ကိုင်ဆောင်ကာ လျှပ်စစ်မီးရရှိအောင် ဆန္ဒဖော်ထုတ်စရာမလိုဘဲ လျှပ်စစ်မီးရရှိစေရန် စီစဉ်သွားမည်ဟု လျှပ်စစ်စွမ်းအင် ဝန်ကြီးက မီဒီယာများသို့ ပြောကြားခဲ့သော်လည်း ဓာတ်အားလိုအပ်ချက် အားလုံးကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်မည် မဟုတ်သဖြင့် အနည်းအကျဉ်း ဓာတ်အားဖြတ်တောက်မှု ရှိနိုင်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

ဓာတ်အားပြတ်တောက်မှုများ ဖြစ်လာပါက ပြည်သူလူထု သုံးစွဲမှုကို ထိခိုက်ခြင်း မရှိစေဘဲ စက်မှုလက်မှု လုပ်ငန်းများကို လျှော့ချဖြတ်တောက်ရန် စီစဉ်ထားကြောင်း ယင်းက ဒီဇင်ဘာ ၁၆ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများသို့ ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် နွေရာသီ၌ ဓာတ်အားလိုအပ်ချက် ပမာဏ ၇၅၀ မဂ္ဂါဝပ်ရှိခဲ့သဖြင့် ဓာတ်အားဖြတ်တောက်မှုများ ပြုလုပ်ခဲ့ရာ အများပြည်သူအဖို့ လူမှုရေး ပြဿနာများစွာ ဖြစ်ခဲ့ရကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

လာမည့် နွေရာသီတွင် ယခင်နှစ်ထက် ၄၃၀ မဂ္ဂါဝပ် ပိုမို ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန် ဦးစားပေးလုပ်ငန်းတစ်ရပ် အနေဖြင့်လည်း လျှပ်စစ်ဌာနအနေဖြင့် လုပ်ဆောင်နေကြောင်း ဦးအောင်ခိုင်က ပြောကြားသည်။

ယမန်နှစ်က ရန်ကုန်တိုင်းဒေသကြီး၏ ဓာတ်အားလိုအပ်ချက်မှာ ၁၈၀၀ မဂ္ဂါဝပ်အထိ ရှိခဲ့ပြီး အမြင့်ဆုံး ဓာတ်အားထုတ်လုပ်နိုင်မှုမှာ ၁၄၀၅ မဂ္ဂါဝပ်အထိရှိကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ထုတ်ပြန်ချက်များတွင်ဖော်ပြပါရှိသည်။

လက်ရှိတွင်လည်း လျှပ်စစ်ဓာတ်အားအတွင်း အဓိက အားထားရသော ရဲရွာရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပေါင်းလောင်းရေအား ပေးရေးစက်ရုံများရှိ ရေလှောင်တမံများကို နွေရာသီတွင် စွမ်းအားပြည့်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရေး အတွက် ရေပြည့်အနေအထားတွင် ရှိစေရန် ထုတ်လုပ်ဖြန့်ဖြူးပေးနေသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ အပကျန်ပြည်နယ်နှင့်တိုင်းများတွင် ဓာတ်အား လျှော့ချဖြတ်တောက်ရမှု အနည်းအကျဉ်းရှိနေကြောင်းလည်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက် တိုးတက်မှုနှုန်းမှာလည်း ၁၅ ရာခိုင်နှုန်းခန့် နှစ်စဉ်မြင့်တက်နေ၍ ယခုနှစ်၏ ဓာတ်အားလိုအား လိုအပ်ချက် ၈၅၀ မဂ္ဂါဝပ်အထိ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။





# အပြေးကောင်းသော ကျွန်တော်နှင့် တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်နေသော လူမိုက်များ

ဥက္ကာကိုကို

**ရုတ်တရက် ရှေ့မှာ ထိုးရပ်လိုက်သည့် ကားနှစ်စီးပေါ်က ခုန်ဆင်းလာသော လူဆယ်ဦးခန့်ကို တွေ့လိုက်ရပြီး မရှေးမနှောင်းပင် ညာဘက်ပါးချိတ်ပေါ်သို့ ကျရောက်လာသည့် လက်သီးတစ်ချက်ကြောင့် ကျွန်တော်နောက် လန်ကျသွားသည်။ အချိန်က ညသန်းခေါင်ကို ကျော်လွန်ခဲ့ပါပြီ။**

လူသွားလူလာ တိတ်ဆိတ်နေသည့် ညတစ်ညရဲ့ ပြန်နေကျလမ်းပေါ်မှာ ကားစောင့်နေချိန် ဝိုင်းဝန်းရိုက်နှက်ရန် ကြံစည်ခံရလိမ့်မည်ဟု ကျွန်တော်မထင်မှတ်ထားခဲ့ဖူးပါ။ နောက်လန်ကျတဲ့ ခဏမှာ ချက်ချင်းပြန်ထပြီး ဝိုင်းလာတဲ့ လူတစ်စုကြားထဲက တိုးထွက်နိုင်ခဲ့သည်မှာလည်း ကံကြမ္မာကြောင့်မဟုတ်ဘဲ အပြေးမြန်ခြင်းကြောင့်သာလျှင်ဖြစ်ပါသည်။

လွတ်မည့်လမ်းကြားတွေထဲကွေ့ပတ်ဝင်ပြေးရင်း အန္တရာယ်ကင်းလောက်ပြီထင်၍ မူလနေရာသို့ ပြန်ရောက်သွားသောအခါ ကားစောင့်တုန်းက ဘေးမှာချထားသော ကျောပိုးအိတ် မရှိတော့။ ကျောပိုးအိတ်ထဲပါသွားသည့် စီဒီအမ်အေ ဖုန်းတစ်လုံး၊ Canon ၅၅၀ဒီကင်မရာတစ်လုံး၊ ဘဏ်စာအုပ် တစ်အုပ်၊ သတင်းမှတ်စုများ၊ မှတ်ပုံတင်နှင့် ပိုက်ဆံအိတ်တို့ကို နှမြောတသဖြစ်ရုံသာ။

"ပြောရလျှင် ဘာကိုမှ ဆက်စပ်စဉ်းစားမရအောင် ဖြစ်နေခဲ့သည်။ ရန်ငြိုးရန်စလည်း မရှိ။ ဘယ်သူတွေမှန်းလည်းမသိ။ ဘာကြောင့်မှန်းလည်းမသိ။ "အဲဒီနေ့က နောက်ကနေဝိုင်းလိုက်ကြတာ ၁၀ယောက်ကျော်တယ်။ လက်ထဲမှာ အုတ်ခဲတွေ၊ တုတ်တွေ ကိုင်ထားကြတယ် "ဟုထိုနေရာအနီး လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးလေးတစ်ဦးက နောက်တစ်နေ့မှာ ပြန်ပြောပြသည်။

အုပ်စုဖွဲ့ ရိုက်နှက်မှု၊ လုယက်မှု၊ အနိုင်ကျင့်မှု၊ ရန်ပွဲများ စသဖြင့် ယခုရက်ပိုင်းတွေမှာ အမှုအခင်းများ နာမည်ကျော်လာသည်။ ယခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွင်း အုပ်စုဖွဲ့ရမ်းကားသော အမှုတွေ ပိုများလာသည်။ အမှုအခင်းများမှာ ယခင်ကတည်းက ဖြစ်ပျက်နေကျဖြစ်သော်လည်း ယခုအခါ မီဒီယာအသီးသီးမှ ဖော်ထုတ်ရေးသားလာကြသောကြောင့် လူအများသိရှိလာရသည်။

တချို့အမှုများမှာ လူအများရှေ့၌ပင် အုပ်စုဖွဲ့၍ ရိုက်နှက်သတ်ဖြတ်ခဲ့ခြင်း ဖြစ်သောကြောင့် တရားဥပဒေစိုးမိုးမှုအပေါ် ပြည်သူအများက သံသယဝင်လာကြတော့သည်။ ရက်စက်စွာပြစ်မှုကျူးလွန်ခြင်းများ မကြာခဏ ခပ်စိပ်စိပ် ဖြစ်ပွားလာခြင်းသည် ငြိမ်ဝပ်ပိပြားမှုမရှိခြင်းနှင့် တရားဥပဒေ စိုးမိုးမှုမရှိခြင်းတို့၏ အကျိုးဆက်ပင်ဖြစ်သည်ဟု တရားလွှတ်တော် ရှေ့နေ ဦးကိုနီက 7Day News သို့ပြောခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ပုဇွန်တောင်မြို့နယ်အတွင်း ကားပေါ်မှလူက ကားအပြင်မှ ရုပ်ရှင်ဒါရိုက်တာတစ်ဦးကိုလည်ပင်းညှစ်လျက်သားအနေအထားဖြင့် လမ်းတစ်လျှောက်တရွတ်တိုက် ဆွဲခေါ်သွားသဖြင့် သေဆုံးမှုဖြစ်ခဲ့သည်။ မြောက်ဥက္ကလာပမြို့နယ်တွင် စားသောက်ဆိုင်အတွင်း ထိုင်နေသူကို ကားသုံးစီးဖြင့် ရောက်ရှိလာသူ လူနှစ်ဆယ်ကျော်က လူအများရှေ့မှာပင် ဓားများဖြင့် ခုတ်သတ်မှုဖြစ်ပွားခဲ့ရာ ပြည်သူများကြား အထိတ်တလန့် ဖြစ်ခဲ့ကြရသည်။

ထိုမှတစ်ဖန် အင်းလျားကန်ပေါင်တွင် ဆိုင်ကယ်များဖြင့် ရောက်လာသူ ၁၄ ဦးက ကန်ပေါင်တာဝန်ကျဝန်ထမ်းကို ဓားဖြင့် ထိုးကာ ဆိုင်ခန်းများကိုတုတ်ဖြင့်ရိုက်နှက်ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြပြန်သည်။

ယခုနှစ် အောက်တိုဘာ ၂၃ ရက် ည ၁၁ နာရီခွဲ အချိန်တွင် ကားပြိုင်မောင်းနှင်နေသူ လူငယ်ကိုးဦးက လမ်းလျှောက်သီချင်းဆိုလာသူ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သန့်ရှင်းရေးဝန်ထမ်းကို ၎င်းတို့အား စောင်းမြောင်းသီဆိုသည်ဟူ၍ စွပ်စွဲလျက် ဘိုးဘွားရိပ်သာရှေ့မှာပင် ဝိုင်းဝန်းရိုက်နှက်သတ်ဖြတ်ခဲ့ကြသည်။

အောက်တိုဘာ ၂၈ ရက်ည ၁၁ နာရီခွဲမှာပင် ရန်ကုန်မြို့လယ်၊ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် မီးပွိုင့်တွင် ကိုယ်ပိုင်ယာဉ်တစ်စီးကို ပြိုင်ကားမောင်းသူများက သံပိုက်များဖြင့် ရိုက်နှက်ခဲ့ကြပြန်သည်။

ထိုမှတစ်ဖန် နိုဝင်ဘာ ၁ ရက် နံနက် ၁ နာရီအချိန်တွင် ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းမပေါ်ရှိ စံရိပ်ငြိမ်မှတ်တိုင်အနီးတွင် ပြိုင်ကားတစ်စီးနှင့် အခြားယာဉ်သုံးစီးက ကိုယ်ပိုင်ယာဉ်တစ်စီးပေါ်မှ လူများကို သံတုတ်၊ သစ်သားတုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့ကြသည်။

ကျွန်တော့်ကို ဝိုင်းဝန်းရိုက်နှက်ရန် ကြိုးစားပြီး ပစ္စည်းများ ပျောက်ဆုံးခဲ့ရသည့် နိုဝင်ဘာ ၂၉ ရက်ည ၁၁ နာရီခွဲ အချိန်မှာပင် လှော်ကားမြို့နယ်တွင် လူအယောက်သုံးဆယ်ခန့်က ဝိုင်းဝန်းရိုက်နှက်၍ ဓားဖြင့် ထိုးသတ်ခဲ့မှုကြောင့် အသက် ၂၂နှစ်အရွယ် တက္ကသိုလ်ကျောင်းသားလေး တစ်ဦး အသက်ဆုံးရှုံးသွားခဲ့သည်။

ဤအမှု အခင်းများသည် တရားဥပဒေစိုးမိုးရေးကိုပေါ်ပေါ်ထင်ထင်စိန်ခေါ်လိုက်ကြပြီ ဖြစ်သည်။ ထို့အပြင် မင်းမဲ့စရိုက်ဆန်ဆန်ပြုမူလိုက်ကြခြင်း တစ်ရပ်လည်း ဖြစ်သည်။

ဖြစ်စဉ်တိုင်းတွင် ပါဝင်ကျူးလွန်ခဲ့သူများကို လေ့လာကြည့်လျှင် လူရွယ်ပိုင်းက ပိုများပြီး တချို့ဖြစ်စဉ်များတွင်တော့ အခကြေးငွေပေး၍ စေခိုင်းမှုများ ပါဝင်နေသည်ကို တွေ့ရသည်။

"အုပ်စုဖွဲ့ ကျူးလွန်တဲ့ မှုခင်းတွေက အမျိုးမျိုးရှိတတ်တယ်။ တချို့ကလည်း ဂိုဏ်းဖွဲ့ မျိုးမဟုတ်ပေမယ့် ပိုက်ဆံရှိတယ်။ ခိုင်းသမျှလုပ်ပေးမယ့် တပည့်တပန်းတွေရှိတယ်။ ဒီတော့ တပည့်တွေကို ငါ့အစား သွားလုပ်ပေးဆိုတာမျိုးပေါ့။ ပြီးရင် ပိုက်ဆံပေးတယ်။ အဲဒီလို ပိုက်ဆံယူပြီး တမင်လုပ်စားတာမျိုးကတော့ နည်းပါတယ်" ဟုမြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လက်ရှိတာဝန်ထမ်းဆောင်နေသူရဲအုပ်တစ်ဦးက7Day Newsသို့အောက်တိုဘာလ နောက်ဆုံးပတ်က ပြောခဲ့သည်။

စာ(၁၁)သို့



## ဂေါ်ရခါးသီးစိမ်းသုပ်



ဒီတစ်ပတ်တော့ ဝိုက်ဖီက အရန်ဟင်းတစ်ခွက်ပဲ စီစဉ်ထားပါတယ်။ ဂေါ်ရခါးသီးသုပ်ဖြစ်ပါတယ်။ ဒါပေမဲ့ အရောင်လည်းလှ၊ အရသာလေးလည်း ပြည့်စုံသွားအောင် မုန်လာဥနီရောသုပ်ထားတာပါ။

ဂေါ်ရခါးသီးနဲ့မုန်လာဥနီကိုအပေါ်ယံအခွံခြစ်ပြီး သခွားခြစ်ကလေးနဲ့ ညီညီအမျှင်လေးတွေ ရအောင်ခြစ်ပါ။ နှစ်မျိုးလုံးခြစ်ပြီးရင် သံပရာရည်ညှစ်၊ ဟင်းခတ်မှုန့်၊ မြေပဲထောင်းထည့် နှမ်းလှော်နဲ့ ငံပြာရည်နည်းနည်းထည့်ပြီး နှံ့အောင်မွှေလိုက်ရင် အရသာရှိတဲ့ အရန်ဟင်းတစ်ခွက်ရပြီပေါ့။ ခပ်စပ်စပ်စားချင်သူတွေကတော့ ငရုတ်သီးစိမ်းလေး ပါးပါးလှီးထည့်လို့ရပါတယ်။



7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# အယ်ဒီတာထံ ပေးစာ

## အန္တရာယ်ဆိုးများအတွက် ကာကွယ်ရေးအစီအစဉ် အကောင်းဆုံးဖြစ်စေချင်

ကျွန်မတို့နေထိုင်သည့်မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလမ်းကြောင်းပေါ်တွင် ကိစ္စကြီးများမှသည် ကိစ္စငယ်များထိတိုင် တဖြည်းဖြည်း ကြိုးစားပြောင်းလဲနေကြသည်ကို ကျွန်မတွေ့မြင်ရပါသည်။ အစိုးရသစ်အနေဖြင့်လည်း ဤအချိန်သည် အခက်ခဲဆုံးအချိန် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ လူတော်တော်များများသည် ကိစ္စကြီးများကိုသာ ထင်သာမြင်သာရှိပြီး အချို့အရေးကိစ္စများကို အသေးအဖွဲဟုထင်ပြီး လျစ်လျူရှုတတ်ကြပါသည်။ ကျွန်မအထင်တော့ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ၌ အားနည်းချက်များစွာရှိကြောင်း တွေ့ရပါသည်။

ကျွန်မ ယခုတင်ပြချင်သည်မှာ ကျွန်မတို့နိုင်ငံ၏ ဆေးဝါးမပြည့်စုံမှုနှင့်ပတ်ဝန်းကျင်သပ်ရပ်သန့်ရှင်းမှု နည်းပါး၍ မသေသင့်ဘဲသေဆုံးကြရသည့်လူ့အသက်များစွာအတွက် ရည်ရွယ်ပါသည်။

ကျွန်မတို့နိုင်ငံတွင်မြို့ပြနေလူဦးရေနှင့်ကျေးလက်နေလူဦးရေကိုနှိုင်းယှဉ်ပါက ကျေးလက်နေလူဦးရေက ပိုများပါသည်။ တိုးတက်မှု၊ သပ်ရပ်သန့်ရှင်းမှု၊ ဆေးဝါးပြည့်စုံမှုစသည့်အချက်များကိုတိုင်းတာရာတွင် မြို့ပြများကိုသာ ကြည့်၍ မသုံးသပ်သင့်ပါ။ နယ်မြို့များနှင့် ကျေးရွာများ၏ လိုအပ်ချက်များကိုကြည့်၍ သုံးသပ်သင့်ပါသည်။

ကျွန်မသည် ရန်ကုန်နှင့် တံတားတစ်စင်းသာခြားသည့် သန်လျင်မြို့တွင် နေထိုင်သူဖြစ်ပါသည်။ ကျွန်မတို့မြို့သည် အင်မတန် အေးချမ်းသာယာသော မြို့လေးတစ်မြို့ဖြစ်ပါသည်။ ကျွန်မတို့မြို့နယ်တွင် ကျေးရွာပေါင်း ၅၁ ရွာရှိပြီး မြို့ပေါ်ရပ်ကွက် ၁၇ ရပ်ကွက် ရှိပါသည်။ ၎င်းကျေးရွာများမှ လူများသည် ကျွန်မတို့မြို့တွင်ရှိသော တစ်ခုတည်းသောဆေးရုံကိုသာ အားကိုးကြရပါသည်။ မြို့ပေါ်နေ လူအချို့သာ ရန်ကုန်သို့သွား၍ ဆေးကုနိုင်ကြပြီး ဆင်းရဲသားလက်လုပ်လက်စားအများစုကတော့ ၎င်းတို့၏ အသက်များကို သန်လျင် ပြည်သူ့ဆေးရုံနှင့် အခမဲ့နာရေးဆေးခန်းကိုသာ အားကိုးနေရပါသည်။

အခုတလော ကျွန်မတို့မြို့မှာ အန္တရာယ်ဆိုးတစ်ရပ်နှင့် ရင်ဆိုင်နေရပါသည်။ ရာသီဥတုကလည်း မိုးအကုန်ဆောင်းအကူးဖြစ်ခြင်းကြောင့် တစ်ကြောင်း မြေလွတ်၊ မြေရိုင်းများနှင့် ချုံများ ပေါများခြင်းကြောင့်. . အန္တရာယ်ရှိသော မြွေသတ္တဝါများကို နေရာတိုင်းတွင် အလွယ်တကူတွေ့နိုင်ပြီး လမ်းများ၊ ကျောင်းဝင်းများနှင့် လူနေအိမ်များအတွင်းသို့ ဥဒဟို သွားလာနေကြပါသည်။ လွန်ခဲ့သောလနှင့် ယခုလအတွင်းတွင်ပင် မြွေဆိုးကိုက်ခံရ၍ အသက်ဆုံးရှုံးသူလူငယ်များ သုံး၊ လေးဦးခန့် ရှိခဲ့သည်။ ကျွန်မသိသောမိန်းကလေး (တက္ကသိုလ်ကျောင်းသူ)တစ်ဦးဆိုလျှင် မြွေကိုက်ခံရ၍ ဆေးရုံသို့ အသွားလမ်းတွင်ပင် အသက်ဆုံးရှုံးခဲ့ရသည်။ အခြား အကိုက်ခံရသူအချို့တော့ အချိန်မီ ဆေးကုသမှုခံယူနိုင်ခဲ့ကြောင်း သိရပါသည်။ ယခု အဖြစ်အပျက်များသည် ကျွန်မကြားသိရသော သတင်းများသာဖြစ်ပြီး ကျွန်မမသိသော အသက်ဆုံးရှုံးမှုများလည်း ကျေးရွာများတွင် ရှိနိုင်ပါသည်။

အခြားနိုင်ငံများတွင် အန္တရာယ်ရှိသော တိရစ္ဆာန်များကို နှိမ်နင်းနိုင်သည့် Pests Control အဖွဲ့များရှိကြောင်း သိရှိရပါသည်။ အန္တရာယ်ပေးနိုင်သော ခွေးလေ၊ ခွေးလွင့်များ၊ မြွေဆိုးများ၊ ရောဂါများကို သယ်ဆောင်လာနိုင်သော ကြွက်များ အစရှိသည့်လူတို့၏ အသက်ကို အန္တရာယ်ပြုနိုင်သည့် တိရစ္ဆာန်များကို ဖယ်ရှားရှင်းလင်းပေးနိုင်သည်။ ယင်းကဲ့သို့အဖွဲ့မျိုး ကျွန်မတို့နိုင်ငံတွင် အမှန်တကယ် လိုအပ်ပါသည်။ မြွေဆိပ်ဖြေဆေးနှင့် ခွေးရူးရောဂါကာကွယ်ဆေးများကို နယ်ဆေးရုံများတွင် အလုံအလောက်ထားရှိသင့်ပါသည်။ အထက်ပါ Pests Control ကဲ့သို့သော အဖွဲ့အစည်းများသည် ကျေးလက်နေ ပြည်သူများအတွက် အမှန်တကယ် လိုအပ်လှပါသည်။ ၎င်းကိစ္စများကို အသေးအဖွဲကိစ္စများအဖြစ် မမှတ်ယူဘဲ အဆောတလျင် အရေးယူကိုင်တွယ်ဖြေရှင်းသင့်ကြောင်း တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**စုစုငြိမ်း**

## ပညာရေးကွန်ရက် ၂နှစ်ပြည့် ရန်ပုံငွေဂီတပွဲနှင့်ဈေးရောင်းပွဲကျင်းပမည်

**အေးသူစံ** **ရန်ကုန်၊ ဒီဇင်ဘာ ၁၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပညာရေးကွန်ရက် ၂နှစ်ပြည့်အခမဲ့ပညာဒါနကျောင်းများ၏ ရန်ပုံငွေရှာဖွေပွဲအဖြစ် ရုပ်ရှင်ဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲကို ဒီဇင်ဘာလ ၂၇ နှင့် ၂၈ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပခွင့်ရရှိခဲ့ကြောင်း ပွဲဖြစ်မြောက်ရေးတာဝန်ခံ ကိုဘိုဘိုဦးက ပြောသည်။

တစ်နှစ်မြောက်ရန်ပုံငွေပွဲကို ၂၀၁၁ ဒီဇင်ဘာ ၂၂ရက်က မင်းဓမ္မလမ်းရှိMCCခန်းမတွင် ပြုလုပ်ခဲ့ပြီး ရန်ပုံငွေ ကျပ်သိန်း ၅၀၀ ကျော်ရရှိခဲ့သည်။ ယခုနှစ်တွင်မူ အများပြည်သူသွားလာရ လွယ်ကူစေရန် ပြည်သူ့ရင်ပြင်၌ပြုလုပ်ခြင်းဖြစ်ပြီး ယမန်နှစ်ကဲ့သို့ လေလံပစ်မည့်အစီအစဉ်ပါဝင်သည်။ "မနှစ်က အန်တီ့လက်မှတ်နဲ့ တီရှပ်ကို လေလံပစ်သလိုပဲ ဒီနှစ်လည်း အန်တီနဲ့တိုင်ပင်ပြီး လေလံပစ်မယ့်ကိစ္စ စဉ်းစားနေပါတယ်။ ပွဲနေ့ရောက်မှ အသိပေးချင်ပါတယ်" ဟု ကိုဘိုဘိုဦးကပြောသည်။

ဒီဇင်ဘာ ၂၇ ရက်၌ Lazy Club၊ Heaven Bone၊ Aurora၊ ရောင်စဉ်လှိုင်း စသည့်တီးဝိုင်းများနှင့်အတူ အက်ဆစ်၊ ဂျေမီ၊ ဖြောက်အိုး၊ စန္ဒီ မြင့်လွင်၊ Bobby Soxer စသည့် ဟစ်ဟော့ပ်အဆိုတော်များက သီဆိုကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ရက်တွင် ရွှေသံစဉ်၊ မဖြိုမလှိုင်း၊ ပလပ်စ်သရီးနှင့် အိုင်းရင်းခရော့ခ်တို့ ဖျော်ဖြေကြမည်ဖြစ်သည်။

လက်မှတ်တစ်စောင်ကို နှစ်ရက်လုံးကြည့်ရှုနိုင်ပြီးလက်မှတ်ဈေးနှုန်းအား မကြာမီ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။







## စာ-၉၊ အပြောင်းကောင်းသော ကျွန်တော်နှင့် တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်နေသော လူမိုက်များ မှ

"တရားဥပဒေ စိုးမိုးမှု ကင်းမဲ့ခြင်းရဲ့ ရလဒ်လို့ထင်ပါတယ်။ ထိရောက်တဲ့ အပြစ်ပေးအရေးယူမှုတွေ မရှိခြင်းရဲ့ နောက်ဆက်တွဲရလဒ်လို့လည်း ခေါ်နိုင်မှာပါ"ဟု ဘလော့ဂ်ဂါတစ်ဦးဖြစ်သည့် ကိုလူဘိုကဆိုသည်။

အုပ်စုဖွဲ့ကျူးလွန်သည့် ဖြစ်စဉ်တချို့တွင် အစိုးအရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သားသမီးတချို့လည်းပါဝင်နေကြခြင်းက ငွေများတရားနိုင်ဟူသည့်စကားပုံအရ စိုးရိမ်စရာ ဖြစ်လာသည်။ အဓိကကျသော ဥပဒေဝန်ထမ်းများအနေဖြင့် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ တန်းတူညီမျှ အရေးယူ ဆောင်ရွက်သွားရန် မဖြစ်မနေ လိုအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသက်လွင်ကတော့ "ဥပဒေဆိုတာ တစ်ဦး တစ်ယောက်တည်းအတွက် ထုတ်တာမဟုတ်ဘဲ အားလုံးအတွက် ကြေညာပြီးမှ ထုတ်ပြန်ထားတာပဲ။ ဘယ်သူဘယ်ဝါရဲ့ သားသမီးဆိုတာကြောင့် ဥပဒေအရ အရေးမယူတာမျိုး မရှိပါဘူး။ ကျောသားရင်သား မခွဲခြားဘဲဆောင်ရွက်မှာပါ"ဟု Popular News ဂျာနယ်နှင့် တွေ့ဆုံခန်းတွင် ဖြေကြားထားခဲ့သည်။

အုပ်စုဖွဲ့ ရိုက်နှက်လုယက်မှု ကျူးလွန်သည့် အမှုများသည် ညအချိန်များတွင် အများဆုံးဖြစ်တတ်ကြသဖြင့် ညဖက် သွားလာတတ်သော လူငယ်များအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။ ရဲတပ်ဖွဲ့ဝင်များမှာလည်း အခင်းဖြစ်နေရာများတွင် ကြိုတင်ရှိမနေနိုင်ကြပါ။ ဤသည်မှာလည်း ပြည်သူဦးရေနှင့် မမျှတသော ရဲတပ်ဖွဲ့ဝင် အင်အားနည်းပါးလွန်းခြင်းကြောင့် ဖြစ်ပါသည်။

ရန်ကုန်နေ လူဦးရေမှာ ခြောက်သန်းကျော်ရှိပြီး ရဲတပ်ဖွဲ့ဝင်အင်အားမှာ ခုနှစ်ထောင်ကျော်မျှသာရှိကြောင်း သိရသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့မှလည်း ပြည်သူလူထုပူးပေါင်းပါဝင်ရန် အစဉ်အမြဲနှိုးဆော်ခဲ့ကြရသည်။ အုပ်စုဖွဲ့ကျူးလွန်မှုများဖြစ်ပွားပါက ပြည်သူများက ဝိုင်းဝန်းတားဆီးခွင့်၊ ဖမ်းဆီးပိုင်ခွင့်ရှိကြောင်း Popular News ဂျာနယ်နှင့်တွေ့ဆုံခန်းတွင်ပင် ရဲမှူးမြင့်ထွေးက ဖြေကြားခဲ့သည်။

"တရားဥပဒေစိုးမိုးဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါမယ်။ နိုင်ငံသားတိုင်းက သေတော့မယ်၊ သတ်တော့မယ်ဆိုရင် ဝိုင်းတားလို့ရတယ်။ နိုင်ငံသားတိုင်း ဖမ်းဆီးပိုင်ခွင့်ရှိတယ်။ ကျင့်ထုံးဥပဒေမှာ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ အနည်းဆုံးတော့ ရဲကိုအပ်ရမှာပေါ့။ ရိုက်နှက်တာမျိုးတော့ မလုပ်ရဘူး။ အဲဒါကို ရိုက်ရင် ရိုက်တဲ့လူက တစ်မှုပဲ"ဟု ရဲမှူးမြင့်ထွေးက ဖြေကြားခဲ့ခြင်း ဖြစ်သည်။

အုပ်စုဖွဲ့ ရိုက်နှက်မှုများအပြင် အုပ်စုဖွဲ့လုယက်များလည်း ရှိနေပြီး ထိုအထဲမှ အမှုတစ်မှုကို အမျိုးသမီးများက ကျူးလွန်ခဲ့ကြသည်။ တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက်၊ ဟေမဝန်စျေး၊ သားငါးတန်းအနီးတွင် စျေးဝယ်နေသော ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒဌာနမှလက်ထောက်ကထိကဆရာမတစ်ဦး၏ ရွှေလက်ကောက်ကို အကွက်ဆင်လုယက်ခြင်း ဖြစ်သည်။

အင်တာနက်ပေါ် ရေးသားထားသည့် စာနှင့် ပတ်သက်၍ မန္တလေးမြို့၊ မြရည်နန္ဒာရပ်ကွက်နေ ကဗျာဆရာ ဦးဥက္ကာကျော်အား လက်ဖက်ရည်ဆိုင်အတွင်း ဝင်ရောက်၍ စွပ်စွဲထိုးကြိတ်ခဲ့သည့်ဖြစ်ရပ်ကလည်း အောက်တိုဘာ ၁၇ ရက်တွင် ဖြစ်ပွားခဲ့သည်။

အသက်နှစ်ဆယ်ကျော် လူငယ်များက အသက် ၁၄ နှစ်နှင့် ၃၀ အရွယ်အမျိုးသမီး နှစ်ဦးကို အုပ်စုဖွဲ့ မုဒိမ်းကျင့်ခဲ့ ကြသည့်ဖြစ်ရပ်တစ်ခုလည်း အောက်တိုဘာ ၃ ရက်က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဖြစ်ပွားခဲ့သေးသည်။

၂၀၁၂ ခုနှစ် ကုန်လွန်ခါနီးချိန်တွင် အုပ်စုဖွဲ့ရမ်းကားသည့် အထက်ပါဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ အမှုများအားလုံးကို သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် တရားစွဲအမှုဖွင့်ထားသော်လည်း လွတ်မြောက်နေသည့် တရားခံများစွာ ကျန်ရှိနေသေးသည်။

ရန်ကုန်မြို့ရှိပြိုင်ကားမောင်းနှင်သည့် အုပ်စုများကိုမူ အောက်တိုဘာနောက်ဆုံးပတ်မှစတင်ကာ ညပိုင်းများတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စစ်ဆေးမှုများစတင်ခဲ့ပြီး တစ်ညအိပ်ထိန်းသိမ်းခြင်းနှင့် ဒဏ်ရိုက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

"တရားဥပဒေစိုးမိုးမှု လျော့နည်းနေလို့ပါ။ နောက်ပြီး လုံခြုံရေး အင်အားတွေ နည်းပါးပြီး ရဲစခန်းတွေတရားရုံးတွေကလည်း တရားဥပဒေစိုးမိုးမှုကိုကိုင်တွယ်ဖို့ အားပျော့နေတာရယ်၊ ပြီးတော့ လုပ်ငန်းလည်ပတ်မှု အားနည်းတာရယ်ကြောင့်ပါ။ တရားရေးအဖွဲ့အစည်းတွေရဲ့ စာရိတ္တကြံ့ခိုင်ဖို့လည်း လိုနေပါသေးတယ်။ အဲဒါကြောင့် အုပ်စုဖွဲ့ရမ်းကားမှုတွေ ခနအားကိုး၊ အာဏာအားကိုးနဲ့ ပြည်သူ့လုံခြုံရေးကို ခြိမ်းခြောက်မှု ဆက်တိုက်ဖြစ်ပေါ်နေတာပါ"ဟု ကဗျာဆရာ၊ ဘလော့ဂ်ဂါတစ်ဦးဖြစ်သော ကိုမိုးလှိုင်ညက မင်းမဲ့စရိုက်ဆန်ဆန် ရမ်းကားမှုများ အပေါ် သုံးသပ်သည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း တရားဥပဒေစိုးမိုးရန် အလွန်အရေးကြီးကြောင်းကို တစ်လျှောက်လုံး ပြောဆိုနေခဲ့သည်။

"တရားဥပဒေ စိုးမိုးမှုမရှိရင် ဘယ်လိုပဲ အပြောင်းအလဲတွေ လုပ်လုပ် ရေရှည်မခံပါဘူး။ တရားဥပဒေစိုးမိုးမှု မရှိရင် လုံခြုံစိတ်ချရမှုကိုလည်း ပြည်သူတွေ ခံစားကြရမှာမဟုတ်တာကြောင့် ဒီမိုကရေစီ အပြောင်းအလဲတွေ လုပ်နေတယ်လို့လည်း ပြောလို့မရနိုင် ပါဘူး။ မြန်မာနိုင်ငံမှာ ခိုင်မြဲတဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့လုပ်နေတယ်ဆိုတာကို ပြသဖို့လိုတာကြောင့် တရားဥပဒေစိုးမိုးရေးဆိုတာ လိုအပ်ပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ချက်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသော ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး (Democracy and the rule of law) ၁၅ ကြိမ်မြောက် ဖိုရမ်တွင် ပြောကြားခဲ့သည်။

တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုကလည်း "ယနေ့မြန်မာနိုင်ငံကို တရား ဥပဒေစိုးမိုးမှု အနိမ့်ကျဆုံးနိုင်ငံများ စာရင်းမှာ ကမ္ဘာကထည့်သွင်းထားပါတယ်။ တရားစီရင်ရေး မဏ္ဍိုင်ဟာ အဂတိတရားများ ဖုံးလွှမ်းနေဆဲဖြစ်ကြောင်း ပြည်တွင်း ပြည်ပကလည်း ကျယ်လောင်စွာ အော်ဟစ်နေကြပါတယ်"ဟု လွှတ်တော်သို့တင် သွင်းသည့် အစီရင်ခံစာတွင် ထည့်သွင်းပြောဆိုခဲ့သည်။

တရားဥပဒေ စိုးမိုးမှုရှိသည့် နိုင်ငံများသည် ငြိမ်းချမ်းတည်ငြိမ်လုံခြုံစွာ တိုးတက်နေကြပြီး တရားဥပဒေစိုးမိုးမှု မရှိသည့်နိုင်ငံများမှာတော့ ယခုထိ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုကူးခတ်နေကြရဆဲဖြစ်ကြောင်း သတင်းစာဆရာမောင်ဝံသက 'ဒီမိုကရေစီရဲ့ အသက်ဝိညာဉ် တရားဥပဒေစိုးမိုးမှု'ဆောင်းပါးတွင် ရေးသားခဲ့သည်။

"တရားဥပဒေစိုးမိုးရေးကို တာဝန်ယူဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်း လူပုဂ္ဂိုလ်တွေအနေနဲ့ စနစ်တကျ တာဝန်ယူဖြေရှင်းဖို့ လိုပါတယ်။ ဒီလိုတွေဖြစ်လာရတာကလည်း တစ်ချိန်က အာဏာကိုအလွဲသုံးစားလုပ်ခဲ့ကြတဲ့ အာဏာရှင် စရိုက်ကြောင့် ဖြစ်လာတာပါ။ အခုအာဏာရှင်စနစ်မဟုတ်တော့ဘူးဆိုရင် ဒါမျိုးတွေမဖြစ်သင့်တော့ပါဘူး "ဟု ဂျပန်နိုင်ငံတွင် နေထိုင်သည့် ကိုထွန်းဝေကသုံးသပ်သည်။

လူငယ်များအနေဖြင့် လက်နက်ကိုင်ဆောင်ရခြင်း၊ ဂိုဏ်းဂဏဖွဲ့၍ သွားလာရခြင်းတို့ကို အားကျအတုယူတတ်ကြသည့်အပြင် မိဘငွေကြေးတောင့်တင်းသည်ကို အခွင့်ကောင်းယူ၍ မိုက်ရူးရဲစိတ်မွေးတတ်ကြသဖြင့် မိမိကိုယ်ကိုယ်ထိန်းသိမ်းကြစေလိုကြောင်း အသက် ၃၀ ကျော် အမျိုးသားတစ်ဦးက ဆိုသည်။

ပြောင်းလဲ တိုးတက်လာသည့် ခေတ်နှင့်အညီ အရက်ဆိုင်များ၊ ဘီယာဆိုင်များ၊ နိုက်ကလပ်များ၊ ပွဲလမ်းသဘင်များတွင် လူငယ်များအနေဖြင့် အုပ်စုဖွဲ့မူးယစ်ရမ်းကားမှုများ ဖြစ်ပွားလေ့ရှိကြပြီး လုံခြုံရေးအရ ညအချိန်တွင် သတ်မှတ်ထားသော ဥပဒေများကို သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူဆောင်ရွက်မှု အားနည်းနေသေးကြောင်း ရွှေနေဦးအောင်သန်းစိုးက 7Day News သို့ပြောပါသည်။ ပျောက်ဆုံးသွားသော ပစ္စည်းများနှင့် ဖြစ်ပျက်ခဲ့သောဖြစ်ရပ်ကို လှိုင်မြို့နယ်ရဲစခန်းကို ကျွန်တော်သွားအသိပေးခဲ့ သည်။ သူတို့က ဖြစ်ဖြစ်ချင်း လာရောက်လျှင် ပိုကောင်းမည်ဖြစ်ကြောင်း၊ ကားဖြင့် ရောက်ရှိလာသူများ ဖြစ်သည့်အတွက် အနီးအနားတဝိုက်မှ လူများလည်း မဖြစ်နိုင်ကြောင်း၊ ရန်ပွဲအသွင် မဖြစ်ပွားခဲ့သည့်အပြင် ထိခိုက်ဒဏ်ရာလည်း ပြောပလောက်အောင် မရရှိသည့် အတွက် အမှုဖွင့်ရန်အခက်အခဲရှိကြောင်း စသဖြင့်ပြောကြသည်။

ကျွန်တော်က အမှုဖွင့်ရန်သွားခြင်း ဖြစ်သည်။ ကျွန်တော်ပြောသည့် အကြောင်းအရာများကိုစာအုပ်သေးသေးလေးလေးမှာ ရေးမှတ်ထားပြီး မှတ်ပုံတင်၊ ဘဏ်စာအုပ်နှင့်ဖုန်းပျောက်ဆုံးကြောင်း ထောက်ခံစာတစ်စောင်ကိုသာ ရေးပေးလိုက်ကြသည်။ ပစ္စည်းများပြန်ရနိုင်ဖွယ် မရှိတော့ကြောင်း နှလုံးသွင်းပြီး စိတ်ကိုလျှော့ကာ ပြန်လာခဲ့သည်။

စုစုပေါင်း သိန်းနှစ်ဆယ်ကျော်တန်ဖိုးရှိပစ္စည်းများပါသွားတာကလွဲ၍ ကျွန်တော့်ကိစ္စက အသေးအဖွဲသာ ဖြစ်သည်။

အုပ်စုဖွဲ့ရမ်းကားမှု ကျူးလွန်သူတို့ကြောင့် ဒဏ်ရာကြီးမားစွာရရှိသူများနှင့် အသက်တစ်ချောင်းဆုံးရှုံးသွားရသူများအကြောင်း စဉ်းစားရင်း တရားဥပဒေစိုးမိုးမှုကို နိုင်ငံတော်မှ ထိရောက်စွာ ကိုင်တွယ်လာနိုင်ပါစေဟုသာဆုတောင်းမိသည်။

တရားလွှတ်တော် ရှေ့နေဦးကိုနီက ဂျာနယ်သို့ မကြာသေးမီကပြောဖူးသည့် စကားကို ပြန်အမှတ်ရမိသည်။

ရာဇဝတ်မှုထူပြောလာခြင်း၊ သောင်းကျန်းမှုများ ဖြစ်ပေါ်လာခြင်းတို့၏ အကြောင်းရင်းမှာ တရားဥပဒေစိုးမိုးရေး ယန္တရားကောင်းမွန်စွာ မလည်ပတ်နိုင်ခြင်းကြောင့်သာဖြစ်ပြီး အဓိကတာဝန်ရှိသူများမှာ ရဲတပ်ဖွဲ့ပင်ဖြစ်သည်ဟူ၍ ဖြစ်ပါသည်။



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## မတည်သည့်တိရစ္ဆာန်ခြောက်ကောင်နှင့် အတူနေခြင်း

**(၁) မျက်လုံးက မြွေနဲ့တူတယ်။**

မျက်လုံးက မြွေနဲ့တူပါတယ်။ ပန်းချီများရေးထားတော့ တစ်ကြောင်းတည်းဆွဲထားတာ ကြည့်ချင်သလား၊ ပန်းလက်ပန်းခက်တွေ ဝေဆာနေအောင် ရေးသားထားတာ ကြည့်ချင်သလား။ ကြည့်ချင်တယ်ဆိုရင် မျက်လုံးအရှုပ်ကြိုက်ပေါ့။ မြွေဆိုတာ အရှုပ်ကြိုက် ဒီမြွေကို မနိုင်လို့ရှိရင် အရှုပ်ထဲပြေးလိမ့်မယ်။ မျက်လုံး ကလေးလည်း တဏှာတည်းဟူသော ကြိုးနဲ့ ခင်နေပါတယ်။

**(၂) နားက မိချောင်းနဲ့တူတယ်**

မိချောင်းကတော့ အေးအေး ချမ်းချမ်းနေချင်တယ်နော်။ နားကလေးစွင့်ပြီး နေတဲ့အခါကျတော့ ခပ်အေးအေးကလေး နေတဲ့နေရာ မနေချင်ဘူးလား။ မိချောင်းလိုပဲ နားကလည်း ခပ်အေးအေးကြိုက်တယ်။ ကျပ်ကနားဆူတာမကြိုက်ဘူးတဲ့။ အဲဒါကြောင့် သူကမိချောင်းနဲ့တူတယ်။ ရေကြိုက်၊ အအေးကြိုက်ပေါ့။

**(၃) နှာခေါင်းက ငှက်နဲ့တူတယ်**

နှာခေါင်းဆိုတာ အောက်စိုက်ပြီးရှူချင်တာမဟုတ်။ ပွင့်ပွင့်လင်းလင်းလေးအပေါ်မော့ပြီး ရှူချင်ပါတယ်။ အပေါ်ကိုသာသွားချင်တာပဲ။ အောက်ကို မသွားဘူး။

**(၄) လျှာက အိမ်ခွေးနဲ့တူတယ်**

အိမ်ခွေးနဲ့ တူတယ်ဆိုတာ လျှာပဲ။ ဒီလျှာကတော့ မီးဖိုချောင်သာ ပြေးချင်တယ်။ အိမ်ခွေးသည် ဘယ်နေရာမောင်းမောင်း မီးဖိုချောင်ကိုသာ လှည့်ဝင်တာပဲ။ မောင်းထုတ်လိုက်၊ မီးဖိုချောင်လှည့်ဝင်လိုက်၊ စားစရာကလည်း အဲဒီမှာရှိတယ်။ ပြာပုံကလည်း အဲဒီမှာရှိတယ်။ ဒါကြောင့် လျှာသည် အိမ်ခွေးနဲ့တူပါတယ်။

**(၅) ကိုယ်က တောခွေးနဲ့တူတယ်**

တောခွေးဆိုတာကလူကိုလည်းအင်မတန်ကြောက်တယ်။ သုသာန်မှာ လူသားတွေဖော်စားပြီး တောထဲမှာ တစ်နေ့လုံး အိပ်ချင်တဲ့သတ္တဝါရှိတယ်။ ဒီအတိုင်းပဲ ခန္ဓာကိုယ်ကြီးမှာ ကိုယ်ပေါ်မှာပေါ်တဲ့ တရားတွေကတော့ အိပ်ချင်တယ်၊ လှဲချင်တယ်၊ လျောင်းချင်တယ်၊ ခင်ဗျားတို့အိမ်မှာ နောက်မှီကုလားထိုင်ကလေးများ မရှိဘူးလား။ တရားနာတဲ့အခါ အချို့ထိုင်စရာလေးတွေ ယူလာကြတယ်။ အဲဒါ တောခွေးအလုပ်လေ။

**(၆) စိတ်က မျောက်နဲ့ တူတယ်**

မျောက်ဆိုတာက ဘယ်တော့မှ လွတ်လို့မရဘူး။ မြင့်မြင့်တက်ပြီးတော့ ဟိုမျှော်ဒီမျှော် မျှော်ချင်တာ။ ခင်ဗျားတို့မနောစိတ်ကလည်း ဒီနားတင်မနေဘူး။ မနောပေါက်က အဝေးကြီးမျှော်တာထောက်လိုက်တော့မျောက်နဲ့တူတဲ့စိတ်ပဲဆိုတာ ပေါ်လာတယ်။

မတည့်တဲ့ ခြောက်ကောင်နဲ့ ခင်ဗျားတို့ ကျောင်းတဲ့အလုပ် လုပ်နေရတယ်။ ကြိုးကိုင်ထားရတာက တစ်ယောက်တည်းကနေပြီး ခြောက်ကြိုးကိုင်ထားရတယ်။ အဝိဇ္ဇာအထုံကြီးနှင့် တဏှာကြိုးကြီးနှင့် ကိုင်ပြီးတော့ထားကြပါတယ်။ အိမ်ရှိလျက်နဲ့ အိမ်မနေတာလည်း ဒီကောင် ခြောက်ကောင်ထဲက တစ်ကောင်ကောင်က ဆွဲလို့ ထမင်းစားဖို့ အရှာထွက်ရတယ်။ ဘယ်အကောင် ဆွဲသွားတယ်ဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့်ပါ။



ရည်ညွှန်း-ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

## မျက်နှာဖုံး-နိုင်ငံတော်အစိုးရအဖွဲ့၏ တောင်းပန်မှု သံဃာတော်များက လက်ခံပြီး ဆန္ဒပြမှုများရပ်နား မှ

နိုဝင်ဘာ ၃၀ ရက်မှ စတင်ကာ ဒဏ်ရာရသံဃာများအား နိုင်ငံတော်သမ္မတအပါအဝင် ပြည်ထောင်စုအဆင့် အစိုးရတာဝန်ရှိသူများကတောင်းပန်ရန် မန္တလေး၊ ရန်ကုန်၊ မုံရွာ၊ ပခုက္ကူ၊ လှိုင်ကော်၊ အစရှိသည့်မြို့ကြီးများတွင် သံဃာတော်များက နှစ်ပတ်ကျော်ကြာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထို့အပြင် ဒီဇင်ဘာ ၁၂ ရက်မှစ၍ ပိုမိုအင်အားများပြားစွာ ဆန္ဒဖော်ထုတ်ခဲ့သောသံဃာတော်များသည် ဒီဇင်ဘာ ၁၅ ရက်မှစ၍ ဆန္ဒထုတ်ဖော်မှုများ ရပ်နားခဲ့ကြသည်။

မန္တလေး ဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့်သံဃာတော်များအပါအဝင် မုံရွာ၊ ပခုက္ကူနှင့် မန္တလေးမြို့ရှိ ကျောင်းတိုက်ကြီးအချို့မှ ဆရာတော်ကြီးများ၊ ဒဏ်ရာရသံဃာများနှင့် ဆန္ဒထုတ်ဖော်မှုပြုလုပ်နေသော သံဃာ ၁၅၀ကျော်ကို ဒီဇင်ဘာ ၁၅ရက်တွင်မန္တလေးမြို့ မဟာအတုလဝေယာန်(အတုမရှိ)ကျောင်းတော်ကြီးသို့ပင့်ဆောင်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးလှထွန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီး ရဲချုပ်ဦးကျော်ကျော်ထွန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တောင်းပန်ခဲ့ခြင်းဖြစ်သည်။

“ဘုန်းကြီးတို့ တောင်းဆိုချက်တွေထဲက ပထမအချက်ကို နိုင်ငံတော်အစိုးရက လိုက်လျောတဲ့အတွက် လတ်တလော ဆန္ဒထုတ်ဖော်မှုတွေကို ရပ်ဆိုင်းလိုက်ပါပြီ။ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အဖြေကို စောင့်ကြည့်ပါဦးမယ်” ဟု မန္တလေးမြို့မှ ဆန္ဒထုတ်ဖော်မှုများ ဦးဆောင်ပြုလုပ်ခဲ့သည့် ဂဠုန်နီဆရာတော်က မိန့်ကြားသည်။

သမ္မတရုံးဝန်ကြီးက တောင်းပန်ရာတွင် သံဃာတော်များအနေဖြင့် ဆွမ်းဒါယိကာ၊ ဒါယိကာမတို့၏ ဆန္ဒကိုလိုက်လျောပြီး သပိတ်စခန်းများသို့ ရောက်ရှိခဲ့ခြင်းဖြစ်မည်ဟု ယူဆမိပါကြောင်း၊ မမျှော်လင့်ဘဲ ထိခိုက်နာကျင်မှုများဖြစ်ခဲ့ရခြင်းဖြစ်ပြီး ဖြစ်သင့်သည်မှာ နှစ်ဦးနှစ်ဖက် အကျေအလည်ညှိနှိုင်းအဖြေရှာ ဆောင်ရွက်လျှင် ပို၍အကျိုးရှိမည်ဖြစ်ကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိုဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း ဆောင်ရွက်နိုင်ရေး၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပြည်သူများ ဆန္ဒအတိုင်း အခြေအနေမှန် ဖော်ထုတ်နိုင်ရေးအတွက် ဖွဲ့စည်းပေးခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ လွတ်လွတ်လပ်လပ် မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့ အပါအဝင် ပြည်သူများ၊ သံဃာတော်များက ကူညီရန်လိုအပ်ပါကြောင်း၊ သံဃာများဆန္ဒပြနေပြီး အုပ်ချုပ်သူများ၊ ဆွမ်းဒါယိကာ၊ ဒါယိကာမများ၊ အများပြည်သူများအတွက် အနှောင့်အယှက်အခက်အခဲများ ဖြစ်မှာကို စိုးရိမ်ပူပန်မိပါသဖြင့် နိုင်ငံတော်နှင့် အများပြည်သူ ကိုယ်စိတ်နှလုံး တည်ငြိမ်အေးချမ်းပြီး သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆရာတော်များက မေတ္တာတရားရှေ့ထားပြီး ထိန်းထိန်းသိမ်းသိမ်း ကူညီဆောင်ရွက်ပေးပါရန် လျှောက်ထားသည်။ သံဃာတော်များက ကျေနပ်ကြောင်း သာဓုသုံးကြိမ်ခေါ်သည်။

ထိုတောင်းပန်ပွဲတွင် မန္တလေးဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသော ဒဏ်ရာပြင်းထန်သည့် သံဃာလေးပါးကို နိုင်ငံတော်စရိတ်ဖြင့် နိုင်ငံခြားပို့ဆေးဝါးကုသပေးရန် သံဃာများက တောင်းဆိုခဲ့ပြီး အစိုးရအဖွဲ့တာဝန်ရှိသူများက သဘောတူလက်ခံခဲ့သည်။

လတ်တလော ဆန္ဒထုတ်ဖော်မှုများ ရပ်ဆိုင်းထားမည်ဖြစ်သော်လည်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေသည့် လက်ပံတောင်းတောင်သပိတ်စခန်းများ အကြမ်းဖက်ဖြိုခွဲရန် အမိန့်ပေးညွှန်ကြားသူကို ဖော်ထုတ်အရေးယူပေးရန်လည်း သံဃာတော်များကတောင်းဆိုထားသည်။

## မျက်နှာဖုံး-မလျော်မကန်သော ကိစ္စများပြုလုပ်သည့် ရဟန်း၊ သာမဏေ၊ သီလရှင်များကို စစ်ဆေးအရေးယူ မှ

ချမ်းအေးသာစံမြို့နယ်ဂိုဏ်းပေါင်းစုံသာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။ ၎င်းနှင့်အတူ ငွေကျပ်နှစ်သိန်းရှစ်သောင်းကျပ်၊ အမျိုးသမီးတစ်ဦးထံသို့ပုဂ္ဂလိကဘဏ်တစ်ခုမှငွေလွှဲထားသော ပြေစာနှစ်ရွက်တို့ကိုပါ စစ်ဆေးတွေ့ရှိရသည်ဟု ဆရာတော်က မိန့်ကြားသည်။ ထိုနေ့ညနေ ၅ နာရီအချိန်ကလည်း ဘူတာကြီးတွင် ပင်မူးယစ်စေတတ်သော အရည်ထည့်ထားသည့် ရေသန့်ဘူးတစ်ဘူးနှင့် အလှူငွေ ၁၂,၄၅၀ ကျပ်ကိုင်ဆောင်ထားသည့် သံဃာတစ်ပါးကို ဘူတာရဲစခန်းသို့ အပ်နှံခဲ့သည်ဟု သိရသည်။ “မလှူနဲ့လို့တော့ မပြောချင်ပါဘူး။ ဒကာ၊ ဒကာမတွေအနေနဲ့ ချင့်ချိန်ပြီး လှူတတ်စေချင်ပါတယ်။ လူမိုက်အားပေးဖြစ်မှာစိုးလို့ပါ”ဟုစစ်ဆေးအရေးယူရာတွင် ပါဝင်ခဲ့သည့် ဆရာတော်ကြီး တစ်ပါးက မိန့်ကြားသည်။

အလှူခံမည်ဆိုပါက သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့ ထောက်ခံချက်ဖြင့် ကောက်ခံလိုသည့် မြို့နယ်သံဃနာယကအဖွဲ့ထံ ခွင့်တောင်းရမည်ဟု ဆိုသည်။ ချမ်းအေးသာစံမြို့နယ် ဂိုဏ်းပေါင်းစုံ သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ၂၀၁၂ ခုနှစ်အတွင်း သက်ဆိုင်ရာရဲစခန်းများသို့ အပ်နှံခဲ့သူပေါင်း ၄၀ ကျော် ရှိပြီဖြစ်ပြီး ဘူတာကြီး၊ ဈေးများအတွင်းနှင့် ညဘက်တွင် ကားဖြင့် လက်ဖက်ရည်ဆိုင်များသို့ လှည့်လည်စစ်ဆေးအရေးယူနေသည်ဟု ယင်းအဖွဲ့မှဦးဆောင်နေသည့် ဆရာတော်တစ်ပါးက မိန့်ကြားသည်။

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့က မန္တလေးတိုင်းဒေသကြီးအတွင်း သမဏသာရုပ္ပမဖြစ်သော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် မသင့်လျော်သည့် ဈေး၊ ကားဂိတ်၊ ဘူတာ၊ လူစည်ကားရာ နေရာများတွင် အလှူခံခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို ကိုယ်တိုင်မောင်းနှင်စီးနင်းခြင်း၊ ပွဲလမ်းသဘင်များ၊ ဘောလုံးပွဲများ၊ ဗီဒီယိုရုံများတွင် ကြည့်ရှုခြင်း၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် နေ့လွဲညစာ စားသုံးခြင်း၊ ကျောင်းတိုက် အုတ်တံတိုင်းအနီး ဈေးဆိုင်ဆိုင်ခန်းများ ဖွင့်လှစ်ခြင်း အစရှိသည့် ကိစ္စများ ရှောင်ကြဉ်ကြရန်၊ မလိုက်နာပါက အရေးယူခံရမည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ် စက်တင်ဘာလကတည်းက ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

## စာ-၄၊ အစိုးရက ကေအိုင်အိုနှင့် ဇန်နဝါရီလတွင် ထပ်မံဆွေးနွေးရန် ကမ်းလှမ်း မှ

ကာကွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က ပထမအကြိမ် အမျိုးသား လွှတ်တော်စတုတ္ထပုံမှန် အစည်းအဝေးတွင် အပစ်အခတ်ရပ်စဲရေး၊ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသော မေးခွန်းကို အထက်ပါအတိုင်းပြန်လည်ဖြေကြားခဲ့သည်။ အစိုးရနှင့် ကချင်လွတ်မြောက်ရေး တပ်မတော်တို့ကြား ၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည်။ ၁၉၆၁ ခုနှစ်မှစ၍ လက်နက်စွဲကိုင်ခဲ့သော ကလျင်လွတ်မြောက်ရေးတပ်မတော်(KIA) သည် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲခဲ့ပြီး ၁၇ နှစ်အကြာ တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

## စာ–၅၊ သမ္မတဦးသိန်းစိန်အား ၂၀၁၂ အထင်ရှားဆုံး အာရှတိုက်သားအဖြစ် သည်စထရိတ်တိုင်းမ် သတင်းစာရွေးချယ် မှ

သမ္မတဦးသိန်းစိန်၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက် မဟာဗျူဟာမြောက် အခွင့်လမ်းသစ်များ ဖွင့်လှစ်ပေးလိုက်သည်သာမက အရှေ့တောင်အာရှဒေသတွင်သာမက အခြားအာရှဒေသများတွင်ပါ အပြုသဘောသက်ရောက်မှုဖြစ်စေနိုင်သည့်အင်အားစုများကို သက်ဝင်လှုပ်ရှားလာစေခဲ့သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြသည်။

ယင်းသို့ ပွင့်လင်းလာမှုများကို စနစ်တကျ ကိုင်တွယ်ထိန်းကျောင်းနိုင်ပါက သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝသော်လည်း နိုင်ငံခြားသားများအပေါ် သံသယရှိမှု ဆယ်စုနှစ်များစွာနှင့် အလုံပိတ်ထားသောစီးပွားရေးကြောင့် ရပ်တန့်နေသော နိုင်ငံမှ ပြည်သူသန်းပေါင်းများစွာအား ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်သော အလားအလာရှိသည်ဟု စင်ကာပူ သတင်းစာတွင် ဆက်လက်ဖော်ပြသည်။

“သမ္မတရဲ့ ရဲရင့်ပြီးသတ္တိရှိရှိ ကြိုးပမ်းမှုတွေကနေပြီး အိမ်နီးချင်း နိုင်ငံတွေလို ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆီ ချီတက်ရေး၊ သူ့ရဲ့ ပြည်သူတွေအတွက်မျှော်လင့်ချက်တွေ ဖြစ်ပေါ်လာစေပါလိမ့်မယ်”ဟု The Straits Times သတင်းစာအယ်ဒီတာ ဝါရင်းဖာနန်ဒက်စ်ကပြောပါသည်။

The Asian of the Year ဆုအား နှစ်စဉ် ဒီဇင်ဘာလတွင် ကြေညာပြီး မိမိနိုင်ငံမှာဖြစ်စေ၊ ကျယ်ပြန့်သော ဒေသအတွက်ပါ ဖြစ်စေသိသာထင်ရှားစွာပါဝင်လုပ်ဆောင်ပေးသော လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းအား အသိအမှတ်ပြုခြင်းဖြစ်သည်။ အဆိုပါသတင်းစာမှာ ၁၈၄၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့သောသတင်းစာတွင် ဖော်ပြသည်။ *Ref: The Straits Times*

## စာ-၃၊ ရခိုင်နှင့် ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသော အခြေအနေများကို စိုးရိမ်ပူပန်မိကြောင်း ဗြိတိန်ဝန်ကြီးပြောကြား မှ

“အခြေအနေတွေက ဆိုးဆိုးဝါးဝါး စိုးရိမ်စရာဆက်လက်ဖြစ်ပေါ်နေဆဲပါ။ ကျွန်တော် ဒုက္ခသည်စခန်းတွေကို ရောက်ခဲ့ပြီး သောင်းနဲ့ချီတဲ့ လူတွေကို မြင်ခဲ့ရတယ်။ တဲတွေထဲမှာ ပြည့်နှက်နေပြီး စားနပ်ရိက္ခာမလုံလောက်သလို အိမ်သာအသုံးပြုမှုနည်းပါးနေတယ်။ ယုံကြည်စိတ်ချရတဲ့ကူညီမှုတွေလိုအပ်နေတယ်။ အရေးပေါ် ဆောင်ရွက်မှုတွေ မရှိဘူးဆိုရင် အားလုံးပူပန်နေရတဲ့ ဒီလိုဝမ်းနည်းကြေကွဲဖွယ် အခြေအနေတွေ နက်နက်နဲနဲ ဆက်ဖြစ်နေဦးမယ်လို့ ကျွန်တော်ယုံကြည်တယ်”ဟု ဝန်ကြီးဟူဂိုလွိုင်ယာကပြောသည်။

ဗြိတိသျှအစိုးရသည် ရခိုင်ဒေသတွင် ပဋိပက္ခဖြစ်ပွားနေသည့် နှစ်ဖက်လုံးမှ လူဦးရေ ၅၈,၀၀၀ ကျော်အတွက် ကျန်းမာရေး၊ မိလ္လာစနစ်နှင့် သောက်သုံးရေတို့အတွက် ယုံကြည်ရသော အင်န်ဂျီအိုအဖွဲ့များနှင့် လက်တွဲ၍ ပံ့ပိုးကူညီဆောင်ရွက်နေသည်။ လတ်တလောတွင် အဆိုပါအစီအစဉ်များဆောင်ရွက်နေသော်လည်း ကူညီထောက်ပံ့မှုများ ပိုမိုလိုအပ်နေပြီး နိုင်ငံတကာပူးပေါင်း လှုပ်ရှားဆောင်ရွက်မှုအတွက် လုပ်ကိုင်နေကြောင်း ဝန်ကြီးကဆို သည်။

ဗြိတိန်ဝန်ကြီးက ကချင်ပြည်နယ်အတွင်း အခြေအနေများ တည်ငြိမ်အေးချမ်းသွားရန် လိုအပ်သော ဆောင်ရွက်မှုအားလုံး လုပ်ဆောင်ရန်နှင့် ပြည်သူများ ဘေးရန်ကင်းရေး သေချာခိုင်မာအောင် လုပ်ဆောင်ရန် အစိုးရကို တိုက်တွန်းခဲ့ပြီး သဘောထားကွဲလွဲမှု ပြဿနာများ အဆုံးသတ်ရန် နှစ်ဖက်လုံးကို ဆက်လက်တိုက်တွန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများကို ယုံကြည်မှု ရှိပြီး ပြဿနာများကို လျစ်လျူရှုခြင်းမပြုဘဲ အတူတကွ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားခြင်းဖြင့် ကူညီသွားမည်ဖြစ်ကာ ယင်းကဲ့သို့ ဆောင်ရွက်နိုင်ပါက လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာသောနိုင်ငံအဖြစ် လူတိုင်းအကျိုးကျေးဇူးခံစားနိုင်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးက မြန်မာနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ နိဂုံးချုပ်ပြောကြားခဲ့သည်။

## စာ-၁၂၊ သက်တမ်းခုနှစ်နှစ်ရှိ ကန်ထရိုက်တိုက် နောက်ဖေးခြမ်းအက်ကြောင်းပေါ် မှ

ယင်းဖြစ်စဉ်အား လာရောက်စစ်ဆေးသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၏ ပြောပြချက်အရ တိုက်၏မြေကြီး၌ မြေဆီလွှာအ စိုဓာတ်များပြားလာသောကြောင့် မြေကြီးမှာ ပျော့ပျောင်းလာခြင်း၊ မြောင်း၏ရေဝင်ရေထွက် စီးဆင်းမှုမကောင်းခြင်းတို့ကြောင့် မြေသားအနည်းငယ် နိမ့်ဆင်းသွားခြင်းသာဖြစ်ကြောင်း လူနေထိုင်ရန် သင့်လျော်ကြောင်း ပြောကြား သည်။

အဆိုပါတိုက်အား ဆောက်လုပ်သည့် ရတနာမြေဆောက်လုပ်ရေးကုမ္ပဏီမှ ပိုင်ရှင်ဦးမောင်ရွှေက ပြောကြားရာတွင် တိုက်၏ နောက်ဖေး၌ ရေစီးရေလာကောင်းမွန်မှု မရှိသောကြောင့် မြေသား ပျော့ပျောင်းလာခြင်း၊ မြေကြွက်များက အခေါင်းများဖောက်သဖြင့် ယခုကဲ့သို့ ဖြစ်လာရကြောင်းပြောသည်။

“အခုတိုက်ရဲ့ အနောက်ဘက်ကို အုတ်ပြန်စီပေးမယ်။ နောက်ထပ်တိုက်က ဘာမှမဖြစ်နိုင်ပါဘူး”ဟု ၎င်းကပြောသည်။

ယခုဖြစ်ပွားသောဖြစ်စဉ်နှင့် အလားတူ ၂၀၁၂နှစ်ဆန်းပိုင်းက အလုံမြို့နယ်တွင် သက်တမ်းသုံးနှစ်သာရှိသေးသည့် ရှစ်ထပ်တိုက်အဆောက်အအုံတစ်ခု၏ မြေညီထပ်အနောက်ခြမ်း၌ ကျွံကျမှုတစ်ခု ဖြစ်ပွားခဲ့ဖူးသည်။

သင့်ရဲ့
အဆောက်အဦ / စက်ရုံ / အလုပ်ရုံများ၏ ကြမ်းခင်းများ၊ တိုင်များ၊ နံရံများကွဲအက်ခြင်း၊ နိမ့်ကျခြင်းများဖြစ်ပေါ်နေပါသလား၊ ကွန်ကရစ်လမ်း၊ လေယာဉ်ကွင်းများ နိမ့်ကျခြင်း ဖြစ်နေပါသလား၊ တံတားကမ်းကပ်ခုံအနီး နိမ့်နေပါသလား၊ ဖျက်ထုတ်ခြင်း မပြုဘဲ အချိန်တိုအတွင်း Soil Strengthen Method ဖြင့် ပြင်ပေးပါရစေ
ဆက်သွယ်ရန် - ၀၉-၅၁၄၆၆၂၄၊ ၀၉-၅၁၉၅၁၉၅၊ ၀၉-၅၀၁၈၂၁၅

# ထပ်တိုးပေးတဲ့ ကျန်းမာရေးအသုံးစရိတ် ထိရောက်အောင် ဘယ်လိုသုံးစွဲမလဲ

ဝတ်ရည်၊သီရိ၊ တင်ဇာ

**ခုတင် ၂၀၀ နှင့်အထက် ဆေးရုံများနှင့် အထူးကုဆေးရုံများတွင် တက်ရောက်ကုသသည့်လူနာများ အခမဲ့ဆေးကုသနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ငွေကြေးများ ခွဲဝေချထားပေးခဲ့သည်။ ထိုချထားပေးသည့်ငွေကြေးသည် ယခုနှစ် ဘဏ္ဍာရေးနှစ်အထိ သုံးလစာ ရည်ရွယ်သော်လည်း လာမည့် ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ငွေကြေးသုံးစွဲမှုများ ပိုမိုရရှိပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်အတွက် အစပျိုးခြင်းဖြစ်ကြောင်း ဆေးရုံအုပ်များက ပြောကြားသည်။**



ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်းပိုင်းတစ်နေရာ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

စရိတ်မျှပေးကျန်းမာရေးစနစ် အသုံးပြုနေစဉ် နှစ်ပေါင်းများစွာအတွင်း နှစ်စဉ်ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဝါးများ ခွဲဝေပေးမှုရှိသော်လည်း ယခုကဲ့သို့ ဆေးရုံများသို့ တိုက်ရိုက်ငွေကြေးခွဲဝေချထားပေးမှုသည် ပထမဆုံးအကြိမ်ဖြစ်သည့်အပြင် ပမာဏလည်းများပြားသည်။

ဆေးရုံအသီးသီးတွင် ဆေးရုံအတွင်း လိုအပ်သည့်ဆေးဝါးများ ဝယ်ယူရန်ပြင်ဆင်နေကြပြီဖြစ်ပြီး ထိုအခမဲ့ကုသမှုအား ဆေးရုံတိုင်း လိုလို ယခုလကုန်ခန့်တွင် စတင်နိုင်တော့မည်ဖြစ်သည်။

ဆေးရုံများမှ ဝယ်ယူရန်တင်ဒါခေါ်ယူထားသော ဆေးဝါးများသည် ဆေးကုမ္ပဏီများအတွင်း ယခင်ကတည်းက ဆေးရုံများမှ လိုအပ်ချက်များပြားခဲ့သည့် ဆေးဝါးများဖြစ်ပြီး ထိုဆေးဝါးများထဲတွင် သွေးတိုး၊ ဆီးချိုရောဂါအတွက် အသုံးပြုသော ဆေးဝါးများ၊ ကလေးအားတိုးဆေးများ၊ ဆေးရုံရောက်ရှိလာသည့် လူနာတိုင်း မဖြစ်မနေအသုံးပြုရသော အကြောသွင်းသည့်ဆေးဝါးပစ္စည်းများလည်း ပါဝင်ကြောင်း ဆေးကုမ္ပဏီဝန်ထမ်းတစ်ဦးကပြောသည်။

ထိုကဲ့သို့ ဆေးရုံများအား ငွေကြေးများ ခွဲဝေချထားပေးခြင်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးရုံတက်ရောက် ကုသသည့် လူနာများအား အခမဲ့ဆေးဝါးများ ရရှိရန် ရည်ရွယ်သော်လည်း ဆေးရုံအများစုအတွက် ရရှိထားသည့် ငွေကြေးနှင့် လူနာလိုအပ်ချက်ရှိနေဆဲပင်ဖြစ်သည်။

"ဆေးရုံအတွက် ရထားတဲ့ ငွေက ကျပ်သိန်း ၇၅၀၊ ဌာနအသီးသီးကို မဖြစ်မနေ လိုအပ်တဲ့ ဆေးဝါးစာရင်းယူတာ သိန်း ၁၂၀၀ လောက်ဖြစ်သွားတယ်"ဟုမန္တလေးဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆေးရုံများတွင် ရရှိထားသောငွေကြေးဖြင့်ဆေးဝါးအပြည့်အဝပေးနိုင်ရန် အရေးတကြီးလိုအပ်သည့် အရေးပေါ်ခွဲစိတ်မှုများ၊ မီးဖွားမှုများ၊ အရေးပေါ်ရောက်ရှိလာသည့် လူနာများအား အဓိကဦးတည်မည်ဖြစ်ပြီး အချို့ဆေးရုံများ၌ လိုအပ်ချက်အလိုက် ကလေးများ ကုသရာတွင်လည်းကောင်း၊ ပြင်ပလူနာများအတွက်လည်းကောင်း၊ လူနာများဝယ်ယူအသုံးပြုနေရသည့် ဂွမ်း၊ လက်အိတ် စသည့် ဆေးရုံသုံးပစ္စည်းများအား ထောက်ပံ့ပေးရန်လည်းကောင်း စသည်ဖြင့် စီစဉ်နေကြကြောင်း သိရသည်။

ဆေးရုံအချို့တွင် အခမဲ့ဆေးဝါးများ ထောက်ပံ့မည့် အစီအစဉ်အား လူနာများသို့စတင်အသိပေးမှုများ ရှိနေပြီဖြစ်ပြီး ဆေးရုံတိုင်းတွင် လူနာများအား အသိပေးရန် ရည်ရွယ်ထားသော်လည်း နားလည်မှုလွဲမှားပြီး နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြသည့် ဆရာဝန်များလည်းရှိသည်။

"ဆေးရုံတွေက လူနာအားလုံးကို အခမဲ့မပေးနိုင်သေးဘူး။ ဆေးရုံဘက်က ကျခံပေးတဲ့အပြင် အထိုက်အလျောက် ကုန်ကျမှုတွေလည်း ရှိနေနိုင်သေးတယ်။ အဲဒါကိုလည်း နားလည်မှုရှိမှ ဒီလုပ်ငန်းက ရှေ့ဆက်လို့ရမယ်လို့ထင်တယ်"ဟု ဆရာဝန်တစ်ဦးက ပြောသည်။

**စာ(၁၄)သို့**

## လုပ်ငန်းခွင်အတွင်းထိခိုက်ဒဏ်ရာအများဆုံးလုပ်ငန်းများမှာ သံရည်ကျို၊သစ်အချောထည်နှင့်ပလတ်စတစ်လုပ်ငန်းများဖြစ်

**ဝတ်ရည်အောင်**
**ရန်ကုန်၊ဒီဇင်ဘာ-၁၅**

လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိမှု အများဆုံးသည် သံရည်ကျိုလုပ်ငန်း၊ သစ်အချောထည်လုပ်ငန်းနှင့် ပလတ်စတစ်(မိုလောင်းသည့်လုပ်ငန်း)များဖြစ်ကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ သတင်းရရှိသည်။

၂၀၁၁ ခုနှစ်တွင် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိသူ ၂၀ ဦးရှိပြီး သေဆုံးသူ ၁၃ ဦးရှိခဲ့သည်။ လုပ်ငန်းခွင်အတွင်းထိခိုက်ဒဏ်ရာရသူဦးရေသည် တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့ပြီး လွန်ခဲ့သည့် ၁၅ နှစ်က လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရသေဆုံးသူ ၉၀၀ ကျော်ရှိခဲ့ကြောင်း ယနေ့ပြုလုပ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ၏ စာရင်းများအရသိရသည်။

လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိသေဆုံးမှုများသည် အသုံးပြုနေသည့် စက်ပစ္စည်းများ ပုံမှန်စစ်ဆေးမှုအားနည်းခြင်းကြောင့်လည်းကောင်း၊ လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်းကြောင့်လည်းကောင်း၊ ကြီးကြပ်သူများတွင် အားနည်းချက်ရှိခြင်းကြောင့်လည်းကောင်း၊ အန္တရာယ်များသည့် ဖိစက်များအသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများမရှိခြင်းစသည့်အကြောင်းအရာများကြောင့် ဖြစ်ပွားနေကြောင်း ၂၀၁၁ ခုနှစ် လုပ်ငန်းခွင်အတွင်းဖြစ်ပွားခဲ့သည့် မတော်တဆမှုများကြောင့်သေဆုံးခဲ့သည့် ဖြစ်စဉ်များအပေါ် အခြေခံ၍ အထက်ပါဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းစိန်ကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စက်ရုံ၊ အလုပ်ရုံပေါင်း ၃၄၀၀ ကျော်ရှိပြီး လုပ်သားနှစ်သိန်းသုံးသောင်းကျော်ရှိသည်။ လုပ်ငန်းခွင်အတွင်း မတော်တဆမှုများဖြစ်ပွားရာတွင် ဘေးဖြစ်စေသည့် အပြုအမူလုပ်ဆောင်ချက်များကြောင့် မတော်တဆမှုများဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း သိရသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုများအတွက် စက်ရုံအလုပ်ရုံများသို့ လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်သည်ဆိုသော်လည်း ဌာနအတွင်း ဝန်ထမ်းအင်အားမလုံလောက်ခြင်းများကြောင့် အပြည့်အဝစစ်ဆေးမှုများမဆောင်ရွက်နိုင်သေးကြောင်း ညွှန်ကြားရေးမှူး ဦးဝင်းရှိန်ကပြောသည်။




ဝိဗဝတီ ဆေးရုံကြီး ၏ နှစ်သစ်ကူး အထူး အစီအစဉ်များ
(၂၀၁၂ ဒီဇင်ဘာလ (၁) ရက်မှ (၃၁)ရက် အထိ နောက်ဆုံး ထားဝယ်ယူနိုင်ကာ
၂၀၁၃ ၊ မတ်လ (၃၁)ရက်နေ့ အထိ အသုံးပြု နိုင်ပါသည်)
၁။ Executive Medical checkup (၂) ဦးစာ ဝယ်ယူ ပါက ၅% လျှော့ချပေးခြင်း
၂။ Executive Medical checkup (၃) ဦးစာ ဝယ်ယူ ပါက ၁၀% လျှော့ချပေးခြင်း
၃။ အလှ အပ ဆိုင်ရာ ခွဲစိတ် ပြုပြင်သူများ အတွက် ဆေးရုံအပိုင် 3 stars Hotel တွင် (၁)ည အခမဲ့ တည်းခိုခွင့်

အထူးအစီအစဉ်များ (၂၀၁၂ ဒီဇင်ဘာလ (၃၁)ရက် အထိသာ)
- အရိုးနှင့်ကြောရိုး မကြီး ဆိုင်ရာ ခွဲစိတ်ကုသမှု အထူးအစီအစဉ်များ
- အသည်းရောင် အသားဝါ ဘီပိုး ကာ သန္ဓေ အထူးအစီအစဉ်

IVF ဌာန၏ ၅ မွှာပူး အောင်မြင်မှု

ဝိဗဝတီ ဆေးရုံကြီး မြန်မာပြည်ရုံးချုပ် (ရန်ကုန်မြို့)
အမှတ် (၂၁၄- ပထပ်-ညာ)၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။
Hot Line - ၀၉-၂၀၁၁-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ Phone: ၀၉-၇၃၁-၃၈၀၅၃၊ ၀၉-၈၆၂၅၀-၈၆၊
Email: vibhavadimyanmar@gmail.com, www.vibhavadimyanmar.com

မြစ်ကြီးနားမြို့ တာဝန်ခံ
မနီလာကျော်
Ph: ၀၉-၂၄၀-၂၀၄၃

Vibhavadi HOSPITAL
ဝိဗဝတီ
နိုင်ငံတကာအဆင့်မီဆေးရုံကြီး
ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# ဦးခေါင်းထိခိုက်မိသော ကလေးများ အချိန်ကြာမြင့်စွာ အတွင်းဒဏ်ရာများ ဖြစ်ပေါ်နိုင်

**အဘူကာကေး၊ ဒီဇင်ဘာ - ၁၁**

ကလေးငယ်များတွင် ဦးခေါင်းထိခိုက်မိပြီး ဦးနှောက်အတွင်းဒဏ်ရာရရှိခဲ့ပါက ယင်းအတွင်းဒဏ်ရာများကြောင့် အချိန်ကြာမြင့်စွာဆက်လက်၍ထိခိုက်မှုရှိနိုင်ကြောင်း အမေရိကန်သုတေသီများက ပြောသည်။

နယူးမက္ကဆီကိုတက္ကသိုလ်နှင့် စိတ်သုတေသနကွန်ရက်မှ သုတေသီအင်ဒရူးမေယာနှင့် လုပ်ဖော်ကိုင်ဖက်များသည် အနည်းငယ်ပြင်းထန်သည့် ဦးနှောက်ဒဏ်ရာရရှိခဲ့သူ ၁၀ နှစ်နှင့် ၁၇ နှစ်ကြားလူငယ်များကိုလေ့လာခဲ့သည်။

ယင်းလေ့လာမှုတွင် ဒဏ်ရာရရှိပြီး နှစ်ပတ်အတွင်း မြင်တွေ့ရသည့် ဦးနှောက်အတွင်း တည်ဆောက်ပုံ အပြောင်းအလဲများမှာ နောက်သုံးလကြာသည်အထိ ဆက်လက်တည်ရှိနေသည်ကို တွေ့ရသည်ဟု သုတေသီများက ပြောသည်။

ယခုတွေ့ရှိချက်များကြောင့် ဦးနှောက်တွင်ထိခိုက်ဒဏ်ရာရရှိဖူးသော လူငယ်လူရွယ်များအနေဖြင့် ကိုယ်လက်လှုပ်ရှားကစားခုန်ခြင်းများ မည်သည့်အချိန်တွင် ပြန်လည်စတင်နိုင်သည်ကို သိရှိနိုင်သည်ဟု သုတေသီများကပြောသည်။ ဤသို့ဆိုလျှင် ဒဏ်ဖြစ်ပြီးသား ဦးနှောက်ကို ထပ်မံမထိခိုက်စေရန်လည်း ဂရုစိုက်နိုင်မည်ဖြစ်သည်။

ဦးခေါင်းကို ထိခိုက်ပြီး ဦးနှောက်ဒဏ်ရာမပြင်းထန်သူများမှာပင် မှတ်ဉာဏ်ပိုင်းဆိုင်ရာမသိမသာချို့ယွင်းမှုရှိပြီး ဦးနှောက်အတွင်း အဖြူရောင်ပစ္စည်းတည်ဆောက်ပုံတွင်လည်း အပြောင်းအလဲများရှိနေသည်ဟု သုတေသီများက အဆင့်မြင့်ဦးနှောက်ဓာတ်မှန် (DTI) စနစ်ကို အသုံးပြုတွေ့ရှိခဲ့သည်။ ယင်းတွေ့ရှိချက်များကို ဦးနှောက်နှင့် အာရုံကြောသိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်။

—Ref: UPI



## စာ-၁၃၊ ထပ်တိုးပေးတဲ့ ကျန်းမာရေးအသုံးစရိတ် ဘယ်လိုသုံးစွဲမလဲ မှ

"ဒီအချိန်က အစဖြစ်တဲ့အတွက် အခက်အခဲတွေတော့ အများကြီးရှိလာဦးမယ်။ အခမဲ့ရသွားတဲ့သူရှိသလို အားလုံးအခမဲ့မရနိုင်တဲ့သူတွေလည်း ရှိနိုင်တယ်။ အဲဒီကနေ ပြဿနာတွေလည်း ရှိလာနိုင်တယ်"ဟု မြောက်ဥက္ကလာပဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးသန်းလွင်က သူ၏အမြင်ကိုပြောသည်။

ဆေးရုံများသို့ ချထားပေးသည့် ငွေကြေးများ လွှင့်စဉ်ပပျောက်မှုမရှိစေရန် ဆေးရုံတိုင်းတွင် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခကြီးများ၊ အထူးကုဆရာဝန်ကြီးများ စသည့် တာဝန်ရှိသူများပါဝင်သည့်ကော်မတီဖွဲ့စည်း၍ ငွေကြေးများ စီမံခန့်ခွဲမည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံများမှ လူနာများသို့ ရပိုင်ခွင့်ရှိသည့် ဆေးဝါးပစ္စည်းများအား တရားဝင် ထုတ်ပြန်မှုမရှိခြင်းကြောင့် လူနာများ ရပိုင်ခွင့်များ ဆုံးရှုံးပြီး ဆေးရုံနှင့် လူနာများအကြားနားလည်မှုများ လွဲမှားသွားစေနိုင်သည် ဆိုသည်များကို သဃ်န်းကျွန်းစံပြဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ထွန်းက "ဆေးရုံနဲ့ လူနာကြားမှာ နားလည်မှုမလွဲပါဘူး။ ဒီလိုပဲ ဆေးရုံအုပ်ကြီးရုံးခန်းနဲ့ဝင်ထွက်၊သွားလာနေကြတာပဲ"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ဆေးရုံများတွင်တက်ရောက်ကုသသူများအတွက် ဆေးဝါးများ၊ ဝယ်ယူရမှုသည် ငွေကြေးကုန်ကျမှုအများဆုံးဖြစ်နေကြောင်း သိရသည်။

ယခုနှစ်အတွက် ချထားပေးသော ကျန်းမာရေးအသုံးစရိတ်အား ဆေးရုံများအတွက် အလိုအပ်ဆုံးဖြစ်နေသည့် ဆေးဝါးများဝယ်ယူရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး နောက်လာမည့် ဘဏ္ဍာရေးနှစ်ကျန်းမာရေးအတွက် ဘတ်ဂျက်ခွဲဝေမှု အတိအကျမသိနိုင်သေးသော်လည်း ယခုနှစ်ထက် နည်းမည်မဟုတ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကပြောသည်။

"ကာကွယ်ရေးအသုံးစရိတ်ထက်တော့ များနိုင်မှာမဟုတ်ပေမယ့် အခုထက်တော့ မနည်းဘူး။ ထပ်တိုးဖို့ပဲ ရှိတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ကျန်းမာရေးအသုံးစရိတ်သည် ကာကွယ်ရေးအသုံးစရိတ်၏ ၂ ရာခိုင်နှုန်းခန့်သာ ရရှိနေပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခမဲ့ဆေးကုသခွင့် ရရှိနိုင်မည်မဟုတ်ကြောင်း ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပင် အဆိုပါအခမဲ့ကျန်းမာရေးစနစ် အကောင်အထည်ဖော်ခြင်းများ မအောင်မြင်သည့် အခါ ပြည်သူအားလုံးကောင်းမွန်သော ဆေးဝါးကုသမှုရရှိရန်မှာ ကျန်းမာရေးအာမခံစနစ်ကဲ့သို့လက်တွေ့ကျသည့် စနစ်များ အကောင်အထည်ဖော်ခြင်းဖြင့် လက်ရှိကြုံတွေ့နေရသည့် ဆေးဝါးပြတ်လပ်သည့် ပြဿနာများ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခု မြို့နယ်သုံးမြို့နယ်မှာ ကျန်းမာရေးအာမခံစနစ်ကိုစတင်လုပ်ဆောင်နေတာရှိတယ်။ အဲဒါတွေကိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မှ အခုကြုံနေရတဲ့ ပြဿနာတွေ ပြေလည်သွားမှာ။ နိုင်ငံတကာမှာလည်း ဒီစနစ်အတိုင်းပဲသွားနေတယ်"ဟု ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

လက်ရှိတွင် ဆေးရုံများ၌ လူနာမှ အထိုက်အလျောက်ကျခံရသော စရိတ်မျှပေးကျန်းမာရေးဟု ဆိုသည့်စနစ် အသုံးပြုသော်လည်းဆေးရုံများတွင်ဆေးဝါးများ မလုံလောက်မှုကြောင့် ရောဂါကုသမှုအတွက်ကြီးမားသည့်ဝန်ထုပ်ဝန်ပိုး ခံစားနေရဆဲဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ ဗဟိုအဆင့်ဆေးရုံ ၁၅ ရုံနှင့် တိုင်းဒေသကြီးအဆင့်၊ မြို့နယ်၊ ခရိုင်တိုက်နယ်အဆင့် ဆေးရုံ ၅၇ ရုံတို့တွင် ၂၀၁၁ ခုနှစ်အတွင်း ဆေးပဒေသာပင်ဝင်ငွေ ကျပ်သိန်း ၂၁,၈၉၄ မှ ရရှိသော အတိုးငွေဖြင့် လူနာပေါင်း နှစ်သောင်းတစ်ထောင်ကျော်အား ကျပ်တန်ဖိုး သိန်း ၂,၂၀၀ ကျော်ဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းကလည်း ပြောကြားသည်။

၂၀၁၃ဇန်နဝါရီလမှစတင်ပြီး ဆေးဝါး အခမဲ့ရရှိနိုင်သော အစီအစဉ်အား လူအများသိရှိမှုနည်းပါးနေသေးကြောင်း ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအား မေးမြန်းထားချက်အရသိရသည်။

"ဆေးအလကားပေးမယ်ဆိုတာတော့ မသိဘူး။ ဘာပဲဖြစ်ဖြစ် ပိုက်ဆံကုန် သက်သာသွားမှာပေါ့"ဟုပြင်ပလူနာဌာနတွင်ဆေးကုသမှု ရယူနေသည့် အသက် ၄၀ အရွယ် ဒေါ်ထားနွယ်ကပြောသည်။

ယနေ့အစီအစဉ်ကြောင့် နောက်နှစ်ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဆိုင်ရာဆေးဝါးကုသမှုများ ပိုမိုရရှိလာစေရန် ဆရာဝန်များ၊ လူနာများက မျှော်လင့်နေကြသည်။ ॥

## ၂၀၁၃ ဆီးဂိမ်းတွင် ဒဏ်ရာရရှိသော ကစားသမားများ ကုသမှုပေးရန် ကိုရီးယားဆရာဝန်များ သင်တန်းပေး

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

၂၀၁၃ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားသမားများကို ထိခိုက်ဒဏ်ရာရရှိပါက ဆေးကုသမှုပေးနိုင်ရန် ပြည်တွင်းရှိ ဆရာဝန်များအား ကိုရီးယားနိုင်ငံမှ ဆရာဝန်များ၏ သင်တန်းပို့ချမှုကို ယနေ့စတင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။


မြန်မာတစ်နိုင်ငံလုံးရှိ အရိုးပညာဆိုင်ရာ ဆရာဝန် ၃၀၀ ကျော်အပြင် အားကစားပြိုင်ပွဲများ ကျင်းပနေစဉ် အဆိုပါတောင်ကိုရီးယား Good Shepherd Hospital မှ ဆရာဝန်များပါ ကူညီပါဝင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် သဘောတူညီထားသည်။

ဆီးဂိမ်းတွင် ကုသမှုပေးနိုင်ရန် အရိုးနှင့်ပတ်သက်သည့် ခွဲစိတ်မှုများ၊ ပြန်လည်ထူထောင်ပြုစု ကုသမှုများအပြင် မြန်မာနိုင်ငံတွင် မကုသနိုင်သေးသည့် ထိခိုက်ဒဏ် ရာရရှိမှုများအား မှန်ပြောင်းဖြင့် အသေးစားခွဲစိတ်ကုသအစားထိုးမှုများပါ ဆီးဂိမ်းမတိုင်ခင် လာမည့်နှစ် အောက်တိုဘာလခန့်အထိ စာတွေ့၊ လက်တွေ့သင်တန်းများ ပေးအပ်သွားမည်ဖြစ်သည်။

နိုင်ငံပိုင် ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများတွင်ပါ သင်တန်းများ ပို့ချမည်ဖြစ်ပြီး ယနေ့တွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ဒူး ဆစ်ဒဏ်ရာရရှိသူတစ်ဦးအား လက်တွေ့ခွဲစိတ်ကုသမှုပါ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

"ဒီဒဏ်ရာမျိုးက လာမယ့်အားကစားပွဲမှာလည်း အမြဲတမ်းတွေ့ရမယ့် ပုံစံမျိုးပဲ။ ပြည်တွင်း အားကစားသမားတွေလည်း ခဏခဏဖြစ်လို့ ရောက်လာကြတယ်" ဟု အရိုးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာမြင့်သောင်းကပြောသည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘာသာ ကျန်းမာသုခ မွန်မြတ်ဆေးခန်း။ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
သွေးတိုးနှင့် ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။




UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း
H-216/32 ... 09-2050000, 09-6504700
... 067-26222, 09-6504900

Regional
7Day News Journal
Vol.11, No.41 • DECEMBER 20 , 2012

# ရေအတွက် အပူပိုင်းဇုန်တွင် တစ်လလျှင် ဆယ်ဒေါ်လာကျော် သုံးစွဲနေရဟုဆို

**သန်းထူး**

**နေပြည်တော်၊**
**ဒီဇင်ဘာ-၁၀**

မိုးနည်းသော မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်ဒေသရှိအိမ်ထောင်စုများ အနေဖြင့် နွေရာသီကဲ့သို့ခြောက်သွေ့ရာသီလများတွင် သောက်သုံးရေအတွက် တစ်လလျှင် ဆယ်ဒေါ်လာကျော်နှင့် ညီမျှသော ငွေကြေးကို သုံးစွဲနေရကြောင်း ကျေးလက်ဒေသပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (LIFT)၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။



ရွှေစက်တော်တွင် သောက်သုံးရေခပ်ယူနေသော ဒေသခံနှစ်ဦး ဓာတ်ပုံ-ဇေယျာမောင်မောင်(အမရပူရ)

အဆိုပါ ဒေသနေ အိမ်ထောင်စုများသည် မိုးရာသီကုန်ဆုံးပြီးနောက် ရေကန်၊ ရေအိုင်များ ခန်းခြောက်ချိန်မှစ၍ အရေအတွက် လစဉ်ဆယ်ဒေါ်လာထက်ပိုသော ငွေပမာဏဖြင့် ရေကို ဝယ်ယူသုံးစွဲနေရကြောင်း ယင်းအဖွဲ့က အခြေခံစာရင်းများ ကောက်ယူရာ၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သောက်သုံးရေ ဝယ်သုံးရခြင်းသည် ဒေသခံ ဆင်းရဲသော အိမ်ထောင်စုများအတွက် ကြီးမားသည့် အသုံးစရိတ်ဖြစ်နေကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

အပူပိုင်းဇုန်ဒေသတွင် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးများ ပါဝင်ပြီး ၂၀၁၁ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းများအရ ဒေသနေ အဆင်းရဲဆုံး အိမ်ထောင်စုများမှာလစဉ်ဒေါ်လာ၃၀အောက် ဝင်ငွေဖြင့်သာ မှီခိုရပ်တည်နေရကြောင်းလည်း ယင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းအခြေအနေများအရ ဒေသခံများအနေဖြင့် ရေအတွက် ငွေသုံးစွဲမှု မလိုရန်၊ အချိန်ကုန်သက်သာပြီး ကလေးငယ်များ ပညာသင်ယူခွင့် ပိုမိုရရှိရန်အတွက် ယင်းအဖွဲ့က ကျေးရွာရေကန်ပေါင်း ၆၉၅ ကန်ကို ပြန်လည်ပြုပြင်ပေးရန်ရှိကြောင်း၊ ထို့အပြင် ဆည်မြောင်းဦးစီးဌာနနှင့် ပူးပေါင်း၍လည်း မြစ်ရေတင်စီမံကိန်းလေးခုအတွက် စူးစမ်းလေ့လာခြင်းနှင့် နည်းပညာပံ့ပိုးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ်အတွင်း ကျေးရွာပေါင်း ၂၉၁ ရွာရှိ လယ်သမားအိမ်ထောင်စု ၅,၃၂၈ ခု၏ လယ်ယာ ၁၇,၄၇၀ ဧကအတွက် ကန်ဒေါ်လာ ၁ ဒသမ ၇ သန်းကို စိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးခဲ့ကြောင်း ထပ်မံသိရှိရသည်။

# ရောဝတီမြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ခဲ့ရသည့် ရေလည်ကျေးရွာတွင် သောက်သုံးရေလိုအပ်နေ

**ဆန်းညွန့်**

**ချောက်၊ ဒီဇင်ဘာ - ၁၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ကျွန်းသစ်အနောက်ကျေးရွာ ဖြစ်သော ရေလည်ကျေးရွာသည် အောက်တိုဘာ ၉ ရက်မှစ၍ မြစ်ကမ်းပါးပြိုမှုကြောင့် လူနေအိမ်အချို့အား သက်ဆိုင်ရာက စလေမြို့နယ်အတွင်းသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ယခုအခါ သောက်သုံးရေအခက်အခဲရှိနေကြောင်း ဒေသခံဆရာတော်တစ်ပါးက မိန့်ကြားသည်။

"လုပ်ကိုင်စရာမြေကတော့ အခုတော့မရှိသေးဘူး။ ငွေရှိသူကတော့ မြေနုကျွန်းတွေမှာ ဝယ်ရတယ်။ အနည်းဆုံး ဆယ်သိန်းဝန်းကျင် ပေးရတယ်။ စားတော်ပဲ၊ ကုလားပဲ၊ မြေပဲတွေ စိုက်နေကြပြီ။ ငွေမရှိသူလက်လုပ်လက်စားတွေကတော့ ရှိတာလေးထုတ်စားနေရတယ်။ တစ်နှစ်လောက်ဆိုရင် အသားကျမယ်ထင်ပါတယ်။ ချောက်မြို့နယ်နဲ့အလှမ်းဝေးတဲ့အတွက် ဘာလုပ်လို့ဘာကိုင်ရမသိဖြစ်နေတယ်" ဟု ဒေသခံတစ်ဦးက ဆိုသည်။

အောက်တိုဘာ ၉ ရက်မှစ၍ သုံးကြိမ်တိတိ ရောဝတီမြစ်ကမ်းပါးပြိုခဲ့ရာ သက်ဆိုင်ရာက လူနေအိမ် ၁၇၀ နီးပါး မြေကွက်အသစ်ရိုက်၍ စံပြရွာအဖြစ် ပြောင်းရွှေ့ပေးခဲ့ရကြောင်း၊ ယခုအခါ လူနှင့် ကျွဲနွားများအတွက် သောက်သုံးရေလိုအပ်လျက်ရှိကြောင်း ဆရာတော်ဘဒ္ဒန္တဝါသံဝက မိန့်ကြားသည်။ "နောက်ထပ် အဝီစိရေတွင်းရရင်တော့ ယခုလိုရေအတွက် မခက်တော့ဘူးပေါ့" ဟု ဆရာတော်က မိန့်ကြားသည်။

# လယ်ယာမြေကို အလွန်အကျွံ မသုံးသင့်ကြောင်း ပြည်ထောင်စုဝန်ကြီး ပြောကြား

**သန်းထူး**

**နေပြည်တော်၊**
**ဒီဇင်ဘာ-၁၀**

လယ်ယာမြေကိုနောင်လာနောက်သားများ ထာဝစဉ်ထွန်ယက်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် ယခုပစ္စုပ္ပန်လူသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး အလွန်အကျွံအသုံးမပြုမိရန် ဆင်ခြင်ရမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

"အင်မတန် တန်ဖိုးရှိတဲ့ မြေသယံဇာတတွေကို ကျွန်တော်တို့ရဲ့မျိုးဆက် နောင်လာနောက်သားများ လက်ဆင့်ကမ်းအမွေပေးရမှာ ဖြစ်ပါတယ်" ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ယနေ့ကျင်းပသော လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ အခမ်းအနား၌ ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံ၏ စားနပ်ရိက္ခာအတွက် မြေသယံဇာတ လိုအပ်ကြောင်း၊ မြေသယံဇာတများ မြေဆီဩဇာကောင်းပြီး ရေရှည်အသုံးပြုနိုင်ရန်လည်း အလွန်အရေးကြီးကြောင်း၊ အဆိုပါ မြေမျိုးနေရာတိုင်းမှာ မဖြစ်နိုင်ဘဲ အကန့်အသတ်ရှိကြောင်း၊ ယင်းအတွက် ဘက်စုံလယ်ယာမြေထိန်းသိမ်း ဖို့၊ လယ်ယာမြေမခန်းခြောက်ဖို့နှင့် ကောက်ပဲသီးနှံ အထွက်တိုးရန် လယ်ယာမြေ၊ သစ်တောမြေ၊ စားကျက်မြေနှင့် ဥယျာဉ်ခြံမြေစသည့် Landscape များ ထူထောင်လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် မြေသယံဇာတအဖြစ် အမှန်တကယ် စိုက်ပျိုးနိုင်သည့် မြေဟက်တာ သန်းပေါင်း ၁၁ ဒသမ ၉၃ သန်းရှိပြီး စုစုပေါင်းမြေရိယာဟက်တာ၆၇ ဒသမ ၆၆ သန်းရှိသည့်အတွက် ဧရိယာ၏ ၁၈ ရာခိုင်နှုန်းခန့်ကိုသာ အသုံးချနိုင်သေးကြောင်း စိုက်ပျိုးမြေ ထပ်မံတိုးချဲ့ရန် အတွက် မြေသယံဇာတများစွာ ကျန်ရှိနေသေးကြောင်း လယ်/ဆည် ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ပြောသည်။

မြန်မာ့လယ်ယာကဏ္ဍတွင် လူဦးရေ ၃၂ သန်းကျော် ပါဝင်လုပ်ကိုင်လျက်ရှိသော်လည်း မြေပိုင်ဆိုင်မှုများမှ ၅၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း မြေယာမဲ့လယ်ယာလုပ်သားများအဖြစ် တောင်ပေါ်ဒေသတွင် ၂၆ ရာခိုင်နှုန်း၊ အပူပိုင်း ဇုန်ဒေသတွင် ၄၃ ရာခိုင်နှုန်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ် ဒေသတွင် ၇၂ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်တွင် ၆၈ ရာခိုင်နှုန်းဖြင့် အသီးသီးတွေ့ရှိရကြောင်း LIFT (အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ ရန်ပုံငွေအဖွဲ့)၏ အခြေခံကောက်ယူထားသော စာရင်းများအရ သိရသည်။



7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# ကချင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လူ့အခွင့်အရေးချိုးဖောက်ခံရသူများကို ကူညီမည့် ကွန်ရက်ပေါ်ပေါက်

**အောင်နိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၃**

ကချင် ဥပဒေအထောက်အကူပြု ကွန်ရက်အဖွဲ့က လူ့အခွင့်အရေး ချိုးဖောက်ခံရသော အမှုများကို ကူညီဖြေရှင်းသွားမည်ဟု အဆိုပါ အဖွဲ့မှ ရှေ့နေဦးဂျီမာခါးက ပြောသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အမှုများကို အခကြေးငွေ မယူဘဲ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် မတရားအသင်းဆက်သွယ်မှုပုဒ်မ ၁၇/၁ဖြင့် အရေးယူခံရသော အမှုများကို ကိုင်တွယ်နေပြီဟု ၎င်းကပြောသည်။

"မြစ်ကြီးနားမှာ ၁၇/၁ နဲ့ အဖမ်းခံရတဲ့ ဆယ်တန်းကျောင်းသား မောင်ဇော်ဆိုင်းအောင်ရဲ့ အမှုကို စကိုင်နေပါပြီ" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ကချင်ဥပဒေအထောက်အကူပြု ကွန်ရက်အဖွဲ့ (KLANG) ကို ဒီဇင်ဘာ ၈ ရက်တွင် ရှေ့နေ ၂၄ ဦးနှင့် အကြံပေးတစ်ဦးတို့ဖြင့် မြစ်ကြီးနားမြို့၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့အနေဖြင့် လူထုကို ဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဟု ဆိုသည်။

အဆိုပါအဖွဲ့ပေါ်ပေါက်လာခြင်းနှင့် စပ်လျဉ်း၍ "ကြိုဆိုတယ်။ လုပ်သင့်တာကြာပြီ။ ကချင်ပြည်သူတွေက ပြည်မနဲ့စာရင် ဥပဒေကို လုံးဝနားလည်တာ မဟုတ်ဘူး။ ကွန်ရက်အဖွဲ့ရှိနေတော့ တစ်ခုခုဆိုရင် ကူညီဖြေရှင်းပေးလို့ ရတယ်" ဟု ကချင်နှစ်ခြင်းအသင်းတော်ဖွံ့ဖြိုးရေး တာဝန်ခံနှင့် စစ်ရှောင်စခန်းများ စောင့်ရှောက်ရေး ဒုတိယတာဝန်ခံ ဦးကွမ်းရှောင်က ပြောသည်။




## တရားမဝင် ကျွဲ၊ နွား မှောင်ခိုသယ်ဆောင်ရောင်းချရာတွင် ဒေသခံတောင်သူများ ပါဝင်ပတ်သက်နေ

**စိုင်းလူမင်း**

**ကောလင်း၊ ဒီဇင်ဘာ - ၁၃**

ကောလင်းမြို့နယ်အတွင်းသို့ ဝန်းသို၊ ပင်လည်ဘူးဒေသမှ ဒေသခံတောင်သူများက ခိုင်းကျွဲနွားများ တရားမဝင်နယ်ကျော်ကာ တရုတ်နိုင်ငံသို့ ရောင်းဝယ်မှုများ ပြုလုပ်မှုကို ကောလင်းရဲစခန်းက ဖမ်းဆီးအရေးယူ ဆောင်ရွက်ရာတွင် ဒေသခံတောင်သူများ ပါဝင်ပတ်သက်နေကြောင်း သတင်းရရှိသည်။

ထို့ကြောင့် သက်ဆိုင်ရာကျေးလက်ဒေသများတွင် တရားမဝင်သယ်ဆောင်နေသော ကျွဲနွားမှောင်ခို သယ်ယူရောင်းချခြင်းကို ပညာပေးဟောပြောမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ တရားမဝင် နယ်ကျော်ဖြတ်ပြီး ကျွဲ၊ နွားမှောင်ခိုရောင်းချနေမှုကို သတင်းအရ ဖမ်းဆီးစစ်ဆေးတဲ့အခါမှာ ကျွဲ၊ နွားမှောင်ခို ဝယ်ယူရောင်းချသူတဲ့သူတွေကို ဖမ်းဆီးရမိခြင်းမရှိဘဲ ကျွဲ၊ နွားမှောင်ခိုသမားများထံ ငွေကြေးအခက်အခဲများကြောင့် သွားရောက်ရောင်းချသလို သယ်ယူပေးသူတွေကို စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ တောင်သူတွေအနေနဲ့ မိမိရဲ့ကိုယ်ပိုင်ကျွဲ၊ နွားတွေဆိုပြီး ကျေးရွာအုပ်ချုပ်ရေးမှူးတွေဆီကနေ သယ်ယူရောင်းဝယ်ခွင့် ထောက်ခံစာ တောင်းခံခြင်းမရှိဘဲ မိမိသဘောနဲ့မိမိ သယ်ယူရောင်းနေတာတွေ ဖမ်းဆီးမိတဲ့အခါမှာ ဒေသခံတောင်သူတွေက မိမိရဲ့ကျွဲ၊နွားတွေကိုလွတ်လွတ်လပ်လပ် ရောင်းချနေတာတွေကို ရဲက ဖမ်းဆီးနေတယ်ဆိုတဲ့ ဝေဖန်ပြောဆိုတဲ့ အသံတွေ ကြားနေရတာကြောင့် မိမိရဲ့ ကျွဲ၊ နွားတွေကို ဒီလိုမျိုးတွေမဖြစ်ရလေအောင် မှုခင်းကျဆင်းရေးလုပ်ငန်းတွေမှာ ထည့်သွင်းပြောကြားမှာ ဖြစ်ပါတယ်"ဟုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဇော်က ပြောကြားသည်။

အဆိုပါကျွဲ၊ နွားမှောင်ခိုရောင်းချမှု လုပ်ငန်းများတွင် ဒေသခံတောင်သူများက ယခုနှစ်၌ မိုးရွာသွန်းမှု နည်းသဖြင့် ကျောက်ပြင်သာ၊ ခန်သာ၊ ဝါးသီးကုန်း၊ ဥမှင်ကုန်းစသည့် ကျေးရွာများတွင် မိုးရေရရှိမှု နည်းပါးခဲ့သည်။

စပါးစိုက်ပျိုးမှုနည်းပြီး အချို့ တောင်သူများသည် ကျွဲ၊ နွားမှောင်ခိုများ စုဝေးရာ ကျေးရွာဒေသများသို့ ကျွဲတစ်ရှဉ်း (သို့) နွားတစ်ရှဉ်းကို သယ်ယူခ ၅,၀၀၀ ကျပ် ရရှိ၍ ထိုသို့လုပ်ကိုင်နေခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

TRADEMARK CAUTION

FELDA GLOBAL VENTURES HOLDINGS BERHAD. a company incorporated in MALAYSIA at 5TH FLOOR, BALAI FELDA, JALAN GURNEY SATU, 54000 KUALA LUMPUR, MALAYSIA is the Owner and Sole Proprietor of the following Trademark:-

SAJIMEE

Reg: 4/13466/2012

In respect of : Int'l Class 30 Noodles; Instant Noodles; Pasta; pasta food; sauces; prepacked prepared meals; confectionery; bread; cakes; biscuits; dressing; mayonnaise; salad dressing; sandwich spread; snack food; spices and seasoning; baking powders; flours.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 20.Dec.2012

# လယ်တီဆရာတော်ကြီး မွေးရပ်မြေ စိုင်ပြင်ကြီးကျေးရွာတွင် မြေဈေးတက်

**မျိုးမင်းဦး**

**စိုင်ပြင်ကြီး၊ဒီဇင်ဘာ-၁၆**

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးကျေးရွာသည် လယ်တီဆရာတော်ကြီး မွေးရပ်မြေအဖြစ် ထင်ရှားခဲ့ပြီး အဆိုပါ ကျေးရွာအနီးတစ်ဝိုက်တွင် သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းများ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လာသည့်အတွက် စိုက်ပျိုးမြေဈေးမြင့်တက်လာကြောင်း သတင်းရရှိသည်။

"စိုင်ပြင်ကျေးရွာ တောင်ဘက် အရင်ထင်းတော ချုံတောတွေကို သနပ်ခါးစိုက်ပျိုးရေး လုပ်ကိုင်သူ ပိုများလာတယ်။ ထင်းတောခုတ်ထွင်ပြီး ငါးသိန်း၊ မခုတ်ထွင်ရသေးတဲ့ မြေရိုင်းဆို နှစ်သိန်းခွဲနဲ့ ဝယ်တယ်။ ဒီဒေသမှာ လွန်ခဲ့တဲ့သုံးနှစ်လောက်ကစပြီး အရာတော်စိန်မင်းသနပ်ခါးတွေ စိုက်ကြပျိုးကြတာများတယ်။ အခုဆိုရင် စိုက်ပျိုးရေးလုပ်ကိုင်သူတွေ ပိုများလာလို့ မြေဈေးလည်းတက်လာပြီ" ဟု စိုင်ပြင်ကြီး ကျေးရွာတွင် သနပ်ခါး(၁၃) ဧကကျော် စိုက်ပျိုးလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းရှင်ကိုဇော်လွင်ကပြောသည်။

"စိုင်ပြင်မှာ စောစောပိုင်းက ဆန်စက်တွေ ရင်းနှီးမြှုပ်နှံလာတယ်။ နောက်ပိုင်း စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေ စည်ကားလာတယ်။ လယ်တီဆရာတော်ကြီး မွေးဖွားတဲ့ ရွာဟောင်းကနေ အခုရွာသစ်ကို ချဲ့လာတာ လူနေစိပ်လာပြီ။ အခုစိုင်ပြင်ရွာ အရှေ့ဘက်က လူနေအိမ်တွေတိုးချဲ့ဖို့ မြေစာရင်းက တိုးချဲ့ရပ်ကွက် စီမံကိန်းတင်ထားတယ်တော့ ကြားတယ်။ စောစောပိုင်း လယ်မြေတုန်းက တစ်ဧကလေး၊ ငါးသိန်း ရှိတာ။ အခုလူနေရပ်ကွက်သစ်ဖော်မယ်ဆိုတော့ ပေ(၄၀×၆၀) တစ်ကွက်ကို သိန်း ၄၀ အထိ တောင် ဈေးကောင်းရလာတယ်" ဟုစိုင်ပြင်ကျေးရွာ တိုးချဲ့ရပ်ကွက်များနှင့် ပတ်သက်၍ ရပ်မိရပ်ဖ ဖြစ်သူဦးမြင့်အောင်က ပြောကြားသည်။

"မုံရွာ-ရေဦးလမ်းပေါ်က ဈေးအနားတစ်ဝိုက်မှာ ဝယ်လိုသူများပေမယ့်ရောင်းမယ့်သူမရှိဘူး။ ပြီးခဲ့တဲ့နှစ်က မြေတစ်ကွက် ပေ(၈၀×၆၀) ကို သိန်း ၃၀၀ ပေးရတယ်။ ဒီနှစ်သိန်း၆၀၀ ပေးတောင် ရောင်းမယ့်သူ မရှိဘူး။ စိုင်ပြင်တောင်ဘက် မူးမြောင်းအနားက မြေကွက်တစ်ကွက်ကို အရင်နှစ်က သိန်း ၃၀ ကနေ သိန်း ၂၀၀ အထိ ဈေးရတာ။ ဒီနှစ် သိန်း ၂၀၀ ကနေ သိန်း ၃၀၀ ဒေါင်ဒေါင်မြည် အော်နေပြီ။ စိုင်ပြင်-မြရိပ်လမ်းကလည်း အခုကျေးရွာချင်းဆက်လမ်းကနေ ခရိုင်ချင်းဆက်လမ်းအဆင့် ဖောက်တော့ ကျေးရွာတွေ ကွမ်းယာဝယ်လာတာတောင် စိုင်ပြင်အလည်လာရင်း ဝယ်တဲ့သူတွေ ပိုများလာပြီ"ဟု စိုင်ပြင်ကျေးရွာ မြို့လယ်မြေဈေးများနှင့် ပတ်သက်၍ ရပ်မိရပ်ဖဖြစ်သူ ဦးဝင်းဆွေက ဆိုသည်။

စိုင်ပြင်ကြီးကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည့်နောက်ပိုင်း လူနေထူထပ်လာပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများကြောင့် အိမ်ခြံမြေဈေးကွက်တွင် အရင်နှစ်များကထက် နှစ်ဆခန့်မြင့်တက်လာကြောင်း စိုင်ပြင်ကြီးကျေးရွာ ဒေသခံများကပြောကြားသည်။



**စိုင်ပြင်ကြီးကျေးရွာအနီး တောင်ယာများ**

ဓာတ်ပုံ - ရန်နိုင်ကျော်

# မိုဘိုင်းဖုန်းဝယ်လိုအား သိသိသာသာကျဆင်း

**မျိုးမင်းဦး**

**မုံရွာ၊ဒီဇင်ဘာ-၁၆**

တန်ဖိုးနည်း 3G မိုဘိုင်းဖုန်းများ မကြာမီ ဈေးကွက်အတွင်း ဖြန့်ချိတော့မည့် သတင်းများ ထွက်ပေါ်လာသည့်နောက်ပိုင်း မုံရွာမြို့ပေါ်ရှိ မိုဘိုင်းဖုန်းဆိုင်များတွင် ကျပ်နှစ်သိန်းတန် မိုဘိုင်းဖုန်းများအား ကျပ်တစ်သိန်း ငါးသောင်းဖြင့် ဈေးလျှော့ရောင်းချခဲ့သော်လည်း ဝယ်လိုအား သိသိသာသာ လျော့နည်းလာကြောင်း မုံရွာဒေသခံ မိုဘိုင်းဖုန်းရောင်းချသူများက ပြောကြားသည်။

"ကျပ်နှစ်သိန်းတန် မိုဘိုင်းဖုန်းကို ကျပ်တစ်သိန်းငါးသောင်းနဲ့ ဈေးလျှော့ရောင်းတာတောင် ဝယ်သူကနည်းတယ်။ တန်ဖိုးနည်း မိုဘိုင်းဖုန်းတွေ လာမယ့်နှစ်ဆန်းပိုင်းမှာ ချထားပေးမယ်ဆိုတဲ့ သတင်းတွေ ထွက်လာတဲ့နောက်ပိုင်းမှ ကျပ်နှစ်သိန်းတန်တွေ ဈေးလျှော့ရောင်းတာပါ။ မြို့ပေါ်ရော ကျေးလက်မှာပါ မိုဘိုင်းဖုန်းက လူတိုင်းနီးပါး ကိုင်နေကြပြီ။ ပြီးခဲ့တဲ့ လပိုင်းတုန်းကမှ ကျေးရွာတွေမှာ အရစ်ကျစနစ်နဲ့ ရောင်းပေးနေတော့ ကျေးရွာကလူတွေမှာပါ မိုဘိုင်းဖုန်းကိုင်နိုင်ပြီဆိုတော့ အဝယ်နည်းသွားတာလည်းပါတယ်" ဟု မုံရွာမြို့ ဒေသခံ မိုဘိုင်းဖုန်းရောင်းချသူတစ်ဦးကပြောသည်။

"ကျေးရွာကလူတွေ အရစ်ကျစနစ်နဲ့ ရောင်းတယ်ဆိုလို့ ဖုန်းရအောင် မနည်းကြိုးစားခဲ့ရတာ။ ကံကောင်းချင်တော့ ဖုန်းလျှောက်သူတွေများလို့ဆိုပြီး ဖုန်းကအရစ်ကျစနစ်နဲ့ မဝယ်လိုက်ရဘူး။ အခု အရစ်ကျနဲ့ ဝယ်တဲ့သူတွေက နှစ်သိန်းအပြင် ထပ်ဆောင်းငွေကလည်း ပေးရသေးတယ်။ အခုကျပ်နှစ်သိန်းတန်ကို တစ်သိန်းခွဲနဲ့ လိုသလောက်ဝယ်လို့ရတယ်။ အချိန်စောင့်နိုင်ရင် ဒီထက်ဈေးချိုဦးမယ်ဆိုလို့ 2G မကိုင်သေးဘဲ 3G ကို စောင့်ဦးမယ်"ဟုဆိုလာသူက မုံရွာမြို့နယ် ကော်လပြကျေးရွာ ဒေသခံဦးသန့်ကပြောသည်။

မုံရွာမြို့ပေါ် သာမက ကျေးရွာများအထိ မိုဘိုင်းဖုန်းသုံးစွဲသူဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလာပြီး တန်ဖိုးနည်း 3G မိုဘိုင်းဖုန်းများ ၄ှားရမ်းခွင့် ချထားပေးမည်ဟုသတင်းများထွက်ပေါ်လာသည့်နောက်ပိုင်း မိုဘိုင်းဖုန်းဝယ်လိုအား လျော့နည်းလာခြင်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အတွင်း ဆက်သွယ်ရေးစနစ်များ တိုးချဲ့တပ်ဆင်မှုများကြောင့် ဝေးလံခေါင်ပါးသော ဒေသများအထိ မိုဘိုင်းဖုန်း ဆက်သွယ်ရေးစနစ်မှာ ပိုမိုလွယ်ကူချောမွေ့ခဲ့သော်လည်း ဆက်သွယ်ရေး စက်ကိရိယာများ ပြုပြင်နေခြင်းကြောင့် ဒီဇင်ဘာလလယ်ရက်ပိုင်းအတွင်း ဆက်သွယ်ရေးစနစ်များ ပြတ်တောက်ခဲ့ရကြောင်း ကျောက်ထုမြို့နယ်ခွဲ ဒေသခံများက ပြောပြသည်။

# ဆုကြေးငွေ ကျပ်သိန်း ၄၀၀ ခန့် ချီးမြှင့်မည့် မန်းမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ ကျင်းပမည်

**မောင်တာ**

**မန္တလေး၊ဒီဇင်ဘာ-၁၇**

ဆုကြေးငွေပေါင်း ကျပ်သိန်း ၄၀၀ နီးပါး ချီးမြှင့်မည့် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း မန္တလေးစည်ပင်ပြိုင်ပွဲဦးစီးကော်မတီမှ သတင်းရရှိသည်။

ဆုပေါင်း ၉၀ ခန့် ချီးမြှင့်မည့် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲတွင် အလွတ်တန်း (ကျား/မ)၊ လူသစ်တန်း (ကျား/မ)ဟူ၍ ပြိုင်ပွဲလေးမျိုးခွဲကာ ကျင်းပမည်ဖြစ်ပြီး လူသစ်တန်းပြိုင်ပွဲအတွက် ပထမဆု ကျပ် ၁၅ သိန်းနှင့် နှစ်သိမ့်ဆုအပါအဝင် ဆုပေါင်း ၃၀ ချီးမြှင့်မည်ဖြစ်ပြီး အလွတ်တန်းပြိုင်ပွဲအတွက် ပထမဆု ကျပ် ၁၀ သိန်းနှင့် ဆုပေါင်း ၁၅ ဆု ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများ အနေဖြင့် ပြေးလမ်းကြောင်း ၁၃ မိုင်ခန့် အပြေးပြိုင်ရမည်ဖြစ်ကာ ကျန်းမာသန်စွမ်းသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်လျှောက်လွှာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ၊ မန္တလေးစည်ပင်ရုံးများ၊ အား/ကာရုံး(ဗထူးကွင်း)တို့တွင် လျှောက်လွှာတစ်စောင် ကျပ် ၃၀၀ ဖြင့် ရရှိနိုင်ပြီး ဒီဇင်ဘာ ၃၀ ရက်အထိပြိုင်ပွဲဝင်လျှောက်လွှာများ ပေးပို့နိုင်သည်။ အများပြည်သူ ကျန်းမာကြံ့ခိုင်ရေးနှင့် ထူးချွန်သော အားကစားသမားများ ပေါ်ထွက်လာစေရန် ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း အဓိကရည်ရွယ်ချက်ငါးရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း မန္တလေးစည်ပင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကျင်းပမည့် မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲသည် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ယခင်က မန္တလေးမြို့တော်ဝန်မာရသွန်ပြိုင်ပွဲများအဖြစ် ၂၀၀၆ ခုနှစ်အထိ လေးကြိမ်ကျင်းပခဲ့ဖူးသည်။

# မန်းမီးသတ်ဦးစီးဌာနသို့ ပထမဆုံး အသက်ကယ်ယာဉ်တစ်စီးရောက်

**ညီညီဇော်**

**မန္တလေး၊ဒီဇင်ဘာ-၁၇**

မန္တလေးတိုင်းမီးသတ်ဦးစီးဌာနသို့ အသက်ကယ်ယာဉ်တစ်စီးပထမဆုံးရောက်ရှိလာကြောင်း သတင်းရရှိသည်။ ၎င်းယာဉ်ကို ဗဟိုမီးသတ်ဦးစီးဌာနမှ ဒီဇင်ဘာ ၁၀ ရက်က လွှဲပြောင်းပေးခဲ့သည်ဟု မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယာဉ်တွင် လေမွှေ့ရာ၊ လေမှုတ်စက်၊ ကြိုးလှေကား၊ အသက်ရှူကိရိယာ၊ မီးခိုးစုပ်ကိရိယာ၊ စောင်းနေသည့် အရာဝတ္ထုများ တည့်မတ်ပေးသည့်ကိရိယာ အစရှိသည့် အသက်ကယ်ကိရိယာစုံပါဝင်သည်ဟု ၎င်းယာဉ်စမ်းသပ်အသုံးပြုခဲ့သည့် မီးသတ်အရာရှိတစ်ဦးက ပြောသည်။ ၎င်းယာဉ်ကို ရောက်ပြီးနောက်တစ်ရက်တွင် ဒိုင်းမွန်းပလာဇာပေါ်မှ ခုန်ချရန်ကြံစည်သူအား ကယ်တင်ရန် စတင်အသုံးပြုခဲ့သည်ဟု ၎င်းကဆိုသည်။ ယင်းအသက်ကယ်ယာဉ်ကို ရန်ကုန်၊ နေပြည်တော်တို့ရှိမီးသတ်ဦးစီးဌာနများတွင် အသုံးပြုနေပြီး မန္တလေးမြို့တွင် ယခုမှ စတင်အသုံးပြုမည်ဖြစ်ကာ ခရိုင်မြို့ကြီးများတွင်ပါ ထားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

# မုံရွေးကြေးမုံ အလင်းရောင်စာကြည့်တိုက် စာဆိုတော်နေ့အခမ်းအနားကျင်းပ

**မျိုးမင်းဦး**

**မုံရွာ၊ဒီဇင်ဘာ-၁၆**

မုံရွာမြို့နယ် မုံရွေးကြေးမုံ စာကြည့်တိုက်စာဆိုတော်နေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပွဲ အခမ်းအနားအား ယခုနှစ် ဒီဇင်ဘာ ၁၆ ရက် နံ နက် ၁၀ နာရီခွဲအချိန်တွင် မုံရွေးကြေးမုံကျေးရွာ အလင်းရောင် စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

မုံရွေးကြေးမုံ အလင်းရောင်စာကြည့်တိုက်က နှစ်စဉ်စာဆိုတော်နေ့ အထိမ်းအမှတ်ကို ကျင်းပလေ့ရှိပြီး၊ စာဆိုပညာရှင်များ အောက်မေ့ဖွယ်အခမ်းအနားများ ကဗျာရွတ်ဆိုပွဲ၊ စာပေဟောပြောပွဲများ ကျင်းပလေ့ရှိကြောင်းစာကြည့်တိုက်ကော်မတီဝင်တစ်ဦးက ပြောသည်။ အဆိုပါ ကဗျာရွတ်ပြိုင်ပွဲသို့ မုံရွာမြို့မှကဗျာဆရာကြီး ဦးအုံ့မောင်၊ ရန်နိုင်(ဘုတလင်)၊ နန္ဒသိရိ(ဘုတလင်)၊ မင်းဆွေနှစ်(မုံရွာ)၊ ခက်သီ၊ ကြည်ဇော်အေး၊ ဇေလင်းမောင်၊ အိမ့်ဆုးချစ်၊ ကြေးမုံအေး၊ အောင်ဂျမ်းမြိုင်၊ မောင်ဆေးရိုးတို့က ကိုယ်ပိုင်ကဗျာများ ရွတ်ဖတ်ခဲ့ကြသည်။

TRADEMARK CAUTION
KIJ Marketing Co., Ltd. a Company incorporated in Thailand, at 801 Soi Lasalle 24, Bangna-subdistrict, Bangna, Bangkok 10260 Thailand is the Owner and Sole Proprietor of the following Trade-marks:-

Reg: 4/13209/2012

Reg: 4/13210/2012

Reg: 4/13211/2012

Reg: 4/13212/2012

In respect of : scouring pads with sponges, scouring pads, toilet bowl scourers, kitchen scoures, sponges for household purposes, cloths for cleaning, household or kitchen utensils; articles for cleaning purpose, scrubbing brushes, brushes (except paint brushes) scrubbing pads.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 20 Dec 2012

# မလေးရှားက မြန်မာအပါအဝင် ပြည်ပလုပ်သားများ၏ အခြေခံလစာ တိုးမြှင့်ပေးမည်ဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၆**

မလေးရှားနိုင်ငံရှိစက်ရုံများသည် ယခုလအတွင်း မြန်မာလုပ်သားများ အပါအဝင် အခြားနိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများအား အခြေခံလစာငွေတိုးမြှင့်၍ အလုပ်ခေါ်ဆိုလျက်ရှိကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှ သတင်းရရှိသည်။

မလေးရှားအစိုးရက လာမည့်နှစ်တွင် ၎င်းနိုင်ငံတွင်း လာရောက်လုပ်ကိုင်နေသော လုပ်သားတစ်ဦးအား တစ်လလျှင် အခြေခံလစာ မလေးရှားငွေ ရင်းဂစ် ၉၀၀ ထိပေးရန်ရှိကြောင်း သတင်းရရှိသည်။

သို့သော် ယခုအခါ တရားဝင်ထုတ်ပြန်ထားခြင်း မရှိသေးသော်လည်းအချို့သောစက်ရုံလုပ်ငန်းရှင်များသည် ရင်းဂစ် ၉၀၀ ထိဖြင့် ယခုလမှစ၍ အလုပ်ခေါ်စာများတွင် ထည့်သွင်းခေါ်ဆိုထားကြောင်း သတင်းရရှိသည်။

"ဘာဖြစ်လို့ သူတို့အစိုးရက တိုးပေးရလဲဆိုရင် ကျွန်တော့် အထင်တော့ အလုပ်သမားတွေ မကိုက်ဘူး။ မလောက်ငဘူး။ သူတို့ စားစရိတ်၊ သုံးစရိတ်၊ ဖယ်လိုက်ရင် သူတို့အိမ်ကို သိပ်မပို့နိုင်တော့ဘူး။ အိုတီများများလုပ်မှ အခုပေးတဲ့ ၉၀၀ ကျော်ကို ရတာ" ဟု မိုးယံ အေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ထင်ကျော်က ပြောသည်။

ကျောက်တံတားမြို့နယ် အတွင်းရှိ ပြည်ပအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီမှ မန်နေဂျာတစ်ဦးက "လစာ ၉၀၀ ဆိုတော့ အတိအလင်း မထွက်သေးဘူး။ ကျွန်တော်တို့ဆီတော့ ၉၀၀ နဲ့တော့ ခေါ်စာမလာသေးဘူး။ အချို့သူဌေးတွေကလည်း ၉၀၀ ပေးရင် အိုတီနဲ့ဆို များတော့ သူတို့လည်း ပြန်ညှိနေတယ်ကြားတယ်။ ၉၀၀ ဆိုရင်တော့ ပိုကြိုက်တာပေါ့" ဟု ဆိုသည်။

ယခင် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သောမြန်မာလုပ်သားတစ်ဦးလျှင် အခြေခံ လစာငွေကျပ်တစ်သိန်းခွဲကျော်(ရင်းဂစ်၅၅၀မှ ၅၇၀အတွင်း) ရရှိပြီး အချိန်ပိုကြေးဖြင့်ပေါင်းမှသာ ကျပ်နှစ်သိန်းခွဲကျော် ရရှိခဲ့သည်။

ယခုအခါ လုပ်သားတစ်ဦးလျှင်အခြေခံလစာငွေတစ်လလျှင် ကျပ်နှစ်သိန်းခွဲကျော်ခန့်ရရှိ ပြီး အချိန်ပိုကြေးပါဝင်လျှင် ကျပ်သုံးသိန်းကျော်ထိ ရရှိမည်ဖြစ်သည်။



မလေးရှားနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ ပြည်ပအလုပ်သမားများ

ဓာတ်ပုံ - burmahut.blogspot.com

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
Two Y Mobile & Service
Phone, Software, Rooting, Game ကျွမ်းကျင် ဝန်ထမ်း (၂) ဦး အလိုရှိသည်။
L-7 **မြေညီထပ်၊ ယုဇနပလာဇာ**
**ဖုန်း -၀၉၇၃၀၀၂၁၁၅**

---

**ဝန်ထမ်းအလိုရှိသည်**
ဗီဒီယိုဇာတ်ကား ရိုက်ကူးရန် အတွက် သရုပ်ဆောင်သစ် ကျား (၅) ဦး၊ မ (၅) ဦး အလိုရှိသည်။
**ဖုန်း - ၀၉-၄၃၁၀၆၅၆၇**

---

**ဝန်ထမ်းအလိုရှိသည်**
Myanmar Professional Services Co.,Ltd.
Marketing ကျား/မ (၅) ဦး
(၁၀ တန်းအောင်၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာအခြေခံရှိ၊ Marketing ကျွမ်းကျင်)
**ဖုန်း - ၀၉၄၃၀၈၁၇၂၀**
**အမှတ်(၂၃)၊(၆)လွှာ၊ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Made Moiselle Fashion
အမျိုးသမီးစက်ချုပ် ကျွမ်းကျင်ဝန်ထမ်းနှင့်လက်ချုပ်ဝန်ထမ်းအလိုရှိသည်။
**အမှတ်(၇၃)၊ မြေညီထပ်၊ ရောဝတီလမ်း၊ အလုံမြို့နယ်။ ရန်ကုန်မြို့။**
**ဖုန်း - ၀၉၅၁၃၉၅၂၄**

---

**ဝန်ထမ်းအလိုရှိသည်**
Alkaline Water Ionizer (ရေသန့်စက်)ဖြန့်ချီရန် Marketing စိတ်ဝင်စားသော အမျိုးသားဝန်ထမ်းအလိုရှိသည်။
AGTI/ B.Sc (Chemistry) ဘွဲ့ရရှိသူများ ဦးစားပေးလျှောက်ထားရန်
**ဖုန်း - ၀၁-၂၂၂၉၂၉**

---

**ဝန်ထမ်းအလိုရှိသည်**
Estate Myanmar Co.,Ltd
၁။ သတင်းထောက် ကျား/မ (၃) ဦး
၂။ Admin Staff ကျား၊ မ (၅) ဦး
၃။ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင် ကျား (၂) ဦး
**ဖုန်း - ၀၁-၅၁၂၀၂၉**
**အမှတ် (၁၈၃)၊ ဗဟိုလမ်းမ (ခိုင်ရွှေဝါလမ်း) ကမာရွတ်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Naing Lin AirCon
အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြင်ကျွမ်းကျင် (၃) ဦး
Helper (အလုပ်သင်/ ကူ) (၃) ဦး
**ဖုန်း - ၀၉၅၀၉၅၉၁၆**
**အမှတ် (၁၇၈)၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
အလုပ်သင်အင်ဂျင်နီယာ ကျား (၅) ဦး
B.E (EP/EC), B.Tech (EP/EC) AGTI (EP/EC (သို့) ဘွဲ့ရဖြစ်ရမည်။
(၂၄-၁၂-၂၀၁၂ နောက်ဆုံးထား လျှောက်ထားရန်)
**တိုက် (၁)၊ အခန်း (၁၀၁)၊ မြေညီထပ်၊ ဟိုတယ်ရန်ကုန်ဝင်း၊ (၈) မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Star Zone Travels and Tours Co.,Ltd
Tour Operation Staff ကျား (၃) ဦး
(Travel & Tour လုပ်ငန်းအတွေ့အကြုံတစ်နှစ်အထက်ရှိရမည်။ လစာ ၈၀,၀၀၀ ကျပ်)
Intl' Ticketing & Reservation ကျား/မ (၃) ဦး
(လုပ်ငန်းအတွေ့အကြုံ ၂ နှစ်နှင့်အထက်ရှိရမည်။ လစာ ၁၅၀,၀၀၀ ကျပ်နှင့် ၂၀၀,၀၀၀ ကျပ်ကြား)
**ဖုန်း - ၀၉-၀၅၁၉၅၅၅**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ကျား (၁) ဦး
(လိုင်စင်အနီ (သို့) အနက်၊ နယ်ခရီး သွားနိုင်ရမည်။ အသက် ၃၅ နှစ်အောက်၊ အိမ်ထောင်မရှိသူ)
**ဖုန်း - ၀၁-၆၅၄၆၄၆**

---

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာအခြေခံ၊ အဆင့်မြင့် သင်ကြားနိုင်သူ ဆရာမ (၃) ဦး
Auto CAD, 3ds Max သင်ကြားနိုင်သူ ဆရာ၊ ဆရာမ (၂) ဦး
**ဖုန်း - ၀၉၄၃၁၆၀၀၃၀**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Computer ကျား/မ (၂) ဦး
(ပညာအရည်အချင်း ၁၀ တန်း သို့မဟုတ် ဘွဲ့ရ
၂။ Accountant မ (၂) ဦး
၃။ အိမ်အကူ မ (၂) ဦး
**ဖုန်း - ၀၁-၃၉၈၂၉၉**

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေပုပ္ပားအထူးကုဆေးခန်း
ဆေးခန်းအုပ်ချုပ်ရန် Nurse I/C (Day/ Night) (၂) ဦး
Accountant / Audit မ (၂) ဦး
**ဖုန်း - ၀၁-၅၅၆၃၁၆**

---

**ဝန်ထမ်းအလိုရှိသည်**
Kyauk Sein Nwe Construction Co.,Ltd တွင်နေ့ညတာဝန်ထမ်းဆောင်ရန်အတွက်
လုံခြုံရေးဝန်ထမ်း ကျား (၂) ဦး
(၂၀-၁၂-၂၀၁၂ နောက်ဆုံးထား လျှောက်ထားရန်)
**ဖုန်း - ၀၁-၅၄၆၃၀၆**

---

**ဝန်ထမ်းအလိုရှိသည်**
နာရီဆိုင်အရောင်းဝန်ထမ်း မ (၂) ဦး
(အသက် ၂၅ နှစ်အောက်၊ ဘွဲ့ရ၊ အင်္ဂလိပ်စကားပြော အသင့်အတင့်၊ နှစ်ပတ်အတွင်းလျှောက်ထားရန်)
**အမှတ် (၁၄၆/ L-1)၊ ရှစ်မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်း။ ဖုန်း - ၀၁-၆၅၁၃၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီးဝန်ထမ်းအလိုရှိသည်။
ခေါင်းလျှော်၊ လက်သည်း/ ခြေသည်း Foot Massage အတွေ့အကြုံမရှိသူများကို သင်ကြားပေးပါမည်။
**ဖုန်း - ၀၁-၃၉၅၇၈၅**

---

**ဝန်ထမ်းအလိုရှိသည်**
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
(အသက် ၂၀-၃၅ နှစ်၊ အခြေခံပညာ အထက်တန်းအဆင့်)
ယာဉ်မောင်းကျွမ်းကျင် ကျား (၂) ဦး
(အသက် ၂၅-၄၀ နှစ်၊ အခြေခံပညာအထက်တန်းအဆင့်)
**အမှတ် (၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း- ၀၉၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
Deluxe Formula Industrial Co.,Ltd
၁။ စာရင်းစစ်/ စာရင်းကိုင် မ (၃) ဦး
၂။ စတိုတာဝန်ခံ (ကုန်ချောအရောင်းဌာန) ကျား/မ (၃) ဦး
၃။ အရောင်း (လမ်းလျှောက်ဝန်ထမ်း) ကျား/မ (၇) ဦး
**(နှစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်)**
**အမှတ်(၂၉)၊ ပန်းတန်ဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
Zawgyi House Cafe' မှ
၁။ Cook ကျား (၂) ဦး
(လုပ်ငန်းအတွေ့အကြုံရှိသူ)
**ဖုန်း - ၃၈၀၃၉၈၊ ၂၅၆၃၅၅** Ext: 3027

---

**ဝန်ထမ်းအလိုရှိသည်**
Site Engineer (3) M/F
Marketing Manager (3) M/F
Accountant (3) F
Office Staff (3) F
**Ph: 243819**

---

**ဝန်ထမ်းအလိုရှိသည်**
Home Multi Media Group Limited
၁။ သတင်းထောက် ကျား/မ (၅) ဦး
၂။ Marketing ကျား/မ (၁၅) ဦး
၃။ Layout Designer (ကျွမ်းကျင်) မ (၂) ဦး
(တစ်ပတ်အတွင်းလျှောက်ထားရန်)
**ဖုန်း - ၅၅၇၀၉၅**

---

**ဝန်ထမ်းအလိုရှိသည်**
Thar Ki Nwe Co.,Ltd
Marketing ကျား/မ (၃) ဦး
Sale Promotor မ (၃) ဦး
Store မ (၁) ဦး
**(တစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်)**
**အမှတ် (၄၇/၅၁)၊ သုမင်္ဂလာလမ်း၊ ကမ္ဘာ့ဇာတ်နှင့် ဂျန်းရှင်းဇဝနအနီး၊ သင်္ဃန်းကျွန်းမြို့နယ်**

---

**ဝန်ထမ်းအလိုရှိသည်**
You & Me အလှပြင်ခန်းမ
အမျိုးသမီး ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်/ ကျွမ်းကျင် မ (၅) ဦး
ခေါင်းနှိပ်လျှော်၊ မျက်နှာသစ် ကျွမ်းကျင် မ (၅) ဦး
ခြေသည်း၊ လက်သည်း၊ ပန်းချီကျွမ်းကျင် မ (၃) ဦး
**ဖုန်း - ၀၉-၇၃၀၉၆၅၇၂**
**အမှတ် (၃၈၀)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**
King Group Construction Co.,Ltd
Site Engineer (2) M/F
Security (2) M
Foreman (3) M
Carpenter (5) M
ပန်းရံကျွမ်းကျင် (ခေါင်းဆောင်) (၄) ကျား
**ဖုန်း - ၀၉၄၉၆၀၃၀၉၁**
C-39, ဗိုတောက်(၇)လမ်း၊ FMI City **လှိုင်သာယာ။**

---

**ဝန်ထမ်းအလိုရှိသည်**
Mareting (1) M
Accountant (1) F
Sale & Marketing (2) M/F
Service (1) M
**ဖုန်း - ၀၁-၃၈၃၇၁၄**

---

**ဝန်ထမ်းအလိုရှိသည်**
Study Abroad Counsellor
(Professional Presentation, Able to work independently)
**Ph: 09421119895**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



TIGER BALM
နာချင်ရာ နာစမ်း . . . TIGER BALM®
Tiger Balm (White) သည် မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခဲခြင်းဒဏ်နာ တို့ကိုပျောက်ကင်းစေပါသည်။
Reg No. 1308AA599
Tiger Balm (Red) သည် ကြွက်သား နာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်း တို့ကိုအလျင်မြန်ဆုံးသက်သာစေပါသည်။
Reg No. 1402AA1320
Tiger Balm (Liniment)
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဒေသနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
TIGER BALM PLASTER
TIGER BALM PLASTER-RD
RD Warm သည်
Reg No. 1407AA1734
Cool သည်ထိခိုက်နာကျင်မှုများ၊ ကြွက်သားအဆက်ဖြစ်ခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

# Education

7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ မဟာဘွဲ့သင်တန်း ဖွင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သည် မဟာဘွဲ့ အင်ဂျင်နီယာသင်တန်းများကို လာမည့် ဇန်နဝါရီလ ၇ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မဟာဘွဲ့သင်တန်းအတွက် ဘာသာရပ် ၅ ခုကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာဘွဲ့ ရရှိထားသူအချို့လည်း သက်ဆိုင်ရာဘာသာရပ်အလိုက် တက်ရောက်သင်ယူနိုင်မည်ဖြစ်သည်။

မဟာဘွဲ့ အင်ဂျင်နီယာသင်တန်းများ တက်ရောက်ရန် အင်ဂျင်နီယာဘွဲ့သင်တန်းတွင် ပျမ်းမျှရမှတ် ၆၅ မှတ်နှင့် အထက် ရရှိသူများဖြစ်၍ အသက် ၃၅ နှစ်ထက် မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်ထက် မကြီးသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

"နှစ်စဉ်ပုံမှန် ဖွင့်လှစ်သွားပါမယ်။ အနည်းဆုံး ကျောင်းသားငါးယောက်ရှိရင် သင်တန်းဖွင့်မှာပါ။ နိုင်ငံတကာသင်ရိုးညွှန်းတမ်းတွေနဲ့အညီ ရေးဆွဲထားတာပါ"ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်လွင်က ပြောသည်။

သင်တန်းအမျိုးအစားအလိုက်အရည်အချင်းသတ်မှတ်ချက်အနေဖြင့် M.E (Aerospace-Propulsion and Flight Vehicles) အတွက် B.E (Aerospace-Propulsion and Vehicles) နှင့် B.E (Aeronautical), M.E (Aerospace-Avionics) အတွက် B.E (Aerospace-Avionics) နှင့် B.E (Electronics)၊ M.E (Aerospace-Electrical System & Instrumentation) အတွက် B.E (Aerospace-Electrical & System Instrumentation) နှင့် B.E (Electrical Power), M.E (Aerospace-Fuel & Propellant) အတွက် B.E (Aerospace-Fuel & Propellant) နှင့် B.E (Chemical)၊ M.E (Aerospace-Space Systems Engineering) အတွက် B.E (Aerospace-Space Systems Engineering) ဘွဲ့ရရှိထားသူများ သင်တန်းတက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် တည်ရှိသော မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ ဖွင့်လှစ်မည့် မဟာဘွဲ့ အင်ဂျင်နီယာသင်တန်းများကို ဒီဇင်ဘာလ ၂၁ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဝင်ခွင့်အရည်အချင်း စာမေးပွဲစစ်ဆေးသွားမည်ဖြစ်သည်။

## ဗြိတိန်ပညာရေးအဖွဲ့အစည်းအချို့ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လုပ်ကိုင်ရန်ဆွေးနွေး

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ဗြိတိန်ပညာရေး အဖွဲ့အစည်းအချို့သည် မြန်မာနိုင်ငံရှိဝန်ကြီးဌာနအချို့နှင့် တွေ့ဆုံ၍ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းများတွင် လာရောက်လုပ်ကိုင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယဝန်ကြီး ဦးဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တွင် ပညာရေးလုပ်ငန်းအဖွဲ့အစည်းအချို့ လိုက်ပါလာခဲ့ပြီး နေပြည်တော်တွင် အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပညာရေးအရည်အချင်း အသိအမှတ်ပြု လက်မှတ်တွေအများကြီးပေးနေပါတယ်။ အလုပ်သမားဝန်ကြီးဌာနနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့တွေ့ပြီး မြန်မာနိုင်ငံက အခြေခံလိုအပ်ချက်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ မကြာခင် ဒီကို တခြားအရည်အချင်း အသိအမှတ်ပြု လက်မှတ်တွေယူလာနိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"ဟု ကုန်သွယ်ရေးကိုယ်စားလှယ် အဖွဲ့နှင့် လိုက်ပါလာသော Pearson Qualifications International ၏ မန်နေဂျင်းဒါရိုက်တာ Mr Manos Kapterian က ပြောသည်။

Pearson ကုမ္ပဏီသည် ဗြိတိန်နိုင်ငံရှိ ပညာရေးဆိုင်ရာ စာအုပ်ထုတ်ဝေရေး လုပ်ငန်းတစ်ခုဖြစ်ပြီး LCCI နှင့် Edexcel အပါအဝင် အခြားပညာရေးလုပ်ငန်းအဖွဲ့အစည်းများကို ပိုင်ဆိုင်ထားသည်။

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ လိုအပ်ချက် မြင့်မားနေပြီး အဆိုပါကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အတွက် ကျွမ်းကျင်သူနှင့် ပညာရှင်များစေလွှတ်၍ လုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်နေကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အစိုးရသစ် အပြောင်းအလဲတွင် ပညာရေးကဏ္ဍနယ်ပယ်စုံ၌ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ၊ ပြင်သစ်၊ ကိုရီးယား စသည့် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ လာရောက်ပူးပေါင်း လုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိရာ လူငယ်များအတွက် ပညာရေးအခွင့်အလမ်းသစ်များ မြင်တွေ့ရဖွယ်ရှိသည်။

## မြန်မာကျောင်းသား၊ ကျောင်းသူများကြား ရေပန်းစားသော ဘာသာရပ်ခုနစ်မျိုး

NTS



မြန်မာကျောင်းသားများ နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းများတွင် ဦးစားပေးရွေးချယ်သင်ယူနေသော ဘာသာရပ်များမှာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်ဆက်စပ်နေပြီး အလုပ်အကိုင် အခွင့်အလမ်း ပေါများသော ဘာသာရပ်များကို ကျောင်းသားအများစုက ရွေးချယ်သင်ယူလေ့ရှိကြသည်။

နိုင်ငံတကာတွင် သွားရောက်သင်ယူနေသော ဘာသာရပ်များနှင့် ပြည်တွင်းတွင် သင်ယူမှုနေသော ဘာသာရပ်များထဲမှ မြန်မာကျောင်းသား၊ ကျောင်းသူများကြား ရေပန်းစားနေသော ဘာသာရပ်ခုနစ်မျိုးကို ဖော်ပြလိုက်ပါသည်။

**အင်ဂျင်နီယာဘာသာရပ်**

တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများထဲမှ အမှတ်အမြင့်ဆုံး ရရှိခဲ့သူများသည် အဆင့်မြင့် နည်းပညာတက္ကသိုလ်များတွင် အင်ဂျင်နီယာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိရန် ကြိုးပမ်းခဲ့ကြသည်။ အဆင့်မြင့် နည်းပညာတက္ကသိုလ်များ မဖွင့်လှစ်မီက အင်ဂျင်နီယာပညာ သင်ယူလိုသော ကျောင်းသားများအနေဖြင့် အစိုးရနည်းပညာတက္ကသိုလ်၊ ကောလိပ်များကို အားကိုးနေခဲ့ရသည်။ အင်ဂျင်နီယာပညာ သင်ယူသူများထဲတွင် မြို့ပြအင်ဂျင်နီယာ ဘာသာရပ်သည် ရေပန်းအစားဆုံးဖြစ်နေသည်။ ပြည်တွင်းသာမက ပြည်ပ၌ သွားရောက် ပညာသင်ယူသူများတွင် အင်ဂျင်နီယာဘာသာရပ်သည် ကျောင်းသား၏ စိတ်ဝင်စားမှု ထိပ်တန်းနေရာ၌ ရှိနေကြောင်း နိုင်ငံတကာ ပညာရေးဝန်ဆောင်မှု လုပ်ငန်းများမှ သိရသည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းကောင်း ရှိနေခြင်းနှင့် ဝင်ငွေကောင်း ရရှိနိုင်ခြင်းတို့ကြောင့် အင်ဂျင်နီယာဘာသာရပ်သင်ယူသောကျောင်းသား မြင့်မားနေခြင်းဖြစ်သည်။

**ဆေးပညာဘာသာရပ်**

ဆရာဝန်ဘွဲ့ရရှိထားခြင်းက ဂုဏ်ရှိသည်ဟူသော သဘောထားအမြင်များသည် ဆေးပညာသင်ယူသော ကျောင်းသားဦးရေကို သိသိသာသာ မြင့်မားနေစေသည်။ ယခုနှစ်တွင်ပြည်တွင်းရှိ ဆေးတက္ကသိုလ်များ၏ ကျောင်းသားလက်ခံမှု ထက်ဝက်တိတိ လျှော့ချလိုက်ခြင်းသည် ဆေးပညာသင်ယူလိုသော ကျောင်းသားများနှင့် မိဘမိရင်သွေးကို ဂျူတီကုတ်အဖြူရောင်ဖြင့် မြင်တွေ့လိုသော မိဘများကို ဆိုးရွားစွာ ထိခိုက်စေခဲ့သည်။ အကျိုးဆက်အနေဖြင့် ငွေကြေးတတ်နိုင်သော မိဘအချို့က မိမိရင်သွေးကိုပြည်ပသို့ စေလွှတ်၍ ဆေးပညာသင်ယူစေရန် စိတ်ဝင်စားစုံစမ်းမှုမြင့်တက်လာခြင်းဖြစ်သည်။ **စာ(၂၂)သို့**






7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# စာ- ၂၁၊ မြန်မာကျောင်းသား၊ ကျောင်းသူများကြား ရေပန်းစားသော ဘာသာရပ်ခုနစ်မျိုး မှ

မြန်မာကျောင်းသားများကြား ရေပန်းစားနေဆဲဖြစ်သောဆေးပညာဘွဲ့သည် ဂုဏ်ရှိစေသော်လည်း ကျောင်းပြီးချိန်တွင် အလုပ်အကိုင်အခွင့်အလမ်းအတွက် စိန်ခေါ်မှု ပြင်းထန်သော အခြေအနေရှိနေသည်။ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းအတွက်အရည်အချင်း လိုအပ်ချက်မြင့်မားနေသလိုပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းအတွက်လည်း ဆေးပညာဘွဲ့ရအရေအတွက်နှင့် အလုပ်အကိုင်ရရှိနိုင်မှု ကွာဟချက်ကြီးမားနေသည်။မည်သို့ဆိုစေဆေးပညာဘာသာရပ်သည် မြန်မာကျောင်းသားများအတွက် စိတ်ဝင်စားမှုဦးစားပေးနေရာတွင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

## ကွန်ပျူတာဘာသာရပ်

အိုင်စီတီခေတ်ကြီးတွင်ကွန်ပျူတာဘာသာရပ်သည် မြန်မာကျောင်းသားများ၏ ဦးစားပေးလေ့လာသင်ယူစရာ ဘာသာရပ်အဖြစ်အလျင်အမြန်ရောက်ရှိလာသည်။

နိုင်ငံတကာ အိုင်စီတီ စီးပွားရေးအဆောက်အအုံကြီးထွားလာမှုနှင့်အတူပြည်တွင်းအိုင်စီတီလုပ်ငန်းများလည်း ဖွံ့ဖြိုးလာရာ ကွန်ပျူတာသင်တန်းကျောင်းများတွင် ပညာသင်ယူသောကျောင်းသားဦးရေ သိသိသာသာမြင့်တက်လာခဲ့သည်။ ပြည်တွင်းရှိပုဂ္ဂလိကသင်တန်းကျောင်းများတွင်ကွန်ပျူတာသင်တန်းကျောင်းများက အင်အားအကြီးမားဆုံးဖြစ်နေပြီး နိုင်ငံတကာအသိအမှတ်ပြုဘွဲ့များကိုပင် ရရှိနိုင်ပြီဖြစ်သည်။ အမေရိကန်နိုင်ငံအပါအဝင်ပြည်ပနိုင်ငံများ၌ သွားရောက်ပညာသင်ယူသူများတွင် ကွန်ပျူတာဘာသာရပ်သည် ထိပ်တန်းနေရာတွင် ရှိနေကြောင်း နိုင်ငံတကာပညာရေးအကြံပေးများကဆိုသည်။

## စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်

ကိုယ်ပိုင် စီးပွားရေး လုပ်ကိုင်မည့်သူများ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီကြီးများ၏ ရာထူးနေရာကြီးကြီးတွင် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် လုပ်ငန်းခွင်အရည်အသွေး မြှင့်တင်ရန် ရည်ရွယ်သူများအတွက် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်က လူကြိုက်များလာသည်။

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စီမံခန့်ခွဲမှုပညာရပ်က ခေါင်းဆောင်မှုနေရာ ယူထားသူများအတွက် မရှိမဖြစ်လိုအပ်သော အရည်အချင်းဖြစ်လာနေသည်။ အစိုးရစီးပွားရေးတက္ကသိုလ်၊ ကောလိပ်များတွင် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်သည်ဦးစားပေးနေရာရောက်လာသလို ပုဂ္ဂလိက စီးပွားရေးသင်တန်းကျောင်းများတွင်လည်း သင်တန်းသားဦးရေ တိုးပွားလာနေသည်။ ထို့ပြင် စင်ကာပူ၊ မလေးရှား၊ ဗြိတိန်နိုင်ငံတို့သည် မြန်မာကျောင်းသားများ စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ် သွားရောက်သင်ယူနေသော နေရာများဖြစ်လာသည်။ လက်ရှိနိုင်ငံ၏ စီးပွားရေးအပြောင်းအလဲမူဝါဒနှင့်အတူ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာဖွယ်ရှိနေသလို ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ဖွဲ့စည်းလုပ်ကိုင်မှုပုံစံ ပြောင်းလဲလာနိုင်ခြေက စီးပွားရေးစီမံခန့်ခွဲမှုပညာ သင်ယူထားသူတို့အတွက် အခွင့်အလမ်းများ ဖြစ်လာနိုင်သလို အဆိုပါဘာသာရပ် သင်ယူရန် စိတ်ဝင်စားသူဦးရေ ဆက်လက်မြင့်တက်ဖွယ်ရှိနေသည်။

## စာရင်းကိုင်ဘာသာရပ်

စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတိုင်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းကြောင့် မြန်မာမိန်းကလေးအများစု လေ့လာသင်ယူသော ဘာသာရပ်ဖြစ်သည်။ ယူကေအသိအမှတ်ပြု စာရင်းကိုင်ဘာသာရပ်ဆိုင်ရာ LCCI စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူအရေအတွက်သည် နှစ်စဉ်မြင့်တက်နေပြီး ၂၀၁၁ ခုနှစ်အတွင်း ဝင်ရောက် ဖြေသူ တစ်သောင်းနှစ်ထောင်ကျော် ရှိခဲ့သည်။ စီးပွားရေးလုပ်ငန်းများ၏ ငွေစာရင်းဌာနတွင် ဝင်ရောက်လုပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့်စာရင်းကိုင်ပညာသင်ယူသောအရွယ်စုံမိန်းကလေးများကိုစာရင်းကိုင်သင်တန်းကျောင်းများတွင်ပြည့်နှက်နေသည်ကိုမြင်တွေ့ရမည်ဖြစ်သည်။

## ဟိုတယ်ဝန်ဆောင်မှုဘာသာရပ်

ကြော်ငြာအား ကောင်းကောင်းဖြင့် သင်တန်းခြောက်လ၊ အလုပ်သင်ခြောက်လဆိုကာ စင်ကာပူနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း မျှော်လင့်၍ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများကိုတစ်ချိန်က အပြိုင်အဆိုင်တက်ခဲ့ကြဖူးသည်။ ယခုလည်း ဒူဘိုင်း၊ ယူအေအီး စသည့် အရှေ့အလယ်ပိုင်းဒေသမှ ဟိုတယ်ဝန်ထမ်း လိုအပ်ချက်ကြောင့် ဟိုတယ်ဝန်ဆောင်မှုဘာသာရပ်ကိုသင်ယူပြီးအလုပ်အကိုင်အခွင့်အလမ်း ရှာဖွေကြသည်။ပြည်တွင်း၌ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာနိုင်မှုကြောင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများကို တက်ရောက်နေကြသည်။ ကိုယ်ပိုင်စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်း တည်ထောင်လိုသူများ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများကိုတက်ရောက်ကြသည်။

## သူနာပြုနှင့် ဆေးဝါးကျွမ်းကျင်မှုဘာသာရပ်

အလုပ်အကိုင် အခွင့်အလမ်း ပေါများမှုကြောင့် နယ်ကတက်လာသူများ ရွေးချယ်သင်ယူကြသော ဘာသာရပ်မှာ သူနာပြုနှင့် ဆေးဝါးကျွမ်းကျင်မှု ဘာသာရပ်တို့ဖြစ်သည်။ ဆေးဆိုင်ဖွင့်လှစ်ရန် ကြံရွယ်နေသူများ၊ ဆေးကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ဆေးဝါးကျွမ်းကျင်မှုသင်တန်း ရှိနေသည်။ ပုဂ္ဂလိကဆေးရုံများနှင့် အိမ်တိုင်ရာရောက် ပြုစုခြင်းတို့အတွက် သူနာပြုသင်တန်းရှိနေသည်။ အလုပ်အကိုင်ရရှိမှု လွယ်ကူခြင်းနှင့် ပညာအရည်အချင်း ကန့်သတ်မှုရှိမနေခြင်းသည် သင်တန်းသားဦးရေကို တိုးပွားစေလျက်ရှိသည်။ ကမာရွတ်လှည်းတန်းနှင့်မြေနီကုန်းဝန်းကျင်သည် သူနာပြုနှင့် ဆေးဝါးကျွမ်းကျင် သင်တန်းတက်ရောက်ရန် နယ်မှ တက်လာသူတို့အတွက် အဓိကအားထားရာဖြစ်လာနေသည်။

မြန်မာကျောင်းသားများကြား ပေါ်ပြူလာဖြစ်နေသော ဘာသာရပ်များသည် အလုပ်အကိုင်အခွင့်အလမ်း ဖြစ်တည်မှုကို အခြေတည်နေသည်။ ကျောင်းသားများ ဘာသာရပ်ရွေးချယ်ရာတွင်လည်း ဝါသနာအခြေခံ ဆုံးဖြတ်ခြင်းထက် ပတ်ဝန်းကျင်စေ့ဆော်မှုကို အခြေခံနေသည်။

လက်ရှိအချိန်တွင် မြန်မာကျောင်းသားများ၏ ဘာသာရပ်ရွေးချယ်မှုသည် ပြည်ပအလုပ်အကိုင် အခွင့်အလမ်း ဖြစ်တည်မှုထက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုကိုဦးတည်လာနေကြောင်း ပညာရေးကျွမ်းကျင်သူများက သုံးသပ်ကြသည်။

**နေလင်းထွန်း၊ ဖွဲ့ညက်၊**
**မိုးမြင့်သူဇာအောင်**


PPH နည်းစနစ်ကိုအသုံးပြု၍ လိပ်ခေါင်းရောဂါကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း





ကုသမှုအကြေးနှုန်း အားမစစ်ချက်ပေးသည်။

အမျိုးသားများအတွက် အားဖြည့်စခန်း



နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ အမြန်ပျောက်ကင်းစေသော ကုထုံးသစ်



လည်ဆစ်နာ၊ ခါးဆစ်နာ၊ လေးဘက်နာရောဂါများအတွက် လျှင်မြန်စွာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး



ပိတ်ရက်မရှိ – ဆေးခန်းဖွင့်ချိန် နံနက် ၈း၀၀ ည ၈း၀၀ နာရီထိ

ခေတ်မီ ဆေးကုခန်း ဖုန်း – ၀၉ ၄၂၁၁၈၀၈၀၀
အမှတ် (၈)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ခေတ်မီ ဆေးကုခန်း ဖုန်း – ၀၉ ၄၂၁၁၈၀၈၀၀
အမှတ် (၈)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

Technology
7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# iPhone 5 အား နိုင်ငံပေါင်း ၃၃ နိုင်ငံတွင် စတင်ရောင်းချ

**ကယ်လီဖိုးနီးယား၊ ဒီဇင်ဘာ - ၁၅**

အမေရိကန်နိုင်ငံတွင် စတင်မိတ်ဆက်ပြီး သုံးလအကြာ အက်ပဲလ်ကုမ္ပဏီမှ i Phone 5 များအား နိုင်ငံပေါင်း ၃၃ နိုင်ငံတွင်ရောင်းချနေပြီဖြစ် သည်။




ယခင်ရက်သတ္တပတ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင် ရောင်းချပြီးနောက် ဒီဇင်ဘာလ ၁၄ ရက်မှစ၍ တရုတ်နိုင်ငံ အပါအဝင် အယ်လ်ဘေးနီးယား၊ အန်တီဂွာ၊ ဘာဘူဒါ၊ အာမေးနီးယား၊ ဘာဟားမား၊ ဘာရိန်း၊ ဘိုလီဗီးယား၊ ဘရာဇီး၊ ချီလီ၊ ကော့စတာရီကာ၊ ဆိုက်ပရပ်၊ အီကွေဒေါ၊ ဂရီနာဒါ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ ဂျမေကာ၊ ဂျော်ဒန်၊ ကူဝိတ်၊ မာစီဒိုးနီးယား၊ မလေးရှား၊ မိုဒိုဗာ၊ မွန်ကီ၊ နီဂရိုး၊ ပနားမား၊ ပါရာဂွေး၊ ဖိလစ်ပိုင်၊ ကာတာ၊ ရုရှား၊ ဆော်ဒီအာရေဗီယား၊ တောင်အာဖရိက၊ ထိုင်ဝမ်၊ တူရကီ၊ UAE နှင့် ဗင်နီဇွဲလား နိုင်ငံများတွင် i Phone 5 များ ရောင်းချနေပြီဖြစ်သည်။

ဒီဇင်ဘာ ၂၁ရက်တွင်နောက်ထပ်နိုင်ငံ ၂၁ နိုင်ငံ၌ ရရှိနိုင်မည်ဖြစ်ကာ ၂၀၁၂ခုနှစ်အကုန်တွင်တစ်ကမ္ဘာလုံးဈေးကွက် ၉၇ တွင် ဝယ်ယူနိုင်မည်ဖြစ်သည်။

နိုင်ငံအများအပြားတွင် အက်ပဲလ်ပရိသတ်များက i Phone စတိုးများ ရှေ့၌ တန်းစီဝယ်ယူကြသော်လည်း တရုတ်နိုင်ငံ ဘေဂျင်းဆိုင်ကြီးတွင်မူ ငြိမ်သက်နေကြောင်း သိရသည်။

i Phone 5 တွင် ၄ လက်မ LED မီးနောက်ခံမျက်နှာပြင်နှင့် ပုံရိပ်အရည်အသွေး ၆၄၀ × ၁၁၃၆ ရှိကာ မှန်အားခြစ်ရာစင်းရာအတွက် ကာကွယ်ထားသည်။ ဟန်းဆက်ကို မောင်းနှင်ရန် IOS6 စနစ်တပ်ဆင်ထားသည်။ Ram မှာ 2 GB ရှိပြီး ကင်မရာမှာ 8 megapixel autofocus ဖြစ်ကာ ဗီဒီယိုအတွက် HD အပြည့်သုံးနိုင်သည့် စွမ်းရည်များပါဝင်ပြီး မျက်နှာချင်းဆိုင် ကင်မရာလည်း ပါဝင်သည်။

*—Ref: Tech Source*

# အင်တာနက်အပေါ် သဘောထားကွဲလွဲမှုကြောင့် ကုလဆက်သွယ်ရေး သဘောတူညီချက်ကို အမေရိကန် ပယ်ချ

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၁၅**

ကုလသမဂ္ဂ၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံတို့သည် ဒူဘိုင်းမြို့အစည်းအဝေးတွင် ကုလသမဂ္ဂ၏ ဆက်သွယ်ရေးနှင့် အင်တာနက်ဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ထိုးရန် ငြင်းဆန်လိုက်ကြောင်း သိရသည်။ အကြောင်းမှာ ယင်းသဘောတူညီချက်၌ အင်တာနက်အပေါ် အစိုးရက စည်းကမ်းများ ချမှတ်ရေး လမ်းဖွင့်ထားသောကြောင့်ဟု အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ပြောသည်။

"သဘောတူညီမှုကို လက်ရှိအနေအထားအတိုင်း အမေရိကန်က လက်မှတ်မထိုးနိုင်ကြောင်း ကြေညာအပ်ပါတယ်" ဟု ဒူဘိုင်းမြို့ နိုင်ငံတကာဆက်သွယ်ရေး ကမ္ဘာ့ညီလာခံမှ နေ၍ ကန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မစ္စတာ တယ်ရီခရမ်မာက ပြောကြားသည်။

ကုလသမဂ္ဂ၏ သဘောတူညီချက်မှာ အင်တာနက်အချက်အလက်ပါဝင်မှုနှင့် အုပ်ချုပ်ရေးအထိ မရောက်ရှိရဆိုသည်ကို အမေရိကန်က တစ်လျှောက်လုံး ယုံကြည်ခဲ့ကြောင်းနှင့် ဆက်လက်ယုံကြည်နေဆဲဟု မစ္စတာကယ်ရီက ဆိုသည်။

"အင်တာနက်ပေါ် လစီကို အဖွဲ့ဝင်နိုင်ငံတွေက မဆုံးဖြတ်သင့်ဘဲ နိုင်ငံသားတွေ၊ လူ့အဖွဲ့အစည်းတွေနဲ့ ကျယ်ပြန့်တဲ့ လူ့အသိုင်းအဝိုင်းက ဆုံးဖြတ်စေသင့်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကနေ ဆွေးနွေးတိုင်ပင်မှုတွေဟာ အရေးအကြီးဆုံးဖြစ်ပါတယ်"'ဟု ၎င်းက ပြောကြားရင်း "ဒီမှာ ဒီလိုမျိုးမဖြစ်ခဲ့ပါဘူး" ဟု ပြောကြားသည်။

နောက်ဆုံး စာရင်းချုပ်ချိန်တွင် အမေရိကန်နှင့် အခြားနိုင်ငံများအကြား သဘောထား နှစ်ခြမ်းကွဲလွဲနေသည်။ အမေရိကန်နှင့် မဟာမိတ်များက အင်တာနက်အား ထိန်းချုပ်မှုမလုပ်ဘဲ ဖွင့်ထားလိုပြီး အာဏာရှင်ဆန်သော အစိုးရများက အင်တာနက်တွင် ပါဝင်မှုနှင့် အသုံးပြုမှုကို ထိန်းချုပ်မှုများ လုပ်ဆောင်ရန် ကြိုးစားခဲ့သည်။

*—Ref: AFP*

# ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော လိုင်စင်များ အွန်လိုင်းတွင် သက်တမ်းတိုးနိုင်ရန်စီစဉ်

**နိုင်ချို**

**ရန်ကုန်၊ဒီဇင်ဘာ-၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက လာမည့် တစ်နှစ်တာကာလအတွင်း အွန်လိုင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော သက်တမ်းတိုးမှုများ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

ဧည့်လမ်းညွှန်များ၏ လိုင်စင်များ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများ၏ လိုင်စင်သက်တမ်းများအပြင် ပြည်ပခရီးသည်တင် ဘတ်စ်ကားများ (နံပါတ်အပြာ)၏ လိုင်စင်သက်တမ်းများကိုပါ အွန်လိုင်းမှ သက်တမ်းတိုးနိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"အွန်လိုင်းကနေ သက်တမ်းတိုးနိုင်အောင် ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုရယ်၊ သက်ဆိုင်ရာဌာနရယ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက အိုင်တီဌာနရယ် ပူးပေါင်းဆောင်ရွက်သွားမှာပါ။ ဆော့ဖ်ဝဲကုမ္ပဏီက ပြည်ပကကုမ္ပဏီဖြစ်နိုင်သလို ပြည်တွင်းကကုမ္ပဏီလည်းဖြစ်နိုင်ပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းကပြောသည်။

ဆော့ဖ်ဝဲကုမ္ပဏီအား တင်ဒါစနစ်ဖြင့် ခေါ်ယူမည်မဟုတ်ကြောင်းလည်း သတင်းရရှိသည်။

"သက်တမ်းတိုးတဲ့ကိစ္စတွေကို အွန်လိုင်းကနေ လုပ်လို့ရပြီဆိုရင် နေပြည်တော်အထိ သွားစရာမလိုတော့ အချိန်ကုန်လူပန်း သက်သာတယ်။ အမှန်တကယ်ဖြစ်လာရင် ကျွန်တော်တို့ကလည်း ကြိုဆိုပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

ထွန်းမြန်မာ ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးထွန်းမြတ်ကလည်း "လိုင်စင်သက်တမ်းတိုးရတာ နေပြည်တော်ပြောင်းသွားပြီးကတည်းက အဆင်မပြေဘူး။ အွန်လိုင်းကနေ သက်တမ်းတိုးလို့ရမယ်ဆိုတာ ကောင်းတဲ့ကိစ္စပဲ။ အချိန်ကြန့်ကြာတာ သက်သာမယ်။ လူပင်ပန်းသက်သာသွားတာပေါ့"ဟု ပြောသည်။

# လက်ကိုင်ဖုန်းများနှင့်ပတ်သက်၍ ဝီကီပီးဒီးယား၏ အမြင်သစ်

**နယူးယောက်၊ ဒီဇင်ဘာ - ၁၄**

လက်ကိုင်ဖုန်းများမှာ အင်တာနက်စွယ်စုံကျမ်း ဝီကီပီဒီယားအတွက် တစ်ကမ္ဘာလုံး လွှမ်းမိုးနိုင်ရန် လမ်းကြောင်းဖြစ်သော်လည်း ၎င်းတို့ဝက်ဘ်ဆိုက်က အဓိကထားသည့် လူထုရင်းမြစ်ကို အားကိုးသောယဉ်ကျေးမှုကိုခြိမ်းခြောက်နိုင်ကြောင်း ဝီကီပီးဒီးယား၏ အမှုဆောင်အရာရှိချုပ် ဆူးဂါ့ဒ်နာက ပြောကြားသည်။

တစ်ဖက်တွင်လည်း စားပွဲတင် ကွန်ပျူတာများနှင့် လက်ပ်တော့များထက် လက်ကိုင်ဖုန်းနှင့် တစ်ပါတည်း သယ်ဆောင်နိုင်သော နည်းပညာပစ္စည်းများကို အသုံးပြုသူများထံ ပိုမိုရောက်ရှိရေးအတွက် လက်ကိုင်ဖုန်းများမှာ အကောင်းဆုံးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လောလောဆယ်တွင် ဝီကီပီးဒီးယားမှာ နည်းပညာပစ္စည်း အများအပြားပိုင်ဆိုင်ပြီး အင်တာနက် ဆက်သွယ်မှု မြန်ဆန်သော လက်လှမ်းမီမှုများသော ချမ်းသာသည့်နိုင်ငံများ၌ လူကြိုက်အများဆုံး၊ အထိရောက်ဆုံးဖြစ်သည်ဟု မစ္စစ်ဆူးဂါ့ဒ်နာက ပြောသည်။

လက်တင်အမေရိကနှင့် အာရပ်ကမ္ဘာတွင် ဝီကီပီးဒီးယားအား မြစ်တွယ်လာရန် မိုဘိုင်းဖုန်းကုမ္ပဏီများက အခကြေးငွေမယူဘဲ ၎င်းတို့ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ခွင့်ပြုရန် ဝီကီပီးဒီးယားက အလိုရှိနေသည်။

"အချက်အလက်အတွက် အခကြေးငွေယူနေတာက ဆင်းရဲတဲ့နိုင်ငံတွေမှာ အင်တာနက်အသုံးပြုမှုအတွက် ကြီးမားတဲ့ အတားအဆီးဖြစ်နေပါတယ်" ဟု မစ္စစ်ဆူးက ပြောကြားပြီး အချက်အလက် အကျဉ်းချုပ်များသာ ပါဝင်သည့် ပုံစံသစ် တစ်မျိုးဖြင့် ၎င်းတို့စွယ်စုံကျမ်းဝက်ဘ်ဆိုက်ကို ထပ်မံလုပ်ဆောင်သွားမည်ဟုလည်း ၎င်းက ပြောသည်။

တစ်ဖက်တွင်လည်း လက်ကိုင်ပစ္စည်းများကို အသုံးပြု၍ အင်တာနက် အသုံးပြုခြင်းကြောင့် အများပြည်သူအတွက် အချက်အလက်များ ပြင်ဆင်ဖြည့်စွက်ပေးခြင်း လုပ်ဆောင်မည့်သူများနည်းပါးလာမည်ကို စိုးရိမ်မိကြောင်းလည်း ဝီကီပီးဒီးယားအမှုဆောင်အရာရှိချုပ်ကပြောသည်။







LipIce
Sheer Color
Miss LipIce
ရွေးချယ်ပွဲ
ကျပ် Miss LipIce ၁၀ သိန်း
ကျပ် 1st Runner up Award ၅ သိန်း
ကျပ် Popular Choice Award ၄ သိန်း
ကျပ် 2nd Runner up Award ၃ သိန်း
ကျပ် Best Smile Award ၁ သိန်း
ပိုင်ဆိုင်နိုင်သောဆု
www.facebook.com/lipicemyanmar
www.lipicemyanmar.com
mslipicecontest@gmail.com
Online : lipicemyanmar
mslipicecontest@gmail.com
ROHTO


DANAR
Management & Services Overseas Employment Agency
No .168 , Ground Floor , 37th Street , Kyauktada Township , Yangon , Myanmar . Tel :01- 253808 , 01- 391468
Free fast visa & joining ticket, two years vocation ticket free
1၊ U .A. E နိုင်ငံရှိ Dubai Airport( ဒူဘိုင်းလေဆိပ် )အတွက်
ဝန်ထမ်းများအမြန်အလိုရှိသည်။ ( သင်တန်းအခမဲ့ပေးပါသည် ။ )
Confirm Interview Date – 23rd ,24th . 12 . 2012 ( Full Day )
Customer Service Staff (Males Only ) 200 1200 AED + OT
+ Free Food + Free Accommodation + Free Transportation
Required Big number , Good Chance to get good job in Dubai Airport , Apply Now !!!
နေ / စား / အလုပ်သွားမြန် စိုက်ငြိမ်း


Vivir Cream
ရေယုန်လိမ်းဆေး
Vivir Cream
WHO-GMP
5g
PACIFIC Pharmaceuticals Pte Ltd

7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012





# ဂန္ဓလရာဇ် ခရီးသည်(၄)

## အခန်း(၄) - မဟာရံတံတိုင်း (၃၁ အောက်တိုဘာ ၂၀၁၂)

ကျော်ဝင်း

■ **ဆင်းရဲမှုလျှော့ချရေး**

ထိုနေ့အစီအစဉ်အရ မဟာရံတံတိုင်းသို့ သွားကြမည်ဖြစ်ရာ ကျွန်တော်တို့အားလုံး စိတ်စောနေကြသည်။ သို့နှင့်တိုင် မဟာရံတံတိုင်း ခရီးမှာ နေ့လယ်စာစားပြီး တစ်နာရီခွဲမှ စမည်ဖြစ်ရာ မနက်ပိုင်း အစီအစဉ်တစ်ခု ရှိနေသေးသည်။ နိုင်ငံတော်ကောင်စီ ဆင်းရဲမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဦးဆောင်အဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး မစ္စတာတန်ဝေးဖိန်၏လက်ချာ။ သူပို့ချမည့်အကြောင်းအရာက စိတ်ဝင်စားစရာ။ ဆင်းရဲမှုလျှော့ချရေး။ သို့နှင့် စာရေးသူ မပျက်မကွက် တက်ဖြစ်သည်။ ဂရုတစိုက် နားထောင်ဖြစ်သည်။

မစ္စတာတန်က ၁၉၈၀ ဝန်းကျင် ပြုပြင်ပြောင်းလဲမှု ကနဦးကာလလောက်မှစ၍ သူ့လက်ချာကို ဖွင့်သည်။ စီမံကိန်းမှ ဈေးကွက်သို့လှည့်ပြောင်းယူရသော ဘာသာရပ်အသစ်။ ကျွန်တော်တို့တစ်တွေ ဂရုစမ္မထား လေ့လာခဲ့ရသော ဘာသာရပ်။ ထိုစဉ်ကာလက သီအိုရီမဲ့ လမ်းသစ်ထွင်ရသည်ဖြစ်၍ ပို၍ပင် စိတ်ဝင်စားဖို့ကောင်းနေသည်။ ကမ္ဘာ့အင်အားအကြီးဆုံး ဆိုရှယ်လစ်နိုင်ငံကြီးနှစ်ခုလုံး ဤသမိုင်းပေး အလှည့်အပြောင်းတာဝန်ကြီးကို လုပ်ခဲ့ကြရသည်။ ရည်မှန်းချက်တူသည့်တိုင် တစ်ထပ်တည်းတော့ မကျ။ ပုံစံနှစ်မျိုး ကွဲထွက်သွားမည်။ ရုရှားနည်းနှင့် တရုတ်နည်း(သို့မဟုတ်) ဂေါ်ဘာနေ့ တစ်နည်းနှင့် တိန့်ရှောက်ပင်နည်း။ ဆိုကြပါစို့ 'ဂိုဘီ' နည်းနှင့် 'တိန့်' နည်း။

ဂိုဘီနည်းက 'ဂလပ်စနော့' (ပွင့်လင်းရေး) နှင့် 'ပယ်ရီစတိုရီကာ'(ပြန်လည်ဖွဲ့စည်းရေး) ကိုတွဲလုပ်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို တစ်ပြိုင်နက် အကောင်အထည်ဖော်သည့်နည်း။ တိန့်နည်းက 'လေးမျိုးခေတ်မီရေး' နှင့် စသည်။ 'ပဉ္စမမြောက်ခေတ်မီရေး' (နိုင်ငံရေးပြုပြင်ပြောင်းလဲမှု) အကြောင်း ယောင်လို့မှ မဟ။ ဂိုဘီနည်းကမြို့မှစသည်။ ပြီးမှ တောသို့လာသည်။ တိန့် နည်းက ပြောင်းပြန်။ ကျေးလက်ဒေသမှစတင်သည်။ ဆိုရှယ်လစ် အမှတ်လက္ခဏာ၊ 'ဘုံအဖွဲ့' များကို ဖျက်သိမ်းကာ 'ကိုယ်ထူကိုယ်ထစနစ်' (Responsibility System) ကို တရားဝင်ခွင့်ပြုလိုက်သည်။ လယ်သမားထုကို လွတ်လွတ်လပ်လပ် စိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ ရောင်းချခွင့်ပြုလိုက်သည့် သဘောဖြစ်သည်။ ဆိုရလျှင် စိုက်ပျိုးရေးလုပ်ငန်း၊ ကျေးလက်စီးပွားရေး တစ်ခုလုံးကို ဈေးကွက်ဘောင်သွင်းလိုက်သည့်သဘောဖြစ်သည်။ ဤသည်ပင် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးဟု မစ္စတာတန်က မှတ်ချက်ပြုပါသည်။

ဤနည်းဖြင့် ကျေးလက်စီးပွားရေး အခြေခိုင်လာမှ ဒုတိယအဆင့်ခေတ်မီရေး (မြို့ပြစီးပွားရေး)ကိုစသည်။ ဤနေရာတွင်လည်း ကုန်ဈေးနှုန်းထိန်းချုပ်မှုကို အလျင်စလိုမလွှတ်လိုက်ဘဲပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကိုသာ တစစ ခွင့်ပြုပေးသည်။ ပုဂ္ဂလိက စီးပွားရေးအရှိန်ရလာမှ ဈေးကွက်ကို ဖြည်းဖြည်းချင်းဖွင့်ပေးသည်။ သည်လိုနှင့် ဆင်းရဲမှုမလျှော့ချရေး ဗျူဟာကို မြို့ပြဒေသတွင် ကျင့်သုံးသည်ဟု ဆိုပါသည်။ ဆိုရလျှင် တရုတ်ပြည်စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို ဆင်းရဲမှု လျှော့ချရေးဖြင့် စတင်လိုက်သည့် သဘောပင်ဖြစ်သည်။

မစ္စတာတန်၏ မိခင်အဖွဲ့အစည်း 'နိုင်ငံတော်ကောင်စီဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဦးဆောင်အဖွဲ့' (The State Council Leading Group of Poverty Alloviation and Development) ကိုမူ ၁၉၈၆ခုနှစ် ရောက်မှ စတင်တည်ထောင်ခြင်းဖြစ်သည်။ အဆိုပါ နိုင်ငံတော်အဆင့်၏အောက်တွင် ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်၊ မြူနီစပါယ်အဆင့်၊ မြို့နယ်အဆင့် စသဖြင့် အဆင့်ဆင့် အဖွဲ့ခွဲတွေရှိသည်။ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ကို တစ်တိုင်းပြည်လုံး စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ချိတ်ဆက်ပြီး နိုင်ငံတော်မှ တိုက်ရိုက်ကြီးကြပ်လိုက်သည့် သဘောဟု နားလည်ရပါသည်။ တစ်နည်းဆိုရလျှင် ပထမဈေးကွက်ကိုဖွင့်ပေးပြီး နောက်မှ နိုင်ငံတော်က ပြန်ကိုင်လိုက်သည့်သဘော။ အစိုးရဆိုရှယ်လစ်စနစ်မှ အစိုးရ အရင်းရှင်စနစ်သို့ ရည်ရွယ်ချက်ရှိရှိ ဦးတည်ပေးလိုက်ခြင်းဖြစ်ပေလိမ့်မည်။

မစ္စတာတန်ကမူ သူတို့ပေါ်လစီ၏ အောင်မြင်မှုကို ကိန်းဂဏန်း စာရင်းဇယားတွေဖြင့် ဆက်လက်ရှင်းပြနေသည်။ ၂၀၀၀ ပြည့်နှစ်က ကျေးလက်ဒေသ ဆင်းရဲသားဦးရေမှာ ၉၄ ဒသမ ၂၂ သန်းရှိခဲ့ရာမှ ၂၀၁၀ တွင် ၂၆ ဒသမ ၈၈ သန်းသို့ လျှော့ကျသွားသည်ဟု ဆိုသည်။ ကျေးလက်လူဦးရေတစ်ခုလုံး၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းမှ ၂ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည့် သဘောပင်ဖြစ်သည်။ ဤကာလအတွင်း နိုင်ငံတော်မှ တာဝန်ယူ ထောက်ပံ့သော ကျေးလက်စီးပွားရေး သွင်းအားစုမှာလည်း ၂၀၀၁ ခုနှစ်က ၁၂၇ ဒသမ ၄၇ ဘီလီယံယွမ်သာရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၃၄၆ ဒသမ ၆၉ ဘီလီယံယွမ်အထိ ရှိသည်ဟု ဆိုသည်။ သုံးဆမျှ တိုးလာသည့် သဘောဖြစ်သည်။ ဤနေရာအရောက်တွင် စာရေးသူမှာ ဥရောပနိုင်ငံများ ကျင့်သုံးနေသော 'လယ်ယာသီးနှံကို အစိုးရငွေလုံးငွေရင်းဖြင့် ကျားကန်သည့် ပေါ်လစီ' အကြောင်း မစဉ်းစားဘဲ မနေနိုင်။ ဖွံ့ဖြိုးဆဲနိုင်ငံ အများစုက ဤပေါ်လစီကို အကြီးအကျယ် ဝေဖန်နေကြသည်။ 'ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့' (WTO) ဒီဘိတ်များ။ ဦးဆောင်ဝေဖန်သူက တရုတ် . . . ။

"ဒီလောက်များတဲ့ ထောက်ပံ့ငွေတွေကို ဘယ်ပုံစံနဲ့ ပေးတာပါလဲ။ အမတော်ကြေး အနေနဲ့လား။ ချေးငွေအနေနဲ့လား . . "

ကျွန်တော့်အတွေးကိုရိပ်စားမိဟန်ရှိသော မစ္စတာတန်က ချက်ချင်းအဖြေပေးပါသည်။

"အဓိကသုံးတာကတော့ အခြေခံ အဆောက်အအုံ အတွက် ရင်းနှီးမြှုပ်နှံပါတယ်။ ပညာရေးနဲ့ ကျန်းမာရေးအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်လည်း သုံးတယ်။ အမတော်ကြေးအနေနဲ့ပေးတာ ရှိသလောက်တော့ ရှိပါတယ်။ ဒါပေမဲ့ အနည်းစုပါ . . ။

ကျွန်တော်တို့နိုင်ငံတွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးနှင့် မျဉ်းပြိုင်ဆွဲ စဉ်းစားနေမိသည်။ ကျေးလက်စီးပွားရေးသို့ ငွေလုံးငွေရင်း ထည့်သွင်းတာချင်း ခပ်ဆင်ဆင်တူသည့်တိုင် သဘောသဘာဝချင်း သိပ်မတူဟု ထင်သည်။ ကျွန်တော်တို့က ပုဂ္ဂလိကအားကို ယူဖို့ကြိုးစားနေဟန်ရှိသည်။ သူတို့က အစိုးရအားကို ယူသည်။

ထိုနေ့က အကြောင်းအရာမှာ အထူးစိတ်ဝင်စားစရာကောင်းနေ၍ မနက်အိပ်ရာထက စိတ်စောနေသော မဟာရံတံတိုင်းကြီးကိုပင် မေ့ချင်ချင်။ သို့တစေ . . တကယ်ရောက်သွားတော့ မမေ့နိုင်။ မေ့ရက်စရာမရှိ . . ။

**ဝိရောဓိ**

နေ့လယ် တစ်နာရီခွဲတိတိတွင် ဟိုတယ်မှ ထွက်ဖြစ်သည်။ သိပ်မကြာလိုက်။ တစ်နာရီ ဖျော့ဖျော့လောက် မောင်းလိုက်လျှင်ပင် ကျယ်ဝန်းသပ်ရပ်ခန့်ညားသော အဝေးပြေးလမ်းမကြီးမှအပကွန်ကရစ်တိုက်တာ အိမ်ခြေအဆောက်အအုံတွေ သိပ်မတွေ့ရတော့။ သူတို့နေရာတွင် တောနှင့်တောင်က နေရာယူလာသည်။ ပေကျင်းမြို့တော်ကား တောင်ပတ်လည်ဝိုင်းနေသော မြို့ကြီးတစ်မြို့ပင်။ စိမ်းသော၊ ပြာသော၊ မရမ်းသွေး ညို့နေသော တောင်တန်းကြီးများကိုငေးရင်းစိတ်အလျဉ်က လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ၁၉၄၉ ခုနှစ်သို့ ပြန်ရောက်သွားသည်။ မော်စီတုန်းခေါင်းဆောင်သော တရုတ်တပ်နီတော်၏ ပြည်တော်ဝင်ခန်း။

ပေကျင်းမြို့တော်သို့တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရုံးအဖွဲ့မဝင်မီ တစ်ညအလို။ ထိုညတွင် ပေကျင်းမြို့ပြင် နံ့သာတောင်ကုန်းထက်တွင် 'မော်' တစ်ညအိပ်ရပ်နားသည်။ နောက်တစ်နေ့မှ အခမ်းအနားနှင့် ဝင်မည်လော။ သူ၏ ကိုယ်ရေးအရာရှိ အရှေ့ရဲဘော်က မော့်အတွက် မွေ့ရာထူထူနှင့် အိပ်ရာနေရာ အကျအနပြင်ပေးသည်။ တော်လှန်ရေးတစ်လျှောက်လုံး ပြင်ချပ်ပေါ်တွင်သာ အိပ်ခဲ့သော မော်မှာ မွေ့ရာအတွေ့တွင် ဘယ်လိုမှအိပ်လို့မပျော်။ တစ်ညလုံး ငုတ်တုတ်ထိုင် မိုးလင်းခဲ့ရသည်ဟု ဆိုသည်။

နောက်တစ်ပတ်ခန့်အကြာတွင် တီယံမင်မုခ်ဦးမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ကြောင်း ကြေညာလေတော့သည်။ ထိုစဉ်က မော်၏ အသက်မှာ ၅၀ စွန်းခါစ။ နုပျိုသန်မာဆဲ။ ထို့နောက် ၁၉၅၀ ပြည့်လွန်နှစ်များ . . ။ 'ပန်းပေါင်းတစ်ရာကာလ' ။ 'ပန်းပေါင်းတစ်ရာပွင့်ပါစေ၊ ပညာရှင်တိုင်း ငြင်းခုံကြပါစေ' ဟု မော်က ကြွေးကြော်လိုက်သည်။ သို့တိုင်အောင် နောင်ဆယ်နှစ်မရှိတရှိအကြာ ၁၉၆၀ ပြည့် လွန်နှစ်များရောက်တော့ 'ယဉ်ကျေးမှုတော်လှန်ရေး' ဟုဆိုကာ ပန်းခုတ်ပွဲကြီး ကျင်းပလေတော့သည်။ ပြီးတော့ သူကိုယ်တိုင် စုစည်းခဲ့သည့် တရုတ်ပြည်ကြီးကို 'သရောကြီးခိုင်း' စေခဲ့သည့် 'ရှေ့သို့ခုန်ပျံကျော်လွှားရေး လှုပ်ရှားမှု'

'မော်သည် ကဗျာဆရာလော . . စစ်ဝါဒီလော . . ။ တော်လှန်ရေးသမားလော၊ အာဏာရှင်လော၊ တိုင်းပြည်ပြုသူလော၊ တိုင်းပြည်ဖျက်သူလော . . . '။ ဝိရောဓိများနှင့် လူဖြစ်ပေလိမ့်မည်။

အတွေးတို့ မဆုံးတတ်သေးမီမှာပင် မြင့်၍ မြင့်၍ မြင့်သွားသော၊ တက်သွားသော တောင်စဉ်တောင်တန်းများထက် ကွေ့၍ ကွေ့၍ တက်သွားသော မဟာရံတံတိုင်းကြီးကို ခပ်ရေးရေး စမြင်ရသည်။ နီး၍ နီး၍ လာသည်နှင့်အမျှ အဝေးမြင် ပန်းချီကားကြီးမှာ ပီ၍ ပီ၍လာသည်။ တောင်တန်းစိမ်းပြာနောက်ခံထက်မှ ကျောက်သားဖြူလွှ၊ တံတိုင်းဝေ့ဝိုက်။ ကမ္ဘာလာ စိမ်းမြမှီ အုံးကြီးထက်၊ လျော့ရိလျော့ရဲ ကျနေသော ငွေရောင်ဖဲပြား ဖြူလွှလေးလို . . . ။

စိတ်အလျင်မှာ မဟာရံတံတိုင်းပေါ် ပြေးတက်သွားပြီး လွန်ခဲ့သော နှစ်ပေါင်း ၂,၀၀၀ ကျော် ဘီစီသုံးရာစုသို့ ရောက်သွားပြန်သည်။ မဟာရံတံတိုင်းကြီး၏ ပထမဆုံး ဖန်တီးရှင် ဧကရာဇ်ဘုရင် 'ရှီဝမ်တီ'။ မြောက်ဘက်မှ အရိုင်းအစိုင်းများ၏ အန္တရာယ်ကိုကာကွယ်ရန် တရုတ်ပြည်မြောက်ပိုင်း နယ်နမိတ်တစ်လျှောက် ကီလိုမီတာ ၂,၄၀၀ ရှည်သော ဤတံတိုင်းကြီးကို စတင်တည်ဆောက်ခဲ့သူ။

ရှီဝမ်တီမှာ ချင်မင်းဆက်၏ ပထမဆုံးဘုရင်။ တရုတ်မြို့ပြနိုင်ငံများကို စုစည်းကာ ပထမဆုံး တရုတ်အင်ပါယာကို ထူထောင်ခဲ့သူ။ တစ်ပြိုင်နက်တည်းမှာပင် ဤရှီဝမ်တီကပင် ကွန်ဖျူးရှပ်စာပေကျမ်းခံများကို မီးရှို့ဖျက်ဆီးခဲ့သည်။ လူ့အသက်ပေါင်းမြောက်မြားစွာရင်းပြီး မဟာရံတံတိုင်းကြီးကိုတည်ဆောက်ခဲ့သည်။ သူသည်လည်း ဝိရောဓိများနှင့် လူပင်။ စာရေးသူမှာ တရုတ်အင်ပါယာ စတင်ထူထောင်ခဲ့သူနှင့် ခေတ်သစ်တရုတ်ပြည် စတင်စုစည်းခဲ့သူ နှစ်ဦးကို နှိုင်းယှဉ်စဉ်းစားကြည့်နေမိသည်။ တရုတ်လူထုက သူတို့နှစ်ယောက်လုံးကို ယနေ့ထက်တိုင် မမေ့။ ချစ်ခင်လေးစားစိတ် တစ်ဝက်၊ စိုးရွံ့ကြောက်လန့်စိတ်တစ်ဝက်ဖြင့် အစဉ်သတိရနေကြလိမ့်မည်ထင်သည်။

ခန့်ညားထည်ဝါသော၊ရောင်စုံပြိုးပြက်သော တရုတ်ဗိသုကာဟန် မုခ်ဦးကြီးကို ရောက်တော့မှ 'မော်'ရော၊ 'ရှီ' ပါ ထွက်ပြေးသွားကြတော့သည်။ မုခ်ဦးကြီးကို နောက်ခံပြု၍ ကျွန်တော်တို့တစ်ဖွဲ့လုံး အမှတ်တရဓာတ်ပုံရိုက်ကြသည်။ တောင်ပေါ် မတက်ရသေး။ မုခ်ဦးရှိရာလွင်ပြင်မှာပင် လေကဟူးဟူးရားရား တိုက်နေသည်။ နေ့ခင်းနေခြည်နွေးနွေးကြောင့် ပြောလောက်အောင်တော့ မချမ်း။ မဟာရံတံတိုင်း၏ နာမည်ကျော်လေပြင်းနှင့် နာမည်ကျော်အအေးကြောင့် ရှိသမျှအဝတ်အစားတွေ ထပ်ဝတ်လာကြသော ကျွန်တော်တို့တစ်တွေမှာ လူနှင့်ပင်မတူ။ မီးပုံးပျံကြီးတွေလို ဖောင်းဖောင်းအိအိကြီးတွေ ဖြစ်နေတော့သည်။

တံတိုင်းပေါ် ရောက်တော့ မြင်ကွင်းက ပိုကြည်လာသည်။ ပိုပီလာသည်။ ဟိုး . . တစ်မျှော်တစ်ခေါ် အဝေးကြီးအထိ မြွေလိမ်မြွေကောက် မြင်နေရသည်။ တက်ခါစမို့လားမသိ။ မောလှသည်မရှိ။ တငြိမ့်ငြိမ့် တက်ရင်း တစိမ့်စိမ့် တွေးနေရသည်မှာ အရသာရှိလှသည်။ အမှန်စင်စစ် ဤတံတိုင်းကြီးကို ရှီဝမ်တီလက်ထက်က စတည်ဆောက်ခဲ့သည် ဆိုသော်လည်း အပြီးသတ်ခဲ့သည်မဟုတ်။ ယခု ကျွန်တော်တို့ မြင်တွေ့နေရသည်မှာလည်း ဘီစီသုံးရာစုလက်ရာ ဟုတ်ကောင်းမှ ဟုတ်ပါလိမ့်မည်။ အေဒီ ၁၅ ရာစုနှင့် ၁၆ ရာစု 'မင်'မင်းဆက် လက်ထက်တွင် မွန်ဂိုအန္တရာယ်ကာကွယ်ရန်အတွက် ဤတံတိုင်းကြီးကို ထပ်မံတည်ဆောက်ခဲ့ကြသည်ဟုဆိုသည်။ ဘုရင်၏ သေနာပတိချုပ်က တာဝန်ယူ တည်ဆောက်ခဲ့သည်ဖြစ်ရာ ဤတစ်ကြိမ်တွင်လည်း အသက်ပေါင်းများစွာ စတေးခဲ့ရသည်ဟု ဆိုပါသည်။

တွေးမိတော့ မဟာရံတံတိုင်းနှင့် ပတ်သက်၍ စာရေးဆရာကြီး လူရွှန်း ပြောခဲ့သည်ဆိုသော မှတ်ချက်စကားကို ဖျတ်ခနဲ အမှတ်ရလိုက်သည်။ 'မဟာရံတံတိုင်းကြီးကား အံ့ဖွယ်အတိဖြစ်ပါ၏။ ကျိန်စာကြီးလည်း ဖြစ်ပေ၏ . . . "။

လူရွှန်း၏စကားကို အနုလုံပဋိလုံ စဉ်းစားရင်းမှ တောင်စဉ်တောင်တန်းများကြားတွင် ရှီဝမ်တီ၏ ဝိညာဉ်ကို တွေ့ရသလိုရှိသည်။ မော်၏ဝိညာဉ်ကိုလည်း တွေ့ရသလိုရှိသည်။ ထို့ထက် အမည်မသိ လူပေါင်းများစွာ၏ မကျွတ်မလွတ်တတ်သေးသော ဝိညာဉ်များ . . . ။ သမိုင်းဆိုသည်မှာ ကြီးကျယ်ခမ်းနားမှုများ၊ ကြေကွဲဝမ်းနည်းဖွယ်ရာများဖြင့် ယက်ရှယ်ထားသည့် အဆုံးမရှိဝေဒနာကမ္ဗလာထည်ကြီးပေတကား။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012


ကြေးစင်တောင်ကြေးနီစီမံကိန်းကို အဝေးမှမြင်တွေ့ရစဉ်

# မြန်မာ့ ကြေးနီ

အောင်စည်ဟိန်း

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မြန်မာတိုင်း(မ်)ဂျာနယ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်အတွင်းရှိ လက်ပံတောင်းတောင်သတ္တုသိုက်မှ ကြေးနီသတ္တုရိုင်းတန်ချိန် သန်းပေါင်း ၂,၀၀၀ ကျော် ထွက်ရှိနိုင်ပြီး အရှေ့တောင်အာရှတွင် အကြီးဆုံးသတ္တုသိုက်ဖြစ်ကြောင်း သိရသဖြင့် ဝမ်းသာမိသည်။ ထို့ကြောင့် စာပေထဲက ကြေးနီအကြောင်းကို စာဖတ်ပရိသတ်ထံ ကောက်နုတ်တင်ပြလိုသည့်ဆန္ဒဖြင့် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

ကြေးနီသည်လွန်ခဲ့သောနှစ်ပေါင်း ၁၅,၀၀၀ ခန့်ကတည်းက လူတို့တွေ့ရှိခြင်း ဖြစ်နိုင်ကြောင်း၊ လူတို့ စတင်သုံးစွဲတတ်သော သတ္တုမှာ ကြေးနီဖြစ်ကြောင်း၊ ဘီစီ ၄၀၀၀ မှ ၃၅၀၀ ခန့်အတွင်း ကြေးနီကို အီဂျစ်လူမျိုးတို့ စတင်သုံးစွဲရင်း ဥရောပတိုက်သို့ ကြေးနီယဉ်ကျေးမှု ပျံ့နှံ့သွားဖွယ်ရှိကြောင်း၊ ကြေးနီသည် ပျော့ပျောင်းသော သတ္တုဖြစ်ပြီး အပြားခတ်ခြင်း၊ နန်းကြိုးဆွဲခြင်း၊ လိုရာပုံသို့ ဖိနှိပ်ထုနှက်ပုံသွင်းနိုင်ခြင်း၊ ရာသီဥတုဒဏ်ကိုခံနိုင်ခြင်း၊ ရေငန်ဒဏ်ခံနိုင်ခြင်း၊ တိုက်စားမှုဒဏ်ခံနိုင်ခြင်း၊ လျှပ်စစ်နှင့် အပူဓာတ် လွယ်ကူစွာ ဖြတ်စီးနိုင်ခြင်း စသည့် ဂုဏ်သတ္တိများ ရှိကြောင်း၊ ကြေးနီကို သံဖြူ၊ ခဲ၊ သွပ်၊ ကက်ဒ်မီယမ်၊ နစ်ကယ်၊ မဂ္ဂနီးစ်၊ အလူမီနီယမ်စသည့် သတ္တုတစ်မျိုးမျိုးနှင့်လည်းကောင်း၊ တစ်မျိုးထက်ပို၍လည်းကောင်း အချိုးအစားအမျိုးမျိုး ရောစပ်ကျိုချက်ခြင်းဖြင့် ကြေးနီစပ်သတ္တုများ ရရှိကြောင်း၊ ဥပမာ - ကြေးနီနှင့် သံဖြူရောစပ်၍ ကြေးညိုရခြင်း၊ ကြေးနီနှင့် သွပ်ရောစပ်၍ ကြေးဝါရခြင်းမျိုးဖြစ်ကြောင်း၊ ကြေးနီသတ္တုရိုင်းတွင် ရွှေနှင့်ငွေပါလာပါက လျှပ်လိုက်ရည် (electrolyte) ကို သုံး၍ ရွှေနှင့်ငွေ ထုတ်ယူနိုင်ကြောင်း သိရပါသည်။

ဖော်ပြပါ ကြေးနီနှင့် ကြေးနီစပ်သတ္တုများကို သုံး၍ ထုတ်လုပ်နိုင်သော ပစ္စည်းများမှာလည်း အံ့မခန်းပင် ဖြစ်ပါသည်။ ပစ္စည်းအချို့ကို ဖော်ပြရလျှင် သေနတ်အမြောက်နှင့်ကျည်ဆန်ခွံစသည့်စစ်သုံးပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်၊ လျှပ်စစ်ဝန်ချီစက်၊ လျှပ်စစ်ဂဟေဆော်စက် စသည့် လျှပ်စစ်လုပ်ငန်းသုံး ပစ္စည်းများ၊ မြေအောက်ရေအောက် သွယ်တန်းသည့် ပိုက်လိုင်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အနုပညာလက်ရာ ပစ္စည်းများ၊ ဓား၊ လုံ၊ အိုးခွက်စသည့် လူသုံးပစ္စည်းများ၊ ရွှေအတုနှင့် ဒင်္ဂါးများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများ၊ ဆိုးဆေးနှင့် ဆီဆေးများ၊ ဘီယာနှင့် စားသောက်ကုန် လုပ်ငန်းသုံးပစ္စည်းများ ဖြစ်ပါသည်။ ကြေးနီနှင့် အလူမီနီယမ် ရောစပ်သော ဒူရာလူမင်(Duralumin) သတ္တုစပ်ဆိုလျှင် သံမဏိထက် ခိုင်မာပြီး သံမဏိ၏ ထက်ဝက်မျှသာ အလေးချိန်ရှိ၍ မော်တော်ကားအင်ဂျင်၊ လေယာဉ်အင်ဂျင်၊ လေယာဉ်ကိုယ်ထည်နှင့် တောင်ပံ၊ ရထားတွဲ၊ ပင်လယ်ကူးသင်္ဘော စသည်တို့ တည်ဆောက်ရာတွင် အသုံးဝင်ကြောင်း သိရပါသည်။

ဆက်လက်ပြီး ကမ္ဘာ့ကြေးနီထုတ်လုပ်မှုကိုလည်း တင်ပြလိုပါသည်။ ၁၉ ရာစု ပထမဆယ်စုနှစ်အတွင်း ကမ္ဘာ့ကြေးနီထုတ်လုပ်မှုမှာ တန်ချိန် ၁ ဒသမ ၅ သန်းကျော်ရှိရာ၊ ဗြိတိန်က တန်ချိန် ခြောက်သိန်းခန့်ဖြင့် အများဆုံး ထုတ်ခဲ့ပြီး ချီလီက ဒုတိယ၊ ရုရှားက တတိယ၊ ဂျပန်က စတုတ္ထအဆင့် ရှိခဲ့ပါသည်။ ၂၀ ရာစုပထမဆယ်စုနှစ်အတွင် ကမ္ဘာ့ကြေးနီထုတ်လုပ်မှု တန်ချိန် ၇ ဒသမ ၆၂ သန်းအနက် အမေရိကန်ပြည်ထောင်စုက ၄ ဒသမ ၂၈ သန်းဖြင့် စံချိန်တင်နိုင်ခဲ့ပြီး ဂျပန်က ဒုတိယ၊ ဩစတြေးလျက တတိယ၊ ချီလီက စတုတ္ထ၊ ကနေဒါက ပဉ္စမအဆင့် ရှိခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန် ၁၉၄၆ ခုနှစ်၏ ကမ္ဘာ့ကြေးနီထုတ်လုပ်မှုမှာ တန်ချိန် ၁ ဒသမ ၇၆ သန်းရှိခဲ့ပြီး အမေရိကန် ပြည်ထောင်စုက တန်ချိန် ခြောက်သိန်းကျော်ဖြင့် ပထမဖြစ်ခဲ့ပြီး ချီလီက ဒုတိယ၊ ကနေဒါက တတိယဖြစ်ခဲ့ပါသည်။ စစ်အေးကာလတစ်လျှောက် စက်မှုလုပ်ငန်းများကြောင့် ကြေးနီထုတ်လုပ်မှုမှာ တရိပ်ရိပ် တိုးတက်ခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် တန်ချိန် ၅ ဒသမ ၉ သန်း၊ ၁၉၈၀ ပြည့်နှစ်တွင် တန်ချိန် ၇ ဒသမ ၂ သန်း၊ ၁၉၉၀ ပြည့်နှစ်တွင် တန်ချိန် ၉ ဒသမ ၂ သန်း၊ ၂၀၀၀ ပြည့်နှစ်တွင် တန်ချိန် ၁၃ ဒသမ ၂ သန်းနှင့် ၂၀၁၀ ပြည့်နှစ်တွင် တန်ချိန် ၁၆ သန်းကျော် ထုတ်လုပ်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် ထုတ်လုပ်မှုတွင် ချီလီက တန်ချိန် ၁ ဒသမ ၇၅၇ သန်းဖြင့် ပထမဖြစ်ပြီး ထုတ်လုပ်မှုကြီးစဉ်အရ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ယူကေ၊ မက္ကဆီကို၊ ပိုလန် တို့ကလည်း ချီလီပြီးလျှင် အများဆုံး ထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံများဖြစ်ခဲ့ကြပါသည်။ ယခုဖော်ပြခဲ့သည့် ကြေးနီထုတ်လုပ်မှုကိန်းဂဏန်းများတွင် ကြေးနီသန့်စင်မှုအဆင့်ဆင့်မှစွန့်ထုတ်သည့်အတိုအစများကို ထပ်မံသန့်စင်ရယူသည့် ကြေးနီ (Copper from Scrap) ပမာဏ ပါဝင်ခြင်းမရှိပါ။ ယင်းကြေးနီနှင့် ကြေးနီရိုင်းအတိုအစများသည်ပင် အမှိုက်ထဲက ရွှေကဲ့သို့ တန်ဖိုးရှိသဖြင့် နည်းပညာကောင်းဖြင့် ထုတ်တတ်လျှင် ထုတ်တတ်သလောက် အကျိုးရှိကြောင်း သိရသည်။ ထို့အပြင် ကမ္ဘာ့ကြေးနီဈေးနှုန်းမှာလည်း တရိပ်ရိပ် တက်လျက်ရှိရာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် တစ်တန်လျှင် ဒေါ်လာ ၇၇၀၀ ဝန်းကျင် ရှိပါသည်။ ထို့ကြောင့် ကြေးနီသည် မြန်မာ့စီးပွားရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ မရှိမဖြစ် မြေအောက်သယံဇာတဖြစ်လျက် ရှိနေပါပြီ။

ဆက်လက်ပြီး မြန်မာ့ကြေးနီ၏ အတိတ်ဖြစ်စဉ်တချို့ကိုလည်း ကောက်နုတ်တင်ပြလိုပါသည်။ ကုလသမဂ္ဂ တာဝန်ကို မထမ်းဆောင်မီ အကြိုကာလအတွင်း ဆရာကြီးဦးသန့်က "ပြည်တော်သာခရီး" ခေါင်းစဉ်ဖြင့် အတွဲ ၃ တွဲ ခွဲ၍ စာအုပ်သုံးအုပ် ရေးသားခဲ့ပါသည်။ ထိုပထမတွဲစာအုပ်ထဲတွင် ၁၉၄၈ ခုနှစ်အထိ စုံစမ်းတွေ့ရှိပြီးသော မြန်မာ့မြေအောက်သတ္တု ၄၂ မျိုးအကြောင်း ပါရှိသည်။ ကြေးနီနှင့် ပတ်သက်၍ ကြေးနီသတ္တုရိုင်းကို မြစ်ကြီးနားခရိုင်၊ ကသာခရိုင်၊ အောက်ချင်းတွင်းခရိုင်၊ စစ်ကိုင်းခရိုင်၊ ရှမ်းပြည်(တောင်/မြောက်)၊ ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင်၊ သံလွင်ခရိုင်နှင့် မြိတ်ခရိုင်တို့တွင် တွေ့ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ ယခု ကြေးနီသိုက် တွေ့ရသည့် လက်ပံတောင်းတောင်သည် အောက်ချင်းတွင်းခရိုင်ဆိုသော ဧရိယာအတွင်းတည်ရှိနေပါသည်။ တစ်ဖန်စာပေဗိမာန်ထုတ် "သတ္တုကမ္ဘာ" စာအုပ်ထဲတွင် ရှမ်းပြည်မြောက်ပိုင်းရှိ နမ္မတူဘော်တွင်းလုပ်ငန်းမှ ကြေးနီ အကြောင်း ပါရှိပါသည်။ ဘော်တွင်းမှ ထွက်ရှိသည့် ဂလီနာ (Galena) သတ္တုမှ ကြေးနီသတ္တုရိုင်းကို ထုတ်ယူနိုင်ကြောင်း၊ ယင်းကို သန့်စင်လိုက်ပါက ဘော်တွင်းနယ်မှ ကြေးနီတန်ချိန် နှစ်သောင်းခန့် ရရှိနိုင်ကြောင်း သိရသည်။ ယင်းသတ္တုရိုင်းတွင် ပါဝင်သည့် ကြေးနီမှာ ဒသမ ၇ ရာခိုင်နှုန်း ရှိပါသည်။ သတ္တုဗေဒပညာအရ ကြေးနီသတ္တုရိုင်းထဲတွင် ကြေးနီပါဝင်မှုမှာ ၁ ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။ ယခု လက်ပံတောင်းတောင် ကြေးနီသတ္တုရိုင်းတွင် ကြေးနီပါဝင်မှု ဒသမ ၃၈ မှ ဒသမ ၄၄ ရာခိုင်နှုန်း အထိရှိကြောင်း အထက်ပါမြန်မာတိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

ကြေးနီနှင့်ပတ်သက်ပြီး ဖဆပလ အစိုးရခေတ်က စီမံဆောင်ရွက်ခဲ့ပုံကိုလည်း တင်ပြလိုပါသေးသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ နှစ်စဉ်ကြေးနီသတ္တုရိုင်းတန်ချိန် တစ်သောင်းခန့် ထွက်ရှိပါသည်။ ဘော်တွင်းသတ္တုလုပ်ငန်းကို ထိုစဉ်က ဗြိတိသျှတို့၏ ဘားမားကော်ပိုရေးရှင်းလီမိတက်(လန်ဒန်)က လုပ်ကိုင်ခဲ့ပါသည်။ ဖဆပလအစိုးရသည် ယင်းကော်ပိုရေးရှင်းထံမှ အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းကို ဝယ်ယူပြီး ဘားမားကော်ပိုရေးရှင်း ၁၉၅၁ လီမိတက်အမည်ဖြင့် ဖက်စပ်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ သတ္တုလုပ်ငန်းကိုမြန်မာတို့တဖြည်းဖြည်း တတ်ကျွမ်းနားလည်လာပြီး တစ်ချိန်ချိန်တွင် မြန်မာ့သတ္တုလုပ်ငန်းဟူသမျှကို မြန်မာတို့ဦးဆောင်သွားနိုင်ရန် မျှော်မှန်းခဲ့ကြောင်း တွေ့ရပါသည်။

ယခုတစ်ဖန် အမေရိကန်ပြည်ထောင်စု၏ သတ္တုတွင်းလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် အတွေ့အကြုံတချို့ကိုတင်ပြပါဦးမည်။ အမေရိကန်ပြည်ထောင်စုအတွင်း ကျောက်မီးသွေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကို မျက်နှာပြင်ဖွင့်စနစ်ဖြင့် တူးဖော်ခဲ့ကြရာ ၁၉၇၇-၇၈ ခုနှစ်ဝန်းကျင်တွင် မြေဧက ၆ သန်းခန့် ပျက်စီးခဲ့ပါသည်။ ယင်းအနက်မှ မြေဧက ၄ သန်းခန့်ကို ပြန်လည်ပြုပြင်ဖို့ စီမံရာတွင် ထိုစဉ်က ပေါက်ဈေးအရ တစ်ဧက ပြုပြင်စရိတ် ဒေါ်လာ ၇၇၀၀ နှုန်းဖြင့် ဒေါ်လာသန်းပေါင်း ၃၀၈၀၀ ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းကုန်ကျစရိတ်ထဲတွင် အက်စစ်ယိုစီးမှုပြဿနာတစ်ခုတည်းအတွက် ဒေါ်လာသန်း ၁၈၀၀၀ သုံးစွဲရမည်ဖြစ်ကြောင်း၊ ကြေးနီတူးဖော်စဉ် တွေ့ရသည့် ပိုင်းရိုက် (Pyrite) ခေါ် သတ္တုသည်အက်စစ်ယိုစီးမှုကို အားပေးကြောင်း စသည်ဖြင့် တွေ့ရပါသည်။ သတ္တုတွင်းဟောင်းနေရာများတွင် အပူချိန်မြင့်တက်ခြင်း၊ တောင်ကုန်းများ မိုးရေမစုပ်ယူတော့၍ မြေတွင်းရေခိုးရေငွေ့များ လျော့ပါးသွားခြင်းနှင့် မြေထုရေထုသဘာဝပျက်ယွင်းမှုကြောင့် သက်ရှိအပင်နှင့် သတ္တဝါတို့တည်မှီရန် မဖြစ်နိုင်ခြင်း စသည့် ဆိုးကျိုးများကိုလည်း သိရပါသည်။

ဤနေရာတွင်သဘာဝသယံဇာတပေါကြွယ်ဝသော်လည်း ညံ့ဖျင်းသည့် အစိုးရများလက်ထက်တွင် ပြည်သူတို့ ဆင်းရဲခဲ့ရပြီး ဒီမိုကရေစီအစိုးရများ ပေါ်ပေါက်လာပြီးမှ ပြည်သူအများချမ်းသာပျော်ရွှင်ခဲ့ရသည့် သာဓကတစ်ခုကိုလည်း တင်ပြလိုပါသည်။ ယင်းနိုင်ငံမှာ တောင်အမေရိကတိုက်မှ ချီလီသမ္မတနိုင်ငံဖြစ်ပါသည်။ ယင်းနိုင်ငံ၏ သဘာဝသယံဇာတပေါကြွယ်ဝပုံနှင့် နိုင်ငံရေးဖြစ်စဉ်များသည် မြန်မာနိုင်ငံနှင့် ခပ်ဆင်ဆင်ဖြစ်ပါသည်။ ၁၉ ရာစုမှ ၂၀၁၀ ပြည့်နှစ်အထိ ကမ္ဘာ့ကြေးနီထုတ်လုပ်မှုသမိုင်းတွင် ချီလီနိုင်ငံသည် အမြဲတမ်းထိပ်တန်းစာရင်းဝင်ဖြစ်ခဲ့သည်ကို စာဖတ်ပရိသတ်များ သတိပြုမိမည် ထင်ပါသည်။ ချီလီနိုင်ငံသည် အတုယူဖွယ်ဖြစ်ပါသည်။ ချီလီနိုင်ငံသားတစ်ဦးချင်း၏ တစ်နှစ်ပျမ်းမျှဝင်ငွေမှာ ၁၉၈၈ ခုနှစ် ၁၇၃၂ ဒေါ်လာ၊ ၂၀၀၁ ခုနှစ် ၁၀၀၀၀ ဒေါ်လာ၊ ၂၀၁၁ ခုနှစ် ၁၆၁၇၁ ဒေါ်လာ အသီးသီးဖြစ်ပါသည်။ ဤသည်မှာ နှစ်ပေါင်း ၂၀ အတွင်း ဒီမိုကရေစီစနစ်ပီပြင်လာမှု၏ ရလဒ်ပင်ဖြစ်ပါသည်။ ချီလီနိုင်ငံသည် ယခုအခါ တောင်အမေရိကတိုက်နိုင်ငံကြီး၏ လွတ်လပ်သော ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများ၏ ကုန်သွယ်ဖက်အဖြစ်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်သော ကုန်သွယ်ဖက်နိုင်ငံအဖြစ် လည်းကောင်း ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ထိုဥပမာကိုနမူနာယူရန်လိုသည်။ အတိတ်မှ ယနေ့အထိ ကြွယ်ဝခဲ့သော ကျွန်းနှင့်သစ်များ၊ တန်ဖိုးကြီးပတ္တမြား၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ရေနံနှင့်ဓာတ်ငွေ့တို့ များစွာထုတ်လုပ်ရောင်းချခဲ့သော်လည်း ညံ့ဖျင်းသော စီမံခန့်ခွဲမှုနှင့် အတ္တများကြောင့် တိုင်းပြည်မှာ အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်လာသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် တွင်းထွက်သယံဇာတ ထုတ်ယူသုံးစွဲသော စီမံကိန်းများကို ရှုထောင့်ပေါင်းစုံမှချဉ်းကပ်၍ ဟန်ချက်ညီအောင်စနစ်တကျဆောင်ရွက်ရန်လိုသည်။

မြန်မာနိုင်ငံ အနေဖြင့် ယခုအခါတွေ့ရှိပြီး ကြေးနီသိုက်ကြီးကို နိုင်ငံနှင့် ပြည်သူမျိုးဆက်များအတွက် အကျိုးအရှိဆုံး စီမံနိုင်ရေး၊ ဆရာကြီးဦးသန့်ရေးသားခဲ့သည့် ကြေးနီထွက်ဖွယ်ရှိသော ဒေသများတွင် ခေတ်မီနည်းပညာများဖြင့် ကြေးနီသိုက်များ တိုးချဲ့ရှာဖွေရေး၊ ကြေးနီလုပ်ငန်းကိုပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် နိုင်ငံပိုင်ကုမ္ပဏီ (Strong Strategic Company) မျိုး ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးသည် အရေးကြီး တာဝန်တစ်ရပ် ဖြစ်လျက်ရှိပါသည်။ ထိုအရေးကြီး တာဝန်မျိုးကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် "နိုင်ငံနှင့် ပြည်သူအများကြီးပွားချမ်းသာစေချင်သည့်စိတ်ကောင်းစေတနာ"၊ "ဒီမိုကရေစီအခြေခံကောင်းများဖြင့် ပြည်ထောင်စုကိုကာကွယ်စောင့်ရှောက်ပေးလိုသည့် နိုင်ငံရေး ယဉ်ကျေးမှု"၊ "ကမ္ဘာ့ထိပ်တန်းနည်းပညာဦးဆောင်နိုင်ငံများနှင့်ငွေကြေးအဖွဲ့အစည်းများ၏ အားပေးမှု၊ ပူးပေါင်းဆောင်ရွက်မှုကို လက်မလွတ်တမ်း ရယူချင်သည့် သန္နိဋ္ဌာန်" စသည့်မဏ္ဍိုင်သုံးရပ်လိုအပ်မည်ထင်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

7DAY NEWS JOURNAL
# Current Affairs
Vol.11, No.41 • DECEMBER 20 , 2012

# လမ်းမများထက်တွင် ပျောက်ဆုံးသွားသော အချိန်များ

သတင်းအဖွဲ့

ရှုံးဆင်းလာသည့် မသွယ်သွယ် တစ်ယောက် မာကျူရီမီးရောင်အောက်က ပလက်ဖောင်းပေါ်မှာ စိတ်မပါ့တပါ လျှောက်လာရင်း ရှုပ်ထွေးနေသည့် ယာဉ်တန်းရှည်ကြီးကိုကြည့်ကာ သည်ညလည်း အိမ်ပြန်နောက်ကျလိမ့်ဦးမည်ဟု တွေးရင်း သက်ပြင်းချလိုက်မိသည်။ သည်လိုသက်ပြင်းချခဲ့ရတဲ့ နေ့တွေက လနဲ့ချီကြာခဲ့ပါပြီ။

နေ့စဉ်လှည်းတန်းမှလှိုင်သာယာသို့ပြန်နေကျ အချိန်တစ်နာရီခန့်သာ ကြာသော်လည်း ယခုနောက်ပိုင်း ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အချိန်တစ်နာရီခွဲ ခန့် ကြာလာသည်။ လှည်းတန်းမှ သူမစီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားမှာ ဘုရင့်နောင်လမ်းဆုံမရောက်ခင်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ကြုံရသည်။ သူမ ဘတ်စ်ကားပေါ်တွင် အချိန်မဖြုန်းလို၍ ဆင်းပြီး ဘုရင့်နောင်တံတားကို ဖြတ်သန်းပြီး လှိုင်သာယာမြို့နယ်အစ၏ အနီးစပ်ဆုံး မှတ်တိုင်သို့ လမ်းလျှောက်သည်။ ထိုဂိတ်မှ အမြန်ဆုံးရောက်သောကားစီး၍ အိမ်ပြန်သည်။

"အရင်က ရုံးသွားရင် နာရီဝက်ပဲကြာတယ်။ အခုနောက်ပိုင်း လမ်းကြောကျပ်လာတာ ၁ နာရီကျော်ကြာလာတော့ အလုပ်နောက်ကျတာတွေများလာတယ်။ အလုပ်နောက်ကျတော့လစာဖြတ်ခံရတာပေါ့"ဟု လှိုင်သာယာမြို့နယ်မှ မရမ်းကုန်းမြို့နယ်သို့ နေ့စဉ်အလုပ်ဆင်းရသူ မမေသူကလည်း ပြောသည်။

မသွယ်သွယ်နှင့် မမေသူတို့ကဲ့ သို့ ယာဉ်ကြောပိတ်ဆို့မှုကြောင့်မိမိတို့၏တန်ဖိုးရှိလှသော အချိန်များ ဘတ်စ်ကားပေါ်တွင်၊ ကားများပေါ်တွင်ကားလမ်းမထက်တွင် ဆုံးရှုံးနေရသူပေါင်း စီးပွားရေးမြို့တော် ရန်ကုန်၌သန်းနှင့်ချီ၍ရှိပါသည်။

နေ့စဉ်ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုကြောင့်လမ်းပေါ်တွင် အချိန်များ ပိုမိုကုန်ဆုံး၍ ဝင်ငွေရှာခဲ့ရသည်မှာ ရှစ်လခန့်ကြာမြင့်လာပြီဟု အငှားယာဉ်မောင်း ကိုတင့်ဝေကဆိုသည်။

"ကားသစ်တွေ စသွင်းခွင့်ရတဲ့ အချိန်ကစပြီး လမ်းတွေ သိသိသာသာ ကျပ်လာတယ်။ အဲဒီမတိုင်ခင်က တစ်နာရီကို ၅၀၀၀ လောက် ရှာလို့ရရင် အခု ၃၀၀၀ လောက်ပဲ ရတော့တယ်။ အရင်ဝင်ငွေကိုမီဖို့ အချိန်တွေပိုပြီးပေးရတယ်"ဟု ကိုတင့်ဝေက ပြောသည်။



ပြည်လမ်းတစ်နေရာတွင် ယာဉ်ကြောပိတ်ဆို့နေသည်ကို စက်တင်ဘာလကုန်ပိုင်းကတွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့တွင်းဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့ရခြင်း အကြောင်းရင်းများစွာရှိသည့်အနက်လမ်းအသုံးပြုသူယာဉ်မောင်းများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်ခြင်းသည် လတ်တလော ယာဉ်ကြောပိတ်ဆို့ရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်လာကြောင်း မြို့ပြရေးရာပညာရှင်များကပြောသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါက်တာမြတ်ညာဏစိုးက ရန်ကုန်မြို့တော်၏ လူဦးရေနှင့် ယာဉ်စီးရေအချိုးအစားအရ မော်တော်ယာဉ်များနည်းနေသေးပြီး ယာဉ်လမ်းကြောင်းကျပ်တောက်မှုများဖြစ်ပေါ်ရခြင်းသည် စည်းကမ်းပိုင်းအားနည်းချက်များကြောင့်ဖြစ်ကြောင်း ပြောသည်။

"ယာဉ်ထိန်းက ဘယ်လိုပဲမိလို့ CCTV ကနေ အရေးယူယူ ဒီလူတွေစည်းကမ်းဖောက်နေသ၍ကတော့ ဒီပြဿနာကြီးက ကြုံနေမှာပဲ"ဟုကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ထွေးကပြောသည်။

မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒများ ပြောင်းလဲခွင့်ပြုပြီးနောက်ပိုင်းတွင် မော်ဒယ်လ်မြင့်ကားသစ်များပိုများလာပြီးနောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှုများ ပိုမိုများပြားလာသည်ဟု သုံးသပ်မှုများလည်းရှိသည်။

"နိုင်ငံတကာနဲ့ ယှဉ်မယ်ဆိုရင်တော့ ကမ္ဘာပေါ်မှာရှိတဲ့ မြို့တိုင်းလိုလိုမှာ ယာဉ်ကြောပိတ်ဆို့မှု၊ကျပ်တည်းမှု အဲဒါတွေကတော့ တွေ့ရတာပဲ။ မတွေ့ရဘူးဆိုတဲ့ မြို့တော်တော်ရှားမယ်ထင်ပါတယ်"ဟုမြို့ပြစီမံခန့်ခွဲမှုပညာရှင် ဒေါက်တာကျော်လတ်ကပြောသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်စီးရေ၁၁၀၀၀ ကျော်အပါအဝင် လက်ရှိအချိန်ထိ မှတ်ပုံတင်ပြီး ယာဉ်စီးရေ ၂၃၀၀၀၀ ကျော်ရှိနေသည်။ မော်တော်ယာဉ်တင်သွင်းမှု မူဝါဒ ပြောင်းလဲခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ယခုနှစ် ဒီဇင်ဘာ ၁၄ ရက်ထိ အကောက်ခွန်ဦးစီးဌာန၏ စာရင်းများအရ စည်းကြပ်ပြီး ယာဉ်စီးရေ ၁၁၈၈၇၇ ရှိသည်။

ယာဉ်များလွတ်လပ်စွာ တင်သွင်းခွင့်ပြုခြင်းသည် လက်ရှိရန်ကုန်မြို့၏ သွားလာရေးကွန်ရက်အပေါ် အကျိုးသက်ရောက်မှုများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ မြို့ပြသယ်ယူပို့ဆောင်ရေး ကျွမ်းကျင်သူ ဦးဇော်နိုင်က "အများပြည်သူတွေအတွက် ချောင်ချောင်ချိချိ သွားနိုင်အောင်ဆိုပြီး ဘတ်စ်ကားတွေ တင်သွင်းတယ်လေ။ အဲဒီတော့ ကားတွေအပြိုင်သွင်းပြီး လက်ရှိလမ်းတွေပေါ် ပစ်တင်လိုက်တော့ ကျပ်သွားတာပေါ့"ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုသည် မြို့တော်အတွင်း နေထိုင်သူအများစုဖြစ်သည့် ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းခွင် အမချိန်မမီ ထိခိုက်မှုများ ကြုံတွေ့စေသကဲ့သို့ အငှားယာဉ်မောင်းအချို့ ဝင်ငွေထိခိုက်မှုများ ကြုံတွေ့လာရသည်။ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အလုပ်ဝင်ချိန် နောက်ကျမှုများ ပိုမိုများပြားလာကြောင်း ကုမ္ပဏီဝန်ထမ်းအချို့ကပြောသည်။

လမ်းဆုံများရှိ မီးပွိုင့်များတွင် ယာဉ်များ၏ စည်းကမ်းမဲ့ရပ်တန့်၊ မောင်းနှင်မှုများကြောင့် မီးပွိုင့်တွင် တန်းစီရမှု အချိန်ကြာမြင့်လာပြီး ယခင်သုံးမိနစ်ခန့်သာ စောင့်ဆိုင်းရသော မီးပွိုင့်များတွင် ၁၅ မိနစ်ခန့်ထိ တန်းစီစောင့်ဆိုင်းရမှုများ ကြုံတွေ့လာပြီဖြစ်ကြောင်း အငှားယာဉ်မောင်းတစ်ဦးကဆိုသည်။

"ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းဖို့ကတော့ ဒါဖြစ်တယ်ဆိုတာ စည်းကမ်းလိုက်နာမှုအားနည်းလို့ဖြစ်တာလေ။ ဒါကို ဖြေရှင်းဖို့ဌာနဆိုင်ရာတွေအပါအဝင် ကျွန်တော်တို့ ကော်မတီကလည်း လုပ်နေတယ်။ ပြည်သူတွေအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါတယ်။ ဒါကို ဖြေရှင်းဖို့ အားလုံးမှာ တာဝန်ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

မြို့ပြစီမံကိန်းရေးဆွဲ၍ အစိုးရကို အကြံပြုထားသော ဦးခွန်သာမြင့်က အဆိုပါကိစ္စကိုဖြေရှင်းရာတွင် လွှတ်တော်များနှင့် အစိုးရတွင် တာဝန်ရှိပြီး စည်းကမ်းချိုးဖောက်မှုများကို ပြင်းပြင်းထန်ထန် အရေးယူမှုပြုလုပ်ရန် လိုကြောင်း ဆိုသည်။

မြို့တွင်းပြေးဆွဲနေသော ယာဉ်လိုင်းအများစုမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းနေကြောင်း လေ့လာသူများက သုံးသပ်သည်။ လက်ရှိကာလတွင် ရန်ကုန်မြို့အတွင်း မထသ (ရန်ကုန်တိုင်းဒေသကြီး)၊ ဗန္ဓုလ ယာဉ်လိုင်းများအပါအဝင် ယာဉ်လိုင်းကြီး ၁၇ လိုင်းမှ ယာဉ်စီးရေ ၆၈၈၆ စီးဖြင့် ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလုပ်ဆောင်နေကြောင်း မ. ထ. သ(ဗဟို)မှ ထုတ်ပြန်သည့် စာရင်းများတွင် ဖော်ပြသည်။

၂၀၁၀ ခုနှစ်အတွင်း အစိုးရ၏ ထုတ်ပြန်ချက်များအရ လူဦးရေ ၇ သန်းနီးပါးရှိသော ရန်ကုန်လူထု၏ ၂၈ ရာခိုင်နှုန်းဖြစ်သည့် ၂သန်းဝန်းကျင်မှာ ခရီးသည်တင်ယာဉ်လိုင်းများကို အားထားနေရကြောင်း မထသ(ဗဟို)၏ ထုတ်ပြန်သည့် စာရင်းများအရ သိရသည်။

ယာဉ်စီးရေနှင့် ခရီးသည်အချိုးအရ ခရီးသည် ၂၉၀ ခန့်က ယာဉ်တစ်စီးကို မျှဝေသုံးစွဲနေရသကဲ့သို့ဖြစ်နေသည်။

ဖွံ့ဖြိုးသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့တွင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရန်အတွက် ရထားဖြင့် သယ်ယူပို့ဆောင်ရေးစနစ်ကို တွင်ကျယ်စွာ အသုံးပြုနိုင်သော်လည်း လက်ရှိ ရန်ကုန်မြို့ပတ်ရထားလမ်းများတွင် ရထားသွားလာမှုကို ပိုမိုတိုးချဲ့ပြေးဆွဲပါက မော်တော်ယာဉ်များသွားလာမှုကို ထိခိုက်နိုင်သဖြင့် ယခုထက် ပိုမိုပြေးဆွဲရန် မဖြစ်နိုင်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

"မြေအောက်ရထားတွေပြေးဖို့က ငွေကြေးအများကြီးကုန်မှာလေ။ လက်ရှိမှာတော့ သိပ်မဖြစ်နိုင်သေးဘူး။ မြို့ပတ်ရထားတွေကို ခေါက်ရေပိုတိုးပြေးဆွဲဖို့ကျတော့လည်း ရထားလာရင် ကားတွေက ရပ်ထားရတာဆိုတော့ ရထားတွေများများလာရင် ကားတွေက သွားလို့ရမှာမဟုတ်တော့ဘူး။ အဲဒီတော့ ဒီထက်ပိုပြီး ရထားတွေပြေးဖို့ဆိုတာလည်း အခက်အခဲရှိပါတယ်"

ရန်ကုန်မြို့ပတ်ရထားများကို တစ်ရက်လျှင် ခေါက်ရေ ၂၀၀ ခန့် ပြေးဆွဲနေပြီး စီးနင်းသူဦးရေ တစ်သိန်းခန့်ရှိကြောင်း မြန်မာ့မီးရထား၏ စာရင်းများအရသိရသည်။

လက်ရှိ ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်သက်၍ အစိုးရ၏ မြေယာအသုံးချမှု မူဝါဒတွင် လိုအပ်ချက်များ မြောက်မြားစွာရှိပြီး ရန်ကုန်မြို့စွန် မင်္ဂလာဒုံ၊ ထောက်ကြံ့ အစရှိသော မြို့နယ်များတွင် အသုံးမပြုတော့သည့် တပ်မတော်ပိုင် မြေယာများကို တိုးချဲ့အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကိုတစ်စိတ်တစ်ဒေသဖြေရှင်းနိုင်မည်ဖြစ်သည်ဟုမြို့ပြနှင့်ဗိသုကာဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဦးဝင်းမြင့်ကပြောသည်။

"လက်ရှိရန်ကုန်သူ၊ ရန်ကုန်သားတွေကတော့ ပထမဆုံး ယာဉ်များလာတာဖြစ်တဲ့အတွက် ပြဿနာလေးတွေ ကြုံရမှာပဲ။ အဖြေကချက်ချင်းကြီး ဒါလုပ်မှဖြစ်မယ်ဆိုပြီး ပြောလို့မရဘူး။ ကိစ္စအများကြီးပေါ်မှာ တည်ပါတယ်"ဟု ဒေါက်တာကျော်လတ်ကဆိုသည်။

ပညာရှင်များကတော့ လက်ရှိ ရန်ကုန်မြို့အကျယ်အဝန်းနှင့် နှိုင်းယှဉ်လျှင် ယာဉ်စီးရေမှာ ပြောပလောက်အောင် မများသေးဟု ဆိုသည်။ လက်ရှိ ယာဉ်ကြောအကျပ်အတည်းကို ဖြေရှင်းနိုင်ရန်အတွက် ရေတိုနည်းအဖြစ် ခုံးကျော်တံတားများ ဆောက်လုပ်ကာ ဖြေရှင်းနည်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း မြို့ပြသယ်ယူပို့ဆောင်ရေး ကျွမ်းကျင်သူ ဦးဇော်နိုင်ကပြောသည်။

အခြားနိုင်ငံများတွင် အသုံးပြုနေသည့် စနစ်တစ်ခုဖြစ်သည့် ခရုပတ်လမ်းစနစ်သည်လည်း အခက်အခဲကို ပြေလည်စေနိုင်သော နည်းလမ်းတစ်ခုဖြစ်နိုင်ကြောင်းလည်း ၎င်းကဆိုသည်။

အချပ်ပို(D)သို့ »

# ယုံကြည်ခြင်းနောက်ကွယ်မှ ပေးဆပ်သူများ

အိဖြူလွင်၊ အောင်ခိုင်

**အိမ်**ထောင်သက် လေးနှစ်ပြည့်အမှတ်တရသူမ၏ ခင်ပွန်း ထောင်တွင်းမှ ရေးဆွဲထားသော ကုံကော်ပန်းငါးပွင့်ပုံပါ ပန်းချီကားကို ရရှိခဲ့စဉ်က မဝါရင်ထဲ၌ ထိထိခိုက်ခိုက်ခံစားခဲ့ရ၏။ "အထဲမှာဒါလေးကို ငါ့အတွက် ရေးခဲ့တာဆိုပြီး အရမ်းခံစားခဲ့ရတယ်။ သူ့လက်မှတ်လေးလည်း ပါတော့ ထားစရာ နေရာတောင် မရှိဘူး"ဟု မဝါက သူမ၏ အတွေ့အကြုံကို ဖွင့်ဟသည်။

ကိုပြုံးချိုနှင့် မဝါတို့ လက်ထပ်ပြီး လေးလအကြာတွင် ခင်ပွန်းဖြစ်သူ ကိုပြုံးချိုသည် ထောင်ဒဏ် ၆၅ နှစ်နှင့် ၆ လ ချမှတ်ခံခဲ့ရသည်။

ကိုပြုံးချိုကို ကော့သောင်းအကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့ရသော်လည်း မဝါက ရက်သတ္တပတ်နှစ်ပတ်ခန့်ကြာမြင့်သည့် သင်္ဘောခရီးစဉ်ဖြင့်ပင် ၁၂ ကြိမ်တိုင်တိုင် ထောင်ဝင်စာသွားတွေ့ခဲ့သည်။ ခင်ပွန်းထံမှ ပထမဆုံးအမှတ်တရအဖြစ် ပန်းချီကားတစ်ချပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။

မဝါက သူမပါဝင်လှုပ်ရှားခဲ့သည့် ၈၈ ကျောင်းသားအရေးတော်ပုံ ကာလကပင် သူမအနေဖြင့် ပြည်သူ့ဘက်မှ ရပ်တည်သည့် နိုင်ငံရေးလှုပ်ရှားသူကိုသာ လက်ထပ်မည်ဟု စိတ်ပိုင်းဖြတ်ခဲ့သည်။

ကိုပြုံးချို ဒုတိယအကြိမ် ထောင်ကျနေစဉ်တွင် သရက်ထောင်တွင်ရှိနေသော ကိုပြုံးချို၏ညီ ကိုသက်ဝင်းအောင် သေဆုံးသွားချိန်တွင်တော့ သူမအနေဖြင့် ကိုသက်ဝင်းအောင်နေရာမှနေ၍ ကိုပြုံးချိုကို ကူညီပေးလိုစိတ်၊ မေတ္တာစိတ်များဖြင့် လက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးသမား၏ ဇနီးဖြစ်သည့်အတွက် အိမ်ထောင်ရေးပျော်ရွှင်မှုသည် သာမန်အိမ်ထောင်ရေးနှင့်မတူဘဲ နိုင်ငံအပြောင်းအလဲပေါ်တွင်သာမူတည်ပြီး ပျော်ရွှင်မှုများရရှိသည်ဟု သူမက ပြောကြားခဲ့သလို သာမန်အိမ်ထောင်ဖက်များထက်လည်း ကြံ့တင်ပြင်ဆင်မှုများ လိုအပ်သည်ဟု သူမက ဆိုသည်။

သို့သော်လည်း ထောင်မှလွတ်ပြီး ယခုကဲ့သို့ မျှော်လင့်ချက်ရောင်ခြည်သန်းလာချိန်တွင်ပင် ဇနီးမောင်နှံနှစ်ဦး ထမင်းလက်ဆုံစားနိုင်ရန် ခက်ခဲနေဆဲပင် ဖြစ်သည်။

"ဘယ်လောက်ပဲ စိတ်တွေမာတယ်ဆိုဆို တစ်ရက်တော့ ကန်စွန်းရွက်ကြော်တွေ မည်းသွားလို့ ငိုခဲ့ရသေးတယ်"ဟု ညည့်နက်ခံ၍ ထမင်းစားစောင့်ခဲ့သော်လည်း ခင်ပွန်းသည် ပြန်မလာနိုင်သောကြောင့် အမျိုးသမီးတစ်ယောက်အနေဖြင့် ခံစားရမှုကို အမှတ်မထင်ပင် ပြောကြားလိုက်သည်။

နိုင်ငံရေးလှုပ်ရှားသူများကို လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့သော အမျိုးသမီးများ အနေဖြင့် ခံနိုင်ရည်ရှိမှု၊ သစ္စာရှိမှုများအပြင် တစ်ခါတစ်ရံလည်း စွန့်စားရတတ်ပေသည်။

"သူ့အဘွားဆုံးသွားလို့ သူ့ကိုအားပေးဖို့ သွားတဲ့အချိန်မှာ လမ်းမှားသွားတယ်။ ညလည်းမှောင်နေတော့ မျက်စိလည်ပြီး အကြာကြီးနေမှရောက်သွားတာ။ အားပေးဖို့သွားတဲ့သူက အားမပေးနိုင်ဘဲနဲ့ သူ့ကိုတွေ့တာနဲ့ ဖက်ပြီးငိုရတယ်"ဟု ရွှေဝါရောင်တော်လှန်ရေးတွင် လှုပ်ရှားခဲ့သဖြင့် ရှောင်တိမ်းနေရသူ ကိုစိုးထွန်းကို သွားတွေ့စဉ်က တစ်ယောက်တည်း အပြင်သွားလေ့မရှိခဲ့သည့် မိန်းကလေးတစ်ဦးအနေဖြင့် ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ၈၈ မျိုးဆက်ကျောင်းသားတစ်ဦးဖြစ်သည့် ကိုစိုးထွန်း၏ချစ်သူ မမာလာကပြန်ပြောင်းပြောပြသည်။



တောင်ငူထောင်မှလွတ်မြောက်လာသော ဦးခွန်ထွန်းဦးကို လာရောက်ကြိုဆိုသော ဇနီးသည်နှင့် ၂၀၁၂ ဇန်နဝါရီလကတွေ့ရစဉ် ဓာတ်ပုံ-အေးမြကျော်

နိုင်ငံရေးအသိုင်းအဝန်းမှ မဟုတ်သည့် မမာလာက ကိုစိုးထွန်းကို လက်ထပ်မည်ဆိုသောအခါ ကိုစိုးထွန်းကို ပုဂ္ဂိုလ်ရေးလေးစားသော်လည်း မမာလာ၏ လက်တွဲဖော်အဖြစ် ပို၍ပြည့်စုံသော အခြေအနေကို သူမ၏အသိုင်းအဝန်းအနေဖြင့် မျှော်လင့်ခဲ့ကြသည်။

"ပထမဆုံးက အကုန်ကန့်ကွက်ကြတယ်။ လူမှုရေးအရ မဟုတ်ဘူး။ စီးပွားရေးအရ တွက်ကြတာ"ဟု မမာလာက လက်ထပ်ရန် အသိုင်းအဝန်းကို ဖွင့်ပြောစဉ်က အခြေအနေကို ပြောပြခဲ့သည်။

နိုင်ငံရေးလှုပ်ရှားသူများ၏ ဘဝဖြတ်သန်းမှုတွင် လက်တွဲဖော်များမှာ အရေးကြီးသော ကဏ္ဍမှ ပါဝင်နေပြီး ပေးဆပ်မှုလည်း ကြုံတွေ့ရတတ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ကိုသိန်းဆွေက "ကျွန်တော်လစာ သုံးသိန်းရတယ်။ ဒါပေမဲ့ ဆရာမကို မပေးနိုင်ဘူး။ အိမ်ကို ကျွန်တော်ဘာမှ မထောက်ပံ့နိုင်ဘူး"ဟုလက်တွဲဖော်၏ ပေးဆပ်မှုကို ရှင်းပြခဲ့သည်။

နိုင်ငံရေးဆိုသည်မှာ ရှုပ်ထွေးကျယ်ပြန့်သည့်အတွက် မည်သည်ကိုမှ မျှော်မှန်းတွက်ဆ၍ မရဘဲ ဆိုးရွားသောအခြေအနေကိုလည်း လက်တွဲဖော်များအနေဖြင့် တွက်ဆထားရန် လိုသည်။

"ဒီနေ့ခေါင်းပေါင်းစလေးတလူလူနဲ့ နောက်နေ့ထောင်ထဲရောက်သွားနိုင်တယ်။ ဒါကို သူ့ကိုပြောပြထားရတယ်။ ပြင်ဆင်နိုင်အောင်လို့ပါ"ဟု မကြာခင်ကမှ လက်ထပ်ထားသည့် ကိုသိန်းဆွေက သူ၏ဇနီးကို ပြောကြားခဲ့သည့် အတွေ့အကြုံကို ပြန်လည်ပြောပြခဲ့သည်။

အမျိုးသမီးများအနေဖြင့် နိုင်ငံရေး လှုပ်ရှားသူများကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရာတွင် အမြင်အမျိုးမျိုးရှိကြသော်လည်း အများစုမှာ တူညီသော အချက်များကို အခြေခံလေ့ရှိကြသည်။


"သူ့ရဲ့ မဟုတ်မခံတဲ့ စိတ်ဓာတ်ကို ကြိုက်တာ။ ပြီးတော့ ရိုးသားပြီး အများအကျိုးလုပ်တတ်တဲ့ စိတ်ဓာတ်ကိုရောပေါ့" ဟု ကိုသိန်းဆွေ၏ဇနီး မသင်းမိုးမိုးလွင်က သူမ၏ခံယူချက် သဘောထားကို ရှင်းပြသည်။

နိုင်ငံရေးလှုပ်ရှားသူများ၏ လက်တွဲဖော်များသည် သာမန်အိမ်ထောင်ရှင်မတစ်ဦး၏ အချစ်သာမက မိဘမောင်နှမများက ထားသော မေတ္တာစိတ်၊ အတူလက်တွဲရင်ဆိုင်မည့် ရဲဘော်ရဲဘက်စိတ်များပါ ထားရှိရန်လည်း လိုပေသည်။

"သာမန် အိမ်ထောင်ရေးနဲ့ မတူဘူးလေ။ ညီမ၊ အစ်မ၊ အမေလို မေတ္တာကြီးတယ်။ အချစ်ထက်

စာ(၂၉)သို့



စာ(၂၈)မှအဆက်

ပိုတယ်လို့ ပြောရမှာပေါ့”ဟု မဝါကဆိုသည်။

နိုင်ငံရေးလှုပ်ရှားသူများသည်ယုံကြည်ချက်ကြောင့်ဘဝကို စွန့်လွှတ်အနစ်နာ ခံနိုင်ကြသော်လည်းနောက်ကွယ်မှပံ့ပိုးပေးသော မိသားစုများမှာ ပိုလေးစားတန်ဖိုးထားဖွယ်ကောင်းသောစိတ်ဓာတ်ကို ပိုင်ဆိုင်ကြသည်။ ယုံကြည်ရာတွင် ဆောင်ရွက်ခဲ့သော ခင်ပွန်း၊ ဇနီးနှင့် သားသမီးများအတွက် အခက်အခဲများကြားမှ ပံ့ပိုးခဲ့ကြခြင်းဖြစ်သည်။

“ကိုယ်တွေကယုံကြည်ရာကို လုပ်လို့ ပေးဆပ်ရတာ။ နောက်က ပံ့ပိုးတဲ့ မိသားစုက စကားလုံးနဲ့ တောင်မလုံလောက်ဘူး။ ဘဝတွေရင်းရတာလေ”ဟု ကိုသိန်းဆွေက ဆိုသည်။

မည်သို့ပင်ဖြစ်စေကာမူ ယုံကြည်ချက်ကြောင့် နိုင်ငံရေးလှုပ်ရှားသူများ၏ ပါရမီဖြည့်ဖက်များသည် ပုထုဇဉ်များသာ ဖြစ်သည့်အတွက် ဘဝကို သာမန်အတိုင်းဖြတ်သန်းလိုစိတ်လည်းရှိကြသည်။ အဆိုးဆုံးကို ရင်ဆိုင်နိုင်အောင် ပြင်ဆင်ထားကြသော်လည်း ပျော်ရွှင်အေးချမ်းစွာ နေထိုင်လိုစိတ်များလည်း ဝင်လာတတ်ကြသည်။

“တစ်ခါတလေတော့လည်း ခံစားချက်ရှိတာပေါ့။ ပျော်ပျော်ရွှင်ရွှင်သွားခဲ့ရတဲ့ အချိန်ကလည်းနည်းတယ်။ အေးအေးချမ်းချမ်း နေချင်စိတ် ပေါ်ပေါ်လာတတ်တယ်”ဟု မမာလာဆွေက ရိုးစင်းသည့်ဘဝကို မျှော်လင့်သော မိန်းကလေးတစ်ယောက်၏ ဆန္ဒကို ထုတ်ဖော်ပြောသည်။

ယုံကြည်ချက်ကြောင့် နိုင်ငံရေးလှုပ်ရှားသူများသည် မိမိယုံကြည်ရာကိုသာ တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြသည့်အတွက် သူတို့၏ အိမ်ထောင်ပြုချိန်မှာ နောက်ကျတတ်သည်။ ထို့အပြင် လက်တွဲဖော်ရွေးချယ်ရာတွင်လည်း မိမိကို နားလည်နိုင်သော ခံယူချက်တူသူ၊ ယုံကြည်ချက်တူသူများကိုသာ မေတ္တာသက်ဝင်၍ရွေးချယ်လေ့ရှိကြသည်။

“နိုင်ငံရေး ဖြတ်သန်းမှုမှာ လက်တွဲဖော်က အရေးပါတယ်။ သူ့ကို အထင်လည်းကြီးတယ်။ ကိုယ့်ကိုလည်း နားလည်နိုင်တယ်” ဟု အသက် ၄၀ ကျော်တွင် ဘဝတစ်ခု ထူထောင်ခဲ့သော ကိုသိန်းဆွေက လက်တွဲဖော် ရွေးချယ်ခဲ့သောသဘောထားကိုပြောပြသည်။

ယခင်အကြောက်တရားကို အခြေခံသော စနစ်အောက်တွင် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများကို လမ်းတွေ့လျှင်တောင် မနှုတ်ဆက်ရဲကြပေ။ ထိုသို့သော အခြေအနေများတွင် မိမိကိုအားပေးသော နားလည်နိုင်သောသူများကြောင့် အားတက်ခဲ့ရကြောင်းလည်း နိုင်ငံရေးလှုပ်ရှားသူများက ပြောကြားသည်။

“အဲဒီအချိန်တုန်းက ရေစုန်လိုက်နေတဲ့သူများတယ်။ ဆန်တက်တဲ့သူက မရှိဘူး။ အကြောက်တရားပဲပေးတဲ့ စနစ်ကြီးလေ။ အဲဒီလိုအခြေအနေမှာ ထောင်ကလွတ်လာတော့သူကဝမ်းသာအားရနှုတ်ဆက်တော့ ပီတိဖြစ်တာပေါ့။ မခံစားဖူးဘူးလေ” ဟု ကိုစိုးထွန်းက ၂၀၀၄ ခုနှစ် ထောင်မှလွတ်လာချိန်တွင် သူ၏ လက်တွဲဖော် မမာလာနှင့် တွေ့ဆုံခဲ့ပုံကို အမှတ်တရ ပြောပြခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသည် ဘဝအပြောင်းအလဲများကြောင့် ကမ္ဘာကပင် အသိအမှတ်ပြုလာရပြီဖြစ်သည်။ မျှော်လင့်ချက်ရောင်ခြည်သန်းလာသော အခြေအနေတွင် နိုင်ငံရေးကိုလည်း ပို၍စိတ်ဝင်စားလာကြပြီး နိုင်ငံရေးသမားများသည်လည်း ပို၍ရေပန်းစားလာကြသည်။

ထို့ကြောင့် နိုင်ငံရေးသမားများ၏ လက်တွဲဖော်များမှာ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာကြပြီး နိုင်ငံအပြောင်းအလဲများတွင် ထိရောက်သော ပံ့ပိုးမှုများပြုလုပ်ရန် လိုအပ်လာသည်။

“အနာဂတ်မှာ သူကလည်း တိုင်းပြည်အတွက်ပဲဖြစ်ရမယ်။ သူ့ကို အကောင်းဆုံးပံ့ပိုးမယ်။ သက်လုံကောင်းအောင် ပြင်ဆင်ထားတယ်”ဟု ကိုပြုံးချို၏ လက်တွဲဖော် မဝါက ဆိုသည်။

# ကြက်သွန်ဖြူစိုက်တောင်သူများ အထိနာ

**မျိုးမင်းဦး၊ ဆွေမွန်၊ ရဲနောင်**



**အဝယ်နည်းပြီးဈေးကျနေသော ကြက်သွန်ဖြူများကို ပြသနေသော ကိုကျော်မင်းလွင်**

ယောမြို့နယ်တေးရွာမှကြက်သွန်ဖြူစိုက် တောင်သူကိုဝင်းမောင်တစ်ယောက် အားသွန်ခွန်စိုက်ကြက်သွန်ဖြူစိုက်ပျိုးပြီးနောက် စာရင်းချုပ်လိုက်သောအခါ ကျပ်သိန်းနှစ်ဆယ်ကျော် ရှုံးနေသည်။ သူ၏လယ်ကွက် ၁၅ ကွက်တွင် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းခဲ့သော ကြက်သွန်ဖြူများမှာ ယခုအခါ ရွာတွင် တစ်ပိဿာသုံးရာဈေးဖြင့် ရောင်းသော်လည်း ဝယ်သူမရှိဖြစ်နေသည်။

ကြက်သွန်ဖြူစိုက်၍ အထွက်ကောင်းသော်လည်း ဈေးမကောင်း၍ အရှုံးပေါ်နေသူမှာ ကိုဝင်းမောင်တစ်ယောက်တည်း မဟုတ်ပါ။ မကွေးတိုင်းဒေသကြီး ဆောမြို့နယ်နှင့် ယောမြို့နယ်ရှိ ယောချောင်းတစ်လျှောက် တေးရွာ၊ စမ်းရေခိုးကျေးရွာ၊ ရေရှင်၊ တောင်ထက်၊ ပြင်လယ်၊ ကံကြီး၊ လယ်ဆော၊ နော်ရွာစသော ကျေးရွာများရှိကြက်သွန်ဖြူစိုက်တောင်သူအများစုမှာလည်း အလားတူ ယခုနှစ်တွင် အရှုံးပေါ်သည်။ ယောမြို့နယ်သာမက ဆောမြို့နယ်အောက်ရှိ ကျောက်ထုမြို့နယ်ခွဲနှင့် အခြားကြက်သွန်ဖြူအဓိက စိုက်ပျိုးရာဖြစ်သော တောင်ကြီးမြို့နယ်အပါအဝင်ရှမ်းပြည်နယ်ရှိဒေသအချို့တွင်လည်း အလားတူဖြစ်သည်။

“ကြက်သွန်ဖြူဈေးက တစ်ပိဿာ ၄၅၀၊ ၅၀၀ ကျပ်ကို ဝယ်သူမရှိဘူး။ စိုက်ပျိုးစရိတ်က တစ်ပိဿာ ၈၅၀ လောက်ကျတယ်။ အများစုက ဈေးတက်နိုးတက်နိုးနဲ့စောင့်ရင်း ရှုံးနေတာ”ဟု ယောမြို့နယ် တောခလွန်ကျေးရွာမှ ကိုလင်းစိုးကပြောသည်။

ထိုသို့ ကြက်သွန်ဖြူဝယ်လိုအားနည်းပြီး ဈေးပြုတ်ကျကာ တောင်သူများ အရှုံးပေါ်နေသည့် အဓိကအကြောင်းအရင်းတစ်ခုမှာ ကမ္ဘာ့ဒုတိယစီးပွားရေးအကြီးဆုံး တရုတ်နိုင်ငံမှ ကြူကုတ်ဟု အလွယ်ခေါ်သော တရုတ်ကြက်သွန်ဖြူများ ပြည်တွင်းဈေးကွက်ကို လွှမ်းမိုးခြင်းဖြစ်သည်။ ထို့အပြင် ယခင်နှစ်ကဈေးကောင်း၍ ယခုနှစ်တွင် စိုက်ပျိုးမှုများပြီး အထွက်တိုးခဲ့ခြင်းမှာလည်း ဈေးကျခြင်း၏ အချက်တစ်ချက်ဖြစ်သည်။

“တောင်သူကတော့ ရှုံးတယ်။ သူရတာအများဆုံး ၅၀၀ လောက်ပဲ။ ရန်ကုန်ရောက်လည်း ရှမ်းကြက်သွန်ဖြူကို ဝယ်မယ့်သူကို မရှိတာ။ ရောင်းအားက တစ်ဖြည်းဖြည်းကျလာတယ်။ ကြက်သွန်ဖြူက ဝယ်လိုအားနည်းတယ်။ ရာသီကကုန်ကာနီးပြီ လက်ကျန်တွေကများသေးတယ်။

**အချပ်ပို(D)သို့**






## မျက်နှာဖုံး-ဂျေဆင်မရက်ဇ် ပရိသတ်ငါးသောင်းကျော်နှင့် ဒီဇင်ဘာ၁၆ မှ

လာရောက်ကြသော ပရိသတ်များတွင် လူငယ်များမှာ အများစုဖြစ်ကြပြီး အသက်၅၀ ကျော် ၆၀ အရွယ် ပရိသတ်များကိုလည်း ကြိုးကြားကြိုးကြားတွေ့ရသည်။ ပရိသတ်များထဲတွင် ဂျေဆင်မရက်ဇ်၏ အမှတ်သညာလိုဖြစ်နေသောဖယ်ဒိုရာဦးထုပ်များကိုဆောင်းထားသော လူငယ်များကိုတွေ့ရပြီး “ဂျေဆင်မရက်ဇ်ကို ချစ်တယ်” ဟု အင်္ဂလိပ်လိုရေးသားထားသော ဆိုင်းဘုတ်များကို ယူဆောင်လာကြသည်ကိုတွေ့ရသည်။

နှစ်ပေါင်း ၂၆၀၀ ကျော်သက်တမ်းရှိပြီဖြစ်သည့် စေတီ၏ ခြေတော်ရင်းတွင် စဖွင့်ဖွင့်ချင်းသီဆိုသူက ချမ်းချမ်းဖြစ်သည်။ ဗုဒ္ဓဝင်သီချင်းတစ်ပုဒ်နှင့် ရှရီနာတိုင်ဝမ်၏ Stay the One သီချင်းကိုဖျော်ဖြေခဲ့သည်။ သူမနောက်တွင်တော့ မြန်မာအဆိုတော်များဖြစ်သည့် စိုင်းစိုင်းခမ်းလှိုင်၊ ဖြိုးကြီး၊ ချစ်သုဝေ၊ လင်းလင်း၊ ဖြူဖြူကျော်သိန်း၊ R ဇာနည်တို့က သီချင်းနှစ်ပုဒ်စီဖြင့် အကောင်းဆုံးဖျော်ဖြေခဲ့ကြသည်။ အနုပညာရှင်တစ်ဦးနှင့်တစ်ဦး ဖျော်ဖြေမှုအကြားတွင် လူကုန်ကူးမှုနှင့် ပတ်သက်သော အသိပညာပေးဗီဒီယိုများ သတင်းစကားများ ပါးခြင်းကို လုပ်ဆောင်ခဲ့သည်။

ဖျော်ဖြေကြသောပြည်တွင်း အနုပညာရှင်များကလည်း လူကုန်ကူးမှုနှင့် ပတ်သက်သော သတင်းစကားများပါးရင်း “လူကုန်ကူးမှု”ဟု တိုင်ပေးလျှင် သောင်းနှင့်ချီသောပရိသတ်က “လုံးဝရပ်” ဟု သံပြိုင်လိုက်အော်ကြသည်။ ပရိသတ်အကြိုက်တွေ့သော ချယ်ရီလမ်းသီချင်းကို တစ်သားတည်း သီဆိုပေးခဲ့သော ဖြူဖြူကျော်သိန်းက သောင်းနှင့်ချီသည့်ပရိသတ်ကို ကြည့်ရင်း “ပြည်သူ့ရင်ပြင်နဲ့တူတဲ့ ပြည်သူ့ရင်ပြင်စစ်စစ်ကို ဒီနေ့မှ တွေ့ဖူးတော့တယ်”ဟု စင်ပေါ်က နေပြီး ပြောသွားခဲ့သည်။

“ဒီပွဲဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မက်ဆေ့ကို ပေးလိုက်နိုင်တယ်လို့ ယုံကြည်တယ်။ ပြီးတော့ ကိုယ့်နိုင်ငံကို ဖျော်ဖြေတဲ့ အနုပညာရှင်တစ်ယောက်ကို ကြိုဆိုအားပေးပုံက အရမ်းယဉ်ကျေးတယ်။ စည်းကမ်းလည်း ရှိကြတယ်”ဟု MTV Exit ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး သံတမန်လည်းဖြစ်သည့် အဆိုတော်ဖြူဖြူကျော်သိန်းက ဂီတပွဲနှင့်ပတ်သက်ပြီး မှတ်ချက်ပြုသည်။

အားလုံးမမျှော်လင့်ထားဘဲ ပရိသတ်အားပေးမှုကို တစ်ခဲနက်ရရှိသွားသည်က ထိုင်းနိုင်ငံမှ ရော့ခ်ဂီတအဖွဲ့ Slot Machine ပင်ဖြစ်သည်။ သူတို့၏ လူသိများသော Good Bye သီချင်းအပါအဝင် ထိုင်းသီချင်းများ သီဆိုခဲ့ပြီး မြန်မာလို ‘တစ် နှစ် သုံး လေး’ ဟု တိုင်ရင်း သီချင်းကို မြူးမြူးကြွကြွ သီဆိုသွားသဖြင့်ပရိသတ်အားပေးမှုကိုတစ်ခဲနက်ရသွားခဲ့သည်။ ပွဲအပြီးနောက်တစ်ရက်တွင် သူတို့၏ ဖေ့စ်ဘွတ်စာမျက်နှာတွင်လည်း မြန်မာပရိသတ်များ အားပေးထားသော မှတ်ချက်များဖြင့် ပြည့်နေတော့သည်။

ပရိသတ်များ မျှော်နေသော ကမ္ဘာကျော်အဆိုတော် ဂျေဆင်မရက်ဇ်က ည ၉ နာရီကျော်တွင် မကောင်းတဲ့ကျွန်ပြုမှု (Slavery Sucks)ဟုရေးထားသည့် တီရှပ်အနက်ဝတ်ဆင်ပြီး စင်ပေါ်တက်လာသည်နှင့်တစ်ပြိုင်တည်း လက်ခုပ်သံများ ဆူညံသွားသည်။ သူက လက်အုပ်ချီပြီး ခါးကိုကုန်း ဦးညွှတ်ကာ ပရိသတ်ကို နှုတ်ဆက်သည်။

ဂျေဆင်သီချင်းစဆိုတော့ သီချင်းများကို ပရိသတ်အတော်များများ မသိသဖြင့် ငြိမ်ငြိမ်သက်သက်ပင် နားထောင်အားပေးသည်။ ဂျေဆင်က “လွတ်လပ်စွာသီချင်းများကို သီကြူးလိုက်ပါ. . . သင်ဟာ လွတ်လပ်မှုနဲ့ ထိုက်တန်သူပါ”ဟု အဓိပ္ပာယ်ရသော The Freedom Song ကိုဆိုတော့ ပရိသတ်က Freedom ဆိုသည့်နေရာတွင် သံပြိုင်လိုက်အော်သည်။

တစ်ချိန်က ဂျေဆင်မရက်ဇ်နှင့်တွဲခဲ့ဖူးသည့်အဆိုတော်မလေး ကိုဘီကိုလပ်နှင့် သူ၏သီချင်းဖြစ်သော Lucky ကို ဖြူဖြူကျော်သိန်းက တွဲဖက်သီဆိုပေးခဲ့ပြီး ဖြူဖြူကျော်သိန်းက အဆိုတော်လင်းလင်း ရေးသားပေးသော မြန်မာစာသားများဖြင့် သီဆိုသွားခဲ့သည်။ သီချင်းအပြီး ဂျေဆင်မရက်ဇ်က “ကျေးဇူးတင်ပါတယ် ဖြူဖြူ” ဟု မြန်မာလို ပီပီသသပြောလိုက်ရာ ပရိသတ်များ ပွဲကျသွားသည်။

နိုင်ငံတကာ ဖျော်ဖြေပွဲများနှင့် ယှဉ်ပါးခြင်းမရှိသေးဘဲ ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် ဂျေဆင်က အခြားနိုင်ငံဖျော်ဖြေပွဲများတွင်လို ရှေ့ဆုံးတန်းမှ လက်များထောင်ကာ တဖြည်းဖြည်းချင်း နောက်ကိုရွေ့သွားပြီး လူလှိုင်းလုံးသဏ္ဌာန်လုပ်လိုကြောင်းပြောရာ ပရိသတ်အားလုံးက တစ်ပြိုင်နက် လိုက်ထောင်သဖြင့် ဂျေဆင်လိုချင်တဲ့ပုံစံအတိုင်း ရမသွားပေ။ ပြည်တွင်းဖျော်ဖြေပွဲများနှင့်သာ ရင်းနှီးသော မြန်မာပရိသတ်များနှင့် ဂျေဆင်မရက်ဇ် အပေးအယူ မမျှခဲ့ပေ။

မကြာမီက ဂီတဗီဒီယိုထွက်ရှိထားသော 93 Million Miles သီချင်းမဆိုခင် ချစ်ရတဲ့ အစ်ကိုတွေ၊ အစ်မတွေ၊ သူငယ်ချင်းတွေကို အိပ်မက်ကြီးကြီးမက်ဖို့ တိုက်တွန်းပြီး အခက်ကြုံတိုင်း အမြဲတမ်း အိမ်ပြန်လာလို့ရတယ်ဆိုတဲ့စကား ပါးဖို့အတွက်ပရိသတ်ကိုသူနဲ့အတူ လိုက်ဆိုဖို့ ဖိတ်ခေါ်ခဲ့သည်။ သူ့သီချင်းကမြန်မာပရိသတ်တွေသိပ်မသိသေးတဲ့အတွက် ရတဲ့သူအနည်းငယ်သာ လိုက်ဆိုနိုင်ခဲ့ကြသည်။ မြန်မာပရိသတ်အသိများသော I'm Yours သီချင်းကိုတော့ ပွဲသိမ်းသီချင်းအဖြစ် ဆိုခဲ့သည်။ ပရိသတ်သိသော သီချင်းဖြစ်သည့်အတွက် တော်တော်များများ လိုက်ဆိုနိုင်ခဲ့သည်ကိုတွေ့ရသည်။ ဂျေဆင်မရက်ဇ်နှင့် အဖွဲ့က ပရိသတ်ကိုလက်အုပ်ချီနှုတ်ဆက်ရင်း အောင်မြင်စွာပွဲသိမ်းနိုင်ခဲ့သည်။

ဂျေဆင်မရက်ဇ်သည် ပိတ်ထားခဲ့ရာမှ ပွင့်လင်းလာသော မြန်မာနိုင်ငံတွင် ပထမဆုံးသော သောင်းချီသည့်ပရိသတ်ကိုဖျော်ဖြေသည့် ပထမဆုံး ကမ္ဘာကျော် အနုပညာရှင်ဖြစ်လာလေသည်။

**(အေးသူစံနှင့် ခန့်ထက်ပုံ့ပိုးသည်)**

**“ဟင့်အင်း”ကို ကျော်ဖြတ်ခြင်း**
**(ခက်ခဲသောသူများနှင့် ညှိနှိုင်းခြင်း)**
ဒေါ်အောင်ဆန်းစုကြည်
ဤစာအုပ်တွင်ပါဝင်သော အခန်းများမှာ အဆင့်(၁) မတုံ့ပြန်ပါနှင့်(ပြန်မချေပါနှင့်)၊ အဆင့်(၂) သူတို့ဘက်သို့ပြောင်းလိုက်ပါ၊ အဆင့်(၃) တံတားခင်းပေးလိုက်ပါ၊ အဆင့်(၄) ရွှေတံတားကြီးခင်းပေးလိုက်ပါ၊ အဆင့်(၅) ငြင်းရခက်အောင်လုပ်ပါ … စသည့် အကြောင်းအရာများနှင့်အတူ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးကို သိက္ခာရှိရှိ ဆောင်ရွက်လိုသော နိုင်ငံသားများ၊ ခက်ခဲသူများနှင့် နေ့တဓူဝ တွေ့ကြုံဆက်ဆံ နေသူများအားလုံး ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။
မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၇လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၁၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၄၉၃၅





စားသုံးသူအပေါင်း၏ တောင်းဆိုမှုအရ
ပဲပြုတ်ထမင်းကြော် (Breakfast) ကို
၂၄-၁၂-၂၀၁၂ မှစတင်၍
နံနက်(၆း၀၀)မှ (၉း၃၀)အထိ နေ့စဉ်ရောင်းချပေးပါမည်။
အထူးသတိပြုရန်မှာ ပြည်လမ်းဆိုင်ခွဲ၌သာ ရောင်းချမည်ဖြစ်ပါသည်။
နိုင်နိုင်ကျော် မြန်မာထမင်းဆိုင်
ပြည်လမ်းဆိုင်ခွဲ - ၅-မိုင်ခွဲ ကမ္ဘာ့ဘေကျောင်း သုခကမ္ဘာဆေးရုံအဝင်လမ်း (ဘုံနှင်းသဘင်ခန်းမအနီး)
ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၂၄၂၈၁ ၊ ၀၉-၄၂၀၀၆၇၅ ၊ ၀၉-၅၁၅၉၀၁၄၊

နီလာ
မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၂)ရက်ခရီး -
(၁၅)ရက်ခရီး -
ထွက်ခွာမည့်ရက်များ-
ရန်ကုန်ရုံးချုပ် အမှတ်- ၂၇၆/၂၇၈(ပြည်ထောင်စုဆိုင်ခန်း)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# ကျိန္တလီ၌ အိုမင်းရင့်ရော်ခြင်း

■ မောင်သာချို




### (တစ်)

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်၌ နှစ်တိုင်းလိုလို စာပေဟောပြောပွဲကျင်းပဖြစ်သော နေရာတော်တော်များများရှိပါသည်။တောင်ဘက်အကျဆုံးမြို့ဖြစ်သည့် ဂွ၊ ထို့နောက် တိုင်ကျိုး၊ ထို့နောက် ကျိန္တလီ၊ ထို့နောက် လုံးသာ၊ မြပြင်၊ ဂျိတ်တော၊ ငပလီ၊ တောင်ကုတ် စသည်စသည်။

ကျိန္တလီကလည်း နှစ်တိုင်းနှစ်စဉ် စာပေဟောပြောပွဲကျင်းပလေ့ရှိပါသည်။ ရခိုင်ကမ်းရိုးတန်းနေ မိတ်ဆွေတို့၏ ဖိတ်ကြားမှုဖြင့် ဘင်္ဂလားပင်လယ်အော်ကြီး၏ နှုတ်ခမ်းသားပေါ်က အထက်ပါမြို့ကြီးများ အားလုံးရှိရာဆီသို့ အကြိမ်ကြိမ်အခါခါ သွားရောက်ခဲ့ဖူးသော ကျွန်တော်သည် ကျိန္တလီနှင့်လည်း မကင်းပါ။ ကျိန္တလီတွင် ကျွန်တော်စိတ်ဝင်စားမိသောနေရာကလေးတစ်ခုက "မေတ္တာရိပ်မွန်" ဟူသောအမည်နှင့် ဖွင့်လှစ်ထားသည့်ပရဟိတဘိုးဘွားရိပ်သာ နေရာကလေးပဲဖြစ်ပါသည်။

### (နှစ်)

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက အိုခြင်းနှင့်ပတ်သက်၍ စကားတစ်ခွန်းဆိုခဲ့ဖူးရာ အိုမင်းမစွမ်းဟူသော စကားပင်ဖြစ်ပါသည်။ ဆရာကြီးက ထိုစကားလုံးကို "အိုရင်မင်းမစွမ်းတော့ဘူး" ဟု ဗျူပွတ်ဖွင့်ပါသည်။ မှန်ပါသည်။ အိုသောအခါ ကျွန်တော်တို့ဘာမှမစွမ်းနိုင်တော့ပါ။ ထိုအခါ လူ့အဖွဲ့အစည်းက အိုသူများအပေါ် ဘယ်လို သဘောထားသလဲဆိုသော ကိစ္စက အရေးကြီးပါသည်။ ဝန်ထုပ်ဝန်ပိုးကြီးတွေဟု သဘောထားသူတို့ ရှိနိုင်ပါသည်။ တို့ရဲ့ ကျေးဇူးရှင် အဘိုးအဘွားများဟု သဘောထားသူတို့လည်း ရှိနိုင်ပါသည်။ ကျီးစောင့် ကြက်နှင်ကလေးတော့ အားကိုးရပါတယ်ဟု ဆိုကာ တန်ဖိုးသတ်မှတ်သူတို့လည်း ရှိနိုင်ပါတယ်။ အဘိုးတို့ အဘွားတို့ အိမ်ဦးခန်း၌ မြိန့်မြိန့်ကြီး ထိုင်နေသည်ကပင်လျှင် အိမ်၌ကျက်သရေရှိလှပါပြီဟု ကျေနပ်နေ သူတို့လည်း ရှိနိုင်ပါသည်။

မြန်မာတို့ ဆုတောင်းဆုယူလုပ်ကြသောအခါ အာယုဝဍ္ဎ သုခဗလစသည်ဖြင့် ထည့်သွင်းရွတ်ဆိုလေ့ရှိကြပါသည်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းတဲ့။ အသက်ရှည်ခြင်းကို တောင့်တအပ်သော အရာအဖြစ်ထည့်သွင်းရွတ်ဆိုထားသည်ကို တွေ့နိုင်ပါသည်။

နိုင်ငံသားတို့ အသက်ရှည်ခြင်းသည် ထိုနိုင်ငံ၏ ဓနဥစ္စာ စည်းစိမ်ချမ်းသာဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ ၂၀၀၄ ခုနှစ်တွင် UNDP က ထုတ်ပြန်ခဲ့သော မှတ်တမ်းအရ အသက်ရှည်သော နိုင်ငံအချို့ကို ဤသို့တွေ့ရပါသည်။

| | |
|---|---|
| ဂျပန် | - ၈၁. ၃ |
| ဆွီဒင် | - ၇၉. ၉ |
| ကနေဒါ | - ၇၉. ၂ |
| စပိန် | - ၇၉. ၁ |
| ဆွစ်ဇာလန် | - ၇၉ |
| သြစတြေးလျ | - ၇၉ |
| အစ္စရေး | - ၇၈. ၉ |
| နော်ဝေ | - ၇၈. ၇ |
| ပြင်သစ် | - ၇၈. ၇ |
| အီတလီ | - ၇၈. ၆ |
| ယူကေ | - ၇၇. ၉ |
| အမေရိကန် | - ၇၆. ၉ |

စာရင်းကိုကြည့်ရုံနှင့် ချမ်းသာ ဖွံ့ဖြိုးသော နိုင်ငံတို့ဖြစ်ကြောင်း သိနိုင်ပါသည်။ ထို့ပြင် လူ၏ အသက်ရှည်လျားမှု၌ ဉာဏ်ပညာကလည်း အကူအပံ့ ပေးသည်ဟု ဆိုပါသည်။ Ph.D တွေက M.A, M.Sc တွေထက် အသက်ပိုရှည်၊ M.A, M.Sc တွေက B.A, B.Sc တွေထက် အသက်ပိုရှည်ဟူ၍ ဖြစ်ပါသည်။

သို့ဖြစ်ရာ ဘာပဲဖြစ်ဖြစ် ယေဘုယျပြောရလျှင် အသက်ရှည်ခြင်းသည် ကောင်းသောအချက်ဆိုတာပဲဖြစ်ပါသည်။ သို့သော် ထို အသက်ရှည်သော နိုင်ငံတို့က သက်ကြီးဘိုးဘွားများ လူဦးရေများပြားလာသဖြင့် ခေါင်းခြောက်နေကြရပါကြောင်း ဆိုလာကြပြန်လေသောအခါ အသက်ရှည်ခြင်းကပဲ ပြဿနာတစ်ခုလို ဖြစ်လာရပြန်ပါသည်။

ဂျပန်က ၂၀၀၇ ခုနှစ်တုန်းက အသက် ၆၅ နှစ်ကျော်သူ ၂၁. ၅ ရာခိုင်နှုန်း။ ထို့ကြောင့် လူဦးရေ ၂၇ သန်းကျော်ကျော်၊ ၂၀၅၀ သို့ရောက်လျှင် ထိုအသက် ၆၅ နှစ်ကျော်သူတို့သည် ဂျပန်လူဦးရေ၏ လေးပုံတစ်ပုံရှိလာမည်ဖြစ်ပြီး အမျိုးသားပျမ်းမျှအသက် ၈၄ နှစ်ကျော်၊ အမျိုးသမီးပျမ်းမျှ အသက် ၉၀ ကျော်ဖြစ်လာနိုင်သဖြင့် ခေါင်းခြောက်နေကြရကြောင်း သတင်းထုတ်ပြန်လာကြပါသည်။

တရုတ်ကမူ ၂၀၀၅ တုန်းက အသက် ၆၀ ကျော်သူမှာ ၁၀. ၃ ရှိပြီး ၂၀၅၀ ၌ ၃၁ ရာခိုင်နှုန်းရှိလာမည်ဖြစ်သဖြင့် အသက်ကြီးသူ သန်း ၃၄၀ လောက်ရှိလာမည်ဖြစ်၍ စိတ်ရှုပ်ထွေးနေရကြောင်း ပြောလာကြပြန်ပါသည်။

အဘိုးတို့ အဘွားတို့ကို ကျွေးဖို့မွေးဖို့ ပြုစုဖို့ စောင့်ရှောက်ဖို့ ဆိုသည်မှာပြဿနာကြီးတစ်ခုပါတဲ့။

ပြင်သစ်ကျန်းမာရေးဝန်ကြီး ရိုစ်လင်းဘက်ချ်လော့ (Roselyne Bachlot) က ပြင်သစ်ဘိုးဘွားတို့ကို စောင့်ရှောက်ကူညီရန်၊ ထိုသို့ စောင့်ရှောက်ကူညီသူကို တစ်ရက်လျှင် ယူရိုငွေ ၄၅ ပေးရန် ဥပဒေ ထုတ်ပြန်ခဲ့ကြောင်း သတင်းတစ်ရပ်ကို ကြားသိခဲ့ရဖူးပါသည်။ ထိုမျှ မကသေးပါ။ ပြင်သစ်ကျန်းမာရေးဝန်ကြီးက အစိုးရအမှုထမ်း (သို့မဟုတ်) ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ဘိုးဘွားတို့ကို စောင့်ရှောက်သူအား လစာအပြည့်ဖြင့် ခွင့် ၆ လ ပေးရန် ဥပဒေ ထုတ်ပြန်ခဲ့ပါသေးသည်။ ဆိုလိုသည်မှာ ချမ်းသာတော့ ကျန်းမာ၊ ကျန်းမာတော့ အသက်ရှည်၊ အသက်ရှည်တော့ ဘိုးတွေ ဘွားတွေ ပေါများ၊ ထိုသို့ ပေါများသည်ကိုပင် ပြဿနာတစ်ရပ်သဖွယ် ယူဆလျက် ဘယ်လိုဖြေရှင်းကြမလဲဆိုသည်ကို ခေါင်းချင်းဆိုင်နေကြရကြောင်းဖြစ်ပါသည်။

သြော်. . အသက်ရှည်ခြင်းကပင်လျှင် ဝန်ထုပ်ဝန်ပိုးတစ်ခုလေတဲ့လား။

### (သုံး)

ကျိန္တလီကိုရောက်တော့ မေတ္တာရိပ်မွန်ဟူသည့်အမည်ဖြင့် ပရဟိတဘိုးဘွားရိပ်သာ ပေါက်စကလေးတစ်ခုကို တွေ့ရပါသည်။ ခြံနှင့်ဝန်းနှင့် နှစ်ထပ်အိမ်ကလေး။

ထူးဆန်းသည်က နိုင်ငံသိဘိုးဘွားရိပ်သာများလို စည်းကြီးကမ်းကြီးတို့ဖြင့် မကွပ်ညှပ်ထားခြင်းဖြစ်ပါသည်။

၁၉၉၈ ဇန်နဝါရီလ ၃၀ တုန်းက စတင်ကာ ကျိန္တလီရွာပိုင်မြေအလွတ်ပေါ်၌ တဲခပ်ရှယ်ရှယ်များထိုးကာ ဘိုးဘွားနှစ်ဆယ်ကျော်ကိုလက်ခံစောင့်ရှောက်ထားခဲ့ကြသည်ဟု ပရဟိတ ဦးဆောင်သူလူငယ်တစ်ယောက်က ရှင်းပြပါသည်။ နောက်တော့ ဒေါ်ဖြူစင်ဆိုသည့် အဘွားတစ်ယောက်က ကျိန္တလီရွာထဲက သူ့အိမ်ကို အဖွဲ့သို့ လှူပါသည်။ သို့ဖြင့် ထိုအဘွားကွယ်လွန်သွားသောအခါ သူ့နှစ်ထပ်အိမ်ကလေးက ဘိုးဘွားရိပ်သာ ကလေးဖြစ်သွားပါသည်။ သည် မေတ္တာရိပ်မွန်၏ အစ။

"ဟိုတုန်းက ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက လှူဖူးတယ် ဆရာ. . စင်ကာပူက East Wing အဖွဲ့ကလည်း လှူဖူးပါတယ်။ သိန်းဆယ်ဂဏန်းတွေပါပဲ။ ဟိုကတစ်သိန်း၊ သည်ကတစ်သိန်း ဆန်အိတ်ဘာညာ ခပ်ပါးပါး အလှူကလေးတွေလည်း ရှိတယ်ဆိုပါတော့"

မေတ္တာရိပ်မွန်၏ ပွဲကိုင်ပရဟိတ လူငယ်က ဝန်ထမ်းတစ်ယောက်ထားကာ ဘိုးဘွားတို့ကို ချက်ပြုတ်ကျွေးမွေးကြောင်း၊ ဝယ်တာခြမ်းတာကို မိမိတို့အိမ်က ဆောင်ရွက်ပေးကြောင်း၊ ဘိုးဘွားတို့ရွာထဲ၌ လှည့်လည်သွားလာကာ လွတ်လွတ်လပ်လပ်နေနိုင်ကြောင်း၊ အပေါ်ထပ်အောက်ထပ် ဘိုးဘွားတို့ အဆင်ပြေသလို အိပ်ကြကြောင်း စသည်စသည်တို့ကို ပါ ရှင်းပြပါသည်။

ကျွန်တော်တို့ဆီ၌ ဒေါ်ဦးဇွန်းဟုဆိုလျှင် ဘိုးဘွားရိပ်သာများ၏ အစပထမဟုပင် ဆိုနိုင်ပါသည်။ သူ့တုန်းကတော့ လူအိုရုံပေါ့။ နောက်တော့ ပိုမိုသိမ်မွေ့သော အမည်အဖြစ် ဘိုးဘွားရိပ်သာ။ ရန်ကုန်မြို့၌ နှင်းဆီကုန်းဘိုးဘွားရှိပြီး အခြားအခြားသော မြို့များ၊ ရွာများ၌လည်း ဘိုးဘွားရိပ်သာများ ရှိတတ်ကြပါသည်။ ဥပမာပေါင်းတည်။ ဥပမာ - ဟသ်ာတ။ ဥပမာ - ပန်းတနော်။ ရန်ကုန်၌ စာရေးဆရာမ သန်းမြင့်အောင်တို့၏ ဆည်းဆာရိပ်လိုဘိုးဘွားရိပ်သာ ပေါက်စနလေးများလည်း ရှိပါသည်။

ကိုယ်နိုင်သလောက် အစိုးရအဖွဲ့အစည်းများကရော၊ ပုဂ္ဂလိကကပါ ဘိုးဘွားတို့ကို စောင့်ရှောက်မှု ပေးနေကြသည်မှာ လွန်စွာကျက်သရေရှိလှပါသည်။

ကျွန်တော်တို့လူ့အဖွဲ့အစည်းက အဘိုးအဘွားတို့ကို အပိုတွေ အရှုပ်တွေ အမှိုက်တွေဟု သဘောမထားကြသေးပါ။ စောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ခံယူနေကြဆဲဖြစ်ပါသည်။ ယင်းကိုပင် လူမှုရေးပညာရှင်တို့က Social Cohesion လူမှုရေးနီးကပ်စည်းရုံးမှုဟု အမည်ပေးပါသည်။

ကျိန္တလီကတော့ပိုပြီးသဘောကျဖို့ကောင်းပါသည်။ ရပ်ထဲရွာထဲမှာ လွတ်လွတ်လပ်လပ် သွားလာ၍ ရသတဲ့။ ပိုပြီး စိတ်ဓာတ်လန်းဆန်းကာ ပိုပြီး အသက်မရှည်နိုင်ဘူးလား။ ကျိန္တလီမှာ အိုမင်းရင့်ရော်ရတာပိုကောင်းလေမလားဟု ကျွန်တော် အတွေးဝင်မိကြောင်းပါ။ ။

> လူ့အဖွဲ့အစည်းက အိုသူများအပေါ် ဘယ်လို သဘောထားသလဲဆိုသောကိစ္စက အရေးကြီးပါသည်။ ဝန်ထုပ်ဝန်ပိုးကြီးတွေဟု သဘောထားသူတို့ရှိနိုင်ပါသည်။ တို့ရဲ့ ကျေးဇူးရှင်အဘိုးအဘွားများဟု သဘောထားသူတို့လည်း ရှိနိုင်ပါသည်။ကျီးစောင့်ကြက်နှင်ကလေးတော့ အားကိုးရပါတယ်ဟုဆိုကာ တန်ဖိုးသတ်မှတ်သူတို့လည်း ရှိနိုင်ပါတယ်။ အဘိုးတို့ အဘွားတို့ အိမ်ဦးခန်း၌ မြိန့်မြိန့်ကြီး ထိုင်နေသည်ကပင်လျှင် အိမ်၌ကျက်သရေရှိလှပါပြီဟု ကျေနပ်နေသူတို့လည်း ရှိနိုင်ပါသည်။

---

## မြန်မာစာ အရေးအသား တိုးတက်စေရန် ပညာရှင်သုံးဦးပထမဆုံးအကြိမ် ဟောပြောမည်

**အောင်သစ်လွင်**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၁၄**

မြန်မာစာအရေးအသား တိုးတက်ကောင်းမွန်စေရေးအတွက် ပထမဆုံးအကြိမ်အဖြစ် ပညာရှင်သုံးဦးက ဒီဇင်ဘာ ၂၃ ရက်တွင် ဟောပြောပို့ချသွားမည်ဖြစ်ကြောင်းမြန်မာစာပေ ချစ်မြတ်နိုးသူများအသင်းမှ သိရသည်။

မြန်မာစာရေးသားရာတွင် စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါအထားအသို တိကျမှန်ကန်စေရန် ရည်ရွယ်၍ ကျောင်းသားလူငယ်များ၊ ဆရာ/မများ အပါအဝင် မြန်မာစာပေလေ့လာလိုက်စားသူများအား ဖိတ်ကြားထားပြီး မြန်မာစာပါမောက္ခဟောင်း ဒေါက်တာဦးခင်အေး (ဆရာမောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာ ဦးထွန်းတင့်နှင့် ဆရာဂုဏ်ထူး ဦးသိန်းနိုင်တို့က အခြေခံမြန်မာစာအရေးအသား၊ စည်းနဲ့ကမ်းနဲ့ မြန်မာစာ၊ စာကိုရှင်းအောင် ဘယ်လိုရေးမလဲ ဟူသော ခေါင်းစဉ်အသီးသီးဖြင့် ဟောပြောမည်ဖြစ်သည်။

ဆရာဂုဏ်ထူးဦးသိန်းနိုင်က "မြန်မာစာပေလောကမှာ အမှားကြာရင် အမှန်ဖြစ်သွားမှာစိုးလို့ ဒီဟောပြောပွဲလေးကို ဖြစ်မြောက်အောင် စီစဉ်ရတာပါ" ဟု ပြောကြားသည်။

အဆိုပါ ဟောပြောပွဲအား အမှတ် ၁၈၈ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၃ ရက် နေ့လယ် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ်၊ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006




## စက်ရုပ်ကလေးတို့အတွက်

# မနက်ဖြန် . . .

ကိုဝေး(ဒေးဒရဲ)

**လွန်**ခဲ့တဲ့နှစ် ဥရောပနိုင်ငံများ ဖလားဘောလုံးပြိုင်ပွဲမှာ အင်္ဂလန်အသင်း ရှေ့တန်းတိုက်စစ်မှူး ပီတာခရောချ်က အသင်းအတွက်ဂိုးသွင်းပြီးနောက် စက်ရုပ်တစ်ရုပ်လို ကပြအောင်ပွဲခံသွားတာကို ကမ္ဘာ့ဘောလုံးဝါသနာအိုး ပရိသတ်များ တွေ့မြင်သဘောကျခဲ့ကြပါတယ်။ ဗြိတိန်တော်ဝင်မိသားစု ညစာစားပွဲမှာလည်း ကပြတဲ့ ပီတာခရောချ်စက်ရုပ်အကကိုရုပ်သံလွှင့်ဌာနတွေက ကမ္ဘာလုံးအနှံ့ လွှင့်ပြခဲ့တော့ အရပ် ၆ ပေကျော်၊ လက်ကားကား၊ ခြေကားကား၊ ခေါင်းမော့ရင်ကော့နှင့် မြင်ရတော့ မြန်မာဟာသရုပ်ရှင် သရုပ်ဆောင်ကို ကင်းကောင်ကိုအောက်က ကုလားမခြေထောက်တပ်ပြီး ကပြခိုင်းရင်လည်း ဒီပုံစံမျိုး ထွက်လာနိုင်တယ်လို့ပြောဆိုရယ်မောကြဖူးပါတယ်။

မရှေးမနှောင်းမှာ NHK သတင်းဌာန နည်းပညာအစီအစဉ်ထဲ စက်ရုပ်မောင်နှံကပြတဲ့ ပြကွက်တစ်ခု တင်ဆက်ပြသကြပါတယ်။ ဂျပန်က ထုတ်လွှင့်ပြသတဲ့ အစီအစဉ်ထဲမှာ အမျိုးသမီးစက်ရုပ်က ပွဲတက်အကျီင်္ဂါဝန်ပွပွကြီး ဝတ်ဆင်ပေးထားလို့ကြည့်ကောင်းနေပေမယ့် အမျိုးသားစက်ရုပ်က ဝတ်စုံတန်ဆာပလာခြယ်ဆင်ထားခြင်း မရှိတာကြောင့် တော်တော်ကြည့်ရဆိုးပါတယ်။ ခေါင်း၊ လက်၊ ခြေထောက်တွေမှာ ကြိုးရှုပ်နေတဲ့ အပြင် ရင်ဘတ်မှာလည်း မီးနီတစ်လုံးက မှိတ်တုတ်တုတ် ဖြစ်နေပါတယ်။ အမျိုးသမီးစက်ရုပ်ကို လုံလုံခြုံခြုံ ဝတ်ဆင်ပေးထားပေမယ့် အမျိုးသားစက်ရုပ်ကိုတော့ မိမွေးတိုင်း၊ ဖမွေးတိုင်းထားပါတယ်။

စုံတွဲကပွဲပြီးသွားတော့ အမျိုးသမီးစက်ရုပ်ကို ခုံပေါ်က ဖယ်လိုက်ပြီး အမျိုးသား တစ်ယောက်တည်း အထီးကျန်စွာထားထားပါတယ်။

ငါးစက္ကန့်လောက်ကြာတော့ လက်ခုပ်သံ တဖြောင်းဖြောင်းကြားရပြီး လူငယ်ဂျပန်တစ်ယောက် ထွက်လာပါတယ်။ ဥရောပဝတ်စုံသပ်သပ်ရပ်ရပ်ဝတ်ဆင်ထားတဲ့ ဂျပန်လူငယ်က ဂျပန်ဘာသာစကားနှင့် စကားအနည်းငယ် ပြောပါတယ်။ စကားပြောရင်း လက်ထဲကိုင်ထားတဲ့ ရေဒီယို အင်တင်နာတိုင်နဲ့ စက်ရုပ်အနှံ့ ဟိုထောက်ပြ၊ ဒီထောက်ပြ ပြောဆိုရှင်းလင်းပါတယ်။ ဒီတော့မှ ဂျပန်လူငယ်က တီထွင်သူပညာရှင်၊ သူပြောနေတဲ့ အကြောင်းက စက်ရုပ်ရဲ့ ခန္ဓာဗေဒအကြောင်း၊ စက်ရုပ် ခန္ဓာကိုယ်ပေါ်က သူထောက်ပြနေတဲ့ နေရာအစိတ်အပိုင်းတွေကတော့ ချိတ်ဆက်ဝါယာကြိုးတွေ ဖြစ်မှန်းသိရပါတော့တယ်။

တော်တော်ကြာ စကားပြောဆိုပြီးတဲ့နောက် ကင်မရာမင်းက အမျိုးသားစက်ရုပ်ကိုသေသေချာချာ ရိုက်ပြပါတယ်။ ဂျပန်လူငယ်ပညာရှင်က အဝေးထိန်းခလုတ်ကို နှိပ်လိုက်တဲ့အခါ စက်ရုပ်ရင်ဘတ်ပေါ်က မီးနီကလေး မှိတ်တုတ်တုတ် အချက်ပြပြီး တစ်ကိုယ်တော်အကကပြပါတော့တယ်။ ကကွက်ကိုကြည့်ရင်း မြင်ဖူးသလိုလိုရှိပါတယ် စဉ်းစားကြည့်တော့မှ အင်္ဂလန်အသင်းလက်ရွေးစင်တိုက်စစ်မှူး ပီတာခရောချ်ဂိုးသွင်းအပြီး ကပြတဲ့ အောင်ပွဲခံစက်ရုပ်ကကွက်ဖြစ်နေကြောင်း မြင်လာတော့တယ်။ ကျွန်တော် မှတ်မိစဉ်းစားနေတုန်းမှာပဲ အစီအစဉ်တင်ဆက်သူတွေက အင်္ဂလန်အသင်း လက်ရွေးစင်တိုက်စစ်မှူး ပီတာခရောချ်အောင်ပွဲခံစက်ရုပ်ကကွက်နှင့် ခုံပေါ်က ဝါယာကြိုး ရှုပ်ပွေလိမ်အောင် ချိတ်ဆက်ထားတဲ့ ကကွက်ကို လျှပ်တစ်ပြက်အမြင် (Flash) ထုတ်ပြပါတယ်။ ဆိုလိုတာကတော့ လူသားနှင့်စက်ရုပ် ကကွက်တူညီတဲ့အကြောင်း သဘောပါ။ ဒီကကွက်ကို လူသားဖြစ်တဲ့ ပီတာခရောချ်ကပဲ စတီထွင်တာလား၊ စက်ရုပ်ကပဲ စတီထွင်တာလားဆိုတဲ့ အမေးတွေးဖြစ်ပေမယ့် လူသားနှင့် နည်းပညာကြား ဖန်တီးမှုနေရာ ကျဉ်းမြောင်းလာပြီလို့ ခံစားမိပြန်တယ်။

ယခုနှစ်ရဲ့ စာသင်နှစ်အစပိုင်းလောက်မှာ နယ်တစ်မြို့တည်းနေလာခဲ့တဲ့ မိတ်ဆွေတစ်ယောက်နဲ့ မထင်မှတ်ဘဲ တွေ့ဆုံဖြစ်ခဲ့ပါတယ်။ နယ်မှာ ငွေကြေးခနေအင်အား ပြည့်စုံ တောင့်တင်းတာကြောင့် သမီးနှစ်ယောက်အနက် အကြီးဖြစ်သူ သမီးကို ရန်ကုန်မှာ ငွေကြေးအကုန်အကျခံပြီး ကျောင်းလာထားပါတယ်။ အစိုးရအမျိုးသမီး အထက်တန်းကျောင်းမှာ ကျောင်းအပ်ပြီး နာမည်ကြီးကျူရှင် တက်ခိုင်းပါတယ်။ ကျူရှင်က ပြန်လာတော့ အနီးကပ် Guide ဆရာ၊ ဆရာမ လေး၊ ငါးယောက်ငှားပြီး အိမ်မှာစာသင်၊ စာကျက်လုပ်ခိုင်းပါတယ်တဲ့။ သမီးကျောင်းသူ တစ်လကုန်ကျစရိတ်ကို စပ်စုမေးမြန်းကြည့်တော့ အသေးစိတ်နီးပါး တွက်ချက်ပြန်ဖြေပါတယ်။ တစ်နှစ်တာ ကုန်ကျစရိတ်ကိုစိတ်မှန်း တွက်စစ်ကြည့်တော့ နယ်က ကျောင်းသားဦးရေ နှစ်ဆယ်ရဲ့ ကုန်ကျစရိတ်ထက်မက များပြားနေတာကြောင့် မျက်ခုံးပင့်မိပါလေရဲ့။

သမီးဖြစ်သူ ပညာရေးကို အားကြိုးမာန်တက် ပုံအောထားတဲ့ မိတ်ဆွေ ပျောက်ချင်းမလှ ပျောက်နေပြီးကာမှ တစ်လောက အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပါတယ်။ မျက်နှာကလည်း အတော်ညှိုးနွမ်းအားငယ်နေပုံပါ။ ရောက်ရောက်ချင်းမဆိုက် သူ့သမီးပညာရေးအကြောင်း ပြောပြ အကြံဉာဏ်တောင်းပါတော့တယ်။

သမီးဖြစ်သူကို အစိုးရအမျိုးသမီး သီးသန့်ကျောင်းမှာထားတာ၊ ဆရာကောင်းတွေချည်း စုသင်တဲ့ ကျူရှင်တက်ခိုင်းတာ၊ ညပိုင်း အနီးကပ် ဆရာ၊ ဆရာမတွေနဲ့ အနီးကပ် ပညာရေးပုံဖော်ပေးထားပေမယ့်ကလေးကတစ်နေ့တခြားပညာရည် နိမ့်ပါးလာပါသတဲ့။ လစဉ်ဖြေဆိုနေကျ စာမေးပွဲတွေမှာ တဖြည်းဖြည်း အမှတ်နည်းလာတဲ့ အတွက်တခြားကျောင်းတစ်ကျောင်းကို ပြောင်းထားရရင် ကောင်းမလား၊ ဒါမှမဟုတ် အနီးကပ်သင်ကြားပေးတဲ့ဆရာ၊ ဆရာမနောက်ထပ်ခေါ် ရရင် ကောင်းမလားလို့ အကြံတောင်းပါတယ်။ တစ်ချိန်လုံး စာပြီးရင်စားဖြစ်နေတဲ့ ကျောင်းသူတစ်ယောက် ပညာရေးမှာ တစ်နေ့တခြား ကျဆင်းလာတဲ့ ပြဿနာဟာ ဖြေရှင်းရခက်ပါတယ်။ ဓားတစ်လက်ကိုအသွားထက်မြက်အောင် ဓားသွေးကျောက်နှင့် မပြတ်တိုက်သွေးနေတဲ့အခါ ဓားက ထက်မြက်မလာတဲ့အပြင် တုံးသွားတတ်လို့ ဓားသွေးကျောက်ကို အပြစ်တင်တတ်ကြသလို မိတ်ဆွေကလည်း ဓားသွေးကျောက်နဲ့တူတဲ့ ဆရာ၊ ဆရာမတွေအပေါ်မှာ အပြစ်တင်လိုနေပါတယ်။ ဓားဆိုတာ တိုက်နေတိုင်း ထက်မြက်လာနိုင်တယ်လို့ အပေါ်ယံသဘောသဘာဝ ထင်မြင်ရနိုင်ပေမယ့် တုံးသွားတတ်တာကိုလည်း သတိပြုဆင်ခြင်ရမှာပါ။

ကျောင်းသူ သမီးရဲ့ တစ်နေ့တာ အချိန်စာရင်းကို မေးကြည့်မိပါတယ်။ ကလေးက နံနက် ၄ နာရီလောက်မှာ အိပ်ရာထပါတယ်။ နံနက် ၆ နာရီထိ စာကျက်၊ ပြီးတော့ ကျူရှင်သွား၊ ကျူရှင်က အပြန် အစိုးရ အထက်တန်းကျောင်းတက်၊ ကျောင်းကြီးက ပြန်လာတော့ ကျူရှင်ပြန်သွား၊ ည ၇ နာရီလောက်မှာ အိမ်ပြန်လာ၊ အနီးကပ် စာသင်၊ စာကျက်၊ ဆယ့်တစ်နာရီထိုးတော့မှ အိပ်ရာဝင်ရပါတယ်။ အားလုံး ခြုံငုံကြည့်တဲ့အခါ ကလေးရဲ့ အနားယူချိန်က ငါးနာရီပဲ ရှိနေပါတယ်။ ကလေးတစ်ယောက်ရဲ့ အနားယူချိန်၊ အိပ်စက်ချိန် ရှစ်နာရီ ရှိသင့်တယ်ဆိုတော့ ငါးနာရီသာ အနားယူ၊ အိပ်စက်ခွင့်ရတဲ့ ကျောင်းသူဟာ သဘာဝဘေးထွက်ဆိုးကျိုးခံစားရပြီပေါ့။ အိပ်ချိန်မပြည့်တဲ့အတွက်ကလေးက ခန္ဓာကိုယ်ဝဖြိုးလာပါတယ်တဲ့။ ခန္ဓာကိုယ် ဝဖြိုးလာတဲ့ အခါမှာ ဉာဏ်ရည်နိမ့်ပါးလာတဲ့ ပြဿနာ၊ မှတ်ဉာဏ်အားလျော့နည်းလာတဲ့ ပြဿနာကို ခံစားရတော့တာပါပဲ။

ကလေးတွေကို အချိန်နာရီ သတ်မှတ်ပေးပြီး အလုပ်လုပ်ခိုင်းတဲ့ အကျင့်က ကောင်းပါတယ်။ အိပ်ချိန်တန်အိပ်၊ စားချိန်တန်စား၊ နားချိန်တန်နားပြီး စာကြည့်ချိန်ဆိုတဲ့ မျှတတဲ့ အချိန်စာရင်း ဆွဲပေးထားနိုင်ရန် ပိုကောင်းပါတယ်။ မမျှတပဲ ကန့်သတ်ချက် အလုံပိတ်စည်းကမ်း၊ အသက်ရှူပေါက်မပါတဲ့ အချိန်စာရင်း ဆွဲပေးထားရင်တော့ ဓားတစ်လက်ကို မပြတ်သွေးတိုက်နေသလို စွမ်းရည်ကျဆင်းသွားမှာပါ။ သည်သဘောကို ကျောင်းသားမိဘ တော်တော်များများ သတိမပြုမိ၊ မသိကြတဲ့အတွက်ကလေးတွေဟာပင်ကိုယ်အစွမ်းအစနှင့် မှတ်ဉာဏ်လျော့နည်းသွားကြပါတော့တယ်။ ကျွန်တော်က ဒီသဘောကို ထောက်ပြပြောဆိုတော့ မိတ်ဆွေက သဘောကျချင်ပုံမရဘဲ ပြန်သွားပါတော့တယ်။

*စာ(၁၈) သို့*

# Business

7 DAY NEWS JOURNAL

Vol.11, No.41 · DECEMBER 20 , 2012


## ထိုင်းငရုတ်သီးခြောက် တင်သွင်းမှုပမာဏ ကန့်သတ်ခွင့်ပြုရန် အကြံပြု

**ရဲနောင်၊ ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ထိုင်းငရုတ်သီးခြောက်များ တရားဝင် တင်သွင်းခွင့်ပြုရန်အတွက် မြဝတီနယ်စပ်ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်ဆောင်ရွက်လျက်ရှိရာ လစဉ်တန် ၃၆၀ ထက်ပို၍ တင်သွင်းခွင့်မပြုသင့်ကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက အကြံပြုထားသည်။

တရားမဝင် တင်သွင်းမှုများရှိနေသည့် ထိုင်းငရုတ်သီးခြောက်များမှာ အရောင်တင်မှုန့်ပြုလုပ်ရာတွင် ဆေးရောင်တင်ရန်မလိုဘဲ အမှုန့်ပြုလုပ်ရောင်းချနိုင်၍ ပြည်တွင်းငရုတ်သီးခြောက်များထက် ဈေးကွက်ပိုမိုရလျက်ရှိရာ အခွန် ရရှိရန်အတွက် တရားဝင် တင်သွင်းခွင့်ပြုသွားမည် ဖြစ်သည်။

“မှောင်ခိုကတော့ ရှိနေတာပဲ။ ကြက်သွန်ဖြူတုန်းကလည်း တရားဝင် သတ်မှတ်လိုက်တယ်ဆိုပေမယ့် မှောင်ခိုက လာနေတုန်းပဲ” ဟု အဆိုပါအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း ငရုတ်သီးခြောက်များမှာလည်း တစ်နှစ်ပတ်လုံး ထွက်ရှိနေသည့်အတွက် ထိုင်းငရုတ်သီးခြောက်သွင်းကုန်လိုင်စင် လစဉ်တန် ၃၆၀ နှင့် သွင်းကုန်လိုင်စင်တစ်စောင်လျှင် ကုမ္ပဏီတစ်ခုအား အများဆုံး ၁၂ တန်ခန့်သာ တင်သွင်းခွင့်ပြုသင့်ကြောင်း နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနသို့ အကြံပြုထားကြောင်း အဆိုပါအသင်းမှ သတင်းရရှိသည်။

အချို့သော ငရုတ်သီးပွဲရုံများမှာ ပြည်ပငရုတ်သီးခြောက် တင်သွင်းရောင်းဝယ်ခြင်း မရှိဘဲ ပြည်တွင်းငရုတ်သီးခြောက်ကိုသာ အဓိကရောင်းချပေးနေကြောင်း ဘုရင့်နောင်ပွဲရုံရှိ ကုန်သည်များက ပြောသည်။

“ကန့်သတ်ဖို့တော့ မလိုပါဘူး။ ဈေးကွက်က လွှတ်ထားတာ ပိုကောင်းတယ်” ဟု ဘုရင့်နောင်ပွဲရုံတန်းရှိ ငရုတ်သီးခြောက် ရောင်းဝယ်နေသည့် ကုန်သည်တစ်ဦးက ပြောသည်။

ထိုအပြင် ဈေးကွက်ကို ထိန်းချုပ်ထားခြင်းက မှောင်ခိုဈေးကွက်ကို ပိုမိုအားပေးရာ ရောက်သော်လည်း ငရုတ်သီးစိုက်တောင်သူများအတွက် ကန့်သတ်ပေးခြင်းမှာ ကောင်းမွန်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



ဓာတ်ပုံ - ကျော်ဇင်သန်း

လက်ရှိဈေးကွက်တွင် အိန္ဒိယနှင့် ထိုင်းနိုင်ငံများမှ တင်သွင်းသည့် ငရုတ်သီးခြောက်များသာမက ဗီယက်နမ်နိုင်ငံမှလည်း မှောင်ခိုဝင်ရောက်လျက် ရှိနေသည်။ မြန်မာငရုတ်သီးခြောက်မှာ ဈေးကွက်၌ မိုးထောင် တစ်ပိဿာလျှင် ၁,၈၀၀-၂,၀၀၀ ကျပ်နှင့် ငရုတ်သီးခြောက်ရှည်မှာ ၂,၀၀၀ မှ ၂,၄၅၀ ကျပ်အထိ ရှိကြောင်း၊ ပြည်ပမှဝင်သော ငရုတ်သီးခြောက်မှာ တစ်ပိဿာလျှင် ၂,၈၀၀ ကျပ်ဝန်းကျင် ရှိကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

မှောင်ခိုတင်ပို့မှုကြောင့်ငရုတ်သီးခြောက်ဈေးကွက် ထိခိုက်နိုင်၍ အရည်အသွေးအားဖြင့် ယှဉ်ပြိုင်နိုင်ရန် လိုအပ်ကြောင်း ပခုက္ကူဒေသမှ ငရုတ်စိုက်တောင်သူတစ်ဦးက ဆိုသည်။ ပြည်တွင်း ငရုတ်သီးခြောက်ဈေးကွက်အလားအလာကောင်းမှသာ တောင်သူအကျိုးဖြစ်ထွန်းမည်ဟု ၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံ၌ မြစ်သား၊ ကျောက်ဆည်၊ ပျော်ဘွယ်၊ ပခုက္ကူ၊ မုံရွာ၊ မန္တလေးနှင့် ဧရာဝတီတိုင်းတို့မှာ ငရုတ်အများအပြား စိုက်ပျိုးပြီး ဈေးကွက်သို့ အဓိကတင်ပို့သော ဒေသများဖြစ်သည်။

## သတ္တုလုပ်ငန်းရှင်များအသင်းချုပ် ဖွဲ့စည်းမည်

**မိုးညို**

**ရန်ကုန်၊ဒီဇင်ဘာ-၁၅**

မြန်မာနိုင်ငံသတ္တုတွင်းလုပ်ငန်းရှင်များ အသင်းချုပ်အား သတ္တုတူးဖော်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင်များမှ စုပေါင်း၍ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အသင်းချုပ်ဖြစ်မြောက်ရေးကော်မတီမှ ဦးစိုင်းသီဟကပြောသည်။

မြန်မာနိုင်ငံတစ်ဝန်း ရွှေနှင့် အခြားသတ္တုထုတ်လုပ်သူများ၊ သန့်စင်သူများ၊ ရောင်းဝယ်သူများ သတ္တုနှင့် ဆက်နွယ်နေသော လုပ်ငန်းရှင်များ အများဆုံးပါဝင်မည့် အသင်းချုပ်ပုံစံဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကာ လက်ရှိဖြစ်မြောက်ရေးကော်မတီတွင် အဖွဲ့ဝင် ၅၂ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဒီဇင်ဘာ ၁၅ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

“မြန်မာနိုင်ငံမှာ သတ္တုလုပ်ငန်းရှင်အသင်းဆိုတာ တစ်ကြိမ်တစ်ခါကမှ မဖွဲ့ခဲ့ဖူးဘူး။ အထက်ကလူကြီးတွေကလည်း ဖွဲ့စည်းစေချင်တာကြာပြီ”ဟု ဦးစိုင်းသီဟက ပြောသည်။

အဆိုပါအသင်း ပေါ်ပေါက်လာပါက အာဆီယံသတ္တုတွင်းလုပ်ငန်းရှင်များအသင်းချုပ်နှင့် ချိတ်ဆက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းနည်းပညာများကို ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များ အသင်းချုပ် ဖွဲ့စည်းရန်အတွက် ဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ဖွဲ့စည်းခြင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် မန္တလေးမြို့ ဟိုတယ်မန္တလေးတွင် ကျင်းပပြုလုပ်၍ စတင်ဖွဲ့စည်းသွားမည်ဖြစ်သည်။ အသင်း၏ ရုံးခန်းကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာတွင် ဖွင့်လှစ်ရန်စီစဉ်ထားသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့်ပတ်သက်၍ လတ်တလောတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း တစ်သင်းတည်းသာရှိနေပြီး ဓာတ်သတ္တုနှင့်ပတ်သက်၍ ယခုအသင်းမှာ ဒုတိယမြောက်အသင်းတစ်ခု ဖြစ်သည်။

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၉ | ၈၅၆ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၉ | ၈၅၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၃ | ၇၀၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၀၇ | ၁၁၂၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၄ | ၂၇. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၄ | ၁၃၅ | ကျပ် |

၂၀၁၂ ဒီဇင်ဘာ ၁၅ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၉၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၅၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၂၄၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၄၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၁၉၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၄. ၇၄ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၉၁. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၀၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၄၉၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၄၆၅ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၈၁၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၉၈၄၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၇၀၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၉၄. ၄၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၁၃ |
| ငွေ | ၁ အောင်စ | ၃၂. ၃၆ |
| ကြေးနီ | ပေါင် | ၃၆၅. ၉၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဒီဇင်ဘာ ၁၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။





Hot Line – ၀၉.၄၃၀.၂၂၂.၂၅ ၀၉.၈၁.၀၀၀.၇၅၃၊ ၀၉.၅၅.၂၂.၁၂၃ ၊ ၀၉.၇၃၀.၁၇၀.၇၃၊ ၀၉.၅၀၂.၁၁.၄၄

7 DAY NEWS JOURNAL
Vol.11, No.41 · DECEMBER 20 , 2012

# ဂျပန်က ဆန်ဝယ်ရန် တင်ဒါခေါ်ယူမှုတွင် မြန်မာကိုဝင်ပြိုင်ရန် ဖိတ်ခေါ်

**ပြည့်သိမ်း**
**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

ဂျပန်နိုင်ငံမှ ခေါ်ယူသည့် ဆန်စပါး တင်သွင်းမှု တင်ဒါကို မြန်မာနိုင်ငံ ပါဝင်နိုင်ရန် ဂျပန်စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း ချုပ်မှ သတင်းရရှိသည်။

ဂျပန်နိုင်ငံသည် နှစ်စဉ် ဆန်တန်ချိန် ခြောက်သိန်းခြောက်သောင်းကို ပြည်ပမှ တင်သွင်းနေရပြီး မြန်မာစပါးဆင်းသွယ်လတ်နှင့် မှော်ဘီ (၂)အမျိုးအစားများမှာ ဂျပန်ဈေးကွက်သို့ တင်ဒါစနစ်ဖြင့် တင်ပို့နိုင်ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးအဖွဲ့က ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

"တင်ဒါထည့်ဖို့ဖိတ်ခေါ်တာပါ။ တင်ဒါအောင်မှ ပို့လို့ရမယ်။ ဈေးနှုန်းနဲ့ ပမာဏလည်း တင်ဒါအောင်မှသိရမယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာ စိုးထွန်းက ပြောကြားသည်။

ဆန်စပါးများ တင်ပို့ရန် တင်ဒါအောင်ခဲ့ပါက အရည်အသွေးနှင့် ပတ်သက်၍ ဂျပန်နိုင်ငံဘက်မှ တင်ပြဆွေးနွေးခဲ့သည်။ ဓာတုဗေဒဆေးအလွန်အကျွံ မသုံးစွဲဘဲ မှိုမတက်စေရန်နှင့် အရည်အသွေးနှင့် ပတ်သက်၍လည်း အဆင့်အတန်းမီရန် လိုအပ်သည်။

ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးဆောင်သော အဖွဲ့ဝင်ရှစ်ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံသို့ ဆန်တင်ဒါ တင်သွင်းနိုင်ရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ် ဥက္ကဋ္ဌဦးချစ်ခိုင် အပါအဝင် အဖွဲ့ဝင်များနှင့် ဒီဇင်ဘာ ၁၃ ရက်တွင် အသင်းချုပ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယခင်က ဂျပန်နိုင်ငံအနေဖြင့် မြန်မာ့ဆန်ကို ပြည်တွင်းစားသုံးရန် ဝယ်ယူမှု မရှိဘဲ မစ်ဆူဘီရှီကုမ္ပဏီက အခြားနိုင်ငံများသို့ တင်ပို့ရန်သာ ဝယ်ယူမှုရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံကလည်း မြန်မာ့ဆန်ကို နှစ်စဉ် တန်ချိန် ငါးသိန်းဝယ်ယူရန် ကမ်းလှမ်းထားပြီး နှစ်ဖက်သဘောတူညီမှု စာချုန်လွှာ မကြာမီရေးထိုးနိုင်ဖွယ်ရှိသည်။

"ဆန်ပို့တာတော့ ဒီနှစ်များမယ်။ တန်ချိန်တစ်သန်းကျော်လောက် မှန်းထားတယ်။ ဒါပေမဲ့ ဈေးကသိပ်မရဘူး"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လက်ရှိတွင် ပြည်ပသို့ ဆန်တင်ပို့မှုမှာ တန်ချိန် ရှစ်သိန်းခွဲခန့်ရှိပြီး တန်ချိန်လေးသိန်းကျော်မှာ နယ်စပ်ကုန်သွယ် ရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

"ဒီနှစ် တရုတ်ဆွဲအားများတယ်။ တစ်ရက်ကို ပျမ်းမျှအိတ်ရေလေးသောင်းဝန်းကျင်လောက် ပုံမှန်ဝင်နေတယ်"ဟု မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ ပြန်ကြားရေး တာဝန်ခံက ပြောကြားသည်။

# သီရိမင်္ဂလာဈေးရှေ့မှညဈေးသည်များ ဈေးအတွင်း ပြောင်းရမည်

**ခန့်ထက်၊ ခိုင်ခိုင်စိုး**
**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

သီရိမင်္ဂလာဈေးရုံများရှေ့၌ ညပိုင်းရောင်းချနေသော ဆိုင်များအား ဈေးအတွင်းသို့ ဒီဇင်ဘာ ၂၃ ရက်တွင် အပြီးသတ် ပြောင်းရွှေ့ရမည်ဟု အဆိုပါဈေး၏ ဒုတာဝန်ခံ ဦးသန်းနိုင်က ပြောသည်။

ပြောင်းရွှေ့ရမည့် ဆိုင် ၅၅၅ ဆိုင်အား ဈေးအတွင်းပိုင်း ရုံ (၈) ၏ ဘေးမြေကွက်လပ်သို့ ပြောင်းရွှေ့ရမည်ဖြစ်ပြီး ယင်းဆိုင်များမှ ကိုယ်စားလှယ် ၁၅ ဦး သတ်မှတ်ကာ ၎င်းတို့၏ ဦးဆောင်မှုဖြင့် ဆိုင်များ ပြန်နေရာချထားပေးမည်ဟု ဒုတာဝန်ခံက ဆက်လက်ပြောသည်။

ဈေးဝင်း အရှေ့ပိုင်း၌ ရောင်းချနေသော ယင်းဆိုင်များမှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို အဓိက ရောင်းချခြင်းဖြစ်သည်။

ထိုပြောင်းရွှေ့ရမည့် ဈေးဆိုင်များ ဈေးရုံ၏ရှေ့တွင် ရောင်းချနေခြင်းအပေါ် "ဈေးဝယ်တွေက အထမ်းသမားခ ပိုပေးရတယ်ဆိုပြီး အပြင်မှာပဲ ဝယ်တာများတယ်" ဟု ဈေးအတွင်းပိုင်းသို့ လာရောက်ဝယ်ယူသူနည်းခြင်းကို ဈေးရုံအတွင်းရှိ ခရမ်းချဉ်သီး ရောင်းဝယ်ရေး ဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။

အဆိုပါဈေးသည်များ ပြောင်းရွှေ့ခြင်းကြောင့် ဈေးအတွင်းပိုင်းရှိ ဈေးသည်များ ပိုအဆင်ပြေနိုင်မည်ဟု ယင်းက ဆိုသည်။

"တကယ်တမ်းပြောရရင် ဘယ်သူမှ ကိုယ့်နေရာကို ရွှေ့ပေးချင်မှာမဟုတ်ဘူး။ ဒါပေမဲ့ ရွှေ့ဆိုရင်တော့ ရွှေ့ရမှာပဲ" ဟု ပြောင်းရွှေ့ရမည့်ဆိုင်များမှ ဆိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်ရီရီချိုက ပြောသည်။

ထိုသို့ပြောင်းရွှေ့မည်ဆိုပါက ဖောက်သည်များ နည်းသွားမည်ကိုစိုးရိမ်လျက်ရှိပြီး ယခုအချိန်အထိ ပြောင်းရွှေ့ရမည့်ရက်အား မသိရှိရသေးဟု ၎င်းက ဆိုသည်။

ဈေးရုံ (၈) ဘေးသို့ ပြောင်းရွှေ့ရမည့်ဆိုင် အများစုမှာ ယခင်ဈေးဟောင်းတွင် ရောင်းချနေခဲ့သူများဖြစ်သည်။ ထိုကဲ့သို့ ပြောင်းရွှေ့ရန်အတွက် ဈေးတာဝန်ခံရုံးသို့ အတွင်းရှိ ဆိုင်ခန်းပိုင်ရှင်များက လက်မှတ်ထိုးတောင်းဆိုမှုများ ရှိခဲ့ကြောင်း ဈေးသူဈေးသားများထံမှ သတင်းရရှိသည်။

ဈေးတာဝန်ခံရုံးသည် လက်ရှိတွင် ယင်းဈေးဆိုင်များကို တစ်ရက်လျှင် ကျပ် ၁၅၀ နှုန်း အခွန်ကောက်ခံနေပြီး ပြောင်းရွှေ့ပြီးပါကလည်း ယင်းဈေးနှုန်းဖြင့်သာ ဆက်လက်ကောက်ခံသွားမည်ဖြစ်ကာ ထိုသို့ရွှေ့ပြောင်းသည့်အတွက် ငွေကြေးပေးရမည်မဟုတ်ကြောင်း ဈေးတာဝန်ခံရုံး၏ တာဝန်ရှိသူက ဆိုသည်။




**TRADEMARK CAUTION**

Sanbos (Malaysia) Sdn. Bhd. a company incorporated in Malaysia, at No. 1, Jalan Sungai Terap 32/182, Bukit Rimau Industrial Park, Section 32, 40460 Shah Alam, Selangor, Malaysia is the Owner and Sole Proprietor of the following Trademarks:-

The Original CLUB '99' WHISKY

Reg. No. 4/13221/2012

Royal CLUB '99' WHISKY

Reg. No. 4/13220/2012

Premium BLACK '99' WHISKY

Reg. No. 4/13219/2012

In respect of Int'l: Whisky. Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 20 Dec 2012

ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.11, No.41 ▪ DECEMBER 20 , 2012

# Commodity Watch

## ရန်ကုန်ဆိပ်ကမ်း အဆင့်မြှင့်ရာတွင် လမ်းမတော်ဆိပ်ကမ်း နယ်မြေကို နောက်ဆုံးမှဆောင်ရွက်မည်

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

ရန်ကုန်ဆိပ်ကမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းပုဂ္ဂလိက ရေယာဉ်များ ဆိုက်ကပ်သည့် လမ်းမတော်ဆိပ်ကမ်းနယ်မြေကို နောက်ဆုံးမှသာ ဆောင်ရွက်မည်ဖြစ်ပြီး သင်္ဘောလုပ်ငန်းများ အခက်အခဲမရှိစေရန် အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားလိုက်သည်။

အဆိုပါ နယ်မြေတွင် ဆိပ်ခံတံတား ၁၆ စင်းနှင့် ရုံးအဆောက်အအုံ ၂၉ လုံး၊ သိုလှောင်ရုံ ၂၉ လုံး ပါဝင်နေပြီး ဆိပ်ကမ်းနှင့်မဆိုင်သော အခြားဌာနဆိုင်ရာ အဆောက်အအုံများလည်း ပါဝင်နေရာ ၎င်းတို့ကို ချန်လှပ်ဆောက်လုပ်မည်ဟုလည်း သိရသည်။

ဆိပ်ခံတံတားများကို ဖွံ့ဖြိုးမှုလုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီကသာ ဆောက်လုပ်ပေးရမည်ဖြစ်ပြီး အဆောက်အအုံများ ဆောက်လုပ်မှုမစတင်မီတွင်ပင် တံတားများကို ဆောက်လုပ်ပေးရမည်ဖြစ်သည်ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်က ပြောသည်။

ဆိပ်ခံတံတား ၁၆ စင်းကို ပြန်လည် ဆောက်လုပ်ရာတွင်လည်း တစ်စင်းစီ ဆောက်လုပ်တော့မည်မဟုတ်ဘဲ ဆိပ်ခံတံတားအကြီးတစ်ခုကိုသာ ဆောက်လုပ်ပြီး ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်၊ ဌာနပိုင်ရေယာဉ်များ စသဖြင့် အတွဲလိုက် တစ်စုတစ်စည်းတည်းဆိုက်ကပ်မှုများ ပြုလုပ်နိုင်ရန် လျာထားသည်ဟုလည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ဗိုလ်တထောင်ဆိပ်ကမ်းကို ပထမဆုံး စတင်ပြုပြင်မည်ဖြစ်ပြီး ထို့နောက်မှ နန်းသီတာနှင့် ဆူးလေဆိပ်ကမ်းများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။ နောက်ဆုံးမှလုပ်ဆောင်မည့်လမ်းမတော်ဆိပ်ကမ်းနယ်မြေတွင် ရွာသစ်ချောင်းမှ စဉ့်အိုးတန်းထိ ပါဝင်ပြီး ဆိပ်ခံတံတားများ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ အဆင့်မြင့် ကုန်လှောင်ရုံများ စသဖြင့် အထပ်မြင့် အဆောက်အအုံများပါဝင်မည်ဖြစ်သည်။

လမ်းမတော်နယ်မြေ အပါအဝင် ဆိပ်ကမ်းများ အဆင့်မြှင့်တင်ရာတွင် အဓိကကြုံတွေ့နေရသည်မှာ ဆိပ်ကမ်းနယ်မြေအတွင်း ရှိနေသော အခြားဌာနဆိုင်ရာအဆောက်အအုံများကို ချန်လှပ်ထားရေး၊ အလုပ်သမားများနှင့် သမ္မာန်ဆိပ်များ ဖြစ်သည်ဟုလည်း ဦးချိုသန်းမောင်က ပြောကြားခဲ့သည်။

လမ်းမတော်ဆိပ်ကမ်း ပြုပြင်မည့် စီမံကိန်းကို လုပ်ငန်းရှင်များအား ရှင်းလင်းပြောကြားပြီးဖြစ်ပြီး တင်ဒါခေါ်ယူခြင်း အဆင့်များကိုလည်း မကြာမီ အချိန်တွင် ပြုလုပ်မည်ဟု သိရသည်။

## ရွှေဈေးကွက်တွင် အထည်ဝယ်လိုအားများ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

ရွှေဈေးနှုန်း အတက်အကျနည်းကာ ဈေးငြိမ်နေသော်လည်း အထည်ဈေးကွက်တွင် ဝယ်လိုအားမြင့်တက်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

“ဈေးငြိမ်နေပေမယ့် အရောင်းအဝယ် မအေးဘူး။ ပုံမှန်ထက် တက်လာတယ်။ အထည်ဈေးကွက်က ရောင်းအားကောင်းနေတယ်။ ဖြတ်စ ဝယ်တဲ့ဘက်မှာလည်း ဝယ်အားက ပုံမှန်လောက်တော့ ရှိတယ်။ ဈေးအေးပေမယ့် ဝယ်အား ကောင်းနေတယ်လို့တော့ ပြောနိုင်တယ်” ဟု အောင်သမာဓိရွှေဆိုင်တာဝန်ခံ ကိုဝင်းငယ်က ပြောသည်။

သို့သော် တစ်ဆယ်သားအပိုင်းများ အရောင်းအဝယ်ပြုလုပ်သော ဈေးကွက်၌ ဝယ်လိုအားမရှိဘဲ ဈေးကွက်အေးနေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

အပိုင်းဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်သူ အများစုမှာ ဈေးကွက်စောင့်ကြည့်နေသည့် အနေအထားဖြစ်နေသဖြင့် ဝယ်လိုအား မရှိသေးဘဲ ဈေးနှုန်း တက်ရိပ်ပြလာချိန်မှ ဝယ်ယူမည့် အနေအထား ဖြစ်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများသည် ကမ္ဘာ့ရွှေဈေးနှုန်း အတက်အကျပေါ်တွင် မူတည်ပြောင်းလဲနေရာ ယခုရက်ပိုင်းတွင် ကမ္ဘာ့ဈေးနှုန်းမှာလည်း အတက်အကျနည်းနေသဖြင့် ပြည်တွင်းရွှေဈေးနှုန်း အတက်နည်းနေခြင်း ဖြစ်သည်။

ကမ္ဘာ့ရွှေ ဈေးနှုန်းများမှာ တစ်အောင်စလျှင် ၁,၇၀၀ ဒေါ်လာဝန်းကျင်တွင် အတက်အကျရှိနေသဖြင့် ပြည်တွင်းရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၇၀,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ကျပ်ထောင်ဂဏန်းသာ အတက်အကျရှိနေသည်။

ယခု ဒီဇင်ဘာ ၁၅ ရက်တွင် ပြည်တွင်း ရွှေဈေးများမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၆၈,၀၀၀ ကျပ်ရှိပြီး ၁၅ ပဲရည်မှာ တစ်ကျပ်သားလျှင်၇၂၃,၀၀၀ကျပ် ဈေးရှိနေသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 330,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 510,000 |
| Galaxy Tab 7.1 | 300,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| Explorer | 114,000 |
| Desire One V | 261,000 |
| Desire VC | 245,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 780,000 |
| iPhone 5 (32 GB) | 730,000 |
| iPhone 4S (64 GB) | 640,000 |
| iPhone 4S (32 GB) | 620,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 85,000 |
| C 8655 | 80,000 |
| C 8812 | 112,000 |
| C 8810 | 96,000 |
| U 8661 | 78,500 |
| C 8825 D | 128,000 |
| U 8836 D | 172,000 |
| U 8825 D | 118,000 |
| U 8950 D | 165,000 |
| Ascend P1 | 272,000 |

ဒီဇင်ဘာ(၁၅) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 265,000 |
| Toshiba (TV) | LZE 21-28 | 105,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 225,000 |
| **Washing** | | |
| Samsung | WA85V$_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 190,000 |
| Mitsubishi | 1.0HP | 228,000 |
| Samsung | 1.0HP | 190,000 |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၃ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၇၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၅၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၁၅) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၂၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၅၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၄,၀၀၀-၅,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀-၃၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

ဒီဇင်ဘာ(၁၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane | Premier |
|---|---|---|---|---|
| Dec(9) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(10) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(11) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(12) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(13) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(14) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(15) | 3,650 | 3,950 | 4,000 | 4,000 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel 1.86 GHz, 2GB DDR3, 320GB HDD, 10.1" | 253,000 |
| Intel 1.5 GHz, 2GB DDR3, 320GB HDD, 11.6" | 254,000 |
| Intel 1.7 GHz, 6GB DDR3, 500GB HDD, HD, 14" | 759,000 |
| Intel 2.5 GHz, 4GB DDR3, 750GB HDD, HD, 14" | 646,000 |
| **MSI** | |
| Intel 2.1 GHz, 2GB DDR3, 320GB HDD, 1GB VGA,14" | 400,000 |
| Intel 2.1 GHz, 2GB DDR3, 500GB SATA, HD, 14" | 430,000 |
| Intel 2.5 GHz, 4GB DDR3, 500GB SATA,HD, 14" | 574,400 |
| Intel 2.5 GHz, 2GB DDR3, 500GB HDD, 1GB VGA, 14" | 553,000 |
| **Asus** | |
| Intel 2.4 GHz, 4GB DDR3, 500GB HDD, 1GB VGA,14" | 434,000 |
| Intel 2.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 379,800 |
| Intel 2.4 GHz, 4GB DDR3, 750GB HDD, 2GB VGA, 14" | 709,000 |
| Intel 2.3 GHz, 4GB DDR3, 1TB HDD, 2GB VGA, 14" | 853,000 |

7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012




# ဒိုဟာက ပေးသော မျှော်လင့်ချက်များ

**ကြည့်နေဝင်းမင်း**

ကမ္ဘာကြီးပူနွေးလာမှုအား ထိန်းချုပ်ရေး ကမ္ဘာ့နိုင်ငံများ၏ ကြိုးပမ်းမှုမှာ ကာတာနိုင်ငံ၊ ဒိုဟာမြို့၌ ရရှိခဲ့သော သဘောတူညီချက်ကြောင့် ရှေ့သို့အနည်းငယ်တိုးလာခဲ့သည်။ ယင်းသဘောတူညီချက်တွင် ကျိုတိုသဘောတူညီချက်အရ လေထုညစ်ညမ်းမှု ကန့်သတ်ချက်များကို ဆက်လက်သက်တမ်းတိုးထားပြီး ရာသီဥတုနှင့်ပတ်သက်သော ဘေးအန္တရာယ်များအတွက် ငွေကြေးအကူအညီပေးရန် ယန္တရားတစ်ရပ်ဖော်ဆောင်ရေးကိုလည်း တိုက်တွန်းထားသည်။

နိုင်ငံပေါင်း ၁၉၄ နိုင်ငံ မှ ကိုယ်စားလှယ်များ လွန်ခဲ့သော ၁၃ ရက်ကဒိုဟာမြို့တွင်အပြင်းအထန်ဆွေးနွေးခဲ့သော ရလဒ်မှာ စိတ်ကျေနပ်စရာ မကောင်းလှသော်လည်း လက်ခံနိုင်လောက်သောအလယ်အလတ် လမ်းကြောင်းဟုဆိုနိုင်ပါသည်။ ဥရောပသမဂ္ဂမှ ဩစတြေးလျနိုင်ငံအထိ၊ရုပ်ကြွင်းလောင်စာများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကိုကန့်သတ်ချက်များ ဆက်လက်ထားရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်မှုနှင့် မိုးခေါင်ရေရှားမှုများအတွက် ဆင်းရဲသားနိုင်ငံများ၌ ပျက်စီးဆုံးရှုံးမှုအတွက်ပေးလျော်ရန် ချမ်းသာသောနိုင်ငံများက ပထမဦးဆုံးအကြိမ်သဘောတူညီခဲ့သည်။

နှစ်စဉ်ကျင်းပသော ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုညီလာခံ၏ အကြီးမားဆုံးအောင်မြင်မှုမှာ ဆွေးနွေးမှုများကိုတစ်စုတစ်စည်းတည်း စုပေါင်းကာ ၂၀၁၅ ခုနှစ်၌ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်ရရှိရေးနှင့် ၂၀၂၀ ပြည့်နှစ်မှ စတင်ကာဖန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရေး လမ်းခင်းပေးခြင်း ဖြစ်နိုင်ပါသည်။ ယင်းသဘောတူညီချက်အတွက် ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ကြသော သံတမန်များနှင့်သဘာဝပတ်ဝန်းကျင်အုပ်စုများကမူ သဘောတူညီချက်မှာ ကမ္ဘာ့ရာသီဥတုအပေါ်ချက်ချင်းလက်ငင်းအကျိုးသက်ရောက်မှုမရှိခြင်း အတွက် စိတ်ပျက်လက်ပျက် ဖြစ်ရကြောင်း ပြောပါသည်။

“ထွက်ပေါ်လာတဲ့ရလဒ်က ကမ္ဘာကြီးမှာဖြစ်ပျက်နေတာတွေကိုအမီ မလိုက်နိုင်ပါဘူး” ဟုပြင်သစ်ဂေဟစနစ်ရေးရာဝန်ကြီး ဒယ်လ်ဖင်းဘာသိုက ဆိုပါသည်။ “ကမ္ဘာကြီးပူနွေးလို့ ဖြစ်လာတဲ့ အန္တရာယ်တွေက မြန်ဆန်လာတယ်။ ဒီမှာရတဲ့ သဘောတူညီချက်ဟာ မဖြစ်စလောက်လေးလို့ ပြောချင်ပြောနိုင်တယ်။ ဒါပေမဲ့ ဘာသဘောတူညီချက်မှ မရတာထက်စာရင် တစ်ခုခုရတာပိုကောင်းပါတယ်။ တစ်ဆင့်တက်လာတာပေါ့” ဟု ၂၀၁၅ ခုနှစ်ဆွေးနွေးပွဲကိုလက်ခံကျင်းပရန် ကမ်းလှမ်းထားသောပြင်သစ်ဝန်ကြီးက ပြောပါသည်။

ယခုနှစ်ညီလာခံတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၁၇,၀၀၀ ကျော်တက်ရောက်ခဲ့ပြီး ရာသီဥတုနှင့် ပတ်သက်၍ အပြိုင်လုပ်ဆောင်ခဲ့သောဆွေးနွေးပွဲလမ်းကြောင်းသုံးရပ်၏အစမသတ်နိုင်မှုများကို စုစည်းကာ လာမည့်သုံးနှစ်တွင် သဘောတူညီချက်အထွတ်အထိပ်ရရှိနိုင်ရန် အဓိကဦးတည်လုပ်ဆောင်ခဲ့ပါသည်။ ရှုပ်ထွေးပွေလီသော ဆွေးနွေးပွဲများကြောင့် ညီလာခံမှာ လမ်းကြောင်းလွဲမတတ်ဖြစ်ခဲ့ရသည်။ အထူးကိုယ်စားလှယ်ကြီးများမှာ သတ်မှတ်ထားသော နောက်ဆုံးအချိန်ထက် ၂၇ နာရီကျော်လွန်ညှိနှိုင်းခဲ့ရသည်။ အချို့ကိုယ်စားလှယ်များမှာဆွေးနွေးပွဲ အဆုံးမသတ်မီမှာ ပင်ကာတာနိုင်ငံမှထွက်ခွာသွားကြသည်။

ဆွေးနွေးပွဲအား အဓိကအတားအဆီးဖြစ်စေခဲ့သော သဘောထားကွဲလွဲမှုမှာ ၂၀၂၀ပြည့်နှစ်အရောက်တွင် တစ်နှစ်လျှင် ကန်ဒေါ်လာ ၁၀၀ ဘီလီယံအကူအညီပေးရေးကို မည်သို့လုပ်ဆောင်မည်ဟူသော အကြောင်းပြောဆိုရန် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ တွန့်ဆုတ်နေမှုဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများဘက်ကလည်း ယခုမှစ၍ ၂၀၁၅ ခုနှစ်အထိ ကန်ဒေါ်လာ ၆၀ ဘီလီယံအထိ ရရှိရေးလုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။ ၂၀၁၀-၂၀၁၂ အတွင်း ကန်ဒေါ်လာ ၃၀ ဘီလီယံအကူအညီပေးရေး အစီအစဉ်အတွက် ၎င်း၏ဝေစုဖြစ်သော ယူရိုငွေ ၇ ဒသမ ၂ ဘီလီယံပေးအပ်ခဲ့သော ဥရောပသမဂ္ဂက ၂၀၁၅ ခုနှစ်အထိ ယူရိုငွေ ၈ ဒသမ ၃ ဘီလီယံထည့်ဝင်မည်ဟု ကတိပြုခဲ့သည်။ ၂၀၁၃ ခုနှစ်အကုန်တွင် ယင်းကိစ္စကိုအသေးစိတ်ဆွေးနွေးမည်ဖြစ်သည်။

“ကျွန်တော့်အမြင်အရတော့ အဓိကပြဿနာက ဘဏ္ဍာရေးပဲ” ဟုဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအုပ်စုအတွက် ဦးဆောင်ဆွေးနွေးသူမာလာဝီနိုင်ငံမှ သံတမန်အီဗန်စ်အန်ဂျီဝါက အင်တာဗျူးတစ်ခုတွင် ပြောကြားပါသည်။ “ခိုင်ခိုင်မာမာ ကတိကဝတ်ပေးမှု အရမ်းအားနည်းတယ်” ဟု ၎င်းက ဆိုသည်။

သိပ္ပံပညာရှင်များကလည်း ရေနံနှင့် ကျောက်မီးသွေးများလောင်ကျွမ်းရာမှ ထွက်ရှိမည့် ဖန်လုံဓာတ်ငွေ့ ပမာဏမှာ ယခုနှစ်တွင် စံချိန်တင်လိမ့်မည်ဟု ပြောကြားပါသည်။ ယခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၂ ဒသမ ၆ ရာခိုင်နှုန်း ပိုများလာမည်ဟု ခန့်မှန်းထားပါသည်။ ယင်းမှာ ၁၉၉၀ပြည့်နှစ်ပမာဏနှင့်နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်ပါသည်။ ဤဖြစ်စဉ်အတိုင်းသာအရေးမယူဘဲလွှတ်ထားပါကယခုရာစုနှစ်ကုန်ဆုံးချိန်တွင် ကမ္ဘာ့အပူချိန်မှာ ၄ ဒီဂရီဆဲလ်စီးယက်စ် (၇ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်)မြင့်တက်လာမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါသည်။ အာတိတ်ရေခဲထုပမာဏမှာ ယခုနှစ်နွေရာသီတွင် မှတ်တမ်းတင်ထားသမျှ အနည်းဆုံးဖြစ်နေသည်။ ပင်လယ်နှင့် သမုဒ္ဒရာရေပြင်မှာ ယခုရာစုနှစ်ကုန်တွင် တစ်မီတာ (သုံးပေ) အထိမြင့်တက်လာမည်ဟု ရာသီဥတုသက်ရောက်မှု သုသေတနလုပ်ဆောင်သည့် Potsdam Institute က ပြောသည်။

“အပူချိန်မြင့်တက်မှု ၂ ဒီဂရီဆဲလ်စီးယက်စ် အောက်ထားရှိရေးအခွင့်အလမ်းဟာ တဖြည်းဖြည်းကျဉ်းမြောင်းလာပါတယ်” ဟုဥရောပသမဂ္ဂ ရာသီဥတုဆိုင်ရာမဟာမင်းကြီး ကော်နီဟေဒီဂတ်ကလည်း ပြောပါသည်။

“ဒါဟာ လုံးဝဥသုံပြီးပြည့်စုံတာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ လမ်းကြောင်းမှန်ပေါ်က အရေးပါတဲ့ခြေလှမ်းပါပဲ” ဟု ၎င်းကဆိုသည်။

ကျိုတိုသဘောတူညီချက်ကို ဆက်လက်သက်တမ်းတိုးခဲ့သည်ဆိုသော်ငြားလက်ရှိတွင် ယင်းစာချုပ်ပါနိုင်ငံများ၏ ကာဗွန်ထုတ်လွှတ်မှုမှာ ကမ္ဘာ့ကာဗွန်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့စုစုပေါင်း ထုတ်လွှတ်မှု၏ ၁၅ ရာခိုင်နှုန်းသာ အကျုံးဝင်သည်။ ကနေဒါ၊ ဂျပန်၊ နယူးဇီလန်နှင့် ရုရှားနိုင်ငံတို့က ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သော ဒုတိယအကြိမ်မြောက် ထပ်မံကတိကဝတ်ထားချိန်တွင် လိုက်နာရမည့် ဝတ္တရားများကို စွန့်လွှတ်ခဲ့သည်။ အမေရိကန်နိုင်ငံက ယင်းသဘောတူညီချက်ပါဝင်လက်မှတ်ရေးထိုးခဲ့သော်လည်း စာချုပ်ကို မည်သည့်အချိန်အခါကမျှ အတည်မပြုဘဲ တာဝန်ဝတ္တရားဖြည့်ဆည်းခြင်းလည်းမရှိခဲ့။ တရုတ်မှနေ၍ အိန္ဒိယကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း ဥပဒေအရတုပ်နှောင်မှုရှိသော ကာဗွန်ထုတ်လွှတ်မှု ရည်မှန်းချက်များ မည်သည့် အချိန်ကမျှ မသတ်မှတ်ခဲ့။ ကမ္ဘာကြီးပူနွေးလာမှုအတွက် အဓိကတာဝန်ရှိသော၊ ချမ်းသာသည့်နိုင်ငံကြီးများက ရာသီဥတုပြောင်းလဲမှုအတွက် အဖြေရှာရေး ပထမဦးဆုံး လုပ်ဆောင်ရမည်ဟု ဖွံ့ဖြိုးဆဲနိုင်ငံများက ရှုမြင်သည်။

ယင်းသို့သော အပြန်အလှန် လက်ညှိုးထိုးမှုများမှာ ကုလသမဂ္ဂရာသီဥတုဆွေးနွေးပွဲများတွင် နှစ်စဉ်ခေါင်းကိုက်စရာ ဖြစ်လာပါသည်။ ထိရောက်မှုမရှိသော ဆွေးနွေးမှုများ၊ အဆုံးမရှိငြင်းခုံဆွေးနွေးမှုများက နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့မီဒီယာများနှင့် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံးအတွက် ပူပန်စရာဖြစ်နေသည်။

ဒိုဟာသဘောတူညီချက်တွင်ပါဝင်သောစိတ်ကူးစိတ်သန်းများကို အခြေခံ၍ ၂၀၁၅ ခုနှစ်တွင်ပြုလုပ်မည့် ညှိနှိုင်းဆွေးနွေးပွဲများ၌ အမေရိကန်က ပါဝင်ပတ်သက်ရေးမဖြစ်နိုင်ဟု အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနရာသီဥတုဆိုင်ရာဦးဆောင်ကိုယ်စားလှယ် မစ္စတာတော့စတန်းက ပြောကြားခဲ့ရာ ရာသီဥတုဆွေးနွေးပွဲများကိုမည်သည့်နိုင်ငံက ဦးဆောင်၍ မည်သည့်လားရာသို့ဦးတည်ကြမည်နည်း မေးခွန်းထုတ်ရတော့မလိုဖြစ်နေသည်။

*—Ref: Bloomberg/ Xinhua*



Nestlé
Good Food, Good Life
New
NESCAFÉ
Creamy Delight 3 in 1
NESCAFÉ®
Creamy Delight 3 IN 1
ဆိမ့်သက်သက် နဲ့အရသာ


bonia.com
BONIA
The Italian Inspiration
Blazon (Taw Win), Gamone Pwint (Kabaraye), Junction Square, Junction Centre (Nay Pyi Taw), Great Wall (Mdy)
Tel : 09 73190362 E-mail : bdtboniamgr@goldenland.com.mm

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

7DAY BOOK REVIEW

## ပါလီမန်ဒီမိုကရေစီနှင့် ကျွန်တော် (ဦးသုဝေ)




လွတ်လပ်ရေး အကြိုနှင့် လွတ်လပ်ပြီးမြန်မာပြည် နိုင်ငံရေး အဖြစ်အပျက်များကို တစေ့တစောင်း ဆန်းစစ်ကြည့်ပါက မြန်မာ့နိုင်ငံရေးသည် ကိုလိုနီခေတ်တွင် ဝံသာနုစိတ်ဖြစ်ထွန်းလာခြင်း၊ အမျိုးသားစည်းလုံးညီညွတ်မှု အားကောင်းခဲ့ခြင်း၊ ဖက်ဆစ် ဂျပန်အား တော်လှန်ခြင်း၊ လွတ်လပ်ရေးရယူနိုင်ခြင်း စသည့် အကောင်းဘက်သို့ ပြသသည့် ရလဒ်များ ပေါ်ထွန်းခဲ့သလိုတစ်ဖက်၌လည်း အာဏာရလိုမှုကြောင့် အမျိုးသားစည်းလုံး ညီညွတ်မှုပြိုကွဲရခြင်း၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပုဂ္ဂိုလ်ရေး ပုတ်ခတ်မှု များခဲ့ခြင်း၊ စစ်အာဏာရှင်များ၏ အုပ်စိုးမှု နှစ်များစွာ ကြာမြင့်ခဲ့ခြင်း၊ ဒီမိုကရေစီရေးလှုပ်ရှားမှုများ ဖြိုခွင်းခံရခြင်းကြောင့် မြန်မာပြည်သူ မြောက်မြားစွာ သေကျေပျက်စီးခဲ့ခြင်းများနှင့် ပြည့်နေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသလို ဂဠုန်ဦးစောလည်း ကြိုးပေးခံရသည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျ တောတွင်း၌ ကျဆုံးခဲ့သလို ဗမာ့တပ်မတော်၏ ကိုယ်ပိုင်အမှတ် (၁) ဗိုလ်လက်ျာ ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရသည်။ သခင်သန်းထွန်း လုပ်ကြံခံရသလို ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောလည်း အမိမြေသို့မပြန်နိုင်ဘဲ တိုင်းတစ်ပါး၌ ကွယ်လွန်ခဲ့ရသည်။ မြန်မာ့နိုင်ငံရေးသည် ဤသို့ မလှပခဲ့။

ယခုစာအုပ်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂတွဲဖက် အတွင်းရေးမှူး၊ ဖဆပလလူငယ်အဖွဲ့ချုပ် အလုပ်အမှုဆောင်၊ ဝန်ကြီးချုပ် ဦးကျော်ငြိမ်း၏ အပါးတော်မြဲ၊ ပါလီမန်ဒီမိုကရေစီပါတီ အလုပ်အမှုဆောင်၊ပြည်ချစ်လူငယ်တပ်ပေါင်းစု ဥက္ကဋ္ဌ၊ ဒီမိုကရေစီပါတီဥက္ကဋ္ဌ၊ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဦးသုဝေ၏နိုင်ငံရေးလှုပ်ရှားမှုပုံရိပ်များစာအုပ်ဖြစ်သည်။ ၁၉၆၉ မှ ၁၉၈၀ အတွင်း ဦးသုဝေဖြတ်သန်းခဲ့သော တောတွင်း လက်နက်ကိုင် ပါလီမန်ဒီမိုကရေစီပါတီ၏ နောက်ခံကားချပ်သမိုင်းဟုလည်း ဆိုနိုင်သည်။ ဦးသုဝေသည် တစ်ပါတီ အာဏာရှင်စနစ်အား ဆန့်ကျင်၍ ဒီမိုကရေစီရေးအတွက် လက်နက်ကိုင်လမ်းစဉ်ဖြင့် တော်လှန်ခဲ့ရာ ထိုတော်လှန်ရေးကာလတွင်း ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက် နေထိုင်ခဲ့ပုံ၊ ထိုင်းအစိုးရ၏ သဘောထား၊ တော်လှန်ရေးအပေါ် အမြတ်ထုတ်ကိုယ်ကျိုးရှာခဲ့သူများနှင့် ၎င်းထိတွေ့ခဲ့ရသော လူပုဂ္ဂိုလ်များအကြောင်း ယခု စာအုပ်၌ စုံစေ့စွာ ရေးသားထားသည်။ ကိုယ်တိုင် စုဆောင်းခဲ့သော သမိုင်းအချက်အလက်၊ အဖြစ်အပျက်အမှန်တို့ကို အားပြု၍ တစ်ပိုင်းတစ်စ ကိုယ်ရေးအတ္ထုပ္ပတ္တိအဖြစ် ရေးသားထားရာ စာအုပ်သည် လေးနက်သော အကြောင်းအရာ ဖြစ်သော်ငြား ပေါ့ပေါ့ပါးပါး ဖတ်ရှုရပါမည်။ **ဦးနုတို့ ဘန်ကောက်ရောက်ရှိလာခြင်း၊ ပါတီတွင်းဝိရောဓိများ၊ ဘိုးတော်မြတ်စိုး၊ ဗိုလ်ချုပ်ကြီးလက်ျာ ရေတိမ်နစ်လေပြီ၊ ပြန်လည်တွေ့ရသော အမိနိုင်ငံ** အခန်းများတွင် စိတ်ဝင်စားဖွယ်ရာအပြည့် ဖတ်ရှုရပါမည်။

အထူးသဖြင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ တောတွင်း၌ ရက်ရက်စက်စက် ပစ်သတ်ခံရပုံကို ရေးသားရာတွင် ကွက်ကွက်ကွင်းကွင်း ပေါ်လွင်လှသည်။ လစ်ဟာနေသော သမိုင်းအချက်အလက်အချို့ကို ဖြည့်ဆည်းပေးနိုင်သည့် စာအုပ်ဖြစ်ပြီး မြန်မာ့နိုင်ငံရေး စိတ်ဝင်စားသူတိုင်း ဖတ်သင့်သော စာတစ်အုပ် ဖြစ်ပါသည်။ လွင်ဦးစာပေ (လှည်းတန်း) က တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

Knowledge ဗဟုသုတ

## ပထမဆုံး စစ်သုံးရေငုပ်သင်္ဘော

ရေအောက်တွင် လှုပ်ရှားသွားလာကာ တိုက်ခိုက်နိုင်သည့် ရေငုပ်သင်္ဘောများကို ယခုအခါ နိုင်ငံများစွာ၌ တွင်ကျယ်စွာ အသုံးပြုနေကြသည်။ ရှေးခေတ်ကပင်လူတို့သည် ရေအောက်ငုပ်နိုင်ပြီး လူလိုက်ပါနိုင်သော ရေငုပ်သင်္ဘောများတီထွင်ရန် ကြံဆခဲ့သည်။ မူလကရေငုပ်သင်္ဘောများမှာ စစ်သုံးအတွက် မဟုတ်ဘဲရေအောက်ရှာဖွေရေးနှင့် စူးစမ်းရေးအတွက်သာဖြစ်ခဲ့သည်။ မှတ်တမ်းတင်ထားသမျှတွင် စစ်ပွဲ၌ အသုံးပြုခဲ့သော ပထမဆုံးစစ်သုံးရေငုပ်သင်္ဘောမှာ Turtle (လိပ်) ဟုအမည်ပေးထားသည့် ဘဲဥပုံရေငုပ်ယာဉ်ဖြစ်ကာ အမေရိကန်လူမျိုး ဒေးဗစ်ဘုရှ်နယ်ဆိုသူက တီထွင်ခဲ့သည်။

၎င်းသည် အမေရိကန်တော်လှန်ရေးစစ်ပွဲ (၁၇၇၅-၁၇၈၃) ကာလအတွင်း ဗြိတိသျှတော်ဝင်ရေတပ်သင်္ဘောများကို တိုက်ခိုက်ရန်တီထွင်ခဲ့ခြင်းဖြစ်သည်။ Turtle ရေငုပ်သင်္ဘောသည် လူတစ်ဦးသာ စီးနင်းလိုက်ပါနိုင်ပြီး ရေထဲတွင် တစ်နာရီသုံးမိုင်ခန့် မြန်နှုန်းဖြင့်သာသွားနိုင်သည်။ ယာဉ်အထဲတွင် မောင်းသူအသက်ရှူရန်အတွက် မိနစ်သုံးဆယ်စာ လေအလုံအလောက်ထည့်သွင်းထားပြီး ခြေနင်းရေယက်များဖြင့်သွားလာကာ ရန်သူသင်္ဘောများကိုလည်း မိုင်းဖြင့်ဖောက်ခွဲနှစ်မြှုပ်ရန် တည်ဆောက်ထားသည်။

—Source: Wikipedia

# တစ်ပတ်တာကံကြမ္မာ

ဒီဇင်ဘာ ၁၉ ရက်မှ ၂၅ ရက် အထိ

စံအာကာဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

သစ္စာမဲ့သော သူများ စကားမတည်ကြည်သူများနှင့် တွေ့ရမည်။ နောက်ဆုံးအခြေအနေရောက်မှ ကပ်၍ ဒုက္ခပေးသူများနှင့်ကြုံမည်။ စကားရွှန်းရွှန်းဝေပြောပြီး လက်တွေ့ပိုင်းတွင် ပြောသလောက်မဟုတ်သော သူများနှင့်တွေ့ရမည်။ ကိုယ်တိုင်လည်း သတိရှိရမည်။ စိတ်အနှောင့်အယှက်များ ဖြစ်ပေါ်တတ်သည်။ မေတ္တာရေးကံကောင်းနေမည်။ စိတ်ချမ်းမြေ့ဖွယ်ရာများ ကြုံမည်။ စိတ်အနှောင့်အယှက်များ ကင်းစင်သွားမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ခက်ခဲသည့် ပြဿနာများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်။ စိတ်ချမ်းမြေ့ရမည်။ အရွေးရခက်အောင် အခွင့်အရေးနှစ်ခုပေါ်မည်။ သူတစ်ပါးထက်သာအောင်ဆောင်ရွက်နိုင်မည့်ကာလဖြစ်သည်။ လက်လွှတ်ထားသည့် ရပိုင်ခွင့်များ လက်ဝယ်ပြန်ရမည်။ ခက်ခဲသည့်ပြဿနာများကိုဖြေရှင်းနိုင်မည်။ သူတစ်ပါးနှင့်မတူ ဆန့်ကျင်သည့် ရှုထောင့်မှ ဆောင်ရွက်လိုသည်များမှ ထူးခြားစွာ အောင်မြင်မည်။ မိသားစုတွင် လက်လွှတ်ထားသော ငွေပြန်ရမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စန်းပွင့်မည်။ ရည်မှန်းချက်အောင်မြင်မည်။ ငွေဝင်မည်။ ပေါ်လာသည့် အခွင့်အလမ်းနှင့် အခြေအနေများကို စနစ်တကျသုံးသပ်ကာ လက်တွေ့အသုံးချ၍ အောင်မြင်မှုများ ရယူပါ။ ဥစ္စာကံ၊ စီးပွားကံ၊ တိုးတက်မှုများ ဖြစ်ထွန်းမည်။ အလိုရှိရာ၊ ဆန္ဒရှိရာများ ဆောင်ရွက်အောင်မြင်မည်။ ကျန်းမာရေးတွင် မထင်မှတ်ဘဲ အညံ့အဆိုးများကျရောက်နိုင်သည်။ အလုပ်အကြံအောင်မြင်မည်။ ရန်အတိုက်အခံများတတ်သည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အတွေ့အကြုံသစ်များရရှိမည်။ စိတ်အနှောင့်အယှက်များ ကြုံမည်။ နာရေးကိစ္စ၊ လူမှုရေးကိစ္စများအတွက် အချိန်ပေးနေရမည်။ ကိုယ်နှင့်ပတ်သက်သည့်ဝန်းကျင်အတွင်း ချူချာသူများတစ်ဦးပြီးတစ်ဦးပေါ်မည်။ ဆွေမျိုးမကင်းသူထဲမှဖြစ်စေ၊ မိတ်ဆွေရင်းထဲမှဖြစ်စေ၊ နာရေးကိစ္စကြုံက လူမှုရေးကူညီမှုများ မပျက်ကွက်သင့်ပါ။ ငွေမြုပ်နှံမှုများ ထင်သလောက် အကျိုးမရှိ။ အပြောင်းအလဲများဖြစ်ပေါ်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လုပ်သမျှအောင်၍ ဘဝတိုးတက်မည့် ကာလဖြစ်သည်။ မိမိကိုယ်မိမိ မှန်းမထားသော အောင်မြင်မှုရမည်။ အများကလည်း ကိုယ့်အပေါ် ကောင်းစွာနေရာပေး၍ ဆက်ဆံမည်။ ငွေကြေးကံ၊ အလုပ်စီးပွားကံများ ထင်ထင်ရှားရှားတိုးတက်မည့်ကာလဖြစ်သည်။ မိမိအပေါ် ကူညီပေးသူများ ပေါ်ထွန်းမည်။ ယှဉ်ပြိုင်လာသူများကို အောင်နိုင်မည်။ ပညာအတတ်နှင့်ပတ်သက်၍ အောင်မြင်မှုသရဖူ ဆောင်းရမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်ချမ်းမြေ့မည်။ ကြံစည်သမျှအောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ရန်အနှောင့်အယှက်ကြားမှတိုးတက်မည်။ မိမိအပေါ် ဒုက္ခပေးသူများ မည်မျှများပြားစေ၊ အားလုံးကို ကျော်လွှားနိုင်မည့် ကိန်းကြုံသည်။ စိတ်ချမ်းမြေ့စရာများ တွေ့ကြုံမည်။ မိသားစုနှင့် ပတ်သက်သည့် သတင်းစကားကောင်းများ ကြားသိရမည်။ စိတ်အနှောင့်အယှက်ကြုံမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းများ ဖြစ်ရတတ်သည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ငွေကြေးကံကောင်းမည်။ ခါတိုင်းထက် ပို၍ ငွေဝင်မည်။ သုံးစွဲစရိတ်လည်း မြင့်မားနေမည်။ စီးပွားကံတိုးတက်မည်။ သို့သော် အလွယ်တကူ တိုးတက်ခြင်းမျိုး မဟုတ်။ ရန်နှင့် ယှဉ်ပြီးမှ အောင်မြင်မှုရရှိနိုင်သောအခါ ဖြစ်သည်။ သူတစ်ပါးကြောင့်မိမိရည်မှန်းထားသည်များ နှောင့်နှေးမည်။ မိသားစုအတွင်း စိတ်အနှောင့်အယှက်များကြုံမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရတတ်သည်။ ပညာရေးကောင်းသည်။ ဆောင်ရွက်သမျှ အောင်မြင်နိုင်သည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အဖက်ဖက်မှ ကောင်းသောကာလဖြစ်သည်။ မမျှော်လင့်ထားဘဲ အခက်အခဲကြားမှ တိုးတက်မည်။ သူတစ်ပါးအပေါ် တွင် ကြားဝင်၍ တာဝန်ယူပေးခြင်း၊ အာမခံပေးခြင်းများ တတ်အားသမျှရှောင်ကြဉ်ပါ။ ဤကာလအတွင်း ကိုယ်တိုင်ကိုယ်ကျ ပြဿနာဖြစ်သည်ဟူ၍ မရှိ။ သူများပြဿနာများ ဖြေရှင်းပေးနေရမည်။ စေတနာ၊ ဝေဒနာဖြစ်တတ်သည်။ ဆောင်ရွက်သမျှအကျိုး ရရှိမည်။ ငွေကြေးကံကောင်းမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အလွန်သတိထားရမည့်ကာလဖြစ်သည်။ ပဋိပက္ခများ၊ အညံ့အဆိုးများ လွှမ်းမိုးနေသည်။ သူတစ်ပါးကြောင့် မိမိအကြံပျက်တတ်သည်။ မိမိအပေါ် အလိုအလျောက် မနာလိုသော စိတ်ဝင်ကာ မိမိအားအမြဲလိုက်လံနှောင့်ယှက်နေသူများနှင့် ကြုံမည်။ မတော်တဆထိရှတတ်သည်။ ကျန်းမာရေး အညံ့ကြုံက ချက်ချင်းကုသမှုခံယူပါ။ မြောက်အရပ်မှတောင်အရပ်သို့ဦးတည်၍ ယာဉ်ကားမောင်းနှင်စဉ် သတိရှိပါ။ လုပ်ငန်းကံကောင်းသည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရည်မှန်းထားသည်များအဆင်ပြေမည်။ ဥစ္စာတိုးပွားမည်။ အခက်အခဲများကို ကျော်လွှားနိုင်မည်။ ကာလအတန်ကြာ နှောင့်နှေးနေသည်များကို အပြီးသတ် ဆောင်ရွက်နိုင်မည်။ သူတစ်ပါးနှင့်မတူသော ပြဿနာမျိုးကို မိမိရင်ဆိုင်ရတတ်သည်။ ဤလုပ်ငန်းတူ၊ ကိစ္စတူများ ဆောင်ရွက်ရင်း ပြဿနာအခက်အခဲများ ရှိတတ်သည်။ အတူတူတွဲလုပ်သူများနှင့် စကားများရတတ်သည်။ ကံမြင့်မားမည်။ အလိုပြည့်ဝမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လုပ်ငန်းသစ်များချဲ့ထွင်၍ အောင်မြင်မည်။ စီးပွားရေးတွင် ကံကောင်းမည်။ ကာလအတန်ကြာ ကြိုးစားဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်ရရှိမည်။ တစ်ကြိမ်တစ်ခါမှ ဆောင်ရွက်ဖူးခြင်းမရှိသေးသည့် အလုပ်အကိုင်များကို ဆောင်ရွက်ရမည်။ ရုတ်တရက်ပေါ် ပေါက်လာသည့် အခြေအနေကို အသုံးချ၍ အလုပ်တိုးတက်ခြင်းကို ရရှိမည့်ကာလဖြစ်သည်။ ထွက်ပေါက်ရှာပြီးငွေကုန်မည်။ မေတ္တာရေးကံကောင်းမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်အနှောင့်အယှက်ဖြစ်ရမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ သူတစ်ပါးကြောင့် မိမိတွင် နာမည်ဂုဏ်သိက္ခာ ထိခိုက်ခြင်းများ ဖြစ်မည်။ လူပေါင်းမှားဆုံးဖြတ်ချက်မှား၍ ငွေကုန်တတ်သည်။ မတော်တဆထိခိုက်မှု ဖြစ်တတ်သည်။ ငွေလိမ်ခံရတတ်သည်။ ကာလအတန်ကြာဆောင်ရွက်ထားသည့်ကိစ္စများ ကြိုးစားရကျိုးမနပ်သလို ဖြစ်မည်။ မေတ္တာရေး၊ အိမ်ထောင်ရေးနှင့်ပတ်သက်သည့် အပြီးသတ်ခိုင်မာသည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။

Environment

7 DAY NEWS JOURNAL

Vol.11, No.41 • DECEMBER 20 , 2012



မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံထိန်းသိမ်းရေးတွင်
ကျားထိန်းသိမ်းရေးသည်
အရေးအကြီးဆုံးကဏ္ဍမှပါဝင်သည်
ဓာတ်ပုံ–WCS

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် ကိုရီးယားထောက်ပံ့

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ–၁၄**

ယခုနှစ်အတွင်း ကိုရီးယားနိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆောင်ရွက်ရန်အတွက်မြန်မာကျပ်သိန်းတစ်သောင်းကျော် ထောက်ပံ့ပေးခဲ့ကြောင်းကိုရီးယားနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိNIBR (National Institute of Biological Resources) ဉက္ကဋ္ဌမစ္စတာလီဆန်ပယ်က ပြောသည်။

“နောက်လည်း ထောက်ပံ့ဖို့အစီအစဉ်ရှိပါတယ်။ ဘယ်လောက်ထောက်ပံ့မယ်ဆိုတာတော့ ဘယ်နေရာကို ပေးရမယ်ဆိုတာ လေ့လာနေတုန်းမို့ ပြောလို့မရသေးဘူး” ဟု အထက်ပါပုဂ္ဂိုလ်က စကားပြန်မှတစ်ဆင့် ပြောကြားခဲ့သည်။ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးတွင် အထောက်အကူပြုသော လုပ်ငန်းများနှင့် စွမ်းရည်မြှင့်တင်သည့် ကိစ္စရပ်များတွင် အများဆုံးထောက်ပံ့ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကျပ်သိန်း ၅၀၀ ကျော် တန်ဖိုးရှိသည့် ဇီဝမျိုးစုံမျိုးကွဲများ ဓာတ်ခွဲစမ်းသပ်နိုင်သော ဓာတ်ခွဲခန်းတစ်ခုကို ဌာနသို့ထောက်ပံ့လှူဒါန်းခဲ့ပြီးနောက် လိုအပ်သည့် ဝန်ထမ်းများခန့်အပ်ရေးနှင့် စမ်းသပ်ဓာတ်ခွဲရေးများ ဆောင်ရွက်ပေးနိုင်သော ပညာရှင်များကိုလည်း ထောက်ပံ့ငွေဖြင့်ငှားရမ်းပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

# ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လမ်းပြမြေပုံနှင့် မဟာဗျူဟာ လမ်းညွှန်ချက် ငါးလအတွင်းရေးဆွဲမည်

**အိဖြူမွန်**

**ရန်ကုန်၊ဒီဇင်ဘာ–၁၄**

ရာသီဥတုပြောင်းလဲခြင်း လျော့နည်းစေရန် ဖွံ့ဖြိုးဆဲနိုင်ငံများကို ထောက်ပံ့သည့် ရန်ပုံငွေခွဲတမ်းပေးရာတွင် အလှူရှင်နိုင်ငံများကို ချပြရသော သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျှော့ချခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လမ်းပြမြေပုံနှင့် မဟာဗျူဟာ လမ်းညွှန်ချက်ကို ငါးလအတွင်း အပြီးသတ်ရေးဆွဲမည်ဖြစ်ကြောင်း အစုဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းနှင့် စာရင်းအင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဦးကပြောသည်။

“အလှူရှင်တွေက တောင်းဆိုလို့ ဆွဲတာ မဟုတ်ပါဘူး။ တိုင်းပြည်အတွက်က ဒီလိုစနစ်ကျတဲ့ လမ်းညွှန်ချက်က ရှိကိုရှိမှဖြစ်မယ်။ အဲဒါကြောင့် ဆွဲတာပါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းလမ်းညွှန်ချက်ကို ကုလသမဂ္ဂ သစ်တောပြုန်းတီးခြင်းနှင့်သစ်တောအတန်းအစားလျှော့ချခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လမ်းပြမြေပုံနှင့် မဟာဗျူဟာ လမ်းညွှန်ချက်ရေးဆွဲရေး အဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ ဖိတ်ခေါ်ရေးဆွဲမည်ဖြစ်သည်။ ယခုလတွင် စတင်ရေးဆွဲမည်ဖြစ်ပြီး ၂၀၁၃ ဧပြီလတွင်ပြီးစီးရန်မျှော်မှန်းထားကြောင်း၊ အချိန်ကာလများစွာယူရခြင်းမှာ အားလုံးအသုံးဝင်သည့် လမ်းပြမြေပုံဖြစ်စေရေးအတွက် လူတန်းစားပေါင်းစုံပါဝင်ပြီး ပညာရှင်များစွာ၏ အသံများကို နားထောင်ရမည်ဖြစ်သောကြောင့် အချိန်ယူခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရေးဆွဲရာတွင် ပါဝင်သူများမှာ အတွေ့အကြုံများ မရှိသေးသောကြောင့် စွမ်းရည်မြှင့်တင်သည့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ သစ်နှင့်ပတ်သက်သည့်အဖွဲ့အစည်းက အမေရိကန်ဒေါ်လာ ငါးသိန်းခုနစ်သောင်း ထောက်ပံ့ခဲ့သည်။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ယခုလအတွင်း ပြီးစီးမည်

**အိဖြူမွန်**

**ရန်ကုန်၊**
**ဒီဇင်ဘာ–၁၄**

ရေးဆွဲလျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေသည် ယခုလအတွင်း ပြီးစီးမည် ဖြစ်ကြောင်းရေးဆွဲရာတွင်ပါဝင်သည့် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးရေးဆောင်ရွက်သည့်အဖွဲ့ (ECCDI) ဉက္ကဋ္ဌ ဒေါက်တာကျော်တင့်က ပြောသည်။

‘ဒီနှစ်မတိုင်ခင် ပြီးဖို့ စီစဉ်ထားတာပါ။ ဒီလကုန်လောက်တော့ပြီးမယ်။ ထွက်တာကတော့ အစိုးရအဖွဲ့နဲ့ပဲ ဆိုင်ပါတယ်” ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောကြားသည်။


ပတ်ဝန်းကျင်ထိန်းသမ်းရေး နည်းပညာဥပဒေ ရေးဆွဲရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် အခြားဆက်စပ်သည့် ဝန်ကြီးဌာနများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တွင် ECCDI ၊ FREDA REAM အဖွဲ့အစည်းများ ပါဝင်သည်။

လွှတ်တော်မှ ဥပဒေကြမ်းထွက်ရှိစဉ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် လိုအပ်ချက်ရှိနေသည်ဟု အသံများ ထွက်ပေါ်ခဲ့သော်လည်း နောက်ဆက်တွဲထွက်ရှိလာမည့် နည်းဥပဒေတွင် ပါလာနိုင်သည်ဟု မျှော်လင့်ချက်များ ထားခဲ့ကြကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများထံမှ သိရသည်။

“ဥပဒေမှာကတည်းက အားနည်းချက် ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်ဥပဒေမှ ပြီးပြည့်စုံတယ်လို့ မရှိပါဘူး။ အဲဒီအားနည်းချက်ကို ကုစားသွားနိုင်တဲ့ နည်းဥပဒေမှာတော့ ပါမယ်လို့ထင်တယ်” ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောကြားသည်။

ဥပဒေတွင် အများဆုံးပြောဆိုကြသော အချက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မတီဖွဲ့စည်းရာတွင် ဩဇာသက်ရောက်မှုရှိနိုင်သော သမ္မတအဆင့်ပါဝင်မည်ဟုမျှော်မှန်းထားကြသော်လည်းလက်တွေ့တွင်ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကိုသာ ဉက္ကဋ္ဌအဖြစ် ခန့်ထားခြင်းကြောင့် အားရမှုမရှိကြသော အချက်ဖြစ်သည်။

မည်သည့်လုပ်ငန်းမဆို ပတ်ဝန်းကျင်ထိခိုက်မှုရှိ၊မရှိကိုင်တွယ်စစ်ဆေးရာတွင် ကော်မတီ၏ ဆုံးဖြတ်ချက်ကို ရယူမည်ဟု ဖော်ပြထားသော်လည်း ဝန်ကြီးဌာနအနေဖြင့် အမှန်တကယ် ပတ်ဝန်းကျင် ထိခိုက်မှုရှိပါက တားမြစ်ရာ၌ အခက်အခဲဖြစ်နိုင်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်သူအချို့က ပြောကြားကြသည်။



# Tourism

7 DAY NEWS JOURNAL

Vol.11, No.41 • DECEMBER 20 , 2012


## စရိတ်ကြီး၍ လန်ပိကျွန်းသို့ ကမ္ဘာလှည့်ခရီးသွား အလာနည်း

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

အာဆီယံ အမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်သော လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ သွားရောက်လည်ပတ်မှုစရိတ် မြင့်မားခြင်းကြောင့် ပြည်ပမှ သဘာဝအခြေခံ ခရီးသွားများ လာရောက်မှု လျော့ကျလာကြောင်းသတင်းရရှိသည်။

"လန်ပိကျွန်းကို သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖော်ဆောင်ထားတာပါ။ ဒါပေမဲ့ လာရတဲ့ စရိတ်ကြီးတော့ ဧည့်သည်သိပ်မဝင်ဘူး။ အရင်နှစ်ကဆို တစ်နှစ်လုံးမှာမှ ခရီးသွားတစ်ထောင်စွန်းစွန်းလေး လာတယ်။ ဒီနှစ်လည်း သိပ်မထူးခြားဘူး။ ဒီကျွန်းကိုလာမယ့်အစား အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံမှာရှိတဲ့ သဘာဝအခြေခံကျွန်းတွေကို သွားကြတာများတယ်။ အဲဒီနေရာတွေကို သွားတာက စရိတ်ပိုသက်သာတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ငါးဖမ်းနေသော ဆလုံလူမျိုး မိသားစုကိုတွေ့ရစဉ် ဓာတ်ပုံ-outdoorexpress.com

အဆိုပါ ကျွန်းသည် ဆလုံတိုင်းရင်းသားများ နေထိုင်ရာဒေသဖြစ်သည့်အပြင် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို လေ့လာနိုင်ပြီး မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားနေရာ (၂၁) ခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံး အဏ္ဏဝါ အမျိုးသားဥယျာဉ်ကြီးလည်း ဖြစ်သည်။

သို့သော် ပြည်တွင်းရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း အနည်းငယ်သာ၎င်းကျွန်းသို့သွားရောက်နိုင်ရန် ဝန်ဆောင်မှု ပေးနိုင်ပြီး ထိုင်း၊ စင်ကာပူနှင့် မလေးရှားနိုင်ငံရှိ ခရီးသွားလုပ်ငန်းများက ဝန်ဆောင်မှုပေး၍ လာရောက်လည်ပတ်သော ခရီးသည်မှာ ပိုမိုများပြားကြောင်း ဒေသခံဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

"ဒီကျွန်းကိုပင်လယ်ရေအောက် စူးစမ်းရေးအဖွဲ့တွေ၊ အဏ္ဏဝါဂေဟစနစ်လေ့လာတဲ့သူတွေ၊ ဆလုံလူမျိုးတွေရှိတဲ့ တံငါရွာတွေကို သွားပြီး လေ့လာတာများတယ်။ ဒီကျွန်းကိုလာတဲ့စရိတ်က သက်သာရင် အင်ဒိုနီးရှားနဲ့ မလေးရှားထက် ဧည့်သည်အဝင်ပိုများလာမှာ" ဟု ကော့သောင်းမြို့ရှိ ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင် ၇၉ ဒသမ ၀၉ ကျယ်ဝန်းသည်။ အစိုးရက ၁၉၉၆ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်စာရင်း၌ ပါဝင်ခဲ့သည်။

အဆိုပါကျွန်းမှာ ကော့သောင်းမြို့မှ ရေမိုင် ၆၀၊ ဘုတ်ပြင်းမြို့မှ ရေမိုင် ၄၀၊ မြိတ်မြို့မှ ရေမိုင် ၉၀ ကွာဝေးသော ပင်လယ်ပြင်တွင် တည်ရှိပြီး တနင်္သာရီကမ်းရိုးတန်းနှင့် ၁၂ မိုင်ကွာဝေးကာ ရေကြောင်းလမ်းတစ်ခုတည်းဖြင့်သာ သွားရောက်နိုင်သည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၌ တွားသွားသတ္တဝါမျိုးစိတ် ၂၀၊ ငှက်မျိုးစိတ်ပေါင်း ၁၂၈၊ လမုမျိုးပင် ၅၀၊ ပင်လယ်မြက်ခြောက်မျိုး၊ သန္တာကျောက်တန်းမျိုးစိတ် ၆၀ တို့ကို ထိန်းသိမ်းထားပြီး ဒီရေတောနှင့် အမြဲစိမ်းတော ဂေဟစနစ်များ၊ လင်းပိုင်၊ ပင်လယ်လိပ်မျိုးများ၊ ပင်လယ်ငှက်များ၊ ပင်လယ်ရေမှော်၊ ပင်လယ်မြက်နှင့် သန္တာကျောက်တန်းများအကြား ခိုလှုံနေသော အဏ္ဏဝါမျိုးစိတ်များကို လေ့လာနိုင်သည်။

## ကမ္ဘာလှည့်ခရီးသွားများအား အတင်းအကျပ်ဈေးရောင်းမှု နိုင်ငံ့ပုံရိပ်ထိခိုက်စေ

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၃**

နိုင်ငံခြားသားခရီးသွားဧည့်သည်များအား လက်ဆောင်ပစ္စည်းရောင်းချသူအချို့က အတင်းအကျပ်ရောင်းချနေမှုသည် နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေကြောင်း ဧည့်လမ်းညွှန်များနှင့် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ တာဝန်ရှိသူများက ပြောသည်။

ပြည်ပခရီးသွားများ အသွားများသည့် မန္တလေး၊ ပုဂံ၊ မြင်းမူ၊ ပခုက္ကူမြို့များတွင် ထိုသို့အတင်းအကျပ်ရောင်းချမှုအခြေအနေမှာ ပိုမိုဆိုးရွားလာကြောင်း၊ နိုင်ငံခြားသား ဧည့်သည်များအနေဖြင့် ထိုသို့ရောင်းချမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရပြီး မိမိတို့နိုင်ငံ၏ ပုံရိပ်ကို ထိခိုက်စေကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ အတွင်းရေးမှူးဦးထွန်းမြတ်က ပြောသည်။

"ဒီပုံစံအတိုင်း ရေရှည်သွားရင်မကောင်းဘူး။ ပြည်ပကလာတဲ့ ဧည့်သည်တွေကို သိက္ခာရှိရှိနဲ့ စီးပွားရှာတတ်ဖို့လိုတယ်။ ဈေးရောင်းတဲ့သူတွေမှ မဟုတ်ဘူး။ သက်ဆိုင်ရာလူမှုအဖွဲ့အစည်းတွေက အစပြင်သင့်တယ်။ သက်ဆိုင်ရာ အနေနဲ့ကလည်း အခြေခံလူမှုအဖွဲ့အစည်းတွေ တိုင်းပြည်ရဲ့ပုံရိပ်မထိခိုက်အောင် ပညာပေးတာတွေပြုလုပ်သင့်တယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

ယခုနှစ်အတွင်း ပြည်ပနိုင်ငံအသီးသီးမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ အနှံ့အပြားသို့ လာရောက်လေ့လာလည်ပတ်ကြရာ သင်္ဘောဆိပ်များ၊ ကားဂိတ်များတွင်သာမက မြန်မာနိုင်ငံ၏ အထင်ကရနေရာများတွင် ပြည်တွင်းဖြစ် အနုပညာပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများအား အတင်းအကျပ်ရောင်းချသည့်ပုံစံများမှာ ပိုမိုဆိုးရွားလာကြောင်း ဧည့်လမ်းညွှန်အချို့က ဆိုသည်။

"အတင်းအဓမ္မရောင်းချတာတွေက အရင်ကလည်း ရှိခဲ့တယ်။ ကျွန်တော်တို့ဖြစ်စေချင်တာက အသက်မွေးမှု၊ စီးပွားရှာတာကို သိက္ခာရှိရှိဖြစ်စေချင်တယ်။ ကိုယ့်အိမ်ကိုလာလည်တဲ့ ဧည့်သည်ကို ရှန်းရင်းဆန်ခတ်ပုံစံမျိုးကြိုဆိုတာ မကောင်းဘူး။ တိုင်းပြည်ရဲ့ ပုံရိပ်ကို မထိခိုက်စေဘဲ စီးပွားရှာတတ်ရမယ်။ ပြည်ပကလာတဲ့ ဧည့်သည်တော်တော်များများက သူတို့ကို ဆွဲလားရမ်းလားလုပ်တာ မကြိုက်ဘူး" ဟု ဧည့်လမ်းညွှန်တစ်ဦးလည်းဖြစ်သူဦးထွန်းမြတ်ကပင် ပြောသည်။

## Asiana လေကြောင်းလိုင်း ရန်ကုန်-ဆိုးလ်ခရီးစဉ် စတင်ပြေးဆွဲမည်

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၃**

ကိုးရီးယားနိုင်ငံအခြေစိုက် Asiana လေကြောင်းလိုင်းသည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ ရန်ကုန်မြို့သို့ ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ပြေးဆွဲတော့မည်ဖြစ်သည်။

ယင်းလေကြောင်းလိုင်းသည် တောင်ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံသို့ ကိုရီးယားလေကြောင်းလိုင်းပြီးလျှင် တိုက်ရိုက်ပြေးဆွဲပျံသန်းမည့် ဒုတိယမြောက် လေကြောင်းလိုင်းဖြစ်သည်ဟု ယင်းလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

Asiana လေကြောင်းလိုင်းသည် ဘိုရင်း 767 လေယာဉ် ဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ခရီးသည်ပေါင်း ၂၉၀ ဦး လိုက်ပါစီးနင်းနိုင်သည်။

ဆိုးလ်မြို့မှ ရန်ကုန်မြို့သို့ အပတ်စဉ် ဗုဒ္ဓဟူးနှင့် စနေနေ့ ညပိုင်းတွင် ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ဆိုးလ်မြို့သို့ အပတ်စဉ် ကြာသပတေးနှင့် တနင်္ဂနွေနံနက်ပိုင်း၌ တိုက်ရိုက်ပြေးဆွဲ ပျံသန်းမည်ဖြစ်ကာ လေယာဉ်လက်မှတ်ခအသွားအပြန် ဒေါ်လာ ၆၀၀ ဖြစ်ပြီး အခြားဝန်ဆောင်စရိတ်ကြေး ထပ်မံပေးရမည်ဖြစ်ကြောင်း သိရသည်။

Asiana လေကြောင်းလိုင်းသည် ယခုနှစ်အတွင်း ထပ်မံတိုးချဲ့သည့်ပြည်ပအခြေစိုက်လေကြောင်းလိုင်းများအနက်မှ ကိုးခုမြောက်ဖြစ်သည်။


လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပျံသန်းနေသည့် လေကြောင်းလိုင်းမှာ စုစုပေါင်း ၂၃ ခု ရှိလာမည်ဖြစ်သည်။




7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

The Cartoon Logo
























7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ထိုင်းတောင်ပိုင်းတွင် ကျောင်းဆရာများအတွက်လုံခြုံရေးတိုးမြှင့်ရန် ညွှန်ကြား

**ဘန်ကောက်၊ ဒီဇင်ဘာ - ၁၅**

ထိုင်းအစိုးရသည် နိုင်ငံတောင်ပိုင်းရှိ မွတ်ဆလင်အများစုနေထိုင်ရာ ဒေသများ၌ ကျောင်းဆရာများအားထပ်မံတိုက်ခိုက်မည်ဟု အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုကြောင့် ဆရာများ၏ လုံခြုံရေးကိုတင်းကျပ်စွာ ဂရုစိုက်ရန် ညွှန်ကြားလိုက်သည်။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သည့် အင်္ဂါနေ့ (ဒီဇင်ဘာ ၁၂ ရက်) က ကျောင်းဆရာနှစ်ဦးမှာစစ်သွေးကြွများ၏ ပစ်သတ်ခြင်းခံရပြီးနောက် ယခုအပတ်အတွင်း ဒေသတွင်းရှိ ကျောင်းပေါင်း ၁,၂၀၀ ခန့်ကို လုံခြုံရေးအရ ပိတ်ထားခဲ့ရသည်။

ထိုင်းပညာရေးဝန်ကြီး ပုန်သတ်သက်ခန်ဂျာနာက တာဝန်ရှိသူများသည် ဆရာများအတွက် လုံခြုံရေးအစီအမံများအထူးဂရုစိုက်သင့်ကြောင်း၊ထိုင်းနိုင်ငံတောင်ပိုင်းရှိ ကျောင်းဆရာများမှာ ဗုဒ္ဓယဉ်ကျေးမှုကို လွှမ်းမိုးစေရန် ဘန်ကောက်ရှိ အစိုးရ၏ ကြိုးပမ်းမှုကို အကောင်အထည်ဖော်သူများအဖြစ် စစ်သွေးကြွများ၏ပစ်မှတ်ထား ရှုမြင်ခံနေရကြောင်းဆိုသည်။ ထိုဒေသတွင်းမှ ကျောင်းဆရာ ၂၀,၀၀၀ ခန့်သည် ပြန်လည်ဖွင့်လှစ်မည့် စာသင်ကျောင်းများသို့ ပြန်လည်တက်ရောက်နိုင်အောင် ဒေသခံတာဝန်ရှိသူများက လုံခြုံရေးကြပ်မတ်ပေးသင့်ကြောင်းပြောကြားခဲ့သည်။

ထိုင်းတောင်ပိုင်းတွင် စစ်သွေးကြွများ၏ တိုက်ခိုက်မှုဖြစ်ပြီးနောက်ပိုင်း ရက်ပိုင်းအတွင်း "စစ်ပွဲမပြီးသေး။ ကျောင်းဆရာတွေရဲ့ အလောင်းတွေကို ရေတွက်မနေနဲ့ဦး" ဟုစာသားပါဝင်သည့် စာရွက်များပျံ့နှံ့နေပြီး အဖွဲ့အစည်းတစ်ခုခု၏ အမည်ကိုလည်း ရေးထိုးထားခြင်းမရှိဟု သိရသည်။ ထိုင်းတောင်ပိုင်းတွင် ၂၀၀၄ ခုနှစ်မှစ၍ စစ်သွေးကြွများ၏ ပုန်ကန်မှုကြောင့် ဗုဒ္ဓဘာသာ နှင့်မွတ်ဆလင်ဘာသာဝင် ပေါင်း ၅,၃၀၀ ခန့် သေဆုံးခဲ့ ရကြောင်း သိရသည်။ အကြမ်း ဖက်မှုများကြောင့် သေဆုံးသူ ပညာရေးဝန်ထမ်း ၁၅၇ ဦးရှိပြီး ကလေးသူငယ် ၅၀ ကျော်လည်းသေဆုံးခဲ့ကြောင်း ယခုအပတ်အတွင်း ကုလသမဂ္ဂက ထုတ်ပြန်သည်။ *—Ref: AFP*

# တရုတ်နိုင်ငံတွင် ဓားကိုင်ဆောင်ထားသူတစ်ဦး ရမ်းကားမှုကြောင့် ကလေးငယ် ၂၂ ဦး ထိခိုက်ဒဏ်ရာရ

**ဘေဂျင်း၊ ဒီဇင်ဘာ - ၁၄**

တရုတ်နိုင်ငံတွင် လူတစ်ယောက်က ကလေးငယ် ၂၂ ဦးကို ဓားဖြင့်ထိုး ခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

ယင်းသို့တိုက်ခိုက်ခဲ့သူအား ထိန်းသိမ်းထားပြီဖြစ်ကြောင်း တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ရာ အလယ်ပိုင်းဟီနန်ခရိုင် ဂွမ်ရှန်းစီရင်စုမှ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

"မူလတန်းကျောင်းသား ၂၂ ဦး ဓားနဲ့ အထိုးခံရပါတယ်။ လူကြီးတစ်ဦးလည်း ဓားထိုးခံရပါတယ်။ ဒါပေမဲ့ သေဆုံးတဲ့သူ မရှိပါဘူး" ဟု အမည်မဖော်လိုသော အရာရှိက အေအက်ဖ်ပီသတင်းဌာနသို့ ပြောသည်။

နိုင်ငံပိုင် တရုတ်သတင်းဌာနကလည်း မူလတန်းကျောင်းပြင်ပတွင် လူတစ်ဦးက ကလေးငယ်များအား ဓားဖြင့်တိုက်ခိုက်ခဲ့ကြောင်း၊ အသက်အန္တရာယ်မစိုးရိမ်ရသော ဒဏ်ရာများ ရရှိခဲ့ကြောင်း ပြောကြားသည်။ တိုက်ခိုက်ခံရသောကလေးများ၏ အသက်အတိအကျကိုမူ ယင်းသတင်းတွင် မဖော်ပြပေ။

တရုတ်နိုင်ငံတွင်လွန်ခဲ့သော ၂နှစ်အတွင်း ကလေးများအပေါ် အကြမ်းဖက်တိုက်ခိုက်မှု အများအပြားဖြစ်ပေါ်ခဲ့သည်။ ၂၀၁၀ အတွင်း ဖြစ်ပေါ်သည့် တိုက်ခိုက်မှု ၅ ခုတွင် ကလေးငယ် ၁၅ ဦး နှင့်လူကြီးနှစ်ဦးသေဆုံးခဲ့ပြီး ၈၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

ယင်းတိုက်ခိုက်မှုများကြောင့် ကျောင်းများအနီး လုံခြုံရေး တိုးမြှင့်ချထားခြင်းများ ဖြစ်ပေါ်လာစေခဲ့ပြီး ယင်းသို့သော အဖြစ်အပျက်များ၏အခြေခံ အကြောင်းအရင်းအပေါ် သုတေသန ပိုမိုလုပ်ဆောင်ရန်တိုက်တွန်းမှုများ ရှိလာသည်။ *—Ref:AFP*












# Leader's Profile

## ဖို့ဒ်ကားကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်

## အလန်မူလာလီ

ရဲမင်း

အလန်ရော်ဂျာမူလာလီသည် အမေရိကန်အင်ဂျင်နီယာတစ်ဦးနှင့် စီးပွားရေးလုပ်ငန်းအမှုဆောင်တစ်ဦးဖြစ်ပြီး Ford ကားကုမ္ပဏီ၏လက်ရှိ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်လည်း ဖြစ်သည်။ Ford ကားကုမ္ပဏီမှာ ၂၀၀၀ခုနှစ်ကျော်နှစ်များတွင်ရုန်းကန်နေရပြီး မူလာလီ ရောက်ရှိလာချိန်တွင် အမြတ်အစွန်းပြန်လည်ရှာဖွေလာနိုင်ကာ အမေရိကန်အစိုးရဦးဆောင်သော ဘဏ္ဍာရေးကယ်တင်မှုကို ရှောင်လွှဲနိုင်ခဲ့သည့်ကန်ကားကုမ္ပဏီဖြစ်သည်။

မူလာလီအား ကယ်လီဖိုးနီးယားပြည်နယ်၊ အုတ်ကလန်ဒေသတွင် ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၌ မွေးဖွားခဲ့သည်။ ကင်းဆတ်ပြည်နယ် မိခင်၏ မွေးရပ်ဇာတိလောရင့်စ်တွင် ကြီးပြင်းခဲ့သည်။ အသက် ၁၇ နှစ်အရွယ်တွင် သမ္မတဂျွန်အက်ဖ်ကနေဒီက လပေါ်သို့ လူသားများရောက်ရှိအောင်လုပ်မည်ဟု ပြောကြားချိန်၌ ၎င်းအတွက် တွန်းအား ဖြစ်စေခဲ့သည်ဟု အလန်မူလာလီက ပြောဖူးသည်။

အလန်မူလာလီသည် ၁၉၆၉ ခုနှစ်တွင် ကင်းဆတ်တက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိပြီး လေကြောင်းနှင့် အာကာသအင်ဂျင်နီယာဘာသာရပ်ကို အထူးပြုသင်ယူခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် မက်ဆာချူးဆက်တက္ကသိုလ်မှ စီမံခန့်ခွဲမှု မဟာဘွဲ့ရရှိခဲ့သည်။

အလန်မူလာလီသည် ၁၉၆၉ ခုနှစ် အင်ဂျင်နီယာဘွဲ့ရရှိပြီးချိန်မှာပင် ဘိုးရင်းလေယာဉ်ကုမ္ပဏီတွင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အင်ဂျင်နီယာတာဝန်များ၊ စီမံကိန်းစီမံခန့်ခွဲရေးရာထူးအမျိုးမျိုး၌ တာဝန်ထမ်းဆောင်ခဲ့သည်။ Boeing 727, 737, 747, 757, 767, 777 စီမံကိန်းများတွင် ပါဝင်လုပ်ဆောင်ခဲ့သည်။ Boeing 757, 767 လေယာဉ်မှူးအခန်းများအတွက် ဒီဇိုင်းများရေးဆွဲရာတွင် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။ Boeing 777 လေယာဉ်ထုတ်လုပ်ရာတွင် အင်ဂျင်နီယာအဖွဲ့ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဘိုးရင်းကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာဖြစ်လာသည်။ ယင်းမှနေ၍ အင်ဂျင်နီယာလုပ်ငန်းများ ဒုတိယဥက္ကဋ္ဌ၊ လေယာဉ်တည်ဆောက်ရေး စီနီယာဒုတိယဥက္ကဋ္ဌ၊ ၁၉၉၇ ခုနှစ်တွင် သတင်းအချက်အလက်များ၊ အာကာသနှင့် ကာကွယ်ရေးစနစ်များဌာန ဥက္ကဋ္ဌ တာဝန်များထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဘိုးရင်းကုန်သွယ်ရေး လေယာဉ်များဌာန ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရကာ ၂၀၀၁ ခုနှစ်တွင် အမှုဆောင်အရာရှိချုပ် တာဝန်များကိုပါထမ်းဆောင်ရသည်။ သို့သော်မည်သည့်အချိန်တွင်မှ ဘိုးရင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်မလာခဲ့ပေ။

၂၀၀၆ ခုနှစ်တွင်မှ Ford Motor ကားကုမ္ပဏီက အလန်မူလာလီအား ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ်တာဝန်ပေးခန့်အပ်ခဲ့သည်။ မူလာလီသည် Ford ကားကုမ္ပဏီသို့ ရောက်ရောက်ချင်း ၁၉၉၀ ခုနှစ်များတွင် လူကြိုက်များခဲ့ပြီး နောက်ပိုင်း ထုတ်လုပ်မှုရပ်ဆိုင်းခဲ့သော Taurus ကားများကို ပြန်လည်ထုတ်လုပ်ခဲ့သည်။ "The Way Forward" ဟူသော အစီအစဉ်ဖြင့် ဖို့ဒ်ကုမ္ပဏီတွင် အရှုံးများရပ်ဆိုင်းပြီး စျေးကွက်ဝေစုပြန်လည်တိုးတက်ရရှိလာအောင် လုပ်ဆောင်နိုင်ခဲ့သည်။ ဖို့ဒ်ကုမ္ပဏီကို ၂ နှစ်အတွင်း အမြတ်အစွန်းပြန်လည်ရရှိအောင် စွမ်းဆောင်ခဲ့သည်။

မစ္စတာမူလာလီသည် Ford Motor ကုမ္ပဏီတွင် မဟာဗျူဟာကျသော ဆုံးဖြတ်ချက် အများအပြားမှန်ကန်စွာ ချမှတ်နိုင်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအားလုံးကို အပေါင်ထားကာ ကန်ဒေါ်လာ ၂၃ ဒသမ ၆ ဘီလီယံချေးယူခဲ့သည်။ အစပထမတွင် ယင်းချေးယူမှုအတွက် ဝေဖန်ခံရသော်လည်း ယင်းလုပ်ဆောင်ချက်ကြောင့် ၂၀၀၈-၂၀၀၉ စီးပွားရေးဆုတ်ယုတ်မှု ကာလတွင် ကုမ္ပဏီအတွက် အစိုးရထံမှ ငွေချေးငှားမှု ကင်းလွတ်စေခဲ့သည်။

၂၀၀၈ ခုနှစ် စီးပွားရေးဆုတ်ယုတ်မှုကာလတွင်လည်း မစ္စတာမူလာလီက ၎င်း၏လစာကို တစ်ဒေါ်လာသာရယူမည်ဟုကြေညာခဲ့သည်။ ဝါရှင်တန်သို့လာရောက်စဉ် ဂျက်လေယာဉ်ဖြင့် လာရောက်ခဲ့ခြင်းအတွက် ဝေဖန်ခံရချိန်တွင်လည်း ကုမ္ပဏီပိုင် ဂျက်လေယာဉ်တစ်စီးသာ ချန်၍ ကျန်လေယာဉ်များကို ရောင်းချခဲ့သည်။

၂၀၁၁ ခုနှစ်အတွက် CEO မဂ္ဂဇင်းက ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး အမှုဆောင်အရာရှိချုပ်ဆုကို ရရှိခဲ့သူ မစ္စတာအလန်မူလာလီသည် ဇနီးသည်ဂျိန်းကော်နယ်လ်နှင့် သားသမီးငါးဦးထွန်းကားထားသည်။

*—Ref: Wikipedia*

နောက်ကျောဖုံး မှ

## ဆိုင်ကလုန်းအီဗန်ကို ရင်ဆိုင်ရန် ဖီဂျီနိုင်ငံ ပြင်ဆင်

ပြီးခဲ့သည့် အပတ်အတွင်း ဖီဂျီ၏ အိမ်နီးချင်း ဆာမိုအာကျွန်းသို့ ယင်းမုန်တိုင်း ဝင်ရောက်ခဲ့ရာတွင် အနည်းဆုံးလူလေးဦးသေဆုံးခဲ့ရပြီး ဖြစ်သည်။ ဖီဂျီအစိုးရပြောခွင့်ရ ပုဂ္ဂိုလ်က လူပေါင်း ၃,၅၀၀ ခန့်ကို မုန်တိုင်းဒဏ်ကာကွယ်ရေးစင်တာများတွင် ထားရှိပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းသို့လည်း မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားကြောင်း ပြောသည်။

ယခု အီဗန်ဆိုင်ကလုန်းမုန်တိုင်းသည် ဖီဂျီသို့ဖြတ်ကျော်လာပါက လေတိုက်နှုန်းတစ်နာရီ ၁၇၀ မိုင်နှုန်းရှိနိုင်ပြီး ၁၉၉၃ က ဝင်ရောက်ခဲ့သော ကီနာဆိုင်ကလုန်းပြီး နောက်အဆိုးဝါးဆုံးဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။ ဖီဂျီတွင် ကီနာဆိုင်ကလုန်းဝင်ရောက်စဉ်က ၂၃ ဦးသေဆုံးပြီး လူထောင်ပေါင်းများစွာ အိုးအိမ်မဲ့ခဲ့ရသည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## ပါ့က်ဂျွန်ဟေး ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပါက တောင်ကိုရီးယား၏ ပထမဆုံးအမျိုးသမီး သမ္မတဖြစ်လာမည်



တောင်ကိုရီးယားပါလီမန်တွင် အမျိုးသမီးအမတ်များ နေရာရမှု ၁၅ ရာခိုင်နှုန်းသာ ရှိသကဲ့သို့ နိုင်ငံ၏ အဓိကစီးပွားရေး ကုမ္ပဏီကြီးများ ၁,၅၀၀ ခန့်တွင် မန်နေဂျာရာထူးတာဝန်ယူထားသူ ၁၂ ရာခိုင်နှုန်းသာ ရှိနေသည်။ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပါ့က်ဂျွန်ဟေးက "လူတိုင်းကပြုပြင်ပြောင်းလဲရေးတွေ ပြောနေကြပါတယ်။ ဒါပေမဲ့ တိုင်းပြည်ရဲ့ ပထမဆုံး အမျိုးသမီး သမ္မတကို ရွေးချယ်ခြင်းဟာ ကျွန်မတို့ အောင်မြင်ရရှိဖူးသမျှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေမှာ အကြီးဆုံးဖြစ်မှာပါ။ ဒီအခွင့်အရေးကို ပြုပြင်ပြောင်းလဲမှုတွေမှာ အကြီးဆုံးဖြစ်မှာပါ။ ဒီအခွင့်အရေးကို မဖမ်းဆုပ်ခဲ့ရင် အမျိုးသမီးတွေအတွက် တော်လှန်ရေးကို အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဖြစ်အောင်လုပ်ကြပါစို့" ဟုပြောသည်။

အသက် ၆၀ အရွယ် တစ်ကိုယ်တည်းသမား အမျိုးသမီး ပါ့က်သည် ရွေးကောက်ပွဲတွင် New Frontier Party (NFP) ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒီဇင်ဘာ ၁၉ တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ် ယူနိုက်တက်ပါတီမှ မွန်းဂျေးအင်နှင့် လက်ရှိအာဏာရပါတီ NFP မှ ပါ့က်ဂျွန်ဟေးတို့ အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

*—Ref: AFP/CNA*

နောက်ကျောဖုံး မှ

## လူအများအပြားအား သေနတ်ဖြင့် ပစ်ခတ်ခြင်းများကို သည်းခံတော့မည်မဟုတ်ဟု အိုဘားမား ကတိပေး

ဒီလို အဆုံးသတ် ဖို့ ကျွန်တော်တို့ ပြောင်းလဲရပါမယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီလိုကြေကွဲစရာတွေ တားဆီးကာကွယ်ဖို့ ရည်ရွယ်ပြီး ရှေ့လာမည့် ရက်သတ္တပတ်တွေမှာ တရားဥပဒေ အကောင်အထည်ဖော်ရေး လုပ်ဆောင်နေသူတွေ၊ စိတ်ကျန်းမာရေး ကုသပေးသူတွေ၊ မိဘတွေကနေ ပညာရေးသမားတွေနဲ့ ထိတွေ့တိုင်ပင်ဆွေးနွေးဖို့ရာ သမ္မတရုံးရဲ့ ရှိသမျှ အာဏာပါဝါအကုန်လုံး အသုံးပြုသွားပါမယ်" ဟု သမ္မတက ပြောကြားသည်။



Photo - AP

အိုဘားမား၏ မိန့်ခွန်းအား တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသခဲ့ပြီး သေနတ်များ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ၎င်းအနေဖြင့် ဥပဒေပြုအမတ်များနှင့် ထိတွေ့ဆက်ဆံသွားမည်ဟူ၍ ရဲရဲရင့်ရင့် တင်ပြသွားခဲ့သည်။

သေနတ်များအား ပိုမိုထိန်းချုပ်ရေး အငြင်းပွားမှုအကြောင်းများကိုလည်း သမ္မတကအိုဘားမားက ထည့်သွင်းပြောကြားပြီး ယင်းသို့ ပြစ်မှုများ ကျူးလွန်ခြင်းအကြောင်းရင်းမှာ ရှုပ်ထွေးနက်နဲသော်လည်း "ကျွန်တော်တို့ လက်ရှိထက် ပိုမိုကောင်းမွန်အောင် အသေအချာလုပ်ဆောင်နိုင်ပါတယ်" ဟု ပြောကြားသည်။

*—Ref: AP*

နောက်ကျောဖုံး မှ

## ဂျပန်ရွေးကောက်ပွဲ အနိုင်ရပြီးနောက် နိုင်ငံ့အတွက် ကြီးမားသော တာဝန်ရှိနေပြီဟု ရှင်ဇိုအာဘေးပြောကြား

ရွေးကောက်ပွဲ အပြီးသတ်ရလဒ်များကို ယနေ့ညနေပိုင်းတွင်မှ တရားဝင် ကြေညာရန်ရှိသော်လည်း ဂျပန်မီဒီယာများ၏ အဆိုအရ အာဘေး၏ အယ်လ်ဒီပီပါတီသည် အမတ်နေရာ ၂၉၄ နေရာ ရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အယ်လ်ဒီပီသည် မဟာမိတ်နယူးကိုမီအီတိုပါတီမှ ရရှိသော ၃၁ နေရာနှင့် ပေါင်းစပ်လိုက်ပါက အမတ်နေရာ ၄၈၀ ရှိသော လွှတ်တော်တွင် နေရာသုံးပုံနှစ်ပုံအထိရှိကာ အဓိကဥပဒေပြုရေးကိစ္စများတွင် လိုအပ်သလို ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မစ္စတာ အာဘေးသည် ရွေးကောက်ပွဲအနိုင်ရပြီးနောက် လူထုအတွက် အသုံးစရိတ်များ ပိုသုံးရန် ယန်းငွေကို အား ပျော့စေမည့် ဥပဒေများ ချမှတ်သွားရန်နှင့် ငွေတန်ဖိုးမာခြင်းတို့ကို တိုက်ဖျက်သွားရန် ကတိပေးခဲ့သည်။ အမေရိကန် သမ္မတအိုဘားမားကလည်း အာဘေးအနိုင်ရမှုကို ချီးကျူးဂုဏ်ပြုခဲ့ပြီး အမေရိကန်သည် ဂျပန်အစိုးရသစ်နှင့် နီးကပ်စွာ လက်တွဲလုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့သည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012



## တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာ

# ရတ်ဒီကာဂျန်းစ်

## နှင့်

# Person of the Year

## ဆုရွေးချယ်ခြင်းအကြောင်း မေးမြန်းခြင်း

ကျော်မျိုး

**တိုင်းမ်** မဂ္ဂဇင်းကြီးရဲ့ နှစ်စဉ်ဒီဇင်ဘာလကုန်ပိုင်းမှာ ရွေးချယ်ပေးအပ်လေ့ရှိတဲ့ "တစ်နှစ်တာ လူ ပုဂ္ဂိုလ်၊ Person of the Year" ဆုဟာ နာမည်ကျော်လူသိများတဲ့ ဆုတစ်ဆုဖြစ်လာပါတယ်။ တိုင်းမ်ဟာ ၁၉၂၇ ခုနှစ်ကစလို့ အမေရိကန် လေယာဉ်မှူး ချားလစ်လင်းဘတ်ကို "တစ်နှစ်တာ လူပုဂ္ဂိုလ်" အဖြစ် ရွေးချယ်ဖော်ပြခဲ့တာ ယခုဆို ပြီးခဲ့တဲ့ ၂၀၁၁ အထိ ၈၄ နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီလိုစိတ်ဝင်စားစရာကောင်းတဲ့၊ နှစ်အလိုက်သတင်းတွေကို လှုပ်ခတ်စေခဲ့တဲ့ လူပုဂ္ဂိုလ်တွေ၊ တစ်ခါတစ်ရံ အရာဝတ္ထုတွေကို တိုင်းမ်မဂ္ဂဇင်းက Person of the Year အဖြစ် ဘယ်လိုရွေးချယ်တင်ဆက်သလဲဆိုတာ သိရအောင် တိုင်းမ်ရဲ့ အမှုဆောင်အယ်ဒီတာ ရတ်ဒီကာဂျန်းစ်က ပရိသတ်များရဲ့ မေးခွန်းများကို ဖြေဆိုထားတာတွေကနေကောက်နုတ်ဖော်ပြလိုက်ပါတယ်။ တိုင်းမ်မဂ္ဂဇင်းဟာ လာမယ့် ဒီဇင်ဘာ ၁၉ (ယခုဂျာနယ်ထွက်ရက် ဗုဒ္ဓဟူးနေ့) မှာ ဒီနှစ်အတွက်ဆုကိုကြေညာသွားမှာမို့ ဒီအင်တာဗျူးနဲ့အတူ "တစ်နှစ်တာပုဂ္ဂိုလ်ဆုဘယ်သူရမလဲ" ရင်ခုန်ကြည့်ရတာဟာ ပိုပြီးစိတ်ဝင်စားစရာ ကောင်းနေမှာအမှန်ပါပဲ။

**ဒီ "တစ်နှစ်တာပုဂ္ဂိုလ်" ဆုပေးလာတာ အချိန်ဘယ်လောက် ရှိပါပြီလဲ။**

ဒီကိစ္စက တကယ်ခမ်းနားတဲ့ မူလဇာစ်မြစ် ဇာတ်လမ်းတစ်ခု ရှိပါတယ်။ ဒါမှမဟုတ်ရင်လည်း ဒဏ္ဍာရီတစ်ခုထက် ပိုကောင်းပိုတာလည်းဖြစ်မှာပေါ့။ ၁၉၂၇ ခုနှစ်အဆုံးမှာ အဲဒီတုန်းက တိုင်းမ်အယ်ဒီတာတွေဟာ တစ်နှစ်တာရဲ့ မဂ္ဂဇင်းမျက်နှာဖုံးတွေကို ကြည့် လိုက်ပြီးနောက် သူတို့ဟာ ချားလ်စ်လင်းဘတ်(နယူးယောက်မှပါရီသို့ ပစိဖိတ်သမုဒ္ဒရာဖြတ်ကာပထမဆုံး မရပ်မနားလေယာဉ်ပျံသန်းခဲ့သည့်ပုဂ္ဂိုလ်)ကိုအဖုံးမတင်ဖြစ်ခဲ့ဖူးတာကို သိနားလည်ခဲ့ကြပါတယ်။ လင်းဘတ်က သူ့ရဲ့သမိုင်းဝင်ပျံသန်းမှုကို မေလမှာကတည်းက လုပ်ခဲ့တာ။ ဒါပေမဲ့ သူ့ကိုတင်ထားတဲ့ တိုင်းမ်မဂ္ဂဇင်းမျက်နှာဖုံးတစ်ခုမှ မရှိခဲ့ဘူး။ ဒီတော့သူတို့လည်း လင်းဘတ်ကို ၁၉၂၇ ရဲ့ "တစ်နှစ်တာပုဂ္ဂိုလ်" အဖြစ်ရွေးချယ်ခဲ့ပြီးနောက်ပိုင်းမှ အဖုံးတင်နိုင်ဖို့ ဆုံးဖြတ်ခဲ့ရပါတော့တယ်။ ဒါဟာ ယာယီအစားထိုးရတဲ့ကိစ္စတစ်ခုပေ့ါ။ အခုတော့ ကျွန်တော်တို့ (လူရွေးချယ်တာ) ၈၅ နှစ်ရှိခဲ့ပြီ။ စိန်ခေါ်မှုကတော့ တစ်ဖက်မှာဆိုရင် ဘယ်သူက တစ်နှစ်တာရဲ့ သတင်းတွေကို အကောင်းဆုံးကိုယ်စားပြုနိုင်သလဲဆိုတာနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်ချဖို့ ကြိုးစားရတာပဲ။ ဒါပေမဲ့ ရွေးချယ်မှုဟာ မော်ကွန်းတင်မှတ်တမ်းထိုးလောက်တဲ့တန်ဖိုးလည်း ရှိဖို့ လိုအပ်ပါတယ်။ အချိန်ရဲ့ စမ်းသပ်မှုကို ခံနိုင်ရမယ်ဆိုတဲ့ အမြင်မျိုးရှိဖို့ လိုတာပေ့ါ။

ဒါကြောင့် စိတ်ကူးစံကျကျဆိုရရင် ကျွန်တော်တို့ဟာ ကိုယ့်ရဲ့ "တစ်နှစ်တာပုဂ္ဂိုလ်" ဆုကို ကမ္ဘာကြီးအခုဖြစ်နေတာရဲ့ လျှပ်တစ်ပြက်ရိုက်ချက်အဖြစ်ရော၊ ကမ္ဘာကြီးဆက်ဖြစ်နေမယ့် ပုံကားချပ်တစ်ရပ်အဖြစ်ရော နှစ်ခုစလုံးဖြစ်စေချင်ပါတယ်။ လူပုဂ္ဂိုလ်၊ တစ်စုံတစ်ယောက် ဒါမှမဟုတ် ရှားပါးကိစ္စတွေမှာဆို အရာဝတ္ထုတစ်ခုခုပေ့ါ။ သမိုင်းရဲ့စွမ်းအားတစ်ရပ်လို့ ခံစားစေရမယ့်ဟာမျိုးပေ့ါ။ (အဲဒါမျိုးကို ရွေးချယ်ပါတယ်)

**'တစ်နှစ်တာ ပုဂ္ဂိုလ်' ရွေးတာနဲ့ ပတ်သက်လို့ မကြာခဏ တွဲပါလေ့ရှိတဲ့ ကောင်းသည်၊ ဆိုးသည်ဖြစ်စေ သတိပေးချက်ကိုရော ပြောပြပေးပါလား။**

ရွေးချယ်သတ်မှတ်ထားတဲ့ "စံ" ကတော့ဗျာ "တစ်နှစ်တာနဲ့ ပတ်သက်လို့ အရေးပါခဲ့ပြီး ကောင်းကောင်းဆိုးဆိုးဗျာ။ ကျွန်တော်တို့ဘဝတွေနဲ့ သတင်းတွေအပေါ် သက်ရောက်မှု အများဆုံးရှိခဲ့တဲ့ ပုဂ္ဂိုလ် (သို့မဟုတ်) ပုဂ္ဂိုလ်တွေ" ပါပဲ။ သတင်းတော်တော်များများဟာ သတင်းဆိုးတွေဖြစ်ခဲ့ပြီး အဲဒီသတင်းဆိုးတွေကို ဖြစ်စေခဲ့တဲ့ လူတော်တော်များများဟာလည်း သိပ်ဩဇာကြီးတဲ့လူတွေဖြစ်ပါတယ်။ တိုင်းမ်ရဲ့ အယ်ဒီတာတွေဟာ ဒီအရှိတရားကိုလည်း မျက်ကွယ်ပြုမထားပါဘူး။ ဒါ့ကြောင့်ဟစ်တလာကို သူတို့ ၁၉၃၈ မှာ ရွေးခဲ့ပြီး စတာလင်ကို ၁၉၃၉ ခုနှစ်မှာနဲ့နောက်တစ်ကြိမ် ၁၉၄၂ ခုနှစ်မှာတစ်ကြိမ်ပေးခဲ့တယ်။ ဒါတွေဟာ အဲဒီနှစ်တွေအတွင်းမျှသာမကဘဲ ရာစုနှစ်တစ်ခုလုံးကိုပါကြီးမားတဲ့ဩဇာသက်ရောက်မှုရှိခဲ့တဲ့သူတွေပဲ ဖြစ်ပါတယ်။ နောက်ကြောင်းပြန်လှည့်ကြည့်လိုက်ရင် ဒီရွေးချယ်မှုတွေကိုထောက်ခံရတာ လွယ်တာပဲလေ။ နှစ်တိုင်းပဲ လူဆိုးတစ်ယောက်ယောက်ကို အငြင်းပွားဖွယ်ရာရွေးချယ်သတ်မှတ်နိုင်တာပဲမဟုတ်လား။

**'ကမ္ဘာမြေ' နဲ့ 'တစ်ကိုယ်သုံးကွန်ပျူတာ' တို့ဟာ လူပုဂ္ဂိုလ်တွေမဟုတ်ကြပါဘူး။ ဒီလို လူပုဂ္ဂိုလ်မဟုတ်တာတွေကို (တစ်နှစ်တာပုဂ္ဂိုလ်အဖြစ်) ရွေးချယ်တာကျတာရော။ (မှတ်ချက်။ ။ တိုင်းမ်သည် ၁၉၈၂ ခုနှစ်တွင် "ကွန်ပျူတာ" ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် "ယိုယွင်းလာသော ကမ္ဘာမြေ The Endangered Earth" ကိုလည်းကောင်း တစ်နှစ်တာပုဂ္ဂိုလ်ဆုများအဖြစ် ရွေးချယ်ခဲ့ဖူးသည်။)**

ဒါလည်း မေးခွန်းကောင်းတစ်ခုပဲ။ ကျွန်တော် ပုံမှန်ကြားနေကျကလည်း စာဖတ်သူတွေဟာ တစ်နှစ်တာ ပုဂ္ဂိုလ်ဆုကို လူပုဂ္ဂိုလ်တစ်ဦးရသွားချိန်မှာ အကျေနပ်ဆုံးဖြစ်ကြတာပါပဲ။ ဒါပေမဲ့ တစ်ခါတလေမှာတော့ ဆုဟာ အရာဝတ္ထုတစ်ခု၊ တစ်ခါတလေမှာ လူအများစုလည်း ဖြစ်ခဲ့ပါတယ်။ မနှစ်ကဆို "ဆန္ဒပြသူ/ The Protester" ပေ့ါ။ ကိုယ်စားပြု ပုံရိပ်တစ်မျိုးပေ့ါလေ။ ကျွန်တော်တို့လည်း ဒါနဲ့ပတ်သက်လို့ အကြာကြီးခက်ခက်ခဲခဲ စဉ်းစားဖူးပါတယ်။ ကျွန်တော်တို့ ဒီလိုဆုံးဖြတ်လိုက်ရင် စိတ်ကျေနပ်စရာဖြစ်ပ့ါမလား။ လူတွေဟာ ကျွန်တော်တို့ ပြောချင်တာကို နားလည်ပ့ါမလားပေ့ါ။ ကျွန်တော်တို့လုပ်နိုင်တာပဲ။ လူတွေနားလည်မှာပဲလို့ ဆုံးဖြတ်ခဲ့တာပါ။ တစ်ကိုယ်ရေသုံး ကွန်ပျူတာဟာလည်း တကယ်ပဲ ရွေးခဲ့တာမှန်တယ်ထင်ပါတယ်။ စတိဗ်ဂျော့ဘ်ဟာ ဒါနဲ့ပတ်သက်လို့ စာရင်းဝင်ထားတယ်ဆိုပေမယ့် တိုင်းမ်အယ်ဒီတာတွေဟာ ၁၉၈၂ ခုနှစ်အတွက် စတိဗ်ဂျော့ဘ်ကို သတ်မှတ်ကောင်း သတ်မှတ်လို့ရတာပဲလို့ ခင်ဗျားတို့စောဒကတက်နိုင်ပါတယ်။

**တစ်နှစ်တာ ပုဂ္ဂိုလ်ဆုကို ကွယ်လွန်သွားတဲ့ လူတစ်ယောက်ယောက်ကိုရော ပေးအပ်ဖူးပါသလား။**

ဟင့်အင်း။ ဒါပေမဲ့ အဲဒါဟာ မဖြစ်နိုင်ဘူးလို့ ဘယ်နေရာမှာမှ ရေးသား (မသတ်မှတ်) ထားပါဘူး။

**'တစ်နှစ်တာပုဂ္ဂိုလ်ဆု' ပေးအပ်ရေးဖြစ်စဉ်ဟာ ဘယ်လောက် လျှို့ဝှက်ပါသလဲ။**

ဒါက တကယ်ပျော်စရာကောင်းတဲ့ စာနယ်ဇင်းအလေ့အထတစ်ခုပါ။ ဘယ်သူ့ကိုတော့ဖြင့် ရွေးချယ်တော့မယ်လို့ လူတွေအာရုံရလိုက်ရင် ဒီဆုရွေးချယ်ရေးဖြစ်စဉ်ထဲကနေ အပျော်တွေအများကြီးထွက်လာတယ်ထင်တာပဲ။ ကျွန်တော်တို့မှာ (ဆုရသူအပြင်) ဆန်ခါတင်စာရင်းဝင်သူတွေလည်း အများကြီးရှိတာကြောင့် နှစ်တိုင်း သူတို့အကြောင်းတွေ အများကြီး ရောနှောပါဝင်နေတာပေ့ါ။ သတင်းတွေရဲ့သဘောသဘာဝအရ ကျွန်တော်တို့ဟာ လိုက်လျောညီထွေဖြစ်နေရပါမယ်။ ကျွန်တော်တို့ဆီက ဝန်ထမ်းနည်းနည်းလောက်ပဲ ထိပ်တန်းဆန်ခါတင် စာရင်းဝင်သူက ဘယ်သူဆိုတာ သိကြတယ်။ (ဆုရွေးရာမှာ) သိဖို့လိုတဲ့တကယ့် လူနည်းနည်းလေး။ ဒီထဲမှာဆုပေးဖို့လုပ်နေတဲ့ ဆောင်းပါးရှင်နဲ့ အယ်ဒီတာတွေပါဝင်တဲ့ အဝန်းအဝိုင်းလေးလည်း ပါတာပေ့ါနော်။ (မဂ္ဂဇင်းအတွက်)ဒီဇိုင်းအဆင်အပြင် Layout ဆွေးနွေးပွဲတွေကို လျှို့ဝှက်ကျင်းပပါတယ်။ ဒီတစ်နှစ်ကတော့ ဒီလိုမျိုး ရွေးချယ်ရေးလုပ်ရတာ ကျွန်တော့်အတွက် တတိယမြောက်နှစ်ပေ့ါ။

**ဒီဇင်ဘာလအတွက် မဂ္ဂဇင်းမျက်နှာဖုံးကို ပုံနှိပ်စက်တွေပေါ် မတင်ခင်တစ်နှစ်တာ ပုဂ္ဂိုလ်ဆုကြေညာချက်ကို အရင်လုပ်မယ်ဆိုတာ မှန်ပါသလား။**

ဟုတ်ပါတယ်။ ဒီနှစ်ကြေညာချက်ကို Today ရှိုးပွဲမှာ ကြေညာပြီးတိုင်းမ်ရဲ့ တွစ်တာဝက်ဘ်ဆိုက် စာမျက်နှာက လူလေးသန်းဆီကိုလည်း မဂ္ဂဇင်းပုံနှိပ်တဲ့ အချိန် ဒီဇင်ဘာ ၁၉ ရက်အစောပိုင်းမှာ ကြေညာမှာပါ။ Time.com ဝက်ဘ်ဆိုက်မှာလည်းချက်ချင်း တင်ပေးမှာပါ။ စာဖတ်သူတွေအတွက် သင်ပုန်း ကွန်ပျူတာပေါ်မှာ Download ချဖတ်လို့မဂ္ဂဇင်းမူ Tablet Edition ကိုလည်းလုပ်ပေးဖို့ ရှိပါတယ်။


**လူတွေဟာ PSY လို ဖျော်ဖြေရေးသမားအနုပညာရှင်တစ်ဦးက တစ်နှစ်တာ ပုဂ္ဂိုလ်ရွေးချယ်ရေးမဲစာရင်းထဲ ပါဝင်နေတာမြင်လို့ အံ့ဩနေကြလိုဖြစ်နေပါတယ်။ သူ့ကို ဘာ့ကြောင့် စာရင်းထဲ ထည့်သွင်းရတယ်လို့ ပြောပြပေးနိုင်မလား။**

တိုင်းမ်ဟာ အမြဲပဲ အကျယ်ပြန့်ဆုံးအမြင်နဲ့ သတင်းတွေကို လွှမ်းခြုံထားတာပါ။ တစ်နှစ်တာပုဂ္ဂိုလ်ဆုရွေးချယ်ရေးအတွက် လုပ်ရင်းနဲ့ ကျွန်တော်ဟာ မော်ကွန်းတိုက်ထဲမှာ အချိန်တွေ အများကြီးလေ့လာဖြစ်ခဲ့တယ်။ တိုင်းမ်ဟာ အပတ်တိုင်း သူ့မျက်နှာဖုံးပေါ်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီကို တင်လေ့ရှိတာ မဂ္ဂဇင်းရဲ့ ပထမသက်တမ်း နှစ်လေးဆယ်အတွင်း ကျွန်တော်သတိထားမိခဲ့တယ်။ PSY ဟာ Charlie's Angles (လူကြိုက်များသည့် အမေရိကန်ရုပ်သံဇာတ်လမ်းတွဲ) လိုမျိုးနဲ့ အဆင့်တူညီမျှတယ်လို့ ကျွန်တော်မပြောဖူးနော်။ ဒါပေမဲ့ ယဉ်ကျေးမှုနယ်ပယ်က ပုဂ္ဂိုလ်တွေအတွက် ရွေးချယ်ဖို့အ ဆိုပြုချက်တွေရှိတယ်ထင်ပါတယ်။ ဒီလူတွေက အာဏာရှင်တစ်ယောက်က သတင်းတွေအပေါ် ဩဇာသက်ရောက်သလိုမျိုးနဲ့တော့ မတူဘူး။ ဒါပေမဲ့ကမ္ဘာကြီးဟာအဲဒီသက်ဆိုင်ရာ အချိန်တစ်ခုမှာ ဘယ်လိုဖြစ်နေခဲ့တာဆိုတာနဲ့ပတ်သက်လို့ ထူးခြားတဲ့အချက်ပြမှုတစ်ခုခုတော့ ပေးနိုင်ပါတယ်။ လူတွေဟာ ၂၀၁၂ ကို "ဂန်နမ်းစတိုင်" နှစ်လို့ သတိရကြရင်လည်း အဲဒါဟာ မှားတယ်လို့ ကျွန်တော် မပြောနိုင်ပါဘူး။

**ဒီနှစ်အတွက် (ပေးမယ့် တစ်နှစ်တာပုဂ္ဂိုလ်ဆုနဲ့ ပတ်သက်လို့) သဲလွန်စတစ်ခုခုများ ပေးနိုင်မလား။**

နိုး . . . ။ မပေးနိုင်ပါဘူး ခင်ဗျာ။

*—Ref: Everything You Wanted to Know about Time's Person of the year.*



# Entertainment

Vol.11, No.41 • DECEMBER 20 , 2012


## ပရိသတ်ကို 'ချစ်သေးရဲ့လား'လို့ မေးမယ့် စိုင်းစိုင်းရဲ့ 'ဒိတ်ဒိတ်ကြဲ'

**ကြူကြူဟန်**

ရန်ကုန်၊ဒီဇင်ဘာ-၁၅

Hip Hop လောကတွင် ဆယ်နှစ်ကျော်ကြာ အောင်မြင်စွာ ရပ်တည်လာသည့် စိုင်းစိုင်းခမ်းလှိုင်၏ ရှစ်ခွေမြောက် 'ဒိတ်ဒိတ်ကြဲ'စီးရီးတွင် ၎င်း၏ဘဝဇာတ်ကြောင်းအချို့ထင်ဟပ်ရေးဖွဲ့ သီဆိုထားသော သီချင်းများပါဝင်ပြီး ယခု အယ်လ်ဘမ်ကို ယခင်လို ပရိသတ်အားပေးမှုကို မျှော်လင့်နေကြောင်း စိုင်းစိုင်းခမ်းလှိုင်က သီချင်းခွေ စာနယ်ဇင်းမိတ်ဆက်ပွဲတွင် ပြောသည်။

"ကျွန်တော်ရဲ့ အဲဗားဂေါ်လီထွက်ခဲ့တဲ့ ၂၀၀၉ ခုနှစ်နဲ့ အခုဆိုရင် အချိန်က နှစ်နှစ်ကျော်လောက်ကြာသွားပြီ။ အဲဒီတော့ ကျွန်တော်ရဲ့ နောက်ဆုံးအခွေထွက်လာပြီးတော့ ပရိုမိုးရှင်းလုပ်တယ်။ လူတွေ အားပေးခဲ့ကြတဲ့ အချိန်ကလည်း ကာလအားဖြင့် တော်တော်ကြာသွားပြီဆိုတော့ ဒီအခွေပြန်ထွက်တဲ့အချိန်မှာ ကျွန်တော် ရင်ခုန်ပါတယ်။ ကျွန်တော့်ကို အရင်လို အားပေးမလား။ အရင်လိုမျိုး ပရိသတ်တွေအတွက် နားထောင်ချင်စရာကောင်းတဲ့အခွေဖြစ်ပါ့မလား။ ပရိသတ်တွေ ဒီသီချင်းတွေကို ရင်ခုန်ပါ့မလားဆိုတဲ့ စိတ်ဖြစ်နေတယ်။ ဒါကြောင့် ပရိသတ်ကို ရိုးရိုးသားသားနဲ့ မေးလိုက်တာ။ ကိုအဲလက်စ် သီချင်းလို "ချစ်သေးရဲ့လား လို့ "ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

**စာ(၄၈)သို့**



ဓာတ်ပုံ-ကျော်ဇင်သန်း



## သရုပ်ဆောင်တစ်ယောက်အနေနဲ့ အကြောင်းအရာခိုင်လုံရင်၊ ပရိသတ်လက်ခံနိုင်တဲ့အနေအထားဆိုရင် သက်မွန် လက်ခံပြီး ရိုက်နိုင်ပါတယ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

### သက်မွန်မြင့်နှင့်တွေ့ဆုံခြင်း

**အေးသူစံ**

မနှစ်က အာဒမ်ရယ်ဝေရယ်ဒသရယ် ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရခဲ့တဲ့ သက်မွန်မြင့်ဟာ ယခုနှစ် အကယ်ဒမီပေးပွဲမှာလည်း ပန်းကြာဝတ်မှုန်၊ ဝင့်ကြွေး ရုပ်ရှင်ဇာတ်ကားတွေနဲ့ ဇာတ်ဆောင်ဆုရဖို့ ရေပန်းစားနေပါတယ်။ တကယ်လို့များ ဒီနှစ်မှာ အကယ်ဒမီထပ်ရခဲ့ရင် ၂ နှစ်ဆက်တိုက် ထူးချွန်ဆုရရှိခဲ့ဖူးတဲ့ မင်းသမီးကြီး မြင့်မြင့်ခင်နဲ့ မေသန်းနုတို့နောက်ပိုင်း တတိယမြောက် မင်းသမီးတစ်ဦးဖြစ်သွားမှာပါ။ ဒီနှစ်ကုန်ပိုင်းမှာ အကယ်ဒမီဆုနဲ့ ရေပန်းစားနေတဲ့ သက်မွန်အတွက် နောက်ထပ်စိတ်ဝင်စားစရာသတင်းက "ကျွန်မကနင်းဆီပါမောင်" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှုကိုလက်လွှတ်ခဲ့ခြင်းပါ။ ဒီကားထဲမှာ ဇာတ်ညွှန်းမှာပါတဲ့ မင်းသားရဲ့ နှုတ်ခမ်း၊ ရင်ဘတ်တို့ကိုနမ်းရတဲ့အခန်းမျိုးကို မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ ရိုက်ကူးဖို့မသင့်တဲ့အတွက် ငြင်းပယ်ခဲ့ခြင်းဖြစ်ပြီး ဒီဇာတ်ကားအတွက်ပေးထားခဲ့တဲ့ ရိုက်ကူးရက်တွေကိုတော့ သက်မွန်မြင့်က ဗီဒီယိုဇာတ်ကားတွေဆက်တိုက်ရိုက်ကူးခြင်းနဲ့ အစားထိုးလိုက်ပါပြီ။ လတ်တလောသတင်းတွေနဲ့ ပတ်သက်ပြီး သက်မွန်မြင့်ကို သူမရိုက်ကွင်းရှိရာ မင်္ဂလာဒုံဂေါ့ဖ်ကွင်းမှာ သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**၂၀၁၁ ခုနှစ် အကယ်ဒမီဆုခန့်မှန်းစာရင်းထဲမှာ သက်မွန်က အမျိုးသမီးဇာတ်ဆောင်ဆုရဖို့ ရေပန်းစားနေပါတယ်။ အကယ်ဒမီရင်ခုန်သံဘယ်လိုရှိပါသလဲ။**

အရမ်းကြီးစိတ်လှုပ်ရှားနေတာတော့မရှိပါဘူး။ ဒါပေမဲ့ မနှစ်က အကယ်ဒမီရတဲ့အချိန်မှာ ပရိသတ်တွေက အရမ်းပျော်တယ် ဆိုတာသိရတော့ အရမ်းပီတိဖြစ်တယ်။

**စာ(၄၉)သို့**



## လင်ကွန်းရုပ်ရှင်ကား ရွှေကမ္ဘာလုံးဆု ဆန်ခါတင်စာရင်းတွင် ဦးဆောင်နေ

**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ - ၁၄**

ဟောလိဝုဒ်နာမည်ကျော် ဒါရိုက်တာစတီဗင်စပီးဘာ့ဂ်၏ ကန်သမ္မတလင်ကွန်းအကြောင်း ရိုက်ကူးထားသော ရုပ်ရှင်ကား Lincoln သည်ယခုနှစ်အတွက်ပေးအပ်မည့် ရွှေကမ္ဘာလုံးဆု ဆန်ခါတင်စာရင်းတွင် ဆုအမျိုးအစားခုနစ်မျိုးထိပါဝင်နေကြောင်းသိရသည်။ စပီးဘာ့ဂ်၏ လင်ကွန်းရုပ်ရှင်နောက်တွင် Argo နှင့် Django Uncha-ined ဇာတ်ကားတို့မှာ ဆန်ခါတင် ဆုငါးဆုစီ ပါဝင်နေပြီးတတိယနေရာတွင် အော်စကာဆုရ ဒါရိုက်တာ ကက်သရင်းဘစ်ဂျလို၏ ဘင်လာဒင်ကိုရှာဖွေရေးနောက်ခံ ဇာတ်လမ်း Zero Dark Thirty ဇာတ်ကား၊ Les Miser-ables ဇာတ်ကားနှင့် Silver LiningsPlaybook ဇာတ်ကားတို့က ဆန်ခါတင်ဆုလေးဆုစီ စာရင်းဝင်နေသည်။

စပီးဘာ့ဂ်၏ လင်ကွန်းဇာတ်ကားမှာ အကောင်းဆုံးဒရာမာဇာတ်ကားဆု၊ အကောင်းဆုံး သရုပ်ဆောင်မင်းသားဆု၊ အကောင်းဆုံးဇာတ်ပို့သရုပ်ဆောင်မင်းသမီးဆု၊ အကောင်းဆုံး ဇာတ်ပို့ သရုပ်ဆောင်မင်းသားဆု၊ အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံးဇာတ်ညွှန်းဆု၊ အကောင်းဆုံးဇာတ်လမ်းဆုတို့ဖြင့် ဆုဆန်ခါတင်စာရင်း ခုနစ်မျိုးတွင် ပါဝင်နေသည်။ ရွှေကမ္ဘာလုံးဆု ဆွတ်ခူးသူများစာရင်းကို လာမည့်ဇန်နဝါရီလတွင်ကြေညာဖွယ်ရှိသည်။

—Ref: AFP




7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# ဆုန်သင်းပါရ်ရဲ့ "အသစ်"

ကြူကြူဟန်

ရန်ကုန်၊
ဒီဇင်ဘာ-၁၅

ချင်းတိုင်းရင်းသူ ဆုန်သင်းပါရ်၏ ထွက်ရှိလာမည့် စတုတ္ထမြောက် တစ်ကိုယ်တော်ခွေကို ခုနစ်နှစ်ကြာမှ ပြန်လုပ်သည့်အတွက် လူသစ်စိတ်သစ်ဖြင့် ပရိသတ်ရှေ့ကို ရောက်ရှိလာသည့်အတွက် စီးရီးခေါင်းစဉ်ကို 'အသစ်'ဟု ပေးထားကြောင်း ဆုန်သင်းပါရ်က ပြောသည်။


"လူသစ်၊ စိတ်သစ်ဆိုတော့ ကိုယ်ကအိမ်ထောင်ရှင်မလည်း ဖြစ်သွားပြီ။ အကြာကြီးနေမှ အသစ်လိုပြန်လုပ်တဲ့အခါကျတော့ သီချင်းလည်းအသစ် ကိုယ့်စိတ်လည်းအသစ်ဖြစ်ချင်တယ်။ အဲဒီသဘောမျိုးနဲ့ Title ကို 'အသစ်' လို့ ပေးထားတာ ဖြစ်ပါတယ်"ဟု သူမကပြောသည်။

Rock သီချင်းများကို တစ်စိုက်မတ်မတ် သီဆိုခဲ့သည့် ဆုန်သင်းပါရ်ကိုလာမည့်နွေရာသီတွင် သီဆိုနေကျပုံစံများမှ ခွဲထွက်လာသော ကိုယ်ပိုင်သံစဉ်သီချင်း ပုံစံသစ်များဖြင့် တွေ့မြင်ရမည်ဖြစ်သည်။

ဆုန်သင်းပါရ်၏ 'အသစ်'စီးရီးအော်ဒီယိုစီဒီကို ထိုင်းနိုင်ငံတွင် Gold Disc ဖြင့် ရိုက်နှိပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် 24 Bit စနစ်ဖြင့် ပထမဆုံး အသံသွင်းယူသော စီဒီဖြစ်ကြောင်း ယင်းစီးရီးကိုစီစဉ်ထုတ်လုပ်သည့်Forever Blossom မှ သိရသည်။

ထိုအခွေတွင် စံပီး၊ ဖိုးကာ၊ လင်းလင်း၊ နောနော်၊ ဖိုးအီ၊ F သားငယ်တို့က ကိုယ်ပိုင်သံစဉ်သီချင်းအသစ်များကို ရေးစပ်ထားပြီး ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)




# အနုဂ္ဂနှင့် သံသာဝင်း မင်္ဂလာပွဲဆင်နွှဲ

အေးသူစံ

ရန်ကုန်၊
ဒီဇင်ဘာ-၁၅

ဟစ်ဟော့ပ်၏ ပထမမျိုးဆက်ဟု သတ်မှတ်ခြင်းခံရသော အက်ဆစ်အဖွဲ့မှအနုဂ္ဂနှင့်အဆိုတော်သံသာဝင်းတို့သည် ချစ်သူသက်တမ်း လေးနှစ်တိတိပြည့်သည့်နေ့ ဒီဇင်ဘာ ၁၂ ရက်တွင် လက်ထပ်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၂ ရက် နံနက်တွင် အင်းလျားလမ်းရှိ စိန့်ဩဂတ်စတင်း ဘုရားရှိခိုးကျောင်း၌ မင်္ဂလာလက်မှတ်ရေးထိုး လက်ထပ်ခဲ့ခြင်းဖြစ်သည်။

"ချစ်သူသက်တမ်း လေးနှစ်ပြည့်တဲ့ ဒီနေ့မှာ မင်္ဂလာပွဲလုပ်ချင်တဲ့အတွက်ရော၊ နောက်ပြီး ပြည်ပရောက်နေတဲ့ဆွေမျိုးတွေ ပြန်လာဖို့ အဆင်ပြေတဲ့ရက်ဖြစ်အောင်လုပ်လိုက်တဲ့အတွက်မင်္ဂလာပွဲက တစ်နှစ်ကျော်လောက်ကြာသွားတယ်"ဟုအနုဂ္ဂကပြောသည်။

ဂီတလောကသားနှစ်ဦး၏ မင်္ဂလာပွဲဖြစ်သည့်အတွက် ဂီတလောက၊ အထူးသဖြင့်ဟစ်ဟော့ပ် ဂီတသမားအများစု တက်ရောက်ခဲ့သော မင်္ဂလာပွဲဖြစ်ခဲ့ပြီး ရုပ်ရှင်အသိုင်းအဝိုင်းမှ အကယ်ဒမီထွန်းအိန္ဒြာဗိုတို့စုံတွဲနှင့် အကယ်ဒမီလူမင်းတို့စုံတွဲ တက်ရောက်ခဲ့သည်ကို တွေ့ရသည်။ ထို့ပြင် အနုဂ္ဂနှင့် သံသာဝင်းမှာ နိုင်ငံရေးလှုပ်ရှားမှုများတွင် တက်ကြွပါဝင် အားပေးသူများဖြစ်ခြင်းကြောင့် ၎င်းတို့၏ မင်္ဂလာပွဲ၌ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်ခဲ့သည်ကို တွေ့ရပြီး အက်ဆစ်အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာသော်၊ မဖြူဖြူသင်းနှင့် မဇင်မာအောင်စသည့်နိုင်ငံရေးသမားများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းအချို့တက်ရောက်ခဲ့သည်ကိုလည်း တွေ့ရသည်။

"လောလောဆယ်တော့ဟန်နီးမွန်း ဘယ်ကိုသွားဖြစ်မလဲ မစဉ်းစားရသေးဘူး။ ဒီရက်ပိုင်း အမျိုးတွေကို ပြန်ပို့နေတာနဲ့ မအားဘူးဖြစ်နေတယ်။ ဂီတအလုပ်ကတော့ နှစ်ယောက်လုံး တစ်ကိုယ်တော်ခွေထွက်နိုင်ဖို့လုပ်နေတယ်"ဟု အနုဂ္ဂကပြောသည်။

## စာ-၄၇၊ ပရိသတ်ကို "ချစ်သေးရဲ့လား" လို့ မေးမယ့် စိုင်းစိုင်းရဲ့ ဒိတ်ဒိတ်ကြဲ မှ

ဇာတ်ကားအထွက်ကျဲသည်ဟု ပရိသတ်များက အကြံပြုသည့်အတွက် ၂၀၁၁နှစ်လယ်ပိုင်းမှ ၂၀၁၂ထိ ရုပ်ရှင်၊ ဗီဒီယိုရိုက်ကူး ထုတ်လုပ်မှုများကို အချိန်ပေး လုပ်ဆောင်ခဲ့ပြီးနောက် ကာလအတန်ကြာ စီစဉ်နေသော 'ဒိတ်ဒိတ်ကြဲ'အခွေမှာ ဒီဇင်ဘာ ၂၃ရက်တွင် ထွက်ရှိလာနိုင်ပြီဖြစ်သည်။

"တစ်ခွေနဲ့တစ်ခွေကြားထဲမှာ အရွယ်ကြောင့်ရော၊ အချိန်ကာလအားဖြင့် ဒီခေတ်အခြေအနေရော၊ ပတ်ဝန်းကျင်ရော ရေစီးကြောင်းအရရော ပြောင်းလဲမှုတွေရှိမှာကို အဲဒီတော့ စိုင်းစိုင်းတော့ စိုင်းစိုင်းပဲပေါ့ဗျာ။ ဒီအခွေက ကျွန်တော်ရဲ့ ခြောက်ခွေမြောက် စတီရီယိုအယ်လ်ဘမ်ဆိုတော့ Phone Version လို တစ်ခုပြီးတစ်ခု Updateလုပ်လာလိုက်တာ အခုတော့ Version 6 ကို ရောက်သွားပြီပေါ့။ အဲဒီလို သဘောမျိုးပေါ့"ဟု အရင်ခွေနှင့် ယခုအခွေခြားနားမှုကို Phone Version ဖြင့် ဥပမာပေး၍ ပြောသည်။

စိုင်းစိုင်းခမ်းလှိုင်၏ 'ဒိတ်ဒိတ်ကြဲ'အခွေတွင် သီရိဆွေ၊ အိမ့်ချစ်၊ ဇုံဇုံ၊ နန္ဒစိုင်း၊ ဘန်နီဖြိုး၊ စိုးကြီး၊ သအိုတို့နှင့် တွဲဖက်သီဆိုထားပြီး ဂီတခရီးအစကတည်းက လက်တွဲသီဆိုခဲ့သော ငယ်ငယ်လည်း ပါဝင်ထားသည်။

## ဇာ-၄၇၊ သက်မွန်မြင့်နှင့်တွေ့ ဆုံခြင်း မှ

ဒီနှစ်မှာလည်း အတူတူ ပျော်နိုင်ရင်ကောင်းမယ်ဆိုတဲ့ စိတ်လေးတော့ရှိပါတယ်။

**အကယ်ဒမီရဖို့ဆိုရင် သက်မွန်ကား ခြောက်ကားထဲက ပန်းကြာဝတ်မှုန်နဲ့ ဝဋ်ကြွေးတို့ဖြစ်နိုင်ခြေများနေပါတယ်။ ဒီဇာတ်ကားတွေက အကယ်ဒမီပွဲပြီးတာတောင် ရုံတင်ဦးမှာမဟုတ်သေးတော့ ပရိသတ်ကို ဇာတ်ကားအကြောင်းလေးမိတ်ဆက်ပြောပေးပါဦး။**

နှစ်ကားလုံးကိုတော့ သဘောကျပါတယ်။ ဒါပေမဲ့ သက်မွန်က ကိုယ့်ကိုယ်ကိုယ် အားရတတ်တဲ့သူမဟုတ်တော့ ဒါလေးကိုဒီလိုလုပ်လိုက်ရင်ကောင်းသားဆိုတဲ့စိတ်တော့ ဖြစ်တယ်။ ပန်းကြာဝတ်မှုန်ကျတော့လည်း ဇာတ်ကောင်စရိုက်က တစ်မျိုး၊ ဝဋ်ကြွေးကျတော့လည်း နှစ်ကိုယ်ခွဲဇာတ်ရုပ်ဆိုတော့သရုပ်ဆောင်ရတာလည်းမတူဘူး။ နှစ်ကားလုံးကိုတော့သဘောကျပါတယ်။

**ခုလက်ရှိမှာ 'ကျွန်မက နှင်းဆီပါမောင်' ဇာတ်ကား လက်လွှတ်လိုက်တဲ့ကိစ္စက အရမ်းဂယက်ထနေတော့ သက်မွန်ရင်ဆိုင်နေရတဲ့ အခက်အခဲကိုပြောပြပါဦး။**

ဒီဇာတ်ကားကိုလက်လွှတ်လိုက်ရတဲ့အတွက် တော်တော်လေးစိတ်မကောင်းပါဘူး။ ကိုဝိုင်းနဲ့ ရိုက်တဲ့ကားတွေက ပေါက်တာများတယ်ဆိုတော့ ဒီကားကိုလည်း အများကြီးမျှော်လင့်ထားပါတယ်။ ဇာတ်လမ်းကလည်း အရမ်းကောင်းပြီး သူရိုက်တာကလည်း အရမ်းကောင်းတော့ ကိုယ်ကအရမ်းမျှော်လင့်အားခဲထားတယ်။ အခုလိုမရိုက်ဖြစ်တော့တဲ့အတွက် သက်မွန်သူ့ကိုတော်တော်လည်း အားနာပါတယ်။

**ဒါဆိုရင်ဇာတ်ကားရွေးချယ်မှုစံကို သက်မွန်ဘယ်လိုသတ်မှတ်ထားပါသလဲ။**

ဇာတ်ကောင်စရိုက်ကိုအဓိကထားပါတယ်။ အခု 'ကျွန်မက နှင်းဆီပါမောင်' ဇာတ်ကားဆိုထားသခင်ရဲ့ဇာတ်ရုပ်ကို သေချာကြည့်ရတယ်။ ဥပမာ - ဘဝပေး အခြေအနေအရ မကောင်းတဲ့ မိန်းမလုပ်ရမယ်ဆိုလည်း သရုပ်ဆောင် တစ်ယောက်အနေနဲ့ အကြောင်းအရာခိုင်လုံရင် ပရိသတ်လက်ခံနိုင်တဲ့ အနေအထားဆိုရင် သက်မွန်လက်ခံပြီး ရိုက်နိုင်ပါတယ်။

ဒါ. . . ဘယ်သူ့ကိုမှလည်း မရည်ညွှန်းဘူး။ ကိုယ့်ရဲ့ ခံစားချက်အရ ထားသခင် ဇာတ်ရုပ်ပေါ်ထားတဲ့ ဝင်စားမှုနဲ့ ဒီဇာတ်ဝင်ခန်းကို ရိုက်ရမှာ အဆင်မပြေဘူးလားလို့။ ဒီဇာတ်ဝင်ခန်းကို သက်မွန်မရိုက်ချင်ဘူး။ ရိုက်လို့လည်း မသင့်တော်ဘူး။ ပြီးတော့သက်မွန်ကို အားပေးတဲ့ ပရိသတ်ကလည်း မြင်ချင်မှာမဟုတ်ဘူးဆိုပြီးဆုံးဖြတ်ချက်ချပြီးတော့ငြင်းလိုက်တာလေ။ နောက်ပိုင်းလည်း ကိုယ့်ရဲ့ရုပ်တည်မှုနဲ့ ကိုယ့်ပရိသတ်လက်ခံနိုင်မှုအပေါ် အများကြီး ကြည့်ရပါမယ်။

**သက်မွန်ရဲ့မင်းသမီးဘဝတစ်လျှောက် ကံကောင်းမှုနဲ့ အခက်အခဲတွေကဒွန်တွဲနေသလိုပါပဲ။ ကိုယ့်ရဲ့ အလုပ်နဲ့ကံအပေါ် သက်မွန်ဘယ်လိုသုံးသပ်မိပါသလဲ။**

သက်မွန်ငယ်ငယ်တည်းက တစ်ခုခုလုပ်မယ်ဆိုရင် အမြဲတမ်း အတိုက်အခိုက်အနှောင့်အယှက်တွေကြုံရတယ်။ သက်မွန်အသက် ၁၁ နှစ်လောက်က ဂျပန်သွားဖို့ လုပ်တုန်းကလည်း အနှောင့်အယှက်တွေ၊ အတိုက်အခိုက်တွေကြားထဲက သွားခဲ့ရတယ်။ ခုချိန်ထိလည်း တစ်ခုခုဆို အတိုက်အခိုက်တွေ၊ အနှောင့်အယှက်တွေကြုံနေတုန်းပဲ။ သူများထက်စာရင် ကိုယ်က အရမ်း ကြိုးစားရတယ်။ ဘဝမှာလွယ်လွယ်ကူကူရလာတဲ့ အောင်မြင်မှုဆိုတာရှားပါတယ်။

**ကိုယ့်ရဲ့ရုပ်တည်ချက်ကိုခက်ခက်ခဲခဲတည်ဆောက်ထားတဲ့အတွက် သက်မွန်မှာဘယ်လို အားသာချက်တွေရှိမလဲ။**

အားသာချက်၊ အားနည်းချက်ရယ်လို့တော့ မရှိပါဘူး။ ခက်ခက်ခဲခဲကြိုးစားပြီးမှ ရလာတဲ့ အတွက် တန်ဖိုးထားတယ်။ ပိုပြီးလေးနက်တာပေါ့နော်။

**ဟာသရုပ်ရှင်ခေတ်ထဲမှာ ဒရာမာရိုးမန့်စ်လေးတွေနဲ့ အောင်မြင်လာတော့ နောက်ပိုင်းဘယ်လိုဇာတ်ရုပ်လေးတွေရိုက်ချင်လဲ။**

သရုပ်ဆောင်တစ်ယောက်အနေနဲ့တော့ သက်မွန်အစုံရိုက်ကြည့်ချင်ပါတယ်။ ဥပမာ-ကိုဝိုင်းရိုက်တဲ့ ဗီးနပ်စ် ရဲ့လပ်ဖ်မှာလည်း သက်မွန် စုန်းမလုပ်ရတယ်။ ဗီဒီယိုကတော့အရေအတွက်များတော့ ဇာတ်ကောင်စရိုက်စုံတယ်။ ကားကြီးကျတော့ဈေးကွက်အနေအထားအရ ပရိသတ်လက်ခံနိုင်တဲ့ အပေါ်မူတည်ပြီးရိုက်တာရှိတယ်။ ဒါပေမဲ့သက်မွန်တစ်ခုကံကောင်းတာက ဟာသဆိုလည်း ပရိသတ်လက်ခံတယ်။ အချစ်ကားဆိုလည်း ပရိသတ်တွေက ချစ်ကြတယ်။ ဒရာမာဆိုလည်း ကိုယ်လုပ်နိုင်တော့ ပရိုဂျူဆာရွေးချယ်ပေးတဲ့ ဇာတ်ရုပ်အတိုင်းတော့ သက်မွန်ရပါတယ်။

**သက်မွန်က အနုပညာနယ်ပယ်ထဲမှာ လူနည်းနည်းလေးပဲပေါင်းပေမယ့် ခင်မင်မှုကိုနှစ်ကြာကြာတည်ဆောက်ထားနိုင်တာတွေ့ရတယ်။ ဒါဘာကြောင့်များလဲ။**

သူတို့သက်မွန်အပေါ်ထားတဲ့မေတ္တာတရားကြီးမားလွန်းတာလည်းပါတယ်။ ကိုယ်ကလည်း မိသားစုသူငယ်ချင်းတွေကို အရမ်းသံယောဇဉ်တွယ်တယ်။ ခင်တယ်။ သက်မွန်ဆိုအလုပ်မှာ တအားနှစ်တဲ့သူတစ်ယောက်အနေနဲ့ သူတို့ကိုအချိန်ပေးနိုင်တာရှားတယ်။ ကိုယ့်အတွက်ဆိုသူတို့က အမြဲကူညီတယ်။ ကိုယ့်အလှည့်ကျရင်တာဝန်မကျေဘူး။ ဒါကို သူတို့က နားလည်ပေးတယ်။ မေတ္တာလည်း မပျက်ကြဘူး။ ဒါသက်မွန်ရဲ့ ကံကောင်းမှုတစ်ခုပါ။

**သက်မွန်ရဲ့ဘဝမှာလက်တွဲဖော်တစ်ယောက်လောက် လိုအပ်နေပြီလို့ မထင်မိဘူးလား။**

အရင်တည်းက သက်မွန်ဖြေဖူးပါတယ်။ သက်မွန်က အချစ်ရေးမှာကံမကောင်းပါဘူး။ အချစ်နဲ့ပတ်သက်ပြီးခံစားတာ၊ ဝမ်းနည်းရတာများတယ်ဆိုတော့ဒီအပေါ်မှာပရိသတ်တွေကိုလည်း ပြောမနေချင်တော့ပါဘူး။ ကိုယ်လည်း ပျော်ပျော်နေသလို ပရိသတ်ကိုလည်း ပျော်စေချင်တော့ ပရိသတ် စိတ်ချမ်းသာမယ့်စကားမျိုးပဲပြောချင်တယ်။ ဒါတွေက နောက်ဘာဖြစ်လာမလဲပြောလို့ရတာမဟုတ်တော့ ကိုယ်ပြောနိုင်တဲ့ အနေအထားရှိမှ ပြောပြချင်ပါတယ်။

**သက်မွန်နဲ့ ကိုစိုင်းကိုတော့ ပရိသတ်တွေက တော်တော်လေး သဘောတူနေကြတယ်။**

အစ်မရယ်။ သူနဲ့ဆို ယူစရာရှိယူတာကြာလှပြီ (ဟက်ဟက် ပက်ပက်ရယ်လျက်)။ စိုင်းစိုင်းနဲ့က မောင်နှမလိုဖြစ်နေပြီ။ ကိုယ်မော်ဒယ်စလုပ်တဲ့အချိန်မှာ သူတို့နဲ့အရင်ဆုံးခင်ရတာဆိုတော့ ဘဝကိုရုန်းကန်လာရတဲ့ သူအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် အတွင်းသိတွေဆိုတော့ အရမ်းခင်တယ်။ အရမ်းရင်းနှီးတယ်။ ပြောမနာဆိုမနာတွေပါ။ ပရိသတ်ထင်သလိုမဟုတ်ပါဘူး။

**သက်မွန်မြင့်နာမည်နဲ့ဖေ့စ်ဘွတ်ခ် အကောင့်လေးတစ်ခုက သတင်းတွေတော်တော်လေးစုံတယ်နော်။ ကိုယ်တိုင်သုံးတာလား။**

အဲဒါက သက်မွန်ရဲ့အမာခံ ပရိသတ်တွေက လုပ်ချင်တယ်ဆိုလို့ပေးလုပ်တာပါ။ ကိုယ်က အင်တာနက်ကိုလည်းမကျွမ်းကျင်ဘူး။ သုံးတဲ့အချိန်လည်းနည်းတော့ သူတို့လုပ်ပေးတာ ကောင်းပါတယ်။ ကိုယ့်ပရိသတ်ရဲ့သက်မွန်အပေါ် အမြင်၊ အားပေးမှု၊ သူတို့ဆန္ဒအားလုံး သက်မွန်သိခွင့်ရတော့ Admin တွေကို အရမ်းကျေးဇူးတင်ပါတယ်။

**ဖြတ်သန်းခဲ့တဲ့၂၀၁၂တစ်နှစ်တာကို သက်မွန် ပြန်သုံးသပ်ရရင်**

၂၀၁၂ ကတော့ အရင်နှစ်ထက်စာရင် ကံကောင်းခဲ့တယ်လို့ ပြောရမှာပါ။ ၂၀၁၁ တုန်းက အရမ်းခံရတယ်။ အဆိုးအကောင်းတွေများတယ်။ အဆိုးဆိုလည်း လုံးဝဆိုးဆိုးဝါးဝါးခံခဲ့ရတာတွေရှိခဲ့တယ်။ အကောင်းဆိုရင်လည်း အကယ်ဒမီရခဲ့တာမျိုးပေါ့။ အဆိုးအကောင်းရဲ့ရိုက်ခတ်မှုတွေအများကြီးရှိခဲ့တယ်။ ဒီနှစ်မှာလည်း အတိုက်အခိုက်တွေရှိပေမယ့် ၁၁ လောက်မဆိုးတော့ ဘာပဲဖြစ်ဖြစ် ကျေနပ်ပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**


CHALLENGING JOB OPPORTUNITIES!

Long Term Career Development?

Feel like family when you are looking with International Company?

Unilever

A leading multinational FMCG company with operations in over **125 countries** worldwide with the key vision of adding vitality to everyday life of people, is looking for suitable candidates for the following positions as part of its expansion plan in Myanmar.

**1. Brand Manager**

- Male/Female, Age below 40 years old, any Bachelor or Master degree
- 5 years + experience in Manager level in FMCG industry, Multinational company is preferable
- Good command of written and spoken English, Computer literature i.e. Microsoft office
- Good analytical & strategic thinking, have creativity and initiative approach

**2. Area Sales Manager (Lower Myanmar)**

Job description
- Managing the distributors through Distributor Executives to deliver sales growth
- Execute outstanding visibility of company's products through distributors' sales force & Distributor Executives
- Lead to expand the coverage by appointing distributors in Lower Myanmar except Yangon and extension of sales team

Qualification
- Male, Age below 40 years old, any Bachelor or Master degree
- 5 years+ experience in Manager level in FMCG industry, Multinational company is preferable
- Good command of written and spoken English, Computer literature i.e. Microsoft office
- Be able to travel frequently

**3. Sales Executive (Distributor Executive)**

Job description
- Manage distributors' business operations in the assigned area
- Execute outstanding distribution & visibility of company's products through distributor's sales force
- Provide training or coaching to distributor's sales team

Qualification
- Male, Age below 32 years old , Bachelor degree with 3 years + Sales Experience in FMCG
- Willing to relocate and travel , fair English and computer skills
- Residents from other cities are encouraged to apply!

**4. Brand Executive (Trade Marketing Executive)**

- Male/Female, Age below 32 years old, any Bachelor or Master degree
- 3 years + experience in FMCG industry, Multinational company is preferable
- Good command of written and spoken English, Computer literature i.e. Microsoft office
- Good analytical & strategic thinking, have creativity and initiative approach

Would you like to have
**attractive pay? long term career development? feel like family**
when you are working with International Company?

Interested candidates, please send your full CV in English with copy of degree certificate and a recent photo to:

No. 90, University Avenue, Bahan Township, Yangon, Myanmar
Phone: (+951) 511761, 504664
E-Mail: Myanmar.Recruit@unilever.com
**Our Dead Line is 18th January 2013**
Only Short-listed candidates will be notified.

Knorr
sunsilk
CLEAR
POND'S
closeup
LUX
Lifebuoy
Sunlight
Fair Lovely

# Sports

7DAY NEWS JOURNAL

Vol.11, No.41 • DECEMBER 20 , 2012

## ရှုံးပွဲမရှိ စံချိန်ဖြင့် ဖူဆယ်လိဂ်ဖလား ACE သိမ်းပိုက်



ဓာတ်ပုံ - ကြည်စိုး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၆**

၂၀၁၂ ဖူဆယ်လိဂ် အမှတ်ပေးပြိုင်ပွဲ MFF AYA Fustal League (၂၀၁၂)တွင် ACE အသင်းက ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးဆုဖလားအား ၂နှစ်ဆက်တိုက် ရရှိခဲ့ သည်။

ACE အသင်းသည် ပြိုင်ပွဲ ဒုတိယအကျော့ ပြီးဆုံးရန် နှစ်ပွဲကျန်ရှိချိန်တွင် ဒုတိယနေရာမှ အသင်းထက် ရမှတ်ခုနှစ်မှတ်အသာဖြင့် ပွဲစဉ်မကုန်မီ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ပွဲစဉ်ပြီးဆုံးခဲ့ချိန်တွင် ၁၃ ပွဲနိုင်၊တစ်ပွဲသရေဖြင့် ရမှတ် ၄၀ ရရှိကာ ရှုံးပွဲမရှိ စံချိန်လည်း ရရှိခဲ့သည်။

ချန်ပီယံအသင်းသည် ဆုကြေးငွေ ကျပ်သိန်း ၆၀ ရရှိခဲ့သည်။ ၂၀၁၂ ဖူဆယ်လိဂ်ပြိုင်ပွဲ၏ အကောင်းဆုံး အားကစားသမားဆုကို လင်းစဒေါင်းအသင်းမှ ဇင်လင်းအောင်က ရရှိခဲ့ပြီး ဆုကြေးငွေ ကျပ်ငါးသိန်း၊ ဂိုးသွင်းအများဆုံးဆုကို ရန်ကုန်စီးတီးအသင်းမှ ပြည့်ဖြိုးမောင်က သွင်းဂိုး ၃၉ ဂိုးဖြင့် ဆုကြေးငွေ သုံးသိန်း ရရှိခဲ့သည်။

ရန်ကုန်စီးတီးအသင်းသည် ဒုတိယဆုအဖြစ် ကျပ်သိန်းသုံးဆယ်အပြင် ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆုကိုလည်း ရရှိခဲ့သည်။ တတိယရရှိသည့် UPT အသင်းက ကျပ်သိန်းနှစ်ဆယ်၊ စတုတ္ထရရှိသည့် လင်းစဒေါင်း အသင်းက ကျပ်ဆယ်သိန်းချီးမြှင့်ခဲ့ရသည်။

ယခုနှစ် ဖူဆယ်လိဂ်ပြိုင်ပွဲသို့ အသင်းပေါင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ချန်ပီယံ ACE အသင်းသည် ယခုလအတွင်း မလေးရှားနိုင်ငံသို့ ခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

## ဆီးဂိမ်းအတွက် ပြင်ဆင်ချိန်ပိုရရန် မြန်မာနေရှင်နယ်လိဂ် ၂၀၁၃ ဩဂုတ်တွင် အပြီးကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၇**

လာမည့် ဒီဇင်ဘာလအတွင်း ပြုလုပ်မည့် ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအသင်းအား လေ့ကျင့်ချိန်ပို ရရှိစေရန်အတွက် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း အပြီးကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနေရှင်နယ်လိဂ်ပထမအကျော့ပွဲစဉ်များကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး အိမ်ကွင်းလက်ခံကျင်းပမည့် ကွင်းအရေအတွက်အနေဖြင့် ဒုတိယအကျော့ပွဲစဉ်များတွင် ထပ်တိုးလာမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

"ဒုတိယအကျော့ ပွဲစဉ်တွေကို အိမ်ကွင်းအဖြစ် လက်ခံကျင်းပနိုင်ဖို့ ဆောက်သမ်းမြန်မာ၊ ဇွဲကပင်နဲ့ ရောဝတီယူ နိုက်တက်အသင်းတို့က သဘောတူထားပါတယ်။ ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာအသင်းအတွက် လေ့ကျင့်ချိန် ပိုမိုရရှိစေရေးအတွက် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲကို ၂၀၁၃ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အပြီးကျင်းပသွားဖို့ စီစဉ်ထားပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ဆိုသည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်သည့်အတွက် အဆိုပါ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဘောလုံးအသင်းအနေဖြင့် စုစည်းလေ့ကျင့်ချိန် သုံးလခန့် ရရှိလာမည် ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပထမအကျော့ ပွဲစဉ်များကို သုဝဏ္ဏ၊ အောင်ဆန်း၊ ဗထူး၊ မုံရွာ၊ နေပြည်တော်၊ တောင်ကြီး၊ YUSC ဘောလုံးကွင်းတို့တွင် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များတွင် အိမ်ကွင်းသုံးကွင်း ထပ်မံတိုးလာမည်ဖြစ်သည်။

ပွဲစဉ်များကို စနေ၊ တနင်္ဂနွေရက်များကို အခြေခံ၍ ကျင်းပသွားမည်ဖြစ်ပြီး ယခင်က လိဂ်ပြိုင်ပွဲပြီးဆုံးချိန်မှ ကျင်းပသည့် ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များကိုလည်း ဒုတိယအကျော့ ကျင်းပချိန် ကြားရက်များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၂ သင်းယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၂ဘောလုံးရာသီက အမှတ်အနည်းဆုံး နှစ်သင်းဖြစ်သည့် ချင်းယူနိုက်တက်နှင့် မောရဝတီအသင်းတို့သည် တန်းဆင်းခဲ့ရသည်။ အဆိုပါ နှစ်သင်းသည် အခြားပြိုင်ပွဲဝင်အသင်း ရှစ်သင်းနှင့်အတူ (စုစုပေါင်းဆယ်သင်း) သည် ယခုနှစ်တွင် စတင်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း အဖွဲ့ချုပ် တာဝန်ရှိသူက ပြောသည်။ ယခုနှစ် အမှတ်ပေးပြိုင်ပွဲမတိုင်ခင် ကွန်မြူနတီဒိုင်းပွဲစဉ်ကို ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၂အမှတ်ပေးချန်ပီယံရန်ကုန်ယူနိုက်တက်နှင့် ရှုံးထွက်ဖလားချန်ပီယံ ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

## တွေ့မရှောင်က မာဆွတ်အား အလဲထိုး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၆**


၂၀၁၃ ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပထမတန်း အောင်လံ အကြိုဗိုလ်လုပွဲစဉ်တွင် နာမည်ကြီး တွေ့မရှောင် (မြန်မာ)က မွေထိုင်းချန်ပီယံမာဆွတ် (အီရန်)ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ယူခဲ့သည်။

ဒီဇင်ဘာလ ၁၆ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်ကျင်းပခဲ့သည့် အဆိုပါ ပွဲစဉ်၌ မာဆွတ်သည် တွေ့မရှောင်ထက် အရပ်ပိုမြင့်ခဲ့သောကြောင့် ထောက်လက်သီးများကို အားကိုးခဲ့သော်လည်း မြန်မာလက်ဝှေ့သမား၏ တရစပ်တွဲလုံးများကို ဒုတိယအချီအထိသာ တောင့်ခံနိုင်ခဲ့သည်။

ဒုတိယအချီတစ်မိနစ်၌ပင် မာဆွတ်မှာ အမှတ်စဉ်ရေတွက်ခံခဲ့ရပြီး တစ်မိနစ်နှင့် ၄၅ စက္ကန့်အရောက်တွင် တွေ့မရှောင်၏ လက်သီးထိုးချက်ကို မရှောင်နိုင်ဘဲ အလဲထိုးခံရပြီး အရှုံးပေးလိုက်ရသည်။ ထို့ကြောင့် တွေ့မရှောင်သည် ဗိုလ်လုပွဲတွင် ဖိုးကေ (မြန်မာ)နှင့် ဖန်ခွန်မက်(ထိုင်း)တို့ပွဲစဉ်မှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယတန်း အောင်လံပွဲစဉ်များတွင် တူးတူး၊ ဖိုးသားကြီး၊ သပြေညိုနှင့် လုံးချောလေးတို့က ပြိုင်ဘက်များကို အနိုင်ယူကာ အကြို ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည်။ တတိယတန်း အောင်လံပွဲစဉ်များတွင်မူ ကညောဖိုး၊ ရဲမြင့်အောင်၊ မြွားထက်အောင်နှင့် နိုင်ဝင်းတို့သည် ပြိုင်ဘက်များကို အနိုင်ယူပြီး အကြို ဗိုလ်လုပွဲစဉ်များတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များတွင် အလဲထိုး၊ အကွဲထိုးပွဲစဉ်များ ပါဝင်ခဲ့သောကြောင့် ပရိသတ်များ အကြိုက်တွေ့ခဲ့သည်။ ဒီဇင်ဘာလ ၂၃ ရက်တွင် ဒုတိယတန်းနှင့် တတိယတန်း အကြိုဗိုလ်လုပွဲစဉ်များအပါအဝင် ပထမတန်း အောင်လံအကြိုဗိုလ်လုပွဲစဉ်ဖြစ်သည့် ဖိုးကေ(မြန်မာ)နှင့် ဖန်ခွန်မက်(ထိုင်း)တို့ ပွဲစဉ်အပြင် အခြား အထူးစိန်ခေါ်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ၂၀၁၄ အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား အုပ်စုခြေစစ်ပွဲ မြန်မာကျင်းပခွင့်ရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၃**

အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလား AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲ အုပ်စု (က) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၂ ခုနှစ်၊ မတ်လအတွင်း ကျင်းပမည့် အဆိုပါခြေစစ်ပွဲများသို့စုစုပေါင်းအသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်လက်ခံကျင်းပမည့်အုပ်စု(က)၌ မြန်မာအသင်းသည် အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ ဂူအမ်အသင်းများနှင့်အတူ ကျရောက်လျက်ရှိသည်။

တစ်အုပ်စုလျှင် လေးသင်းစီပါဝင်သည့် အုပ်စုငါးခုခွဲခြားယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါခြေစစ်ပွဲ အုပ်စုမဲခွဲဝေမှု အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က မ လေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ အာရှဘောလုံးအဖွဲ့ချုပ်ရုံး၌ ပြုလုပ်ခဲ့သည်။ ခြေစစ်ပွဲစဉ်များတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးငါးသင်းနှင့်အကောင်းဆုံးဒုတိယရအသင်းနှစ်သင်းတို့သည် နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် အိမ်ရှင်မော်လဒိုက်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၂ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်များကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်အသင်းများနှင့်ကျရောက်ခဲ့သော မြန်မာအသင်းသည် အုပ်စုအောက်ဆုံးအနေအထားဖြင့် ခြေစစ်ပွဲမှ ထွက်ခဲ့ရသည်။

ပြိုင်ပွဲတွင် ဗိုလ်စွဲသည့် အသင်းသည် အာရှဖလားပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင် ခွင့်ရရှိမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မြောက်ကိုရီးယားအသင်းမှာ ယခုနှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိပေ။



## ဆူဇူကီးဖလား ထိုင်းနှင့် စင်ကာပူလုမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၃**

ပြိုင်ပွဲတစ်လျှောက် ချန်ပီယံသုံးကြိမ်ရအသင်းများဖြစ်သည့် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ယခုနှစ် ဆူဇူကီးဖလား အကြိုဗိုလ်လုပွဲစဉ်များတွင်ပြိုင်ဘက်များကို အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ထိုင်းအသင်းသည် လက်ရှိချန်ပီယံ မလေးရှားအသင်းကို အဝေးကွင်းတွင် တစ်ဂိုးစီသရေကျခဲ့သော်လည်း အိမ်ကွင်းတွင် (၂-၀)ဂိုးဖြင့် အနိုင်ယူကာ နှစ်ကျော့ပေါင်းရလဒ်(၃-၁)ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းမှာ အဝေးကွင်းတွင် ဖိလစ်ပိုင်အသင်းအား ဂိုးမရှိသရေကျခဲ့သော်လည်း အိမ်ကွင်းပွဲစဉ်တွင် (၁-၀)ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ လေးကြိမ်မြောက် တက်ရောက်လာခဲ့သည်။

ပြိုင်ပွဲ၏ သုံးကြိမ်စီ ချန်ပီယံဖြစ်ဖူးသည့် အသင်းနှစ်သင်း၏ ဗိုလ်လုပွဲစဉ်ဖြစ်လာမည် ဖြစ်ခြင်းကြောင့် ပြိုင်ပွဲတစ်လျှောက် ချန်ပီယံလေးကြိမ်ရမည့် အသင်းလည်း ထွက်ပေါ်လာမည်ဖြစ်သည်။ ထိုင်းအသင်းသည် ယခုပြိုင်ပွဲ တစ်လျှောက် ဒုတိယနှစ်ကြိမ်ရရှိထားပြီး စင်ကာပူအသင်းမှာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့သည့် သုံးကြိမ်စလုံးတွင် ဗိုလ်စွဲထားခြင်းဖြစ်သည်။

ထို့ကြောင့် ယခုနှစ်ဗိုလ်လုပွဲသို့ ထိုင်းအသင်းက ခြောက်ကြိမ်မြောက်နှင့် စင်ကာပူအသင်းက လေးကြိမ်မြောက်တက်ရောက်လာခြင်း ဖြစ်သည်။

၂၀၁၂ ဆူဇူကီးဖလားပြိုင်ပွဲ ဗိုလ်လုပွဲကိုဒီဇင်ဘာလ ၁၉ ရက်တွင် ပထမအကျော့အဖြစ် စင်ကာပူနိုင်ငံတွင်လည်းကောင်း၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဒုတိယအကျော့အဖြစ် ထိုင်းနိုင်ငံတွင်လည်းကောင်း ယှဉ်ပြိုင်ကစားမည်သည်။ ၎င်းတို့နှစ်သင်းသည် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် ပြိုင်ပွဲ၊ ဗိုလ်လုပွဲစဉ်တွင်တွေ့ဆုံခဲ့ဖူးပြီး စင်ကာပူအသင်းက ထိုင်းအသင်းကို နှစ်ကျော့ပေါင်းရလဒ်(၃-၂)ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

## အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ဆီးဂိမ်းအကြိုလက်ရည်စစ်ပွဲ နေပြည်တော်တွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**


(၅)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် ၂၀၁၃ ဆီးဂိမ်းအကြိုလက်ရည်စစ်မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် နေပြည်တော်တွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်းတွင်ကျင်းပသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံနိုင်ငံများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲ တွင် Compound နှင့် Recurve အမျိုးအစား နှစ်မျိုးစလုံး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ် (၁၈) ခု ချီးမြှင့်မည်ဖြစ်သည်။

နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဆောက်လုပ်ထားခြင်းဖြစ်ပြီး ယခုပြိုင်ပွဲသည် အဆိုပါကွင်းတွင် ပထမဆုံးကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲဖြစ်လာမည် ဖြစ်သည်။

“ဒီပြိုင်ပွဲမှာ တစ်ဦးချင်း၊ အသင်းလိုက်၊ ကျား၊မ နှစ်ယောက်တွဲ ပွဲစဉ်တွေပါဝင်မှာဖြစ်ပြီး မြန်မာမြားပစ်အဖွဲ့အနေနဲ့ အားကစားသမား(၂၄)ဦး ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်”ဟု မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲကို လေးကြိမ်မြောက်အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ယခင်ပြိုင်ပွဲများက ရန်ကုန်မြို့တွင် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။



# လိဂ်သုံးလိဂ်က အသင်းကြီးတွေ အဝေးကွင်းဖြတ်ကျော်ရမယ့် ဥရောပလိဂ်ပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်ပွဲစဉ်တွေထဲမှာတော့ ရာသီတစ်ဝက်ကျိုးချိန်ရောက်လာပြီး ဇယားကိုဦးဆောင်ဖို့အတွက် အပြန်အလှန်ကြိုးစားနေတာတွေလည်းမြင်နေရပါပြီ။ စနေ၊ တနင်္ဂနွေတွေမှာ ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာတော့ အဝေးကွင်းကစားရမယ့် အာဆင်နယ်၊ မန်ယူတို့ရဲ့ ပွဲစဉ်တွေပါဝင်နေပြီး မန်စီးတီးက ဇယားအောက်က ရီဒင်းကို အိမ်ကွင်းမှာ အမှတ်ပြည့်ယူဖို့ ရှိနေတယ်။ စီးရီးအေမှာ ဂျူဗင်တပ်၊ နာပိုလီတို့ရဲ့ အဝေးကွင်းပွဲတွေ၊ ရိုးမား-မီလန်ပွဲတွေ ရှိနေပြီး လာလီဂါမှာတော့ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်တို့ရဲ့ အဝေးကွင်းပွဲတွေပါဝင်နေပြန်ပါတယ်။

**ပရီးမီးယားလိဂ်**

**ဒီဇင်ဘာ ၂၂၊ စနေ**

**ဝီဂန် - အာဆင်နယ်**

(ည ၇း၁၅ နာရီ)

ယမန်နှစ်ရလဒ် ဝ-၄

ဝီဂန်တို့ရှုံးပွဲများနေတာကြောင့် အာဆင်နယ်အသာရနိုင်တယ်။ ဒါပေမဲ့ ဒီရာသီ အာဆင်နယ်ရဲ့ အဝေးကွင်းရလဒ်ပိုင်းက သရေတွေများနေတာမို့ ဂိုးအနည်းနဲ့ပဲ အာဆင်နယ်နိုင်ခြေရှိတဲ့ ပွဲပါ။

**ဒီဇင်ဘာ ၂၃၊ တနင်္ဂနွေ**

**လီဗာပူး-ဖူလ်ဟမ်**

(နံနက် ဝဝးဝဝ နာရီ)

ယမန်နှစ်ရလဒ် ဝ-၁

လီဗာပူးတို့ မနှစ်က ရှုံးကြွေးနှစ်ကျော့စလုံးကို သတိရနေမှာပါ။ လီဗာပူးအိမ်ကွင်းမှာ သရေမကျမိဖို့သတိထားရမှာဖြစ်ပြီး တစ်ဂိုးအသာလောက်နဲ့ ကပ်နိုင်သွားမယ့်ပွဲဖြစ်ပါတယ်။

**ဆွမ်ဆီး - မန်စီးတီး**

(ည ၈း၀၀ နာရီ)

ယမန်နှစ်ရလဒ် ဝ-၁

မန်စီးတီးတို့ ဇယားကိုဦးဆောင်ဖို့ အမှတ်ပြတ်နေတာကြောင့်အဝေးကွင်း နိုင်ပွဲမဖြစ်မနေလိုအပ်နေပါတယ်။ သရေပွဲမဖြစ်ဖို့ဘဲလိုတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ မန်စီးတီးနိုင်မှာပါ။

**ချယ်လ်ဆီး - ဗီလာ**

(ည ၁၀း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၃

ခြေညီနိုင်တဲ့ နှစ်သင်းတွေ့တဲ့ပွဲပါ။ ဗီလာတို့ သရေပွဲများနေပေမယ့် အထနေးတဲ့ ချယ်လ်ဆီးကြောင့် ဦးဆောင်ဂိုး အရင်ရသွားနိုင်တယ်။ ချယ်လ်ဆီးကိုပိုကြိုက်မိပြီး၊ နှစ်ဂိုးလောက်ရမယ်မှန်းပါတယ်။

**စီးရီးအေ**

**ဒီဇင်ဘာ ၂၂၊ စနေ။**

**ကတ်ဂလီယာရီ - ဂျူဗင်တပ်**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် ဝ-၂

ဂျူဗင်တပ်ဇယားမှာ အမှတ်ဖြတ်ပြီး ဦးဆောင်နေဆဲဖြစ်သလို ကတ်ဂလီယာရီကလည်း နောက်ဆုံးငါးပွဲဆက်တိုက် နိုင်ပွဲမတွေ့သေးတာပါ။ ဂျူဗီတို့ နှစ်ဂိုးလောက်ရနိုင်ပါတယ်။ သရေဖြစ်ဖို့မရှိပါ။

**ဆီနာ - နာပိုလီ**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၁

ဆီနာအိမ်ကွင်းမှာ နာပိုလီတို့အနိုင်မရတာကြာပါပြီ။ ဇယားမှာ နာပိုလီထိပ်တန်းရောက်နေပေမယ့် ဆီနာခံကစားနိုင်တယ်။ ညှိသည် နာပိုလီတို့ ကပ်နိုင်ဖို့ရှိပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်မှာပါ။

**ဒီဇင်ဘာ ၂၃၊ တနင်္ဂနွေ**

**ရိုးမား - မီလန်**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် - ၂-၃

မီလန်တို့ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေရထားတယ်။ မီလန်ဂိုးနည်းနည်းနဲ့ ကပ်နိုင်ဖို့ ရှိပေမယ့် သရေလည်းဖြစ်နိုင်ပါတယ်။

**လာလီဂါ**

**ဒီဇင်ဘာ ၂၂၊ စနေ**

**အက်သလက်တီကို - ဆဲလ်တာဗီဂို**

(နံနက် ၃း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၁

ဇယားထိပ်ကအက်သက်တီကိုတို့ အိမ်ကွင်းနိုင်ပွဲရဖို့များတယ်။ တိုက်စစ်ပိုင်းကောင်းတဲ့ အိမ်ရှင်တို့နှစ်ဂိုးလောက် အနည်းဆုံးရပြီး ဆဲလ်တာဗီဂိုကို နိုင်မှာပါ။

**ဗယ်လာဒိုလစ် - ဘာစီလိုနာ**

(ည ၁၁း၃၀ နာရီ)

ယမန်နှစ်ရလဒ် ဝ-၃

ဗယ်လာဒိုလစ်အိမ်ကွင်း ခြေမမှန်တာကြောင့် ညှိသည်ဘာကာတို့ အနိုင်ပြတ်သားဖို့များတယ်။ ဇယားကို အမှတ်ဖြတ်ဦးဆောင်နေတဲ့ ဘာကာတို့ ဒီပွဲမှာလည်း နှစ်ဂိုးလောက်သွင်းပြီး ဦးဆောင်ဦးမှာပါ။

**ဒီဇင်ဘာ ၂၃၊တနင်္ဂနွေ**

**မာလာဂါ - ရီးရဲလ်မက်ဒရစ်**

(နံနက် ၁း၃၀ နာရီ)

ယမန်နှစ်ရလဒ် - ဝ-၁

ရီးရဲလ်တို့ အဝေးကွင်းအနိုင်ရဖို့ တော်တော်ကြိုးစားရပါမယ်။ မာလာဂါတို့ ဒီရာသီမှာ ဇယားမှာ အဆင့်ငါးအတွင်း ဝင်နေသလို အိမ်ကွင်းနိုင်ပွဲများနေတာမို့ သရေရနိုင်ခြေများတယ်။ ရီးရဲလ်နိုင်လည်း တစ်ဂိုးအသာလောက်နဲ့ ကပ်နိုင်မှာပါ။







# ၂၀၁၂ တွင် ကမ္ဘာတစ်ဝန်း ထောင်သွင်း အကျဉ်းချခံရသော ဂျာနယ်လစ် ၂၃၂ ဦးအထိ စံချိန်တင်မြင့်တက်



**နယူးယောက်၊ ဒီဇင်ဘာ - ၁၂**
ကမ္ဘာတစ်ဝန်းတွင် ၂၀၁၂ ခုနှစ်အတွင်း ဂျာနယ်လစ်များအား ထောင်သွင်း အကျဉ်းချမှုများမှာ စံချိန်တင်မြင့်တက်ခဲ့ပြီးဂျာနယ်လစ် ၂၃၂ဦးအထိအကျဉ်းထောင်များအတွင်း ရှိနေကြောင်းနယူးယောက်အခြေစိုက် ဂျာနယ်လစ်များကာကွယ်ရေးကော်မတီCommittee to Protect Journalists (CPJ) က သတင်းထုတ်ပြန်ခဲ့သည်။

ယခုစံချိန်မှာ (CPJ) က ၁၉၉၀ ပြည့်နှစ်မှစ၍ စစ်တမ်း နှစ်စဉ်ကောက်ယူချိန်မှစ၍ အမြင့်ဆုံး စံချိန်ဖြစ်သည်ဟု သိရသည်။ ယခင်ကထောင်ချခံရသောဂျာနယ်လစ်များ အများဆုံးရှိခဲ့သည့်နှစ်မှာ ၁၉၉၆ ခုနှစ်ဖြစ်ပြီး ထိုစဉ်က ဂျာနယ်လစ် ၁၈၅ ဦးထောင်ချခံခဲ့ရသည်။ ယခု ၂၀၁၂တွင် ၂၀၁၁ခုနှစ်က ၁၇၉ ဦးထက် ၅၃ ဦး ပိုတိုးလာခြင်းဖြစ်သည်။

ယခုနှစ်အတွင်း ထောင်သွင်း အကျဉ်းချခံရသော ဂျာနယ်လစ် အရေအတွက် များလာရခြင်းတွင် တူရကီ၊ အီရန်နှင့်တရုတ်နိုင်ငံတို့၌ ဂျာနယ်လစ်များအား နိုင်ငံတော်ဆန့်ကျင်သည့် ဥပဒေပုဒ်မများ တပ်ကာ ထောင်ချခြင်းတို့ကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။ ကမ္ဘာတစ်ဝန်း၌ ဖမ်းဆီးထောင်ချခံရသော ဂျာနယ်လစ်များမှာ အကြမ်းဖက်ဝါဒ၊ နိုင်ငံတော်သစ္စာဖောက်မှု၊ ပုန်ကန်မှုစသည့် စွဲချက်များဖြင့် ထောင်ချခံနေရကြောင်း CPJ ကဆိုသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းတွင်ထောင်ချခံရသူ အွန်လိုင်းဂျာနယ်လစ်ဦးရေမှာလည်း ၁၁၈ ဦးအထိရှိရာ ယခုစာရင်း၏ ထက်ဝက်ကျော်ပင်ဖြစ်ကြောင်း ဆိုထားသည်။ *—Ref: CPJ. org*

## အစိုးရနှင့် သူပုန်ကြား တိုက်ခိုက်မှုများကြောင့် ကွန်ဂိုဒုက္ခသည်ဦးရေ တိုးလာ

**ဂိုမာ၊ ဒီဇင်ဘာ - ၁၅**
မကြာသေးမီက ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများကြောင့်ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် ဒုက္ခသည် အရေအတွက် သိသိသာသာ များပြားလာကြောင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်သားများက သတိပေးပြောကြားသည်။

ယခုအခါ အရှေ့ကီးဗူးခရိုင်၌ နိုင်ငံတွင်း ရွှေ့ပြောင်းနေထိုင်ရသူ ရှစ်သိန်းကျော်သွားပြီဖြစ်ကြောင်းနယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF) က ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

ယင်းမှာယခုနောက်ဆုံးသွေးထွက်သံယို အကြမ်းဖက်တိုက်ခိုက်မှုများ မဖြစ်ပေါ်မီ ရွှေ့ပြောင်းနေထိုင်ရသူ အရေအတွက် ငါးသိန်းထက် သိသိသာသာများပြားလာခြင်းဖြစ်သည်။

ပြီးခဲ့သည့်လအတွင်း ကွန်ဂိုနိုင်ငံတွင် အစိုးရတပ်ဖွဲ့များနှင့် M23 သူပုန်တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဒုက္ခသည်များသည် နေစရာမလုံလောက်သလို အခြားအခြေခံမရှိမဖြစ် ပစ္စည်းများလည်း မရှိကြောင်းနှင့် အချို့ဆိုလျှင် နှစ်ပေါင်းများစွာ တိုက်ခိုက်မှုများကြောင့် ယာယီတည်းခိုစခန်းတစ်ခုမှ နောက်တစ်ခုဆီသို့ ပြောင်းရွှေ့နေထိုင်နေရသည်ဟု ယင်းအဖွဲ့က ပြောကြားသည်။

ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် မငြိမ်မသက်မှုများ ဖြစ်ပေါ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်လာပြီဖြစ်သည်။ ကွန်ဂိုစစ်တပ်မှ စွန့်ခွာသွားသူများနှင့် ဖွဲ့စည်းထားသည့် M23 သူပုန်အဖွဲ့သည် နိုဝင်ဘာလအတွင်း နိုင်ငံအရှေ့ပိုင်း ဂိုမာမြို့အား သိမ်းပိုက်ခဲ့ပြီး အစိုးရအား ဖြုတ်ချရန်ပင်ခြိမ်းခြောက်ခဲ့သည်။ *—Ref: BBC*

## အီဂျစ်နိုင်ငံတွင် အခြေခံဥပဒေ ဆန္ဒခံယူပွဲ မဲခွဲဆုံးဖြတ်မှု စတင်

**ကိုင်ရို၊ ဒီဇင်ဘာ - ၁၅**
အီဂျစ်နိုင်ငံတွင် ရုန်းရင်းဆန်ခတ်မှုနှင့် လူအသေအပျောက်ရှိခဲ့သည့် မငြိမ်မသက်မှုများ ဖြစ်ပေါ်စေခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေအ ပေါ် ဆန္ဒခံယူပွဲ မဲခွဲဆုံးဖြတ်မှု စတင်နေပြီဖြစ်သည်။

သမ္မတမိုဟာမက် မော်စီနှင့် ၎င်း၏ မွတ်ဆလင်ဘရားသားဟွတ်ဒ်အဖွဲ့က အခြေခံ ဥပဒေအား ထောက်ခံ၍ မဲဆွယ်ခဲ့ကြသော်လည်း အတိုက်အခံများကမူ ယင်းမူကြမ်းအား ညံ့ဖျင်းစွာ ရေးဆွဲထားပြီး အစ္စလာမ်မစ် အလွန်ဆန်သည်ဟု ပြောကြားကြသည်။

ယခုအကျော့မဲခွဲဆုံးဖြတ်မှုအားကိုင်ရိုင်၊ အလက်ဇန္ဒြီးယားနှင့် အခြားခရိုင်ရှစ်ခုတွင် ကျင်းပခြင်းဖြစ်ပြီး ကျန်ရှိသော ခရိုင်ဒေသများထက် ရက်သတ္တပတ်တစ်ပတ်စော၍ ကျင်းပခြင်းဖြစ်သည်။ ယင်းအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်ပေါင်း ၂၅,၀၀၀ ကိုချထားခဲ့သည်။

ရွေးကောက်ပွဲတွင် မဲပေးရန် မှတ်ပုံတင်ထားသူ ၅၁ သန်းရှိသည်။ မဲခွဲဆုံးဖြတ်မှုအားကြီးကြပ်ရန် တရားသူကြီးအနည်းငယ်သာရှိသောကြောင့် မဲပေးမှုများကို ခွဲထုတ်ထားရကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

လူ့အခွင့်အရေးအုပ်စုများကမူပထမအကျော့ မဲပေးမှုရလဒ်များက ဒုတိယအကျော့မဲပေးမှုအတွက် လူထု၏ ထင်မြင်ချက် ကိုင်းညွှတ်သွားစေမည်ကို စိုးရိမ်မိကြောင်းပြောကြားကြသည်။

လာမည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် အခြေခံဥပဒေအတည်တကျ ရှိနေရမည်ဖြစ်ရာ ယခုသဘောထားခံယူချက်မှာလက်ရှိအခြေခံဥပဒေ မူကြမ်းအားလက်ခံမည်လား၊ ပယ်ချမည်လားဆိုသည်ကို မေးမြန်းထားခြင်းဖြစ်သည်။ *—Ref: BBC*



7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# အီဂျစ်အခြေခံဥပဒေ မဲခွဲဆုံးဖြတ်မှု ပထမအကျော့ အစ္စလာမ်မစ်များ အသာစီးရ

**ကိုင်ရို၊ ဒီဇင်ဘာ-၁၇**

အီဂျစ်သမ္မတ မိုဟာမက်မော်စီနှင့် အစ္စလာမ်မစ်မဟာမိတ်များက ထောက်ခံသည့် အငြင်းပွားဖွယ်ရာ အခြေခံဥပဒေ ပထမအကျော့ ဆန္ဒခံယူပွဲတွင် ယင်းအခြေခံဥပဒေကို အီဂျစ်နိုင်ငံသား အများစုက အတည်ပြုပေးလိုက်သည်ဟု တရားဝင် မဟုတ်သေးသော ရလဒ်များကို ကိုးကား၍ အစ္စလာမ်မစ်များနှင့် အတိုက်အခံအုပ်စုတစ်စုက ပြောသည်။

ဆန္ဒခံယူပွဲများအား ကိုင်ရိုအပါအဝင် ခရိုင်ဒေသကြီး ဆယ်ခုတွင် ဒီဇင်ဘာ ၁၅ ရက်က ကျင်းပခဲ့ခြင်း ဖြစ်သည်။ ယင်းမတိုင်မီတွင် သဘောထားခံယူပွဲ မကျင်းပဖြစ်ရေးနှင့် နောက်ပိုင်းတွင် အခြေခံဥပဒေ မူကြမ်းအား ပယ်ချရေးအတွက် အတိုက်အခံညွန့်ပေါင်းအဖွဲ့က နောက်သတ္တပေါင်းများစွာ လူထုဆန္ဒပြပွဲများ လုပ်ဆောင်ခဲ့သည်။



Photo - Getty Images

မဲရုံအရာရှိများ၏ ပြောကြားချက်များကို ကိုးကား၍ ဖော်ပြသည့် တရားဝင်မဟုတ်သေးသော ရလဒ်များတွင် အစ္စလာမ်မစ်များ မျှော်လင့်ထားသော အပြတ်အသတ် အနိုင်ရခြင်း မဟုတ်ပေ။

မဲပေးသူပေါင်း ၅၆ ဒသမ ၅ ရာခိုင်နှုန်းက အခြေခံဥပဒေအား ထောက်ခံ အတည်ပြုပေးခဲ့ကြောင်း မစ္စတာမော်စီ၏ Freedom and Justice ပါတီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြပြီး ယင်းမှာ အီဂျစ်မီဒီယာသတင်းများက ဖော်ပြသည့် ကိန်းဂဏန်းများအတိုင်းပင် ဖြစ်သည်။

အဓိက အတိုက်အခံအုပ်စု ဖြစ်သော NationaL Salvation Front ကမူ မဲဆန္ဒရှင် သုံးပုံနှစ်ပုံက အခြေခံဥပဒေအား ပယ်ချခဲ့သည်ဟု ကြေညာခဲ့သည်။ သို့သော် အတိုက်အခံညွန့်ပေါင်းမှ အဓိကအုပ်စုတစ်ခုဖြစ်သော Popular Current အဖွဲ့ကမူ ၅၆ ရာခိုင်နှုန်းသော မဲပေးသူများက အခြေခံဥပဒေအား အတည်ပြုခဲ့သည်ဟု ၎င်းတို့၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့သည်။

ယခုဆန္ဒခံယူပွဲအား တရားသူကြီးများက သပိတ်မှောက်ခဲ့ပြီးနောက် မဲပေးမှုအား ကြီးကြပ်ရန် တရားရေးအရာရှိများ မလုံလောက်၍ မဲပေးမှုအား နှစ်ကျော့ခွဲ ကျင်းပရခြင်းဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီနှစ်ရက်အတွင်းမှာလည်း ကိုင်ရိုနှင့် အလယ်ဇန္ဒြီးယားမြို့များ၌ အခြေခံဥပဒေအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား ရုန်းရင်းဆန်ခတ် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည်။

—Ref: AFP

# နိုင်ငံခြားရေးဝန်ကြီးနေရာ အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီကို အိုဘားမားရွေးချယ်ထားဟုဆို

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၁၆**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက နိုင်ငံခြားရေးဝန်ကြီး နေရာတွင် မစ္စက်ဟီလာရီကလင်တန်အား ဆက်ခံရန် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီအား ရွေးချယ်ထားကြောင်း စီအင်န်အင်န်နှင့် အေဘီစီ ရုပ်သံသတင်းများက ဆိုသည်။

ယခုသတင်းအတွက် ဂျွန်ကယ်ရီနှင့်စကားပြောသော ဒီမိုကရက်သတင်းရင်းမြစ်ကို စီအန်အန်က ကိုးကားခဲ့ပြီး ဂျွန်ကယ်ရီအား ရွေးချယ်ကြောင်းကို ရှေ့လာမည့် ရက်သတ္တပတ်မှာပင် တရားဝင် ကြေညာသွားဖွယ်ရှိကြောင်း သိရသည်။

အေအက်ပီ သတင်းဌာနက မှတ်ချက်ပေးရန် ပြောကြားခဲ့သော်လည်း အိမ်ဖြူတော်က လတ်တလောအတည်ပြုချက် မပေးသေးပေ။ သို့သော် မစ္စတာဂျွန်ကယ်ရီမှာ နိုင်ငံခြားရေးဝန်ကြီးနေရာအတွက် ထိပ်ဆုံးမှ ရေပန်းစားနေသူ ဖြစ်သည်။

မစ္စတာဂျွန်ကယ်ရီသည် ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့သည်။ ယခုအခါတွင် သြဇာကြီးသော အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီခေါင်းဆောင်အဖြစ် တာဝန်ယူထားသည်။

လွန်ခဲ့သော သုံးရက်ကပင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စစ်ဆူဇန်ရိုက်စ်က နိုင်ငံခြားရေးဝန်ကြီး နေရာအတွက် အမည်စာရင်းတင်သွင်းမှု ရုပ်သိမ်းခဲ့ပြီးနောက် မစ္စတာ ဂျွန်ကယ်ရီမှာ ပြိုင်ဘက်မရှိ ရေပန်းစားလာသည်။ မစ္စစ်ဆူဇန်ရိုက်စ်မှာ လစ်ဗျားရှိ အမေရိကန်သံရုံး တိုက်ခိုက်ခံရမှုအပေါ် အငြင်းပွားဖွယ်ရာ ကြေညာချက်များကြောင့် ဝေဖန်မှုများ ကြုံတွေ့ခဲ့ရသည်။

—Ref: ASP












# အမေရိကန်တွင် သေနတ်သမား ရမ်းကားမှုကြောင့် ကလေးငယ် ၂၀ ဦးအပါအဝင် ၂၆ ဦးသေဆုံး

**နယူးတောင်း၊ ဒီဇင်ဘာ - ၁၂**
အမေရိကန်နိုင်ငံ ကွန်နက်တီကတ်ပြည်နယ် မူလတန်းကျောင်းတစ်ကျောင်းတွင် သေနတ်သမားတစ်ဦး၏ ရမ်းကားမှုကြောင့် ကလေးငယ် ၂၀ ဦးအပါအဝင် လူပေါင်း ၂၆ ဦးသေဆုံးခဲ့သည်။

ယင်းပစ်ခတ်မှုတွင် ပါဝင်သော လူငယ်သေနတ်သမားမှာ မည်သူမည်ဝါဖြစ်သည်ကို ရဲတပ်ဖွဲ့က တရားဝင်ထုတ်ပြန်ခြင်းမရှိသေးပေ။ အရာရှိများကမူ နယူးတောင်းမြို့ ဆန်ဒီဟွတ် မူလတန်းကျောင်းတွင် ပစ်ခတ်ခဲ့သော အသက် ၂၀ အရွယ် သေနတ်သမားမှာ ကျောင်းဆရာမတစ်ဦး၏ သားဖြစ်ပြီး မူလတန်းကျောင်းတိုက်ခိုက်မှု မဖြစ်ပွားမီ မိခင်ကိုလည်း သတ်ခဲ့သည်ဟု ယုံကြည်ရကြောင်း ပြောသည်။


Photo - AFP

ယခုအဖြစ်အပျက်မှာ အမေရိကန်နိုင်ငံတွင် အဆိုးရွားဆုံး ကျောင်းသို့ လာရောက်ပစ်ခတ်မှုတစ်ခုဖြစ်သည်။ ၂၀၀၇ ကဖြစ်ပွားခဲ့သော ဗာဂျီးနီးယား နည်းပညာကျောင်းပစ်ခတ်မှုတွင်လည်း ၃၂ ဦးသေဆုံးခဲ့ရသည်။

လူကြီးခြောက်ဦးပါ သေဆုံးခဲ့သော ပစ်ခတ်မှုတွင် သေနတ်သမားလည်းသေဆုံးခဲ့ပြီးသေနတ်သမားမှာ သူ့ကိုယ်သူပြန်လည်ပစ်ခတ်ခဲ့သည်လား၊ ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့်သေဆုံးသည်လား ရှင်းရှင်းလင်းလင်း မသိရပေ။ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ကလေးငယ် ၁၈ ဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ဆေးရုံအရောက်တွင် သေဆုံးခဲ့သည်။

၂၀၁၂ အတွင်း တတိယအကြိမ်မြောက် သေနတ်ဖြင့် တိုက်ခိုက်မှုနှင့် ပတ်သက်၍ စိတ်ထိခိုက်နေသော သမ္မတအိုဘားမားကမျက်ရည်များကို ဖယ်သုတ်ရင်း ယခုကြေကွဲစရာ ဖြစ်ရပ်အတွက် အံ့ဩမင်တက်ဖြစ်ရကြောင်းနှင့် နိုင်ငံရေးမည်သို့ပင်ရှိစေ၊ အဓိပ္ပာယ်ရှိသော အရေးယူမှုများလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။ ယင်းအဖြစ်အပျက်ပြီးနောက် အမေရိကန်လွှတ်တော်အဆောက်အအုံမှ အမေရိကန်အလံအား တိုင်တစ်ဝက်အထိ လျှော့ချလွှင့်ထူထားသည်။ —*Ref: BBC*

# အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရာထူးမှ နုတ်ထွက်

**တဲလ်အဗစ်၊ ဒီဇင်ဘာ - ၁၅**
အစိုးရဘက်မှ ဖမ်းဆီးသူ ရှေ့နေများက ယုံကြည်မှုချိုးဖောက်မှုဖြင့် ၎င်းအား တရားစွဲဆိုရန် ဆုံးဖြတ်လိုက်ပြီးနောက် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒါလိုင်ဘာမန်းသည် ရာထူးမှ နုတ်ထွက်သွားသည်။

မစ္စတာလိုင်ဘာမန်းသည် ဒုတိယဝန်ကြီးချုပ်အဖြစ်မှလည်း နုတ်ထွက်ခဲ့ပြီး မိမိအပေါ် နာမည်ပျက်မရှိစေရန် ယင်းအမှုကိစ္စများကိုရှင်းလင်းသွားမည်ဟု ပြောကြားသည်။ ၎င်းအပေါ် စွဲဆိုထားသော အမှုကိစ္စမှာ လွန်ခဲ့သော ဆယ်နှစ်ကျော်က ဖြစ်ပေါ်ခဲ့သည့် ဘဏ္ဍာရေးအရှုပ်အထွေးကိစ္စတစ်ခုနှင့် ပတ်သက်သည်။

မစ္စတာလိုင်ဘာမန်း၏ နုတ်ထွက်မှုမှာ အစ္စရေးနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ သီတင်းပတ် ငါးပတ်အလိုတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

"ဘာအပြစ်မှ မကျူးလွန်ခဲ့ဖူးဆိုတာ သိနေပေမယ့်လည်း နိုင်ငံခြားရေးဝန်ကြီးနဲ့ ဒုတိယဝန်ကြီးချုပ်ရာထူးတွေကနေ နုတ်ထွက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်" ဟု ထုတ်ပြန်ချက်၌ မစ္စတာ လိုင်ဘာမန်းက ပြောကြားသည်။

ပါလီမန်အမတ်ဖြစ်၍ ဥပဒေအရကာကွယ်ပေးထားမှုကိုလည်း အသုံးမချဘဲ ရွေးကောက်ပွဲများမတိုင်မီ ၎င်း၏အမှုကိစ္စကိုဖြေရှင်းသွားမည်ဟု မျှော်လင့်ကြောင်း မစ္စတာလိုင်ဘာမန်းက အရိပ်အမြွက်ပြောကြားသည်။ ထို့ကြောင့် မစ္စတာလိုင်ဘာမန်းသည် မူလ စီစဉ်ထားသည့်အတိုင်း ဇန်နဝါရီလ ၂၂ ရက်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

မစ္စတာလိုင်ဘာမန်းမှာ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟု၏ လီကွတ်ပါတီဦးဆောင်သည့် ညွန့်ပေါင်းအစိုးရတွင် ပါဝင်သော ဒုတိယအကြီးဆုံး ပါတီ ယစ်စထရေးလ်ဘေတေနုပါတီ၏ ခေါင်းဆောင်လည်းဖြစ်သည်။ လာမည့် ရွေးကောက်ပွဲတွင်လည်း ၎င်းတို့ပါတီနှစ်ခုအတူတကွ ဝင်ရောက်ယှဉ်ပြိုင်ရန်လျာထားပြီး မစ္စတာလိုင်ဘာမန်းအပေါ် တရားစွဲဆိုမှုများအား မကြေညာမီကပြုလုပ်သည့်စစ်တမ်းများအရရွေးကောက်ပွဲအနိုင်ရရှိရန် အလားအလာကောင်းနေခဲ့သည်။ —*Ref: BBC*



7DAY NEWS JOURNAL
# International
Vol.11, No.41 • DECEMBER 20 , 2012

## ပါ့က်ဂွန်ဟေး ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပါက တောင်ကိုရီးယား၏ ပထမဆုံး အမျိုးသမီး သမ္မတဖြစ်လာမည်

**ဆိုးလ်၊ ဒီဇင်ဘာ-၁၇**

ယခင်တောင်ကိုရီးယား အာဏာရှင်ဟောင်း ပါ့က်ချုံဟီး၏ သမီးဖြစ်သူ ပါ့က်ဂွန်ဟေးသာ ဗုဒ္ဓဟူးနေ့တွင် တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့ပါက သူမသည် အမျိုးသားအများစုသာ ထိပ်ပိုင်းနေရာများကို ကြီးစိုးထားသည့် တောင်ကိုရီး ယား၏ ပထမဆုံး အမျိုးသမီးသမ္မတအဖြစ် တိုင်းပြည်ကို ဦးဆောင်ခွင့်ရမည်ဟု အေအက်ဖ်ပီသတင်းက ဖော်ပြလိုက်သည်။

တောင်ကိုရီးယားသည် အာရှ၏ စတုတ္ထမြောက် အကြီးဆုံး စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သော်လည်း နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍများတွင် အမျိုးသမီးတို့ ပါဝင်မှုနှုန်းမှာ အိုအီးစီဒီခေါ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင် နိုင်ငံများ၌ အနိမ့်ဆုံးဖြစ်နေသည်။

စာမျက်နှာ(၄၅)သို့ »



Photo - Reuters

*ကွန်နက်တီကတ်ပြည်နယ်၊ နယူးတောင်းမြို့ Sandy Hook မူလတန်းကျောင်း သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသွားသော ကလေးငယ်များနှင့် လူကြီးများအတွက် အောက်မေ့သတိရခြင်းအားဖြင့် ပြင်ဆင်ထားသော ခရစ်စမတ်သစ်ပင်များရှေ့တွင် ကလေးများအား ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်*

## လူအများအပြားအား သေနတ်ဖြင့် ပစ်ခတ်ခြင်းများကို သည်းခံတော့မည်မဟုတ်ဟု အိုဘားမား ကတိပေး

**နယူးတောင်း၊ ဒီဇင်ဘာ-၁၆**

အမေရိကန် သမ္မတဘားရက်အိုဘားမားသည် လူတစ်ဦးက သေနတ်ဖြင့် ကျောင်းသားကလေးငယ်များအား ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ နယူးယောက်မြို့သို့ သွားရောက်ပြီး ဝမ်းနည်းပူဆွေး၊ ထိတ်လန့်တုန်လှုပ်နေသော နယူးတောင်းမြို့သူ မြို့သားများအား "ခင်ဗျားတို့ အထီးကျန်မနေစေရပါဘူး"ဟုကတိပြုပြောကြားပြီး နောင်တွင် ယခုကဲ့သို့သေနတ်ဖြင့် လူအများအပြားအား ပစ်ခတ်သတ်ဖြတ်ခြင်းမျိုး မဖြစ်စေရန် သမ္မတရုံး၏ ရှိသမျှအာဏာပါဝါကို အသုံးချသွားမည်ဟု ပြောကြားသည်။

"ကျွန်တော်တို့ ဒါကိုသည်းမခံနိုင်တော့ပါဘူး" ဟု နယူးတောင်း အထက်တန်းကျောင်းခန်းမတွင် အိုဘားမားက ပြောကြားသည်။ "ဒီလို ကြေကွဲစရာ ဖြစ်ရပ်တွေကို အဆုံးသတ်ရပါမယ်။

စာမျက်နှာ(၄၅)သို့ »


## ဆိုင်ကလုန်းအီဗန်ကို ရင်ဆိုင်ရန် ဖီဂျီနိုင်ငံ ပြင်ဆင်

**ဆူဗာ၊ ဒီဇင်ဘာ-၁၇**

ပစိဖိတ်ကျွန်းနိုင်ငံတစ်ခု ဖြစ်သည့် ဖီဂျီတွင် ဆိုက်ကလုန်းမုန်တိုင်း အီဗန်ဝင်ရောက်လာပြီဖြစ်သဖြင့် လူထောင်ပေါင်းများစွာမှာ မုန်တိုင်းဒဏ်ကာကွယ်ရေးစင်တာများသို့ ပြောင်းရွှေ့နေရပြီး အာဏာပိုင်းများကလည်း အဆိုးဆုံးအတွက် ပြင်ဆင်ရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဖီဂျီ၏ အဓိကကျွန်းမကြီးဖြစ်သော ဗီတီလီဗူကျွန်းသို့ အပူပိုင်းမုန်တိုင်း အီဗန်ချဉ်းကပ်လာရာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ရေကြီးမှုများ ဖြစ်ပေါ်နေပြီး ဖီဂျီသို့ အဝင်အထွက် လေကြောင်း ခရီးစဉ်အားလုံးကိုလည်း ယခုအခါ ဖျက်သိမ်းထားသည်။ စာမျက်နှာ(၄၅)သို့ »

**NEWS ANALYSIS**




### ဒိုဟာက ပေးသော မျှော်လင့်ချက်များ

စာမျက်နှာ(၃၆)သို့ »



Photo - Reuters

*မဲရေတွက်မှုတွင် ရှေ့မှပြေးနေသော ပါတီကိုယ်စားလှယ်အမည်များနေရာ၌ နှင်းဆီပန်းပုံများ ထိုးစိုက်နေသော လစ်ဘရယ်ဒီမိုကရက်ပါတီခေါင်းဆောင် ရှင်ဇိုအာဘေးအား ဒီဇင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ မစ္စတာရှင်ဇိုအာဘေးမှာ ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာရန် သေချာနေပြီဖြစ်သည်။*

## ဂျပန်ရွေးကောက်ပွဲ အနိုင်ရပြီးနောက် နိုင်ငံ့အတွက် ကြီးမားသော တာဝန်ရှိနေပြီဟု ရှင်ဇိုအာဘေးပြောကြား

**တိုကျို၊ ဒီဇင်ဘာ-၁၇**

ဒီဇင်ဘာ ၁၆ ရက်က ကျင်းပခဲ့သော ဂျပန်ရွေးကောက်ပွဲတွင် အောင်မြင်မှုရခဲ့ပြီးနောက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ရှင်ဇို အာဘေးက ၎င်းတို့ပါတီတွင် နိုင်ငံအတွက် အလွန်ကြီးမားသော တာဝန်ရှိနေပြီဖြစ်ကြောင်း ပြောကြား လိုက်သည်။

ရွေးကောက်ပွဲတွင် လက်ရှိအာဏာရဒီမိုကရက်တစ်ပါတီမှာ ရှုံးနိမ့်မှုအကြီးအကျယ် ရင်ဆိုင်ခဲ့ရပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ) က လွှတ်တော်တွင် အမတ်နေရာ ၃၀၀ နီးပါး အနိုင်ရခဲ့သည်။

ထို့ကြောင့် ယခုတစ်ကြိမ်မှာ ၂၀၀၆-၂၀၀၇ ကာလတွင် ဝန်ကြီးချုပ်အဖြစ် တစ်ကြိမ်တာဝန်ထမ်းဆောင်ဖူးသူမစ္စတာရှင်ဇိုအာဘေးအတွက် ဒုတိယအကြိမ်ဝန်ကြီးချုပ်နေရာ ပြန်ရခြင်းလည်းဖြစ်သည်။

ရွေးကောက်ပွဲ အနိုင်ရပြီးနောက် ၎င်းက "ကျွန်တော်တို့မျှော်မှန်းထားတာထက် အမတ်နေရာတွေပါ နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့မှာ အလွန်ကြီးမားလေးလံတဲ့ တာဝန်ယူမှုတစ်ခုတော့ ရရှိထားပါပြီ" ဟု ပြောသည်။

စာမျက်နှာ(၄၅)သို့ »

**INTERVIEW**



### တိုင်းမ်မဂ္ဂဇင်း အယ်ဒီတာ ရတ်ဒီကာဂျုန်းစ်နှင့် Person of the Year ဆုရွေးချယ်ခြင်းအကြောင်း မေးမြန်းခြင်း

စာမျက်နှာ(၄၆)သို့ »



7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.41 • DECEMBER 20 , 2012

# သီပေါမင်း နတ်ရွာစံခဲ့သော ရတနာဂီရိရှိ စံအိမ်တော်အား အကြီးစားပြုပြင်မည်



ရတနာဂီရိစံအိမ်တော်ကိုတွေ့ရစဉ်

ဓာတ်ပုံ - dhammagirimm.blogspot.com

**မောင်တာ**

**မန္တလေး၊ဒီဇင်ဘာ-၁၇**

မြန်မာ့နောက်ဆုံးဘုရင်ဖြစ်သည့် သီပေါမင်း နတ်ရွာမစံမီ နောက်ဆုံးနေထိုင်ခဲ့သည့် အိန္ဒိယနိုင်ငံ ရတနာဂီရိရှိစံအိမ်တော်အား အိန္ဒိယပါလီမန်က ငွေကြေးများ အသုံးပြုကာ အကြီးစားပြုပြင်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံပါလီမန်အမတ် Mr.Tarun Bijay က ဒီဇင်ဘာ ၁၃ ရက်မန္တလေးမြို့သို့ရောက်ရှိစဉ်ပြောကြားသည်။

"မြန်မာပြည်သူတွေ လာရောက်လည်ပတ် ကြည့်ရှုနိုင်ဖို့နဲ့ အိန္ဒိယနိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်စရာ နေရာတစ်ခုဖြစ်အောင် ပြန်လည်ပြုပြင်တည်ဆောက်ဖို့ကြိုးစားနေပါတယ်"ဟု Mr.Tarun Bijay ကပြောသည်။

မဟာရာဂျပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်းနေသလို ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအတွက် ပါလီမန်က ငွေကြေးသုံးစွဲနိုင်ရန် ကြိုးစားနေကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုကို ပြသလို၍လည်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ထိုသို့ ပြုပြင်မည်ဆိုလျှင် သမိုင်းလေ့လာသူများအတွက် လည်ပတ်လေ့လာစရာ နေရာတစ်ခု တိုးလာမည်ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံမှ အိန္ဒိယသို့ သွားရောက်လည်ပတ်ကြသူများမှာ ၎င်းနန်းတော်ကိုစိတ်ဝင်စားမှု နည်းပါးနေသေးပြီး ဗုဒ္ဓဂါယာသို့သာ အဓိကထား လည်ပတ်ကြကြောင်း မဟာတိုးခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းနှင့် မြန်မာနောက်ဆုံးဘုရင်ဖြစ်သော သီပေါဘုရင်သည် ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်စဉ် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၃၀ တွင် ဗြိတိသျှတို့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပြီး နတ်ရွာမချိန်မီအထိ အိန္ဒိယနိုင်ငံ ရတနာဂီရိတွင် နေထိုင်ခဲ့သည်။ သီပေါမင်းနေထိုင်ခဲ့သောစံအိမ်တော်မှာ ရတနာဂီရိမြို့လယ်တွင်ရှိသည်။

သီပေါမင်း နောက်ဆုံးနေထိုင်ခဲ့သော နန်းတော်အား အိန္ဒိယအစိုးရမှ အကြီးစားပြုပြင်ကာ ပြတိုက်အဖြစ် ပြောင်းလဲသွားရန် စီစဉ်နေကြောင်း၊ ထိုသို့ပြတိုက်အဖြစ် ပြောင်းလဲရန်အတွက် မြေ ၂၇ ဧက တိုးချဲ့မည်ဖြစ်သလို ပြတိုက်တွင် ဥရောပနှင့် မော်ဟူးလ်စစ်သဘော်များ၏ ပြတိုက်ပစ္စည်းများ၊ ရှေးဟောင်းပန်းပုလက်ရာများနှင့် ဒေသခံအနုပညာ လက်ရာများကို ခင်းကျင်းပြသရန် စီစဉ်နေကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ၂၀၁၁ ခုနှစ်အတွင်းထုတ်ဝေသည့် ပြည်တွင်းဂျာနယ်တစ်စောင်တွင် ဖော်ပြခဲ့ဖူးသည်။

# အစိုးရဆေးရုံများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆေးဝါးများ ဝယ်ယူ

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၇**

ချို့တဲ့သူများအတွက် ဆေးဝါးပစ္စည်းအခမဲ့ပေးရန် ကျန်းမာရေးအသုံးစရိတ်များ ဝန်ကြီးဌာနက ချပေးပြီးနောက် တိုင်းနှင့်ပြည်နယ် အချို့ရှိအထွေထွေရောဂါကုဆေးရုံကြီးများက တက်ရောက်ကုသလျက်ရှိသော လူနာများဆေးဝါးထောက်ပံ့ပေးရန် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလာကြောင်း သတင်းရရှိသည်။

"လိုအပ်တဲ့ ဆေးဝယ်ဖို့ကငွေချပေးတယ်။ ခေတ်မီဆေးတွေကလည်း အမျိုးစုံနေတော့ လိုအပ်တဲ့ ဆေးတွေ ဝယ်ဖို့ အခုလိုတင်ဒါခေါ်ရတာပါ" ဟု မြစ်ကြီးနားမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး၏ ရုံးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခင်က ဆေးရုံများမှ ယခုလို အိတ်ဖွင့်တင်ဒါများဖြင့် ခေါ်ယူ၍ ဝယ်ခြင်းမရှိဘဲ ယခုဆေးကုမ္ပဏီများထံမှ တင်ဒါစနစ်ဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဆေးရုံကြီးများမှ ဆေးဝါးများ ဝယ်ယူမှုသည် လက်ရှိပြည်တွင်း ဆေးဈေးကွက်ကို ထိခိုက်နိုင်ခြေမရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ခုတင် ၂၀၀ နှင့်အထက် ဆေးရုံများနှင့် အထူးကုဆေးရုံကြီးများတွင် အရေးပေါ်ခွဲစိတ်ကုသမှုနှင့် ငွေကြေးချို့တဲ့သူများအား ဆေးဝါးပစ္စည်းများ အခမဲ့ပေးနိုင်ရန် ကျန်းမာရေးအသုံးစရိတ်များ ထပ်မံချပေးလိုက်ကြောင်း ဒီဇင်ဘာလလယ်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

အဆိုပါ အသုံးစရိတ်ဘတ်ဂျက်မှာ ဒီဇင်ဘာလမှ ၂၀၁၃ မတ်လကုန်ထိဖြစ်ပြီး ဆေးရုံများတွင် မရှိမဖြစ် အသုံးပြုရမည့် ဆေးပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး ချို့တဲ့သူများအတွက်ပြည်နယ်နှင့်တိုင်းများမှဆေးရုံများတွင်ဆေးဝါးကုသမှု အခမဲ့ရရှိမည်ဖြစ်သည်။

# တိုင်းရင်းသားပါတီများ ပူးပေါင်း၍ ပါတီကြီးတစ်ခု ထူထောင်မည်ဟုဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ဒီဇင်ဘာ-၁၆**

အင်အားကြီးနိုင်ငံရေးပါတီကြီး နှစ်ခုအား ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းရင်းသားပါတီများဖွဲ့စည်းပြီး ပါတီကြီးတစ်ခုတည်ထောင်သွားမည်ဖြစ်ကြောင်း ညီနောင်တိုင်းရင်းသားပါတီများထံမှ သတင်းရရှိသည်။

"နိုင်ငံရေးအခင်းအကျင်းထဲမှာ တိုင်းရင်းသားတွေ ပါဝင်နိုင်တဲ့ အခြေအနေတော်တော်လေးနည်းနေတယ်" ဟုတိုင်းရင်းသားပါတီကြီးတစ်ခု တည်ထောင်ရမည့်အကြောင်းရင်းကို ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်ကပြောသည်။ တိုင်းရင်းသားပါတီကြီးအား ညီနောင်တိုင်းရင်းသားပါတီများက ဖက်ဒရေးရှင်းကို အခြေခံဖွဲ့စည်းသွားမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် တတိယအင်အားကြီး တိုင်းရင်းသားပါတီတစ်ခုအဖြစ် ဖွဲ့စည်းသွားမည်ဖြစ်ပြီး နောက်လာမည့်ရွေးကောက်ပွဲများအပြီး အစိုးရဖွဲ့ရာတွင် မဖြစ်မနေပါဝင်နိုင်မည့်အနေအထားကိုဖန်တီးသွားမည်ဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက် တစ်ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစောသန်းမြင့်ကပြောသည်။

၂၀၁၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲ အတွေ့အကြုံများအရ တိုင်းရင်းသားဒေသများတွင် မဲအသာရရန်အတွက် တိုင်းရင်းသားပါတီများ ပေါင်းစည်းမှသာ လက်ရှိအင်အားကြီးပါတီများကို ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီ ပါတီဥက္ကဋ္ဌဦးနိုင်ငွေသိန်းက ပြောသည်။

ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းကို ၂၀၁၁ ခုနှစ်အတွင်းစတင်ဖွဲ့စည်းခဲ့ပြီး ချင်းအမျိုးစားပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီနှင့် ကယန်းအမျိုးသားပါတီတို့ပါဝင်သည်။

ယင်းဖက်ဒရေးရှင်းကို လေ့လာသူများအဖြစ် အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အရှိုချင်းအမျိုးသားပါတီ၊ ခနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ တအောင်း(ပလောင်) အမျိုးသားပါတီ၊ 'ဝ' ဒီမိုကရက်တစ်ပါတီတို့ပါဝင်သည်။

# ရန်ကုန်၊ မန္တလေး နည်းပညာတက္ကသိုလ် အင်ဂျင်နီယာမဟာဘွဲ့(ကျမ်းပြု) ကျောင်းသားများ စာမေးပွဲစနစ်အပေါ် ပြန်လည်စဉ်းစားပေးရန် တင်ပြ

**ဖွဲ့ညက်၊ မိုးမြင့်သူဇာအောင်**

**ရန်ကုန်၊ဒီဇင်ဘာ-၁၀**

နှစ်လတစ်ကြိမ် ဖြေဆိုရသော စာမေးပွဲစနစ်အပေါ် ပြန်လည်စဉ်းစားပေးရန် တောင်းဆိုသည့်စာကို ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ် အင်ဂျင်နီယာ မဟာဘွဲ့ (ကျမ်းပြု) ME (Thesis) ကျောင်းသားများက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ နိုဝင်ဘာ ၁၆ ရက်က ပေးပို့ထားကြောင်း သတင်းရရှိသည်။

မဟာဘွဲ့ကျမ်းပြုစုနေသော ကျောင်းသားများသည် နှစ်လတစ်ကြိမ် ဖြေဆိုရသော သက်ဆိုင်ရာဘာသာရပ်နှင့် အင်္ဂလိပ်စာ Four Skills စာမေးပွဲများတွင် နှစ်ကြိမ်ဆက်တိုက်ကျရှုံးပါက သင်တန်းတက်ရောက်ရန် ရပ်နားကြောင်း ရန်ကုန်နှင့်မန္တလေးနည်းပညာတက္ကသိုလ်များမှ ကျောင်းသားအချို့ကပြောသည်။

အဆိုပါ စာမေးပွဲစနစ်အရ အင်္ဂလိပ်စာနှင့် မေဂျာဘာသာရပ်တစ်ခုခုအား နှစ်ကြိမ်ကျပါက သင်တန်းကာလရပ်ဆိုင်းသောသတ်မှတ်ချက်ကြောင့် လပေါင်းများစွာကျမ်းပြုစုနေသောကျောင်းသားများ နစ်နာဆုံးရှုံးမှု ဖြစ်နေ၍ ၎င်းစာမေးပွဲစနစ်ကို ပြန်လည်စဉ်းစားပေးပါရန် ကျောင်းသားများက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနသို့နိုဝင်ဘာ ၁၆ ရက်နေ့စွဲဖြင့်ပေးပို့သောစာတွင်ဖော်ပြထားသည်။ ယခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် နှစ်လတစ်ကြိမ်ဖြေရသော စာမေးပွဲ နှစ်ကြိမ်ကျ၍ ရပ်ဆိုင်းခံရသော ကျောင်းသား ၇၉ ဦးရှိပြီး၊ မန္တလေး နည်းပညာတက္ကသိုလ်တွင် ၇၃ ဦးရှိကြောင်း နိုဝင်ဘာ ၂၀ ရက်စွဲပါ စာအမှတ်ဖြင့် ကြေညာချက်ထုတ်ပြန်ထားသည်။ ထိုကဲ့သို့ နှစ်လတစ်ကြိမ် စာမေးပွဲစစ်ဆေးခြင်းကို ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူက ၂၀၀၇-၀၈ ပညာသင်နှစ်တွင် စတင်ကြောင်းပြောပြီး အထက်ပါ ကျောင်းသားများကမူ ယခုနှစ်မှ စတင်သည်ဟုဆိုသည်။

ထိုအကြောင်းအရာများအပေါ် "တစ်လတစ်ကြိမ် စာတမ်းဖတ်ပွဲ (Seminar)ပြုလုပ်ရပြီး နှစ်လတစ်ကြိမ်စာမေးပွဲဖြေရတော့ စာကြည့်ချိန်မရဘူး"ဟု မန္တလေးနည်းပညာတက္ကသိုလ်တွင် မဟာဘွဲ့ကျမ်းပြုစုနေပြီး ရပ်ဆိုင်းခံရသော ကျောင်းသားတစ်ဦးက သူ၏အမြင်ကို ပြောသည်။

အလားတူ ရန်ကုန်တက္ကသိုလ်တွင် မဟာဘွဲ့ကျမ်းပြုစုနေပြီး ရပ်ဆိုင်းခံထားရသောကျောင်းသားတစ်ဦးကလည်း သုတေသနစာတမ်းလေ့လာ ပြုစုနေသောအချိန်တွင် စာမေးပွဲများ စစ်နေခြင်းထက် စာတမ်းပြုစုပြီးသောအချိန်တွင် ၎င်းစာမေးပွဲများကိုစစ်၍ ထို စာမေးပွဲအောင်မြင်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးလျှင် လက်ခံနိုင်ကြောင်း ပြောသည်။

ထို့အပြင် စာမေးပွဲတွင် ဖြေဆိုရသော အင်္ဂလိပ်စာ Four Skills ကို စနစ်တကျ မသင်ကြားထားရသောကြောင့် ထိုဘာသာရပ်တွင် ကျရှုံးမှုများကြောင်း ၎င်းက ဆိုသည်။ ရန်ကုန်နည်းပညာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးကလည်း ထိုစနစ်မှာ အားသာချက်များရှိကြောင်း ဒီဇင်ဘာ ၁၀ ရက်တွင် အောက်ပါအတိုင်း ပြောသည်။ "ဒီလိုစာမေးပွဲတွေ စစ်တဲ့အတွက် သူတို့ရဲ့ စာတမ်းအပေါ်မှာ အကူအညီရနိုင်တယ်"

ထို့အပြင် မဟာဘွဲ့သင်တန်းတက်ရောက်သော ကျောင်းသားများ၏ အင်္ဂလိပ်စာအရည်အသွေး မြှင့်တင်ပေးရာရောက်ကြောင်း မဟာဘွဲ့ရတစ်ဦးသည် အင်္ဂလိပ်စာ Four Skills ကျွမ်းကျင်မှုရှိသင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကျောင်းသားများသည် ကျောင်းဝင်ခွင့်ပြုလုပ်ချိန်ကတည်းက နှစ်လတစ်ကြိမ်စာမေးပွဲစစ်ဆေးပြီး နှစ်ကြိမ်ကျရှုံးပါက ရပ်နားခံရမည်ဖြစ်ကြောင်းကို ခံဝန်လက်မှတ်များ ထိုးခဲ့ကြောင်း အထက်ပါတာဝန်ရှိသူကဆက်ပြောသည်။ နှစ်လတစ်ကြိမ်ဖြေဆိုရသော စာမေးပွဲစနစ်ကို ပြန်လည်စဉ်းစားပေးရန် တောင်းဆိုစာအပေါ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ယခုအချိန်အထိ ထုတ်ပြန်ချက်တစ်စုံတစ်ရာမရှိသော်လည်း ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်၌ ရပ်နားခံရသော ကျောင်းသားများအား ၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင်ပြန်လည်တက်ရောက်ခွင့် ရရှိမည်ဟု နိုဝင်ဘာ ၂၇ ရက်စွဲပါ စာအမှတ်ဖြင့် ကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်များတွင်ပညာသင်ယူခွင့် ရပ်နားခံရသော ကျောင်းသားများသည် ယခုစာသင်နှစ်အတွင်း ဆက်လက်သင်ယူခွင့်ရရှိရန် သမ္မတကြီးထံသို့ အသနားခံတင်ပြလျှောက်ထားမည်ဖြစ်ကြောင်း အဆိုပါကျောင်းသားများကဆိုသည်။ ယင်းစာမေးပွဲစနစ်သည် နှစ်လတစ်ကြိမ် နောက်ဆုံးပတ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အင်္ဂလိပ်စာနှင့် သက်ဆိုင်ရာ ဘာသာရပ်များကို ပုံမှန်ဖြေဆိုရခြင်း ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

# ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် တတိယနိုင်ငံကို ဖိတ်ခေါ်မည်

**အိဖြူမွန်၊ထွန်းခိုင်**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၈**

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် တတိယနိုင်ငံကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း မြန်မာနှင့် ထိုင်းနှစ်နိုင်ငံခေါင်းဆောင်များ အတည်ပြုပြောကြားခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်တို့သည် ဒီဇင်ဘာ ၁၇ ရက်က ထားဝယ်ခရိုင်ရေဖြူမြို့နယ် နဘူးလယ်ဒေသရှိထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း၌ တွေ့ဆုံရာတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အတွက်သာမက ဒေသတွင်းနိုင်ငံများအတွက် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များကဆိုသည်။ တတိယလာရောက်ရင်းနှီးမြှုပ်နှံမှုအတွက် ဂျပန်နိုင်ငံက စိတ်ဝင်စားပါကြောင်း မြန်မာသမ္မတက ပြောဆိုခဲ့ပြီးထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ထိထိရောက်ရောက် ပူးပေါင်း၍ အကောင်အထည်ဖော်သွားမည်ဟု ကတိပြုပါကြောင်း ထိုင်းဝန်ကြီးချုပ်ကဆိုသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာသမ္မတ၊ ဒုတိယသမ္မတ အပါအဝင် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် အတူဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များအကြား ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊ ဆက်သွယ်ရေးလမ်းကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ငွေကြေးအရင်းအနှီးနှင့် အခြားတတိယနိုင်ငံများမှ ပါဝင်



သမ္မတဦးသိန်းစိန်နှင့် ထိုင်းဝန်ကြီးချုပ်ယင်လတ်တို့တွေ့ဆုံဆွေးနွေးစဉ်

ဆောင်ရွက်ရန် ဖိတ်ခေါ်ရေး၊ စီမံကိန်းဆောင်ရွက်ရေးအတွက် ကိန်းဂဏန်းအချက်အလက်များ ရေးဆွဲပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်သည်။

မစ္စရင်လပ်၏ မြန်မာနိုင်ငံခရီးစဉ်တွင် ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၄၀ ခန့်ခေါ်ဆောင်လာပြီး သူမအတွက်ထားဝယ်ရေနက်ဆိပ်ကမ်းဖော်ဆောင်ရာသို့ပထမဦးဆုံးအကြိမ်လာရောက်ခြင်းဖြစ်သည်။

# နိုင်ငံမဲ့ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ကလေးများကို နိုင်ငံသားအထောက်အထား ရရှိအောင်စီစဉ်

**အောင်သူရ**
**ရန်ကုန်၊ဒီဇင်ဘာ-၁၈**

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်နေသော နိုင်ငံမဲ့မြန်မာရွှေ့ပြောင်းလုပ်သားများ၏ သားသမီးများကို မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားများ ထုတ်ပေးရန် လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကပြောသည်။

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၈ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကလေးတွေကို စာရင်းဇယားပြုစုပြီးတော့ ထိုင်းတစ်နိုင်ငံလုံးမှာ အဲဒီလိုလုပ်ပေးနေပြီဆိုတာသိဖို့ သတင်းဌာနအမျိုးမျိုးကနေ လူထုကို ရှင်းရှင်းလင်းလင်း အသိပေးဖို့လိုတယ်"ဟု ထိုင်းနိုင်ငံ ဖူးခက်ခရိုင် ခေါင်လတ်ပြည်နယ် အခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်က ပြောသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာလုပ်သားများမှ မွေးဖွားခဲ့သည့် နိုင်ငံမဲ့ကလေးများမှာ အနည်းဆုံးငါးသိန်းကျော်ရှိပြီး အချို့မှာ အရွယ်ရောက်နေပြီဖြစ်ကြောင်း ဦးချစ်ထူးကပြောသည်။

၂၀၀၉ ခုနှစ်မှစ၍ ယခုအချိန်အထိ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၂ သိန်းကျော်ကို ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီး အထောက်အထားမဲ့ လုပ်သား ၈ သိန်းမှ ၁ သန်းခန့်အထိ ကျန်နေသေးကြောင်း ဒေါက်တာစိုင်းမောက်ခမ်းက ပြောသည်။

အလားတူ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန် မာအလုပ်သမားများအနက် ၁၀၁,၀၀၀ ကျော်အားမြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပြီး နောက်ထပ် တစ်သိန်းခန့်ကိုလည်း မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ခန့်ရှိပြီး အလုပ်လုပ်နိုင်တဲ့ ဦးရေ၃၇ သန်းခန့်အနက် လုပ်သားအင်အား ၃၁ သန်းခန့်ရှိကာ စိုက်ပျိုးရေးကဏ္ဍမှာ ၆၄ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၄ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍမှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးလုပ်ကိုင်လျက်ရှိသည်။

## မျက်နှာဖုံး- နိုင်ငံတကာမှ အကူအညီပေးအပ်သောပုံစံ ပြောင်းလဲမှ

"အကူအညီအများဆုံးပေးခဲ့တဲ့ကဏ္ဍတွေက ကျန်းမာရေးနဲ့ ပညာရေးများတယ်။ ပြီးတော့ သူတို့တွေက အစိုးရနဲ့ တွဲလုပ်တယ်။ အရပ်ဘက်အဖွဲ့အစည်းကို စီးဆင်းတာနည်းတယ်။ အရင်တုန်းကတော့ အရပ်ဘက်ကိုပေးတာများတယ်။ ကမ္ဘာ့ဘဏ်ကတောင် အစိုးရကိုပေးဖို့ ဆက်သွယ်လာတယ်"ဟုပြည်တွင်းအင်န်ဂျီအိုတစ်ခုကို ဦးစီးလုပ်ကိုင်နေသူက ပြောသည်။

"အကူအညီတွေက နိုင်ငံတစ်ခုကို ပြန်ပေးရန် ယေဘုယျအားဖြင့် အစိုးရကို အဓိကပေးကြတာများတယ်။ အစိုးရတွေရဲ့ အပြောင်းအလဲကြောင့် ပေးကြတာပေါ့။ အရင်အခြေအနေဆိုရင်တော့ အရပ်ဘက်အဖွဲ့အစည်းတွေသာ အဓိကသွားကြတယ်။ အခုလမ်းကြောင်းပြောင်းသွားပြီ" ဟုမြန်မာဖွံ့ဖြိုးမှု အရင်းအမြစ်စင်တာ (MDRI) မှ အကြီးတန်းသုတေသီဦးတင်မောင်သန်းက ပြောသည်။

အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်နေမှုကို ထောက်ခံသည့်အနေဖြင့် ဥရောပသမဂ္ဂက ယူရိုငွေ သန်း ၃၀ ကို ၂၀၁၃ တွင် ကူညီပေးအပ်ရန် နိုဝင်ဘာ ၃ ရက်တွင် Myanmar Peace Centre ၌ သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးခဲ့သည်။ ယူရိုငွေ ၇၀၀,၀၀၀ ကို ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ကြိုတင်ပေးအပ်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းထားသော ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရန် အာရှဖွံ့ဖြိုးမှုဘဏ်နှင့် ဩစတြေးလျအစိုးရတို့က အောက်တိုဘာလကုန်ပိုင်းတွင် ဒေါ်လာ ၅၇၀,၀၀၀ လှူဒါန်းခဲ့သည်။

ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံ၏ သယံဇာတထုတ်ယူရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရရှိရေးကနဦးဆောင်ရွက်ချက် လုပ်ငန်းများ စတင်နိုင်ရန် ဒေါ်လာနှစ်သိန်းခွဲပေးအပ်မည်ဟု ဒီဇင်ဘာ ၁၄ ရက်တွင် ဗြိတိန်ဝန်ကြီး ဟူဂိုဆွိုင်ယာက ကြေညာခဲ့သည်။ အစိုးရကလည်း နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဦးဆောင်၍ တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီကို ဒီဇင်ဘာ ၁၄ ရက်မှာပင် ဖွဲ့စည်းခဲ့သည်။

အမေရိကန်ကလည်း USAID မှတစ်ဆင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီအရေး၊ ပွင့်လင်းမြင်သာသော အစိုးရဖြစ်ပေါ်စေရန်၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာရန်၊ လူသားချင်းစာနာထောက်ထားသော အကူအညီများပေးရန် အမေရိကန်ဒေါ်လာ သန်း ၁၇၀ ကို ၂နှစ်အတွင်း ပေးအပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဒိန်းမတ်နိုင်ငံကလည်း ပညာရေးကဏ္ဍအတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၂၅ မြို့နယ်မှ ကျောင်းနေအရွယ်ကလေးငယ်၆၅၀,၀၀၀ အတွက်ပညာရေးဆိုင်ရာ အကူအညီများ ပေးအပ်ရန် ၂၀၁၂ မှစ၍ လေးနှစ်တာအတွက် ဒေါ်လာ ၄ ဒသမ ၅ သန်း လှူဒါန်းခဲ့သည်။

ထိုကဲ့သို့ပင် အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာ အစိုးရနှင့်အဖွဲ့အစည်းများက အကူအညီများ ယခု နှစ်ပိုင်းအတွင်း တိုး၍ ပေးအပ်ခဲ့သည်။

လက်ရှိနိုင်ငံတကာမှမြန်မာနိုင်ငံသို့ ပေးအပ်နေသော အကူအညီများတွင် ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ကချင်နှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာထွက်ပြေးနေရသူများအတွက် အရေးပေါ် အကူအညီများ၊ စိုက်ပျိုးရေးစသည့်ကဏ္ဍများအတွက်ဖြစ်သည်။ လက်ရှိအစိုးရလက်ထက်တွင်မှ နိုင်ငံတကာမှပေးအပ်သော အကူအညီများတွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၊ အရပ်ဘက်အဖွဲ့အစည်းများ ခိုင်မာဖွံ့ဖြိုးလာစေရန်၊ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးလာစေရန်၊ ငြိမ်းချမ်းရေး၊ မြေယာအခွင့်အရေးစသည့်ကဏ္ဍများအတွက် ပေးအပ်လာသော အကူအညီများဖြစ်သည်။

"လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့အကူအညီတွေပေးတာများလာတယ်။ လက်ဝဲဝါဒီဆန်တဲ့ အခွင့်အရေးတောင်းဆိုတဲ့ အဖွဲ့တွေကို အလှူရှင်တွေ စိစစ်ဖို့လိုပါတယ်။ အခွင့်အရေးတောင်းဆိုတဲ့ အဖွဲ့တွေလည်း လိုအပ်ပါတယ်။ ဒါပေမဲ့ ဆူပူအောင်လုပ်မဲ့ လက်ဝဲဝါဒီဆန်တဲ့ အဖွဲ့တွေကို မပေးသင့်ဘူး" ဟု အင်န်ဂျီအိုတစ်ခုမှ တာဝန်ရှိသူတစ်ဦးက သူ၏အမြင်ကိုပြောသည်။

လက်ရှိအခြေအနေတွင် ဝန်ကြီးဌာနများနှင့် တွဲ၍လုပ်ကိုင်ရသော အိုင်အင်န်ဂျီအိုအချို့မှာ ယခင်ကထက် လုပ်ရကိုင်ရပိုကျပ်လာကြောင်း သတင်းရရှိသည်။ "ဝန်ကြီးဌာနတွေက တစ်ဌာနနဲ့ တစ်ဌာနမတူဘူး။ ဆက်ဆံရတာခက်တာတွေရှိတယ်။ အိုင်အင်န်ဂျီအိုတွေကို အကောင်းမမြင်တဲ့ လူကြီးတွေနဲ့တွေ့ရင် ပိုဆိုးတယ်။ ဒါပေမဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကတော့အားကောင်းနေတယ်" ဟု အင်န်ဂျီအိုတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများက အစိုးရကို တိုက်ရိုက် အကူအညီများ ပိုမိုပေးအပ်လာသော်လည်း အင်န်ဂျီအို၊ အိုင်အင်န်ဂျီအိုနှင့် အရပ်ဘက်အဖွဲ့အစည်းများသို့ ပေးအပ်သော အကူအညီများ မှာလည်း ယခင်နှင့် နှိုင်းစာလျှင် လျော့မသွားပေ။ အကူအညီပေးရန်စိတ်ဝင်စားမှုနှင့် ကူညီမည်ဟု ပြောကြားမှုများမှာ ယခင်ထက် ပိုများလာကြောင်းလည်း အထက်ပါ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြောသည်။

ထို့အပြင် ယခုနောက်ပိုင်း ယူအင်န်လက်အောက်ခံ အဖွဲ့အစည်းများနှင့် အစိုးရပူးပေါင်းဆောင်ရွက်မှုနှင့် နားလည်မှုမှာ ယခင်ကထက်ပိုရလာကြောင်းလည်း မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ ဒေသခံ ပြန်ကြားရေးအရာရှိ အေးဝင်းက ပြောသည်။

အစိုးရသို့ အကူအညီများ တိုက်ရိုက်ပေးအပ်ရာတွင် မည်မျှထိရောက်အောင် ကိုင်တွယ်ဆောင်ရွက်နိုင်မည်လဲဆိုသည့်အချက်က အရေးကြီးကြောင်း အင်န်ဂျီအို၊ အိုင်အင်န်ဂျီအိုနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများကပြောသည်။ "ဒီမှာမေးခွန်းထုတ်တာတွေရှိတာကတော့ အစိုးရက ဘယ်လောက်ထိ ကောင်းအောင်လုပ်နိုင်မှာလဲဆိုတာပဲ။ ဘာကြောင့်လဲဆိုတော့ အုပ်ချုပ်မှု ညွှန်ကိန်းတွေကို ကြည့်ရင် မြန်မာက များစွာနိမ့်ကျတယ်။ အကျင့်ပျက်ခြစားမှုကို ကြည့်ရင်လည်း မြင့်မားနေတာကို တွေ့ရတယ်။ အရပ်ဘက်အဖွဲ့အစည်းမှာတော့ အကူအညီတစ်ခုပေးမယ်ဆိုရင် ထိရောက်အောင်သုံးစွဲမှုရှိ၊ မရှိဆိုတာ တိုင်းတာဖို့ အစကတည်းက အတွေ့အကြုံတွေရှိတယ်" ဟု ဦးတင်မောင်သန်းက ပြောသည်။

ယခုနှစ် နှစ်လယ်ပိုင်းက ဖွဲ့စည်းခဲ့သော နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီကို နိုင်ငံတော်သမ္မတရုံးက စက်တင်ဘာ ၂၅ရက်တွင်ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

အကူအညီနှင့် အထောက်အပံ့များ၏ ၇၀ ရာခိုင်နှုန်းကို မိမိနိုင်ငံအတွက် အကျိုးရှိအောင် အသုံးပြုရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါက အလှူငွေများကို အချို့အဖွဲ့အစည်းများက ၆၀ ရာခိုင်နှုန်းအထိ ပြန်ယူသွားသည်ကို တွေ့ရှိရကြောင်း ယခုနှစ် ဇွန်လ ၂၀ ရက်တွင် ကျင်းပသော နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးကော်မတီ ပထမ အကြိမ်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

နိုင်ငံတကာမှ ပေးအပ်သော အကူအညီများကို အစိုးရအပြင် ယူအင်န် လက်အောက်ခံအဖွဲ့အစည်းများ၊ အင်န်ဂျီအို၊ အိုင်အင်န်ဂျီအိုနှင့် အရပ်ဘက်အဖွဲ့အစည်းများက မြန်မာပြည်သူများ အကျိုးရှိရန် တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းရန် မှန်ကန်စနစ်ကျစွာ သုံးစွဲနိုင်မှုမှာ အရေးကြီးဆုံးဖြစ်ကြောင်း အထက်ပါ တာဝန်ရှိသူများက ပြောသည်။

"လောလောဆယ်တော့ အကူအညီတွေက ဝင်ဖို့တာစူနေတယ်။ အရင်ကထက် များတာမှန်တယ်။တခြားနိုင်ငံတွေနဲ့ယှဉ်ကြည့်ရင်တော့ နည်းနေသေးတယ်" ဟု ဒေါက်တာ တင်မောင်သန်းက ပြောသည်။

# မိန့်ခွန်းပြောမည့်နေရာတွင် အသေးစားပေါက်ကွဲမှု ဖြစ်ခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည် မြိတ်ခရီးစဉ် ဖျက်သိမ်းမည်မဟုတ်

**အိဖြူလွင်၊ ထွန်းနိုင်**
**ရန်ကုန်၊ ဒီဇင်ဘာ-၁၆**

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာရှိ ဒေါ်အောင်ဆန်းစုကြည် ဟောပြောပွဲပြုလုပ်မည့် မြေနေရာအား ကြိုတင်ရှင်းလင်းမှုများ ပြုလုပ်နေစဉ် အသေးစားပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သော်လည်း ခရီးစဉ်ကို ဖျက်သိမ်းမည်မဟုတ်ဘဲ မူလစီစဉ်ထားသည့်အတိုင်းသာ သွားရောက်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ တောင်ဘက်စွန်းဒေသခရီးစဉ်အဖြစ် ကော့သောင်း၊ မြိတ်၊ ကျွန်းစု၊ ကံမော်စသည့်ဒေသများသို့ ဒီဇင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အတွင်း သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိရန် ရက်ပိုင်းအလိုဟောပြောပွဲပြုလုပ်မည့် ကံမော်ကျေးရွာရှိ အဆိုပါ မြေနေရာကို ဒီဇင်ဘာ ၁၄ ရက်က ရှင်းလင်းမှုများ ပြုလုပ်နေစဉ် အသေးစားပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပေါက်ကွဲမှုမှာ ရှင်းလင်းမှုပြုလုပ်နေသည့် မြေနေရာရှိအမှိုက်များကိုစုပုံမီးရှို့စဉ် အဆိုပါ နေရာနှင့် သုံးပေခန့်အကွာ ဟောပြောမည့် စင်မြင့်နှင့်ပေ ၂၀ ခန့် အကွာနေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အခင်းဖြစ်ပွားရာနေရာသို့ ကိုယ်တိုင်သွားရောက်ခဲ့သူ ကျွန်းစုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီကပြောသည်။

“လုံခြုံရေး နှစ်ဆချဖို့ စီစဉ်ထားတယ်။ ပေါက်ကွဲမှုမှာ အမျိုးသမီးလေးယောက် ဒဏ်ရာရသွားတယ်”ဟု ဒေါ်တင်တင်ရီက ပြောသည်။ ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အပူရှိန်ကြောင့် မီးပုံအနီးရှိ ဓာတ်



ဒီဇင်ဘာ၈ရက်က နတ်မောက်ဒေသခံများက ဒေါ်အောင်ဆန်းစုကြည်ကို ကြိုဆိုကြစဉ်

ဆီပုလင်းမှ ပေါက်ကွဲသည်ဟုလည်းကောင်း၊ မီးပုံအတွင်း မှုတ်ဆေးဘူးများရှိနေသဖြင့် ယင်းမှုတ်ဆေးဘူးများ ပေါက်ကွဲသည်ဟုလည်းကောင်း သတင်းအမျိုးမျိုး ထွက်ပေါ်နေကြောင်း မြိတ်မြို့ခံများက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး မြိတ်မြို့နယ်နှင့် ခရိုင်ရဲစခန်းများအား ဆက်သွယ်မေးမြန်းရာပေါက်ကွဲမှု ဖြစ်ပွားသည်ကို အတည်ပြုသော်လည်း အသေးစိတ် မပြောကြားနိုင်သေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်းပြန်လည်ဖြေကြားသည်။

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန်အတွက် တာဝန်ရှိသူများကို တောင်းဆိုထားကြောင်း ဒေါ်တင်တင်ရီကပြောသည်။

# ဖူဆယ်ဂိုးသမားရဲမြတ်မင်းအား ရာသက်ပန်ပွဲပယ်

**ဗိုလ်ဗိုလ်ဝင်း**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၈**

ပြိုင်ဘက်ကစားသမားအား ရည်ရွယ်ချက်ဖြင့် နှစ်ချက်ဆင့်ကန်ခဲ့သော Royal Land အသင်းမှ ဂိုးသမားရဲမြတ်မင်းအား ဖူဆယ်လိဂ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ရာသက်ပန်ပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်သည်။

ဒီဇင်ဘာလ ၁၅ ရက်က ကျင်းပခဲ့သည့် ၂၀၁၂ ဖူဆယ်လိဂ်အမှတ်ပေးပြိုင်ပွဲ MFF AYA Fustal League နောက်ဆုံးပွဲစဉ်ဖြစ်သည့် ACE အသင်းနှင့် Royal Land ပွဲစဉ်တွင် ပွဲကစားချိန် ၃၃ မိနစ်၌ Royal Land အသင်းဂိုးသမား (ကျောနံပါတ် ၁၆) နှင့် ACE ကစားသမားတို့ ဘောလုံးယှဉ်လုရင်း နှစ်ဦးစလုံးလဲကျသွားခဲ့သည်။

ထိုအချိန်တွင် Royal Land အသင်းမှ ဂိုးသမားက လဲနေရာမှ ထကာ ပြိုင်ဘက်ကစားသမားအား နှစ်ချက်ဆင့်ကန်ကျောက်ခဲ့သည့်အတွက် ACE အသင်းကစားသမားမှာ ဘယ်ဘက်မျက်ခုံးအနည်းငယ်ကွဲသွားခဲ့သည်။ ထို့ကြောင့် ကွင်းလယ် ဒိုင်လူကြီးက ၎င်းအား အနီကတ် ပြသကာ ထုတ်ပယ်ခဲ့သည်။

ဖူဆယ်လိဂ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဒီဇင်ဘာ ၁၇တွင် အစည်းအဝေးပြုလုပ်ကာ ၎င်းပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ်ချမှတ်ခံရသော ကစားသမားအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသောမည်သည့်ပြိုင်ပွဲတွင်မှ ဝင်ရောက်ကစားခွင့်ရှိမည်မဟုတ်ဘဲ ဖူဆယ်ကစားသမားတစ်ဦးအနေဖြင့် ရာသက်ပန်ပွဲပယ်ပြစ်ဒဏ်သည်ပထမဆုံးအကြိမ်ဖြစ်သည်။

# မြန်မာပန့်ရော့ခ်ဂီတအဖွဲ့ Side Effect ဂျာမနီတွင် ပရိသတ်အားပေးမှုရခဲ့

**ဘာလင်၊**
**ဒီဇင်ဘာ-၁၇**

မြန်မာနိုင်ငံမှ လူငယ်ပန့်ရော့ခ်ဂီတအဖွဲ့ Side Effect သည် ဂျာမနီနိုင်ငံမြို့တော် ဘာလင်တွင် ဒီဇင်ဘာ၈ရက်က ဖျော်ဖြေခဲ့ရာ ဂျာမန်ပရိတ်သတ်များ၏ အထူးနှစ်သက်အားပေးမှုရခဲ့ကြောင်း ဂျာမန်သတင်းဌာနတစ်ခုဖြစ်သောDWကသတင်းဖော်ပြသည်။

Side Effect အဖွဲ့သည် ဘာလင်သို့ ဂါထေးအင်စတီကျု Goethe-Insitute ၏ စီစဉ်ပေးမှုဖြင့် ဂျာမန်ပန့်ခ်ဂီတအဖွဲ့ Priscilla Sucks ဖြင့် ပူးတွဲဖျော်ဖြေရန် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ Side Effect အဖွဲ့သည် ဘာလင်တွင် မဖျော်ဖြေခင် ဟမ်းဘတ်မြို့၌လည်းကလပ်တစ်ခု၌ သီဆိုဖျော်ဖြေခဲ့သည်။ ဘာလင်၌ ဖျော်ဖြေပွဲတွင်မူ ၎င်းတို့အဖွဲ့၏ ပထမဆုံးသီချင်း သီဆိုမှု၌ပင် ပရိသတ်များက ကခုန်အားပေးခဲ့ပြီး မိနစ်အနည်းငယ်အကြာတွင် ခန်းမတစ်ခုလုံး အပြည့် ခုန်ပေါက်ကခုန်ကာ အချို့မှာစင်ပေါ်တက်၍ ပရိသတ်ထဲ ပြန်ခုန်ချကာ သောင်းသောင်းဖြဖြ အားပေးခဲ့ကြကြောင်း သိရသည်။ အဖွဲ့၏ အဆိုရှင်နှင့် လိဒ်ဂစ်တာသမား ဒါကိုက ပွဲနှင့်ပတ်သက်၍ “ဒါဟာ ကျွန်တော်တို့ ပထမဆုံးအနေနဲ့ စင်ပေါ်ကခုန်ချတာ ကြုံဖူးတာပါပဲ။ ကျေးဇူးတင်တယ် ဘာလင်ရေ”ဟု ပြောခဲ့သည်။ ၂၀၀၄ တွင် တည်ထောင်သည့် မြန်မာပန့်ရော့ခ်ဂီတအဖွဲ့ Side Effect အဖွဲ့သည် ပွဲတွင် ၎င်းတို့၏ အင်္ဂလိပ်ဘာသာသီချင်း Change ကို သီဆိုပေးခဲ့ပြီး ပရိသတ်များကလည်း အတူတကွလိုက်ဆိုအားပေးခဲ့ကြသည်။

*-Ref: dw.de*

# ကာမိုင်းမြို့နယ်(ခွဲ) ရဲစခန်းအား ကေအိုင်အေ ဝင်ရောက်စီးနင်း

**မောင်တာ**
**မန္တလေး၊ ဒီဇင်ဘာ-၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့နယ်(ခွဲ)ရဲစခန်းအား ဒီဇင်ဘာ ၁၈ ရက် နံနက် ၄ နာရီခွဲအချိန်တွင်ကေအိုင်အေတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ကာမိုင်းမြို့ ဒေသခံများထံမှ သတင်းရရှိသည်။

ကာမိုင်းမြို့ အနောက်ဘက်ခြမ်းမှ ကေအိုင်အေတပ်ဖွဲ့များ ချီတက်လာပြီး ရဲစခန်းကိုဝင်ရောက်တိုက်ခိုက်ကာ တစ်ဖက်နှင့် တစ်ဖက် နာရီဝက်ခန့် အပြန်အလှန်ပစ်ခတ်ခဲ့ကြကြောင်းဒေသခံများကပြောသည်။ကာမိုင်းမြို့အထွက်တံတားကိုလည်းမိုင်းခွဲ၊မိုင်းထောင်သွားကြောင်း၊ တိုက်ပွဲဖြစ်ပွားပြီးနောက် ကေအိုင်အေတပ်ဖွဲ့များမှာ မြို့ထဲမှပြန်လည်ထွက်ခွာသွားကြကြောင်း မြို့ခံများက ပြောကြားသည်။

အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုအတိအကျမသိရသော်လည်း ရဲစခန်းလက်နက်တိုက်ရှိ လက်နက်များအားလုံး ကေအိုင်အေအဖွဲ့က ယူဆောင်သွားပြီး ရဲတပ်ဖွဲ့ဝင်တပ်ကြပ် ဦးမင်းသူနှင့် အသက် ၂၈ နှစ်အရွယ် သူနာပြုဆရာမတစ်ဦးတို့သေဆုံးခဲ့ကြောင်း၊ အနည်းဆုံး လူသုံးဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာပြင်းထန်သည့် လူနာနှစ်ဦးကို မိုးကောင်းမြို့ဆေးရုံသို့ ပို့ဆောင်ပေးထားရကြောင်း ဒေသခံများက ပြောသည်။

သို့သော်ယခုအချိန်ထိသက်ဆိုင်ရာမှ အတည်ပြုချက် တစ်စုံတစ်ရာ ရရှိရန် 7Day News က ဆက်သွယ်မေးမြန်းနေဆဲဖြစ်သည်။ ရဲစခန်းတွင် စခန်းမှူးအပါအဝင် အင်အား ၁၇ ဦးသာရှိပြီး၊ ထိုသို့ဖြစ်ပွားပြီးနောက် အချိန်အတော်ကြာအထိ ဒေသခံများ အိမ်ပြင်မထွက်ရဲကြသလိုတံတားပေါ်တွင် မိုင်းထောင်ထားသည်ဟူသောသတင်းကြောင့် နံနက် ၁၀ နာရီခွဲ အချိန်ခန့်အထိ ဖားကန့်မြို့သို့ သွားရောက်မည့် ခရီးသည်များ ကာမိုင်းမြို့တွင် ပိတ်မိနေကြောင်း ဒေသခံများက ပြောသည်။

ကာမိုင်းမြို့တွင် တိုက်ပွဲဖြစ်ပွားပြီး နံနက် ၆ နာရီကျော်အချိန်တွင် အစိုးရတပ်မတော်က ဖားကန့်မြို့ ဗျူဟာကုန်းမှ လက်နက်ကြီးများ ၁၀ချက်ခန့် အဆက်မပြတ် ပစ်ခတ်ခဲ့ကြောင်း ဖားကန့်မြို့ခံများကဆိုသည်။

ရက်သတ္တပတ်အတော်ကြာ နယ်မြေငြိမ်သက်နေသလို ခရစ်စမတ်ကာလ ပြီးဆုံးချိန်အထိ နယ်မြေတည်ငြိမ်ဆေးချမ်းမည်ဟု ဒေသခံများကမျှော်လင့်ခဲ့ကြသော်လည်း ယခုကဲ့သို့ တိုက်ပွဲများပြန်လည်ဖြစ်ပွားလာ၍ ဒေသခံများ စိုးရိမ်ပူပန်လာကြောင်း ဖားကန့်မြို့ခံများကပြောသည်။ပြည်သူများကစစ်ပွဲမလိုလားသော်လည်း ယခုရက်ပိုင်းအတွင်း အစိုးရနှင့် ကေအိုင်အေတိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။

# ဗြိတိန်က မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံမည်

**နေလင်းထွန်း**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၅**

လာမည့် ဆယ်စုနှစ်ကျော်ကာလတွင် စွမ်းအင်ထုတ်လုပ်မှု ဆယ်ဆမြင့်တက်လာရန် ရည်မှန်းချက် ရှိနေသော မြန်မာနိုင်ငံ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် အလေးထားရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယနိုင်ငံများဝန်ကြီး ဟူဂိုဆွိုင်ယာက ပြောသည်။

ဗြိတိန်နိုင်ငံမှ စွမ်းအင်ကုမ္ပဏီ၊ လျှပ်စစ်စွမ်းအင်ကုမ္ပဏီ၊ ဘဏ်လုပ်ငန်းကုမ္ပဏီ၊ ပညာရေးလုပ်ငန်းကုမ္ပဏီနှင့် ဥပဒေရေးရာကုမ္ပဏီများမှာ ကုန်သွယ်ရေးမစ်ရှင်အဖွဲ့ဝင် ၂၃ ဦးကို ဦးဆောင်လာသော ဝန်ကြီးဟူဂိုဆွိုင်ယာသည် နေပြည်တော်တွင် အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှု ဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

“ကျွန်တော် ကုန်သွယ်ရေးမစ်ရှင်အဖွဲ့ကို ဦးဆောင်လာတာက လျှပ်စစ်စွမ်းအင်ကဏ္ဍကို ဦးစားပေးဆောင်ရွက်ဖို့ပါ။ လာမယ့်ဆယ်စုနှစ်ကျော်မှာ စွမ်းအင်လည်ပတ်မှု ဆယ်ဆမြင့်တက်လာဖို့ ရည်မှန်းထားတဲ့ ဒီနိုင်ငံရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ ရည်ရွယ်ထားပါတယ်။ ဒါက ကျွန်တော်တို့ ဒီမှာမြင်တွေ့ဖို့ လိုအပ်နေတဲ့ တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး ဖြစ်ပါတယ်။ ဗြိတိသျှကျွမ်းကျင်သူတွေနဲ့ ခေတ်မီစွမ်းအင် ထုတ်လုပ်မှု အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုး တိုးတက်လာစေဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ဒါက လူတိုင်း အိမ်မှာ လျှပ်စစ်စွမ်းအင် အသုံးပြုနိုင်လာပြီး စက်ရုံ၊အလုပ်ရုံတွေ ယုံကြည်မှုရှိရှိ ရင်းနှီးမြှုပ်နှံလာဖို့နဲ့ လူတွေလိုချင်တဲ့ ပစ္စည်းတွေ ထုတ်လုပ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒီလို တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် အစိုးရရဲ့ စိတ်အားထက်သန်မှုကို ကျွန်တော်ကြိုဆိုပါတယ်”ဟုဟူဂိုဆွိုင်ယာက ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပသော သတင်းစာရှင်းပွဲ၌ ပြောကြားခဲ့သည်။

ဝန်ကြီးက တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍လည်း အလေးထားပြောကြားသွားခဲ့သည်။ “တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုဟာ လူတွေရဲ့ ဘဝအတွက် အပြောင်းအလဲ ကောင်းတွေဖြစ်လာစေနိုင်ပါတယ်။ တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုက အလွန်လိုအပ်နေတဲ့ အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပြီး လေ့ကျင့်သင်ကြားရေးနှင့် ပညာရေး အခွင့်အလမ်းများကိုလည်း ပေးအပ်နိုင်ပါတယ်။ ဒီအချက်တွေ အားလုံးဟာ ကုန်သွယ်စီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အရှည်သဖြင့် ထိန်းသိမ်းသွားနိုင်ဖို့ လိုအပ်ချက်တွေဖြစ်သလို အဲသလို အရှည်ထိန်းသိမ်းနိုင်တဲ့ ကုန်သွယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကလည်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အပြန်အလှန် ပံ့ပိုးပေးသွားပါလိမ့်မယ်”

ဗြိတိန်နိုင်ငံအနေဖြင့် တာဝန်သိ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် နားလည်မှု စာချွန်လွှာတစ်စောင်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ သည်။

ဗြိတိန်ဝန်ကြီးက ၎င်း၏ ခရီးစဉ်သည်မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်နေမှုကို ထောက်ခံကူညီရန် ဗြိတိန်၏ သန္နိဋ္ဌာန်ကို လက်တွေ့ပြသရန် ရောက်ရှိလာခြင်းဖြစ်ပြီး အပြောင်းအလဲများကို စတင်ခဲ့သော သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်တို့၏ သတ္တိတို့ကြောင့် ရောက်ရှိလာခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီး ဟူဂိုဆွိုင်ယာ မလာရောက်မီ ၂၀၁၁ ခုနှစ်တွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟေ့ဂ်၊ ၂၀၁၂ဧပြီလတွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ကင်မရွန်းတို့လည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အားပေးကူညီရန်နှင့် ဆက်လက်တွန်းအားပေးရန် လာရောက်ခဲ့ကြသည်။

7 DAY NEWS JOURNAL

Vol.11, No.41 • DECEMBER 20 , 2012

## စာ(၂၉) ကြက်သွန်ဖြူစိုက်တောင်သူများ အထိနာ မှ

ဒီအချက်တွေကြောင့် ဈေးကျတာပေါ့”ဟု မြန်မာနိုင်ငံကြက်သွန်ဖြူ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံ ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

လွန်ခဲ့သည့် ဆယ်နှစ်ကျော်မှ ပြည်တွင်းဈေးကွက်သို့ ဖြည်းဖြည်းချင်း ဝင်ရောက်လာသော တရုတ်ကြက်သွန်ဖြူများမှာအရွယ်ကြီးမှု၊ အခွံနွှာရန်လွယ်ကူမှု၊ ရောင်းပန်းလှမှုတို့ကြောင့်မြန်မာများကအထူးအားပေးကာဈေးကွက်ပိုမိုရရှိလာသည်။ ထို့ကြောင့် ယခုအခါ ပြည်တွင်းကြက်သွန်ဖြူဈေးကွက်၏ ၆၅ ရာခိုင်နှုန်းဝန်းကျင်ကို ကြုကုတ်ကြက်သွန်ဖြူများကဈေးကွက်ရရှိထားပြီဖြစ်ကြောင်း ကြက်သွန်ဖြူဈေးကွက်ကျွမ်းကျင်သူများကသုံးသပ်ပြောကြားသည်။

သို့သော် မြန်မာကြက်သွန်ဖြူတွင်လည်း အားသာချက်များ ရှိပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ သုံးစွဲမှုမှာ တရုတ်နှင့်စာလျှင် များစွာလျော့နည်းပြီး သဘာဝနှင့် ပိုမိုနီးစပ်အောင် စိုက်ပျိုးထား၍ ကျန်းမာရေးအတွက် သင့်လျော်ခြင်း၊ အရွယ်သေးသော်လည်း အနံ့၊ အရသာတို့မှာ ကြုကုတ်ထက်များစွာသာလွန်သည်။

မြန်မာနိုင်ငံ၏ အဓိကကောက်ပဲသီးနှံ ဈေးကွက်ဖြစ်သော ဘုရင့်နောင်ဈေးတွင် ဒီဇင်ဘာတတိယပတ်၌လက်ကားဈေး ကြုကုတ်တစ်ပိဿာလျှင် ၁၇၀၀ ကျပ်မှ ၁,၈၀၀ ကျပ် ဈေးရှိသည်။ ပြည်တွင်းကြက်သွန်ဖြူများမှာ တစ်ပိဿာလျှင် ကျပ် ၅၀၀ ဝန်းကျင်မှ ဈေးအများဆုံး ကျပ် ၁၂၀၀ ဝန်းကျင်သာရှိသည်။

“အစိုက်များလို့ ဈေးမကောင်းပါဘူးလို့ ဆိုနေမှ တရုတ်ဘက်ကကြက်သွန်ဖြူကို ကုန်သည်တွေကသွင်းတော့ တောင်သူတွေ အရှုံးပိုများတာပေါ့။ ဒီနှစ်တော့ အိမ်က ကြက်သွန်ဖြူမျိုးလေး မတုံးအောင်တော့ စိုက်တယ်။ အရင်နှစ်ကလို အားကျမခံ စီးပွားဖြစ်တော့ မစိုက်တော့ဘူး” ဟု ပေါက်မြို့နယ် ညောင်ဝန်းပေါက်ကျေးရွာမှ တောင်သူမဝင်းနွယ်သင်းကလည်းဆိုသည်။

“အရင်နှစ်တုန်းက ကျွန်တော့်ရဲ့ပွဲရုံမှာ ကုန်ပိဿာတစ်သိန်းဝန်းကျင်ပဲ ဝင်တာ။ ဒီနှစ်တော့ နှစ်သိန်းကျော်ထိ ဝင်တယ်။ ဒေသနဲ့တွက်ရင် အထွက်ကောင်းတယ်ပေါ့။ ဈေးကွက်အတွင်းမှာ ပြည်ပကြက်သွန်ဖြူတွေအဝင်များတော့ မိရိုးဖလာမြန်မာကြက်သွန်ဖြူတွေ ဈေးကွက်ပျက်ပြီး ပွဲရုံတွေမှာ လက်ကျန်များတယ်။ လက်ရှိပေါက်ဈေးက တစ်ပိဿာ ၃၀၀ ကနေ ၇၀၀ ထိပဲရတယ်။ မနှစ်က တစ်ပိဿာ ၂,၀၀၀ လောက်ထိ ဈေးရခဲ့ဖူးတယ်။ အခု ကြက်သွန်ဖြူ ပြန်စိုက်နေကြပြီဆိုတော့ နောက်ဆုံးရာသီလို့ပြောရတယ်။ အသစ်မကုန်ခင် လက်ကျန်တွေများနေလို့ကုန်သည်တွေစိတ်ပျက်နေပြီ။ အသစ်ပေါ်စက လှောင်ထားတဲ့သူတွေဆို ပိဿာတစ်ရာလှောင်ရင် အခုချိန်ဆို ပိဿာသုံးဆယ်လောက်တော့ လျော့နေပြီ” ဟု ပခုက္ကူမြို့မှ ကြက်သွန်ဖြူအဓိကတင်ပို့ရောင်းချသော ကိုကျော်မင်းလွင်ကပြောသည်။

၎င်းပြောသကဲ့သို့ပင် ကြက်သွန်ဖြူဈေးကွက်ပျက်မှုကြောင့် တောင်သူများသာမက ကုန်လှောင်၍ပြန်လည်ရောင်းချသော ကုန်သည်များလည်း ဆုံးရှုံးမှုများသည်။

ယောနယ်၊ ဆောနယ်နှင့် ကြက်သွန်ဖြူစိုက်ပျိုးသော ဒေသများတွင် နှစ်စဉ်ဆောင်းကာလ နတ်တော်လတွင် ကြက်သွန်ဖြူစိုက်ပျိုးပြီး တပေါင်းလတွင် ဖော်သည်။ အညာတွင် ကြက်သွန်ဖြူဈေးကွက်မှာ ပခုက္ကူမြို့မှာ အဓိကဖြစ်ပြီး ထိုမှတစ်ဆင့် ရန်ကုန်၊ မုံရွာ၊ မော်လမြိုင် စသော နိုင်ငံတစ်ဝန်းသို့ ဆက်လက်ဖြန့်ဖြူးသည်။ ရှမ်းကြက်သွန်ဖြူများမှာ ရှမ်းပြည်နယ်နှင့် မန္တလေး၊ ရန်ကုန် စသော ဒေသများကို ဖြန့်ဖြူးသည်။

ထို့ကြောင့် ပြည်တွင်း၌စိုက်ပျိုးသော သီးနှံဖြစ်၍ တောင်သူများ အကျိုးရှိရန် ပြည်ပမှ တင်သွင်းခွင့် မပြုသင့်ဟု ဆိုသူများလည်းရှိသည်။ စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက်ပြည်ပမှ တင်သွင်းသင့်သည်ဟု ဆိုသူများလည်းရှိသည်။

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက တရားမဝင်ဝင်ရောက်နေသော ကြက်သွန်ဖြူများကို ယခုအခါ တရားဝင်သွင်းကုန်လိုင်စင်ခွင့်ပြု၍ တင်သွင်းခွင့်ပြုရန် ကြက်သွန်နီ/ဖြူ၊ စားဖိုဆောင်သီးနှံအသင်းကို သဘောထားတောင်းခံထားသည်။ အသင်းက တရားဝင် တင်သွင်းခွင့်ပြုပါက အခွန်ကောက်ပြီး ပမာဏ ကန့်သတ်ရန်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ပါရန် အကြံပြုထားသည်။

သို့သော် အဆိုပါအသင်းမှာ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူနည်းပြီး ပွဲရုံပိုင်ရှင်နှင့် ကုန်သည်များသာ များပြားသည့်အတွက် အများစုမှာ တရုတ်ကြက်သွန်ဖြူဈေးကွက်လွှမ်းမိုးမှုကြောင့် ဆုံးရှုံးမှု ကိုယ်တိုင်ကြုံတွေ့မှု နည်းသည်။ အဓိကနစ်နာနေသည်မှာ တောင်သူများဖြစ်သည့်အတွက် စိုက်ပျိုးသူများ အရှုံးသက်သာရန် တရုတ်ကြက်သွန်ဖြူအဝင်ကိုဖြစ်နိုင်ပါက တင်သွင်းခွင့်မပြုရန် (သို့မဟုတ်) ပမာဏအနည်းငယ်ကိုသာ တင်သွင်းခွင့်ပြုသင့်ကြောင်း လုပ်ငန်းရှင်အချို့နှင့်တောင်သူများကပြောကြားသည်။

“ဘိုးဘွားလက်ထက်ကတည်းက မိုးဆိုစပါးစိုက်၊ ဆောင်းဆို မြေပဲစိုက်၊ ဆောင်းအကုန် ကြက်သွန်ဖြူစိုက်ဆိုတာ မိရိုးဖလာစိုက်ပျိုးရေးပါ။ သက်တမ်းတစ်လျှောက် ကြက်သွန်ဖြူနဲ့ စားဝတ်နေရေးအဆင်ပြေလာတာကြာပါပြီ။ တရုတ်ကြက်သွန်ဖြူတွေဝင်လို့ တောင်သူတွေရှုံးတယ်ဆိုပေမယ့် ပြည်တွင်းစားသုံးသူတွေအနေနဲ့ မြန်မာကြက်သွန်ဖြူကို အားပေးနေတယ်ဆိုရင် ရှုံးတာမြတ်တာထက် မိရိုးဖလာဆက်စိုက်နေဦးမှာပါ”ဟု ကိုလင်းစိုးကဆိုသည်။ အလားတူ ကြက်သွန်ဖြူစိုက်ပြီး ကျပ်သိန်းနှစ်ဆယ် အရှုံးပေါ်နေသော အသက် ၃၇ နှစ်အရွယ် ကိုဝင်းမောင်တစ်ယောက်ကလည်း သူ၏အစီအစဉ်ကိုအောက်ပါအတိုင်းပြောသည်။

“ပြည်ပကိုလည်း မြန်မာကြက်သွန်ဖြူတွေတင်ပို့ခွင့်ရမယ်ဆိုရင် ကြက်သွန်ဖြူဈေး ခေါင်းမော့လာနိုင်မယ်လို့ ထင်တယ်။ တောင်သူတွေအားလုံးက ဈေးကွက်ဝယ်လိုအား နည်းလို့ဆိုပြီး ပြောင်းစိုက်မှာမဟုတ်ဘူး။ ကြက်သွန်ဖြူကို မိရိုးဖလာအနေနဲ့ စိုက်ကြဦးမယ်”။ ။

## ပင်လယ်ငါး တရုတ်အဝယ်နည်း၍ လုပ်ငန်းရှင်များ အခက်တွေ့

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၇**

မြန်မာ့ပင်လယ်ပြင်မှ ထွက်သမျှငါးသယံဇာတ အားလုံး၏ ၆၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံဈေးကွက်ကိုသာ မှီခိုအားထားနေခဲ့ရာ ယခုလများအတွင်း တရုတ်ဝယ်လက်များက ဈေးလျှော့ချ ဝယ်ယူနေသောကြောင့် ပင်လယ်ငါးလုပ်ငန်းနှင့် ဆက်စပ်နေသူအားလုံး အခက်အခဲ ဖြစ်နေရကြောင်း သတင်းရရှိသည်။

“ကျွန်တော်တို့ ပင်လယ်ကဖမ်းမိသမျှ ပင်လယ်ငါးတွေထဲက ခြောက်ဆယ်ရာခိုင်နှုန်းကိုတရုတ်နိုင်ငံကိုပဲ နည်းမျိုးစုံနဲ့ ပို့နေရတာ။ သင်္ဘောတွေ၊ ကွန်တိန်နာတွေနဲ့ အပြင် မူဆယ်တို့နဲ့ တခြားနယ်စပ်ထွက်ပေါက် အားလုံးကနေ ပို့နေရတာ။ အခုတော့ တရုတ်က စီးပွားရေး မကောင်းတာနဲ့ တူတယ်။ ပို့သမျှမဝယ်လို့ မကုန်ဘူးဆိုတာ မရှိပေမယ့် ဈေးနှုန်းနည်းသွားတာတွေ အမှန်ပဲ” ဟု မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမောင်မောင်စိုးက ပြောသည်။

အခြားသော အိမ်နီးချင်းနိုင်ငံများ၊ အာရှနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံများသို့လည်း မြန်မာ့ပင်လယ်ထွက်ငါးသယံဇာတများကို အရှင်၊ အစိုနှင့် အခြောက်များ ပြုပြင်တင်ပို့နေသော်လည်း ဈေးနှုန်းနှင့် အရေအတွက်မှာ သိသိသာသာ ပြောင်းလဲခြင်း မရှိသေးကြောင်း သတင်း ရရှိသည်။

“ပင်လယ်ငါးက ထွက်သမျှ တရုတ်ကို အားကိုးနေရတော့ တရုတ်က စီးပွားရေး မကောင်းလို့ ဝယ်တာ မလျှော့ပေမယ့် ဈေးနှုန်းက အရင်ကထက် သုံးဆယ်ရာခိုင်နှုန်းလောက် ကျသွားတယ်”ဟု အဏ္ဏဝါရေလုပ်ငန်း ဦးပိုင်လီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငါးသင်ဝါ လေးရာဂရမ်အထက်ကိုယခင်ကတစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်ဈေးနှုန်းရှိရာမှ နိုဝင်ဘာမှ စတင်ကာ ၈,၀၀၀ ကျပ်ခန့်နှုန်းဖြင့်လည်းကောင်း၊ တစ်ရာဂရမ်အောက်ဖြစ်ပါက တစ်ပိဿာလျှင် ၃,၀၀၀ ကျပ် ဈေးနှုန်းမှ ၂,၅၀၀ ကျပ်ဈေးနှုန်းသို့ လျှော့ချဝယ်ယူနေသောကြောင့် ငါးသင်ဝါ တန်ချိန်တစ်ထောင်ခန့် ရောင်းမထွက်နိုင်ဖြစ်နေကြောင်း ၎င်းက ပြောသည်။ ထို့ကြောင့် ပင်လယ်ပြင်တွင် ငါးဖမ်းထွက်သူများနှင့် ငါးဖမ်းလှေပိုင်ရှင်နှင့် ဆက်စပ်လုပ်ကိုင်နေသူသူများမှာ လုပ်ငန်းရပ်တည်နိုင်ရေးအတွက် ထိခိုက်နေကြောင်း သတင်းရရှိသည်။

“ငါးတွေက ဖမ်းမိတဲ့အထဲမှာ နိုင်ငံခြား ရောင်းတန်းဝင်အရွယ်တွေ နည်းလာတယ်။ ငါးအရည်အသွေး မကောင်းရတဲ့အထဲ ဒီဇယ်ဈေးနှုန်းကလည်း တက်နေတယ်။ ဒီကြားထဲ ဖမ်းမိတဲ့ ငါးမှန်သမျှ တရုတ်က လာဝယ်နေ၊ ပို့နေရာမှာ ဈေးမရတော့ ကျုပ်တို့တွေ အဆင်မပြေဘူး” ဟု ငါးဖမ်းလှေပိုင်ရှင်တစ်ဦးက ပြောသည်။

ထိုအခက်အခဲများကို ပြေလည်စေရန် ပင်လယ်ထွက်ငါးများအား တန်ဖိုးမြင့် ထုတ်ကုန်များဖြစ်သော ငါးအသားကြိတ်စက်ဖြင့် ငါးအသားလုံး၊ အသားပြားထုတ်လုပ်ခြင်းနှင့် စည်သွတ်ဘူး စက်ရုံများ တည်ထောင်ကာ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အများပိုင်ကုမ္ပဏီတစ်ခုတည်ထောင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမောင်မောင်စိုးက ပြောသည်။

## စာ-၂၇၊ လမ်းမများထက်တွင် ပျောက်ဆုံးသွားသောအချိန်များ မှ

လက်ရှိတွင် ယာဉ်လိုင်းအများစုသည် ဆူးလေဗဟိုပြုစနစ်ဖြင့်သာ ပြေးဆွဲနေပြီး မြို့၏မည်သည့်နေရာမှ စထွက်ပြီး အဆုံးသတ်သည့် ယာဉ်မဆို ဆူးလေဘုရားတစ်ဝိုက်ကို ဖြတ်သန်းကာသွားလာမှုများနေသဖြင့်ခရီးသည်များအနေဖြင့် အချိန်ကြန့်ကြာမှုများဖြစ်ပေါ်ကာ ယာဉ်ကြောပိတ်ဆို့မှုများလည်းဖြစ်ပေါ်လာခဲ့သည်။

မြို့လယ်ယာဉ်ကြောကျပ်သည့်နေရာများသို့ ဖြတ်သန်းရန်မလိုသည့် ယာဉ်လိုင်းများကို မြို့လယ်ကိုရှောင်ကွင်းသွားနိုင်သည့် ခရုပတ်လမ်းများ စီစဉ်ထားရှိမှုနည်းဖြင့်လည်း ဖြေရှင်းပေးနိုင်မည်ဟု ၎င်းကဆိုသည်။

ယင်းကဲ့သို့ အခြေခံအဆောက်အအုံများကို မှီခိုပြီး လက်ရှိအကျပ်အတည်းများကို အဖြေရှာနိုင်သလို စီမံခန့်ခွဲမှုနည်းစနစ်များဖြင့်လည်း အဖြေရှာနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ လမ်းမများတွင်သွားလာနေသည့်ယာဉ်များအစိတ်၊ အကျဲကိုမိနစ်အလိုက်သုတေသနပြုမှတ်တမ်းတင်ပြီး မီးပွိုင့်များကို ထိန်းချုပ်သည့် စနစ်များဖြင့်လည်း အဖြေရှာနိုင်ကြောင်း၊ လမ်းမများပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုအခြေအနေများကိုအက်ဖ်အမ်ရေဒီယိုလိုင်းများမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီကြေညာပေးသည့် စနစ်သည်လည်း ယင်းပြဿနာများ ဖြေရှင်းရာတွင် အသုံးဝင်သည့် နည်းလမ်းများဖြစ်ကြောင်း ဦးဇော်နိုင်က ပြောသည်။

ရန်ကုန်မြို့၏ ယာဉ်ကြောရှုပ်ထွေးသော လမ်းဆုံများတွင် ဂုံးကျော်တံတားများ တည်ဆောက်ခြင်းကလည်း ယာဉ်ကြောပိတ်ဆို့မှု ပြဿနာဖြေရှင်းခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် ရှုမြင်ကြသည်။

ယာဉ်ကြောပိတ်ဆို့မှုအများဆုံးဖြစ်ပေါ်သည့်လှည်းတန်းလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ ရွှေဂုံတိုင်လမ်းဆုံများတွင်ဆောက်လုပ်နေသော ခုံးကျော်တံတားသုံးစင်းပြီးစီးပါက ၎င်းလမ်းဆုံများတွင် ဖြစ်ပေါ်နေသည့်ယာဉ်ကြောပိတ်ဆို့မှု၏ ၆၀ ရာခိုင်နှုန်းကိုဖြေလျှော့ပေးနိုင်မည်ဟု ခုံးကျော်တံတားဆောက်လုပ်ခွင့် ရရှိထားသည့် ကုမ္ပဏီများ၏ ကောက်ယူထားသော စစ်တမ်းများကဆိုသည်။

“ခုံးကျော်တံတားတွေ ပြီးသွားရင် ကားတွေက လမ်းကြောချောင်နိုင်တဲ့ ဒီတံတားတွေကိုပဲ စုပြုံပြီး လာတိုးကြမှာ။ အခုလက်ရှိ အသုံးပြုနေတဲ့ ယာဉ်အစီးရေထက်တောင် ပိုများလာနိုင်သေးတယ်” ဟု လှည်းတန်းခုံးကျော်တံတားစီမံကိန်းမှ အင်ဂျင်နီယာတစ်ဦးကပြောသည်။

ရေရှည်နည်းလမ်းအတွက်မူ အများပြည်သူအသုံးပြုနိုင်သည့် ပို့ဆောင်ရေး ကွန်ရက်တစ်ခု တည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ မြို့၏လမ်းမများပေါ်တွင် ပြေးဆွဲနေသည့် ယာဉ်လိုင်းများကိုသာ အဓိကအားကိုးနေရသည့် မြို့နေ လူထုခုနစ်သန်းဝန်းကျင်အတွက် မြေအောက်ရထား၊ မိုးပျံရထားတို့ကဲ့သို့သော မြန်မြန်နှင့် များများ သယ်ယူပို့ဆောင်ပေးနိုင်သည့် စနစ်တစ်ခုပေါ် ပေါက်လာပါက လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ အတော်အတန်ပြေလည်နိုင်မည်ဖြစ်ကြောင်း ဦးဇော်နိုင်က ပြောသည်။

NL

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ကွာလာလမ်ပူ အထွေထွေ ရောဂါကု ဆေးရုံကြီးမှ၊ စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီး၊ တွဲဖက်ပါမောက္ခ၊ ဒေါက်တာ ခင်ဥမ္မာနိုင်သည်၊ ရန်ကုန်မြို့သို့ ၂၃. ၁၂. ၂၀၁၂ မှ ၂၄-၁၂. ၂၀၁၂ အထိလာရောက်ပြီး၊ လူနာများကို ကြည့်ရှုဆွေးနွေးကုသပေးမည် ဖြစ်ပါသဖြင့် လူနာဟောင်း၊ လူနာသစ်များ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၅၀၀၅၄၂၁၀၊၀၉-၄၄၈၀၁၆၈ ၂၁

7 DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012



# ၂၀၁၅ ရွေးကောက်ပွဲ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးပါက ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ယှဉ်ပြိုင်မည်မဟုတ်

**အိဖြူလွင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

၁၉၉၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်ဦးရေ ဒုတိယအများဆုံး အနိုင်ရရှိခဲ့သည့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၂၀၁၅ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ရွေးကောက်ပွဲပုံစံ အနေအထားကို စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောကြားလိုက်သည်။

ရွေးကောက်ပွဲပုံစံအနေအထားတွင် အချိုးကျကိုယ်စားပြုစနစ် (PR)နှင့် သွားမည်ဆိုပါက အဆိုပါစနစ်ကို လက်မခံနိုင်သောကြောင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု ၎င်းကဆိုသည်။

PR စနစ်ကို လက်မခံရခြင်းမှာ ပြည်သူများအနေဖြင့် လက်ရှိစနစ်ကိုပင် မဲပေးရန် ကျွမ်းကျင်မှုမရှိသေးသည့်အတွက် လက်မခံနိုင်ခြင်းဖြစ်သည်ဟုဦးစိုင်းလိတ်က ပြောကြားသည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလုံးဝပြင်ဆင်ခြင်းမပြုဘဲနှင့် ရှေ့ဆက်သွားမည်၊ မသွားမည်ကို ဆက်လက်စောင့်ကြည့်ရဦးမည်ဟု ၎င်းကဆိုသည်။

ဖက်ဒရယ်စနစ်ကိုမူဝါဒထားသည့် ပါတီတစ်ခုအနေဖြင့် ဗဟိုချုပ်ကိုင်မှုစနစ်ကို လျှော့ချပြီး ပြည်နယ်အစိုးရများ အာဏာခွဲဝေမှု ပိုမိုရရှိခြင်းစသည့် အခင်းအကျင်းမျိုးကို လိုလားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချို့အချက်များ ပြင်ဆင်ရန် လိုအပ်ခြင်းဖြစ်သည်ဟုဆိုသည်။

ပြည်နယ်၊ တိုင်းများအတွက် အဓိကအရေးပါပြီး လူထုနှင့် တိုက်ရိုက်ထိတွေ့ရသည့် ဝန်ကြီးချုပ်များကို သမ္မတက တိုက်ရိုက်ရွေးချယ်ခြင်းမဟုတ်ဘဲ လူထုက တိုက်ရိုက်ရွေးချယ်သော ဝန်ကြီးချုပ်ကို သမ္မတက အတည်ပြုခန့်အပ်သည့် စနစ်မျိုးအဖြစ် ပြုပြင်ရန်လည်း လိုအပ်သည်ဟု ဦးစိုင်းလိတ်က ပြောသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ယခုနှစ်အတွင်း နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခဲ့ပြီး ပါတီအခြေစိုက်မည့် အဓိကနေရာများတွင် ပါတီခွဲရုံးများကို ဖွင့်လှစ်သွားမည်ဟုလည်း သတင်းရရှိသည်။

ပါတီဌာနခွဲရုံးဖွင့်လှစ်မည့်နေရာများမှာ ကျိုင်းတုံ၊ လားရှိုး၊ တောင်ကြီးနှင့် မန္တလေးမြို့တို့ဖြစ်ပြီး ကျိုင်းတုံမြို့တွင် ပါတီဌာနခွဲ ရုံးကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ရှမ်းတိုင်းရင်းသားများအား ကိုယ်စားပြုသော နိုင်ငံရေးပါတီအရေအတွက်သည် လက်ရှိအချိန်တွင် သုံးခုရှိနေပြီး ရှမ်းပြည်သူလူထုအနေဖြင့် နိုင်ငံရေးပါတီကို ပေါင်းစည်းစေလိုရာ ပါတီများပေါင်းစည်းရန်အတွက်လည်း အခြေခံဥပဒေပြင်၊ မပြင်နှင့် PR စနစ်ပြောင်း၊ မပြောင်းပေါ်တွင်သာ မူတည်ကြောင်း ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကပြောကြားသည်။

## အရှိုချင်းအမျိုးသားပါတီ ၂၀၁၅ ရွေးကောက်ပွဲတွင် ချင်းအမျိုးသားများ နေထိုင်သော မြို့နယ်အားလုံး၌ ဝင်ပြိုင်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ဒီဇင်ဘာ-၁၄**

၂၀၁၅ ရွေးကောက်ပွဲတွင် ချင်းပြည်နယ် ပြင်ပရှိ အရှိုချင်းအမျိုးသားများ နေထိုင်သော မြို့နယ် ၂၃မြို့နယ်စလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အရှိုချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းအောင်မင်းလှိုင်ကပြောသည်။

အရှိုချင်းအမျိုးသားများသည် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အဓိကနေထိုင်ကြပြီး လူဦးရေအားဖြင့် သုံးသိန်းကျော်ရှိကြောင်း ၎င်းက ဆိုသည်။

"အခုလက်ရှိကတော့ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့တွေကို တစ်မြို့နယ်ပြီးတစ်မြို့နယ် ဖွဲ့နေတယ်။ ၂၀၁၃ မှာ အပြီးဖွဲ့မယ်" ဟု ဆလိုင်းအောင်မင်းလှိုင်ကပြောသည်။

အရှိုချင်းအမျိုးသားပါတီသည် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် တည်ထောင်ခဲ့သော တိုင်းရင်းသားပါတီတစ်ခုဖြစ်ပြီး လက်ရှိအချိန်တွင် ပါတီဝင်အင်အား နှစ်ထောင်ကျော်ရှိသည်။

ချင်းပြည်နယ်တွင် ဖွဲ့စည်းထားသော ပါတီများမှာ ချင်းအမျိုးသားပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၊ အရှိုချင်းအမျိုးသားပါတီတို့ဖြစ်သည်။



ဓာတ်ပုံ-ကျော်ဇင်သန်း

## PHOTO NEWS

ဓမ္မစက္ကမုဒြာသဲကျောက်ရုပ်ပွားတော်၏ဗုဒ္ဓါဘိသေကအနေကဇာတင်ရောင်တော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်၊ ညနေ ၅ နာရီ ၃၀ မိနစ်ကကျင်းပခဲ့ရာ သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၊ အိန္ဒိယနိုင်ငံ၊ပြည်ပရေးရာဝန်ကြီးဆဲလ်မန်ခါရှစ်၊ သာသနာရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးဦးသူရမြင့်မောင်နှင့်ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှတာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ဓမ္မစက္ကမုဒြာသဲကျောက်ရုပ်ပွားတော်မှာ အိန္ဒိယနိုင်ငံ၊ ဆာရ်နတ်၌အေဒီ ၅ ရာစုကထုလုပ်ပူဇော်ထားသည့်ရုပ်ပွားတော်နှင့်ပုံစံတူထုလုပ်ထားခြင်းဖြစ်ပြီး၊ ရွှေတိဂုံစေတီတော်သို့ ဒီဇင်ဘာ ၇ ရက်တွင်ရောက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း မေလက ချစ်ကြည်ရေး ခရီးလာရောက်စဉ် ရွှေတိဂုံစေတီတော်၌ ဤရုပ်ပွားတော်ပုံစံကို သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ လွှဲအပ်လှူဒါန်းခဲ့သည်။



7DAY NEWS JOURNAL
Vol.11, No.41 • DECEMBER 20 , 2012

## သယံဇာတထုတ်ယူရေး ပွင့်လင်းမြင်သာမှုရှိရန် ဗြိတိန်က ဒေါ်လာ နှစ်သိန်းခွဲ ပေးအပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံ၏ သယံဇာတထုတ်ယူရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ရရှိရေး ကနဦးဆောင်ရွက်ချက် (EITI) လုပ်ငန်းစဉ်စတင်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲ ပေးအပ်သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီး ဟူဂိုဆွိုင်ယာက ဒီဇင်ဘာ ၁၄ တွင် ကြေညာသည်။

သယံဇာတထုတ်ယူရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေး ကနဦးဆောင်ရွက်ချက် (EITI- Extrative Industries Transparency Initiative)နှင့်စပ်လျဉ်း၍ မြန်မာအစိုးရနှင့် နီးကပ်စွာ ဆောင်ရွက်နေပြီး EITI လုပ်ငန်းစဉ် စတင်ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲအထိ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ EITI သည်အခွန်အကောက်ပွင့်လင်းမြင်သာမှုကို မြှင့်တင်ဖော်ဆောင်နေသော ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်တစ်ရပ်ဖြစ်သည်။

## ကင်းထောက်အဖွဲ့ကို ကျောင်းသား ၁၈၀၀ဦးဖြင့် စတင်ဖွဲ့စည်းမည်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၄**

ကင်းထောက်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းတော့မည်ဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဖွဲ့ဝင် ၁၈၀၀ ကို စတင်ရွေးချယ်ခန့်အပ်ပြီး ဒီဇင်ဘာနောက်ဆုံးပတ်မှ စတင်သင်တန်းပေးသွားမည်ဖြစ်ကြောင်း ကင်းထောက်သင်တန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်ညိုက ပြောသည်။

ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ဆယ့်ရှစ်ခုမှ သက်ဆိုင်ရာ ဒေသအသီးသီးရှိ ဆဋ္ဌမတန်းကျောင်းသားဦးရေ ငါးဆယ်၊ ကျောင်းသူဦးရေ ငါး ဆယ်စီ၊ တစ်နိုင်ငံလုံးတွင် စုစုပေါင်း ၁၈၀၀ ကို ရွေးချယ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်မှ စတင်၍ သင်တန်းပေးသွားမည်ဖြစ်သည်။


ဦးတင်ညိုက "ကင်းထောက်အဖွဲ့ကိုပြန်လည်ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်က လူ့အဖွဲ့အစည်းမှာ နိုင်ငံရဲ့ လူမျိုးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်တဲ့ လူတော်လေးတွေ ပေါ်ထွက်လာစေဖို့ပါ။ တိုင်းပြည်နဲ့ အနာဂတ်က လူငယ်တွေ အပေါ်မူတည်ပါတယ်" ဟု ပြောသည်။

သင်တန်းနည်းပြမည့် ဆရာ၊ ဆရာမများအပြင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ သည် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်လိုအပ်မည်ဖြစ်ပြီး လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ကို ကူညီထောက်ပံ့လိုသည့် စိတ်အခြေခံဖြင့်သာ အဖွဲ့ဝင်စေလိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကင်းထောက်အဖွဲ့များကို မြန်မာနိုင်ငံ၌ ၁၉၂၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံး သမ္မတ စပ်ရွှေသိုက်ကိုယ်တိုင် ကင်းထောက်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ဝန်ကြီးချုပ် ဦးနုသည်လည်း ကင်းထောက်ဝတ်စုံဝတ်၍ လူငယ်များနှင့် တွေ့ဆုံဂုဏ်ပြုခဲ့သည်အထိ နိုင်ငံတော်အကြီးအကဲမှ အလေးအနက်ထားခဲ့သည်။

ထို့အပြင် ကျောင်းသူများနှင့် ဖွဲ့စည်းထားသော ကင်းထောက်အမျိုးသမီးအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် ဝန်ကြီးချုပ်ဦးနု ဇနီးဒေါ်မြရီက ဆောင်ရွက်ခဲ့ပြီး အမျိုးသား ခေါင်းဆောင်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဒေါ်ခင်ကြည်က မင်းကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ကင်းထောက်အဖွဲ့များသည် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၂၀ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ တည်တံ့ခဲ့သော်လည်း ၁၉၆၂-၆၃ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သည့် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ကင်းထောက်လုပ်ငန်းများ ရပ်ဆိုင်းသွား ခဲ့ရသည်။




## တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်း

**ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၅**

တွင်းထွက်သယံဇာတ အရင်းအမြစ် တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို ဒီဇင်ဘာ ၁၄ ရက်တွင် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဦးဆောင်ဖွဲ့စည်းလိုက်သည်။

တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ စီမံကွပ်ကဲမှု ပိုမိုကောင်းမွန်စေရန်၊ ရင်းနှီးမြှုပ်နှံမှုအား ကောင်းစေရန်၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် ပြည်သူလူထုကြား ပွင့်လင်းမြင်သာမှုရှိပြီး အပြန်အလှန် ဆွေးနွေးမှုရှိစေရန်၊ တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေး၊ စက်မှုလုပ်ငန်း ပွင့်လင်းမြင်သာမှု ဖော်ဆောင်ခြင်း ကိစ္စရပ်ကို နိုင်ငံတော်ကိုယ်စားဦးစီးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"တွင်းထွက် သယံဇာတတွေရဲ့ဝင်ငွေက နိုင်ငံတော်ဘတ်ဂျက်မှာ ပွင့်လင်းမြင်သာမှုရှိဖို့ ဖွဲ့တာဖြစ်နိုင်တယ်" ဟု စီးပွားရေးနှင့် နိုင်ငံရေးကို လေ့လာသုတေသနပြုနေသူတစ်ဦးက ပြောသည်။

နိုင်ငံတော် ဘတ်ဂျက်ရေးဆွဲရာတွင် ကာကွယ်ရေးအသုံးစရိတ်လျှော့ချသော်လည်း သယံဇာတရောင်းချရမှုတွင် မမြင်နိုင်သည့် ဝင်ငွေများက ရှိနေနိုင်ကြောင်း၊ လက်ရှိ လက်ပံတောင်းတောင်ကိစ္စတွင် နိုင်ငံတော်နှင့် တရုတ်ကုမ္ပဏီသာရှိသင့်သော်လည်း ကြားတွင် စီးပွားရေးဦးပိုင်လီမိတက်(တပ်မတော်မှ စီးပွားရေးအဖွဲ့အစည်း)က ပါဝင်ပတ်သက်နေခြင်းမှာ မဖြစ်သင့်ကြောင်း ပညာရှင်အချို့က ထောက်ပြဝေဖန်ကြသည်။

တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို ဦးစိုးသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်တို့ ပါဝင်ကြသည်။

ထို့အပြင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ် အဖွဲ့အစည်း (MDRI)မှ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကိုလည်း ညှိနှိုင်းရေးတာဝန်ခံအဖြစ် ပါဝင်သည်။

အဆိုပါ အဖွဲ့၏ လုပ်ငန်းတာဝန်များကို ၂၀၁၃ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာ အမှတ်-၉၉/၂၀၁၂ ဖြင့် ထုတ်ပြန်ခဲ့သည်။


Trofish
SWISS MADE
SN 3118 TMW
Free Gift
while stocks last
Available At : CHERRY OO Inquiry Ph : (01) 373997, (01)381751, (02) 72992.


SOLO ဝယ်ယူသူတိုင်း SOLO အရောင်းဆိုင်များ / စူပါမားကက်များတွင်
နှစ်သစ်လက်ဆောင်များ / Discount များ ရယူနိုင်ပါသည်
SOLO®
COLLECTION
BIG SALE
BUY SOLO
GET
New Year Present / Discount
Hot Line - 09 73192104
Available @
SOLO Outlet and All Supermarkets
WHEREVER YOU GO SOLO WILL FOLLOW


ဆံပင်ကျွတ်ခြင်းကို
၉၈%
လျှော့ချပေးသည်...
PANTENE PRO-V
စိတ်ဝင်စားဖွယ်ရာ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားရင်း ပျော်ရွှင်စရာဂိမ်းအစီအစဉ်၊ စိတ်လှုပ်ရှားစရာ ကံစမ်းမဲများ၊ ဆံကေသာအလှပြိုင်ပွဲအပါအဝင် ပျော်ရွှင်စရာအစီအစဉ်တွေ အများကြီးနှင့် PANTENE CHALLENGE မှာပါဝင် ဆင်နွှဲဖို့ ဒီဇင်ဘာ (၃၀)ရက်နေ့မှာ Junction Maw Tin ကိုလာခဲ့ဖို့ဖိတ်ခေါ်ပါတယ်။
အထူးခြားဆုံးအစီအစဉ်အဖြစ် –
ဒီနေ့ ဒီနေရာတွေမှာလဲ
1. 21st December (Junction 8)
2. 25th December (Junction Square)
3. 30th December (Junction Maw Tin) တို့တွင်
Shampoo ဗူးခွံတစ်ခုကို (မည်သည့်တံဆိပ်မဆို)
New Pantene 70 ml တစ်ဗူးနဲ့ လဲပေးမှာဖြစ်ပါတယ်။
မှတ်ချက်။ ။ တစ်ဦးလျှင် Shampooတစ်ဗူးသာလဲလှယ်ခွင့်ရမည်ဖြစ်ပါသည်။
(အရေအတွက်ကန့်သတ်ထားလို့ အမြန်ဆုံးလာဖို့လိုမယ်နော်။)


လိုအပ်ချက်တွေအတွက် ဈေးဝယ်ရင်း...
30%
GSM လိုင်းကဒ်နှင့် Handset
လိုချင်တာတွေ ရနိုင်မည်
အထူး မော်တော်ဆိုင်ကယ် လက်ဆောင်
အခြားလက်ဆောင်ပေါင်းများစွာ
သရဖူ စိုးမြင့်
www.tharaphusoemyint.com


GARNIER
ကျပ် 2,000 ဖိုး ဝယ်ယူရုံနဲ့
ကားအသစ်စက်စက် စီးနိုင်မည့် အခွင့်အရေး
နှင့် ဆုပေါင်း 1,800
2,190 Ks
1,890Ks
1,990Ks
1,590Ks
ONLY
AUGUST TO
DECEMBER '12
(၃၀) စီး
(၃၀) စီး
Take care.
GARNIER


၂၀၁၂ အပြည်ပြည်ဆိုင်ရာစက်မှုပြပွဲကြီး
Visit the First - Ever Int'l Machinery Exhibition in Yangon!
MYANMAR INT'L WOOD PROCESSING EXHIBITION
MYANMARWOOD
Myanmar PLAS
MACHINE TOOL
AUTOMATION
HARDWARE & BUILDING MATERIAL
Myanmar PACK
Myanmar PRINT
Myanmar FOODTECH
MYANMAR AGROTECH
Organizer:
Co-organizer:
Supported by:
Sponsor:
ကျင်းပမည့်နေ့ရက် - ၂၀၁၂၊ ဒီဇင်ဘာ ၂၁ရက်နေ့မှ ၂၄ရက်နေ့ထိ
ကျင်းပမည့်နေ့ရက် - နံနက် ၉နာရီမှ ညနေ ၄း၃၀ အထိ
ကျင်းပမည့်နေရာ - တပ်မတော်ခန်းမ (ရန်ကုန်)
Exhibition space is Fully Occupied with more than 120 BRANDS of Machineries manufacturers from 11 COUNTRIES in the sectors of Plastics, Packaging, Printings, Machine tools, Woodworking, components etc…
*MUST Attend Event with the strong support from REPUBLIC OF THE UNION OF MYANMAR FEDERATION OF CHAMBERS OF COMMERCE & INDUSTRY – UMFCCI, Myanmar Industries Association - MIA and other associations for the expansion and development of the industrial sector.
Exhibit Profile
Woodworking
EDGE BANDING MACHINE
Joining Machine
Horizontal Band Resaws
4-side Moulder
Injection Molding Machine
Blow Molding Machine
PLASTICS
Plastic Bag Making Machine
PP Strapping Band
Pet Strapping Band
Circular Sawing Machine
MACHINE TOOLS
CNC
Tube Bending
Building Material-Wall Panels
Garden Tools
BUILDING MATERIALS
Floor Spring
Electric Power Cable
ADHESIVE
www.myanmar-expo.com/MIMIF/
MIMIF 2012 MYANMAR INT'L
MACHINERY INDUSTRIAL FAIR
FOR FURTHER INQUIRIES PLEASE CONTACT:
Ms. MYO KYI PHYU TUN
Tel: (95-1) 373345 / Fax: (95-1) 373345
Mobile: 09420703426
Email: Myanmar@chanchao.com.tw


dragonair.com
ရန်ကုန်-ဟောင်ကောင်သို့
တိုက်ရိုက်ခရီးစဉ်များအား USD 388
မှစတင်၍ဝယ်ယူအားပေးနိုင်ပါပြီ။
DRAGONAIR
Dragonair
Booking
Dragonair Reservation
255320
Travel Agent
Yangon/Hong Kong Flight Schedule
Routing | Day the of week | Flight no. | Dep. time | Arr. time
Yangon – Hong Kong | Mon/Tue/Thu/Sat | KA251 | 0100 | 0600
Hong Kong – Yangon | Mon/Wed/Fri/Sun | KA250 | 2120 | 2335
CATHAY PACIFIC
DRAGONAIR
Terms and conditions apply.


SWEETY HOME
Better Living, Simple Life...
ဆွိတ်တီးဟုမ်းအမှတ်တံဆိပ်ဆေးမှုတ်ကြိတ်သားပရိဘောဂများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော Melamine Coating အသုံးပြုထား၍ လွယ်ကူစွာသန့်ရှင်းရေးပြုလုပ်နိုင်ခြင်း၊ ပစ္စည်းသယ်ယူရွှေ့ပြောင်းရာတွင် အလွယ်တကူပြန်လည်တပ်ဆင်နိုင်သော မာကြောမှုအဆင့်ရှိကြိတ်သားနှင့် ပြုလုပ်ထားပါသည်။
01-535694, 205224
02-65938, 60810, 34021.

# အီရန်နျူကလီးယားလုပ်ငန်းများ မကြာမီ စစ်ဆေးခွင့်ရမည်ဟု ကုလမျှော်လင့်

**ဗီယင်နာ၊ဒီဇင်ဘာ-၁၅**
အီရန်နိုင်ငံက အဏုမြူဗုံးအတွက် သုတေသနလုပ်ဆောင်ခဲ့သည်လားဆိုသည်ကို စစ်ဆေးခွင့်ရရှိမည့် သဘောတူညီချက်ကို ဇန်နဝါရီလအတွင်း ရရှိမည်ဟု မျှော်လင့်ကြောင်း အီရန်နိုင်ငံမှပြန်လာသော ကုလသမဂ္ဂစစ်ဆေးရေးမှူးချုပ်က ပြောကြားသည်။

ဒီဇင်ဘာ ၁၃ ရက် အီရန်နိုင်ငံသို့ ခရီးစဉ်တွင် ပါချင်စစ်ဘက်ဌာနအား သွားရောက်ခွင့်မရရှိခဲ့သော်လည်း တိုးတက်မှုများ ရရှိခဲ့သည်ဟု နိုင်ငံတကာအဏုမြူအေဂျင်စီ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာဟာမန်းနက်ကာ့တ်စ်ကပြောကြားသည်။

"ကျွန်တော်တို့ အစည်းအဝေးတွေ ကောင်းကောင်းလုပ်နိုင်ခဲ့ပါတယ်"ဟုကုလသမဂ္ဂနျူကလီးယားစောင့်ကြည့်ရေး လက်ထောက်ညွှန်ကြားရေးမှူးချုပ်နက်ကာ့တ်စ်က ဗီယင်နာမြို့လေဆိပ်တွင် သတင်းထောက်များအား ပြောကြားသည်။

အီရန်နိုင်ငံ၏ အဏုမြူလုပ်ငန်းများအပေါ် ဆယ်စုနှစ်ကြာ အငြင်းပွားမှုအား ဖြေရှင်းရေးနှင့် အရှေ့အလယ်ပိုင်းတွင် စစ်ပွဲအသစ်တစ်ရပ်ဖြစ်လာမည့် အန္တရာယ်အား ရှောင်လွှဲရေးအတွက် ကြိုးပမ်းနေသော ကမ္ဘာ့အင်အားကြီးနိုင်ငံများကလည်း ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား စတင်ကိုင်တွယ်ရေး အီရန်၏ အဆင်သင့်ဖြစ်မှုအတွက် အီရန်နှင့် အိုင်အေအီးအေကြား ဆွေးနွေးမှုများကို အနီးကပ်စောင့်ကြည့်နေကြသည်။

အမေရိကန်နိုင်ငံခြားရေးဌာနကမူ ယခု နောက်ဆုံးတွေ့ဆုံမှုအကြောင်း သတိထားပြောဆိုပြီး စစ်မှန်သော တိုးတက်မှုရရှိရန်အတွက် အီရန်နိုင်ငံက အတားအဆီးများ ထပ်ခါတလဲလဲ ဖန်တီးလေ့ရှိသည်ဟု ပြောကြားသည်။ ပါချင်စခန်းကိုစစ်ဆေးခွင့်မပြုခဲ့ခြင်းအတွက်လည်း စိတ်ပျက်မိသည်ဟု ကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ပက်ထရစ်ဗင်ထရဲလ်က ပြောသည်။

—*Ref: Reuters*



Photo - EPA

# ဆီးရီးယားစကတ်ဒုံးကျည်များ တူရကီနိုင်ငံအနီး ကျရောက်ခဲ့ဟု နေတိုးအဖွဲ့ ပြောကြား

**ဘေရွှတ်၊ ဒီဇင်ဘာ - ၁၅**
ဒုံးခွင်းဒုံးစနစ်များအား မည့်သည့်အတွက်ကြောင့် နေတိုးနယ်နိမိတ်ရှေ့တန်းသို့ပို့ဆောင်နေခြင်းအကြောင်းကို ရှင်းပြရင်း တူရကီနယ်စပ်အနီး ကျရောက်ခဲ့သော (Scud) ဒုံးကျည်များကို ဆီးရီးယားတပ်ဖွဲ့များက ပစ်လွှတ်ခဲ့ကြောင်း နေတိုးအဖွဲ့က စွပ်စွဲပြောကြားလိုက်သည်။

ဆီးရီးယားအစိုးရကမူ တာဝေးပြေး၊ ဆိုဗီယက်လုပ်ဒုံးကျည်များကိုပစ်ခတ်ကြောင်း ပြောဆိုမှုများအပေါ် ငြင်းဆန်ထားပြီး ယခု နောက်ဆုံးစွပ်စွဲမှုအတွက် ချက်ချင်းလက်ငင်းတုံ့ပြန် ပြောဆိုမှု မရှိသေးပေ။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်း ဆီးရီးယားနိုင်ငံတွင်းမှာ အစိုးရက စီစဉ်ညွှန်ကြားပြီးအတိုက်အခံပစ်မှတ်တွေအပေါ်ကို စကတ်ဒုံးကျည်အများအပြားပစ်လွှတ်ခဲ့ပါတယ်။ တူရကီနိုင်ငံနဲ့ နယ်စပ်အနီးမှာ ဒုံးကျည်တော်တော်များများကျရောက်ခဲ့ပြီး ဒါဟာတကယ်ပဲပူပန်စရာကောင်းပါတယ်"ဟု နေတိုးစစ်ဘက်အမေရိကန် ကွပ်ကဲရေးမှူး ရေတပ်ဗိုလ်ချုပ်ဂျိမ်းစ်စတက်ရီဒစ်က ဘလော့ဂ်တစ်ခုတွင်ရေးသားခဲ့သည်။

ဒုံးကျည်များ နယ်စပ်အနီးသို့ မည်မျှနီးနီးကပ်ကပ် ကျရောက်သည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရပေ။ တစ်ချိန်က အာဆတ်နှင့် ရင်းရင်းနှီးနှီး ရှိခဲ့သည့် တူရကီနိုင်ငံကလည်း ကျည်ဆန်များနှင့် လက်နက်ကြီးများ တစ်ခါတစ်ရံ ကျရောက်လာတတ်ခြင်းကို လပေါင်းများစွာကပင် မကျေမနပ် ပြောဆိုခဲ့သည်။ တူရကီစစ်ဘက်က နယ်စပ်အနီးဒုံးကျည်ကာကွယ်ရေးစနစ်များ ချထားရေးကို ရက်သတ္တပတ်အနည်းငယ်က စတင်ကြိုးပမ်းခဲ့သည်။ —*Ref: Reuters*

## ပြင်သစ်စစ်မြေပြင်တပ်ဖွဲ့ နောက်ဆုံးအသုတ် အာဖဂန်နစ္စတန်မှ ထွက်ခွာ

**ကဘူးလ်၊ဒီဇင်ဘာ-၁၅**
အမှတ် ၂၅ ဘယ်လ်ဖော့ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်ပေါင်း ၂၀၀ ခန့် အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာသွားခဲ့ရာ ယင်းမှာ အာဖဂန်နစ္စတန်မှနေ၍ နောက်ဆုံးတိုက်ပွဲဝင် ပြင်သစ်တပ်ဖွဲ့များထွက်ခွာမှုဖြစ်သည်။

သို့သော် အခြားတပ်ဖွဲ့ဝင်ပေါင်း ၁၅၀၀ ခန့် ဆက်ရှိနေမည်ဖြစ်ပြီး ၎င်းတို့မှာ အာဖဂန်စစ်သားများအား လေ့ကျင့်ပေးရေးနှင့် ပြင်သစ်နိုင်ငံသို့ ပြန်လည်သယ်ဆောင်မည့် စစ်လက်နက်ပစ္စည်းများကို ပြင်ဆင်ရေးအတွက်ဖြစ်သည်ဟုပြင်သစ်အရာရှိများက ပြောကြားသည်။


ပြင်သစ်တပ်ဖွဲ့များမှာ အဓိကအားဖြင့် အာဖဂန်နစ္စတန်နိုင်ငံ ကာပီဆာခရိုင်တွင် လှုပ်ရှားခဲ့သည်။ အခြားကျန်ရှိသော တပ်ဖွဲ့များမှာမူ အများအားဖြင့် ကဘူးလ်မြို့တွင်သာ အခြေစိုက်ထားမည်ဖြစ်သည်။

နောက်ဆုံးအသုတ်ပြင်သစ်တိုက်ခိုက်ရေးတပ်ဖွဲ့များ အာဖဂန်နစ္စတန်မှ ထွက်ခွာလာခြင်းမှာ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီအနေဖြင့် ရွေးကောက်ပွဲကတိကဝတ်ကို ဖြည့်ဆည်းခြင်းဖြစ်သည်ဟု ပြင်သစ်နိုင်ငံတကာရေဒီယိုသတင်းဌာနက ပြောကြားသည်။ မစ္စတာဟော်လန်ဒီက ရွေးကောက်ပွဲကာလအတွင်းပြင်သစ်တပ်ဖွဲ့များ ရုပ်သိမ်းခြင်းကို မြန်ဆန်စွာလုပ်ဆောင်ရေးနှင့် ၂၀၁၂ ခုနှစ်အကုန်တွင် အပြီးဖယ်ရှားရေးအတွက် တောင်းဆိုခဲ့သည်။

၂၀၀၁ ခုနှစ်တွင် စတင်ခဲ့သော အမေရိကန်ဦးဆောင်သည့် အာဖဂန်နစ္စတန် ကျူးကျော်မှုအတွင်း ပြင်သစ်တပ်ဖွဲ့ဝင် ၈၈ ဦး ကျဆုံးခဲ့ရသည်။

—*Ref: UPI*





နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော
DIAMOND AUTO Showroom
NEW PRICE FOR NEW YEAR
2003 Honda Odyssey 230 အပြီးအစီး
2002 Toyota Premio 170 အပြီးအစီး
2005 Toyota Mark-X 250 အပြီးအစီး
2003 Toyota Caldina Van 180 အပြီးအစီး
2000 Honda Odyssey 170 အပြီးအစီး
2000 Toyota Caldina Van 70 + AA စလစ်
2000 Toyota Corolla Van 70 + AA စလစ်
2013 HAPPY NEW YEAR ကို ဂုဏ်ပြုသည့် အနေဖြင့် Diamond Auto Showroom မှ
ကားကောင်း ကားသန့်များကို အထူးဈေးနှုန်းသစ်များဖြင့် ရောင်းချပေးနေပြီဖြစ်သည့်အတွက်
အမြန်ဆုံးလှမ်းလာခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည် . . .
Dec 25th မှ Dec 30th အထိ ပိတ်ရက်ဖြစ်ပါ၍ Dec 31th ရက်နေ့တွင် မူလအတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပါသည်။
No. (150-B), New University Avenue Road, Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591 Website : www.diamondauto-myanmar.com